www.burmeseclassic.com


# ထောင်မှူးကြီးသိန်းဝင်းနှင့်သူရိန်ထွန်း

စီစဉ်သော

# ထောင်အကြောင်းသိကောင်းစရာ

အပါအဝင်

## အကျဉ်းထောင်သုတ၊ ရသဝတ္ထုတိုများ



မြှောင်းမြမောင်ကို၊ အငြိမ်းစားထောင်အရာရှိတစ်ဦး၊ ဗဟိုစော၊ မင်းသူရိန်
ထောင်မှူးကြီးသိန်းဝင်း၊ စိုးဝေ၊ ဇေယျမင်းသျှင်၊ ထောင်မှူးမမ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ
ထောင်မှူးကြီးသိန်းဝင်းနှင့်သူရိန်ထွန်း

ပုံနှိပ်ခြင်း

| | | |
|---|---|---|
| ပထမအကြိမ် | ။ | ၂၀၁၅ ဇန်နဝါရီလ |
| အုပ်ရေ | ။ | ၅၀၀ |
| မျက်နှာဖုံး | ။ | *Myat Min Han* |
| ကွန်ပျူတာစာစီ | ။ | *Maw Maw (New Idea)* |
| အတွင်းဖလင် | ။ | *Zin Oo & Brothers* |

ပုံနှိပ်သူ
ဒေါ်ယဉ်ယဉ်မွန် (မြိုးဝေလျှံပုံနှိပ်တိုက်) (၀၀၆၅၉၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ထုတ်ဝေသူ
ဦးသူရိန်ထွန်း (မြ) (၀၄၈၅၃)
သူရိန်ထွန်းစာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၁၈၀၀ ကျပ်

၈၉၅ . ၈၃
ကလောင်စုံ
ထောင်အကြောင်းသိကောင်းစရာအပါအဝင် အကျဉ်းထောင်သုတ၊ရသ ဝတ္ထုတိုများ/ထောင်မှူးကြီးသိန်းဝင်းနှင့်သူရိန်ထွန်း။ -ရန်ကုန်၊
သူရိန်ထွန်းစာပေ၊ ၂၀၁၅။
၂၃၆-စာ ၊ ၁၃ စင်တီ x ၂၀.၅ စင်တီ။
(၁) ထောင်အကြောင်းသိကောင်းစရာအပါအဝင် အကျဉ်းထောင်သုတ၊ရသဝတ္ထုတိုများ

# မာတိကာ

စဉ် ဝတ္ထုအမည်

၁။ ထောင်အကြောင်းသိကောင်းစရာ
*မြောင်းမြမောင်ကို*

၂။ သူကတရားခံ ကျွန်တော်ကတရားခံ
*အငြိမ်းစားထောင်အရာရှိတစ်ဦး*

၃။ အကွက်ချ၍ လက်စားချေမှု
*ထောင်မှူးကြီးသိန်းဝင်း*

၄။ အသည်းစားအကျဉ်းသား
*မင်းသူရိန်*


၅။ ခြောက်ကိုးတာရာ မကြည်ပြာ
*မိုးဝေ*

၆။ ဟယာတံတိုင်းနောက်ဝယ်
*ဇဟိုဇော*

၇။ အပယ်ရထား
*လေယူမင်းသူ*

၈။ မမြင်ရသေးသော သံယောဇဉ်
*ထောင်မှူးမမ*

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

| ၁ |

ထောင်ကြီး၏အလယ်ကောင် အကွက်ကောင်းကောင်းတွင် ပေါက်နေသည့် ညောင်ကြတ်ပင်ကြီးသည် အရိပ်အာဝါသကောင်းလှပေသည်။ ဤညောင်ပင်ကြီးသာ ထောင်တွင်း၌ မရှိပါက အကျဉ်းထောင်၏ အခြေအနေသည် တစ်မျိုးတစ်ဖုံ ပြောင်းနိုင်ဖွယ်ရာ အကြောင်းရှိလေသည်။

အကြောင်းမှာ အကျဉ်းထောင်ကြီးသည် အလွန်ပူပြင်းသော အညာဒေသတွင်ရှိနေ၍ တပေါင်းတကူး မိုးသားကျူးသည့်အချိန်တွင် ထောင်ရှိလူသတ္တဝါများ ကျောကော့အောင် ပူလှ၏။ ထောင်တွင်း၌ အခြားအရိပ်အာဝါသက မရှိ။ လူနေသည့် အိပ်ဆောင်များမှာလည်း နေပူရှိန်ဖြင့် အငွေ့ထွက်နေရာ နဂိုရ်ကမှ နှလုံးမငြိမ်၊ စိတ်မငြိမ်လှသော အကျဉ်းသားများတို့သည် ဤညောင်ညိုပင်စခန်းတွင် အားလပ်သည့်အချိန်၌ ခွေးသိပ်ကြရှာလေသည်။

အကယ်၍ ဤညောင်ညိုပင်ကြီးသာမရှိက စိတ်ပူသည်ကတစ်မျိုး နေပူသည်ကတစ်မျိုးနှင့် အပူနှစ်မျိုးကို ခံစားနေရရှာသည်။ အကျဉ်းသားလူထုနှင့် ထောင်ကြီးကို ပိုင်စိုးအုပ်ချုပ် မင်းလုပ်နေသည့် ထောင်ပိုင်ငနဲကြီး



ဦးရွှေမောင်တို့သည် နေ့စဉ် နပန်းလုံးရဖွယ်ရှိ၏။ ယခုတော့ ညောင်ပင်ကြီး၏ ကျေးဇူးတော်ကြောင့် ဦးရွှေမောင်သည် ထောင်တွင်းလူသားများနှင့် ညောင်ပင်အောက်တွင် အေးဆေးစွာ စကားပြောနိုင်သည့် အခွင့်အရေးကောင်းတစ်ခုကို ရရှိလေသည်။

အကျဉ်းထောင်၏အုပ်ချုပ်ရေးတွင် ညောင်ပင်ကြီးက အကျဉ်းသားများတို့၏ ဗဟိဒ္ဓအပြင်အပူကိုငြိမ်းစေ၊ ခွေးသိပ်စေ၍ ဦးရွှေမောင်က အကျဉ်းသားများတို့၏ အဇ္ဈတ္တကို ငြိမ်းချမ်းအောင် တိုက်ချွတ်ပေးလေသည်။

ရှေးခေတ် နယ်ချဲ့အစိုးရများနှင့် ဆယ်နှစ်ဆယ်မိုးအရင်းရှင်ကို အကျိုးပြုသည့် အစိုးရများလက်ထက်တွင် အကျဉ်းသားများအကျိုးကို အလိုရှိ၍ ပြုပြင်နေပါသည်ဟု အသံကောင်းဟစ်ခဲ့ကြ၏။ သို့ရာတွင် အကျဉ်းထောင်အုပ်ချုပ်သူ အာဏာပိုင်များက နားလည်ထားသည်မှာ အကျဉ်းသားများအား ပြုပြင်ပေးနေ၍ မိမိအတွက် တယ်ပြီး တွက်သားမကိုက်။

အသံကောင်းဟစ်သည့် ဆရာများကို ချဉ်းကပ်နိုင်ရန် မိမိကိုယ်ကို ပထမပြုပြင်ပြီး စိတ်သစ်လူသစ်မွေးပါမှ အမြင်တော်၍ စင်တော်ကကောက်ခြိမ့်အုံ့ဟု မြင်ထားလေ၍ စိတ်သစ်မွေးကာ ဖော်လံဖားနေကြရလေရာ အကျဉ်းသားများတို့မှာ အုပ်ချုပ်သူများနှင့် ကင်းကွာနေကြရလေသည်။

ယခုကား တစ်ခေတ် ပြောင်းခဲ့ပြန်ပြီ။ ယခင်က တစ်ခေတ်တစ်ခေတ်ပြောင်းလျှင် ဆူသံညံသံ ကွဲသံပြဲသံများနှင့် ပြည်သူလူထုက စိတ်ညစ်စရာ အမြဲကြုံတွေ့ခဲ့ရ၏။ ၁၉၆၂ ခု၊ မတ်လ (၂) ရက်နေ့တွင် ခေတ်တစ်ခေတ်ပြောင်းခဲ့ရာ ဆူသံညံသံ ဘာမှမရှိ။ နေမြဲစားမြဲနှင့် အေးချမ်းသာယာစွာဖြင့် သိမ်သိမ်မွေ့မွေ့ ပြောင်းခဲ့သဖြင့် ယခုအချိန်အထိ သာယာဝပြောသည့် ဆိုရှယ်လစ်လူ့ဘောင်ခရီးကို စနစ်တကျ ချီတက်နေပေပြီ။

ယင်း စနစ်အရ အကျဉ်းသားများတို့သည် တစ်တပ်တအားအဖြစ် ပြည်သူ့အကျိုးပြုလမ်းဖောက်သည့် လုပ်ငန်းတွင် ဆင်နွှဲခွင့် ရနေပြီဖြစ်၏။ ယင်းသို့ တိုင်းပြုပြည်ပြု အကျိုးအလို့ငှာ ထောင်အာဏာပိုင်များနှင့် အကျဉ်း

www.burmeseclassic.com



သားများတို့သည် တစ်ဦးနှင့်တစ်ဦး အပေးအယူမှုပြီး တစ်စိတ်တစ်ဝမ်းတည်း ရှိနေကြသော အခါသမယဖြစ်၏။

အကျဉ်းထောင်ဟူသော အမည်ကို လူတိုင်းကြားဖူးကြသည်။ သို့ရာတွင် အကျဉ်းထောင်အကြောင်းကိုမူ သိသူရှား၏။ ယခင်ခေတ်က အကျဉ်းထောင်အကြောင်းကို မသိပေမဲ့ ဘာမှကိစ္စမရှိ။ ယခု ဆိုရှယ်လစ်ခေတ်တွင်မူ မိမိတို့ပြည်တွင်းရေးရာ အဖြာဖြာကို ခရေစေ့တွင်းကျသိထားမှ ခေတ်ကတောင်းဆိုနေသည့်မှုနှင့် ညီညွတ်မည် မဟုတ်ပါလော။

ယခင်ခေတ်က အကျဉ်းထောင်ဆိုလျှင် ဘိန်းစား၊ သူခိုး၊ လယ်သမားအလုပ်သမားတို့အတွက်သာတည်းဟု အလွန်နိမ့်ကျသော အတွေးအခေါ် ရှိခဲ့ကြ၏။ ယခုမူ ထိုအတွေးအခေါ်သည် ခေတ်မမီတော့။ ထိုကဲ့သို့ တွေးခေါ်ခဲ့ကြသူများကား အသူနည်း။ ထိုသူတို့ကား အထက်တန်းလွှာနှင့် အရင်းရှင်တို့ပေတည်း။

ဤအရင်းရှင်နှင့် အထက်တန်းလွှာတို့သည် မိမိတို့ကိုယ်ကို အလွန်အမွန်းတင်နေသူများဖြစ်ပြီး ဆိုရှယ်လစ်စီးပွားရေးဆိုသော စကားကို ကြားရလျှင် ရာမဆိုနားကြောကစိမ့်သော 'ဒသဂီရိ'ဘီလူးကဲ့သို့ ဖြစ်နေကြ၏။

ယင်းသို့ဆိုရှယ်လစ် စီးပွားရေးကို ဖီလာပြုနေကြကုန်သော အရင်းရှင်နှင့် အထက်တန်းလွှာတို့အား သိရှိစေလိုသည်မှာ မြန်မာဆိုရှယ်လစ်ခေတ်တွင် စီးပွားရေးမှောင်ခိုမှု တစ်ခုတည်းကိုသာ ယခင်ကလို စိတ်ဝင်စားမနေကြတော့ဘဲ အကျဉ်းထောင်အကြောင်းကိုလည်း သိကောင်းဖွယ်ရာ ဗဟုသုတတစ်ခုအဖြစ် စိတ်ဝင်စားကြရန် စေတနာနှင့် ညွှန်ပြလိုပါသည်။

ယခုခေတ် အကျဉ်းထောင်လောကသည် ယခင်ကလို ဘိန်းစားသူခိုးအလုပ်သမား၊ လယ်သမားများနှင့် ပြည့်ကြပ်၍ မရှိကြတော့ပေပြီ။ အလုပ်သမား၊ လယ်သမားတို့သည် တစ်စိတ်တစ်ဝမ်းတည်းနှင့် အတူလက်တွဲလျက် ဆိုရှယ်လစ် လူ့ဘောင်သစ်ဆီသို့ အောင်တေးကြူကာ ချီတက်နေကြပေပြီ။



အဲ . . . ထောင်ကြီးဆိုတာ ထောင်တွင်း၌ လူမရှိလျှင် တယ်နေတတ်သည်မဟုတ်၍ ဆိုရှယ်လစ်စီးပွားရေးကို ဖီလာပြုနေသည့်သူများအား အလုပ်သမား၊ လယ်သမားအစား၊ အဖော်ပြုလျက် နေရသောအချိန်ဖြစ်၍ သင်တို့သည် ထောင်ကိုပဲ လာကြအံ့လော။ လူတန်းစားမျှတသည့် ဆိုရှယ်လစ် စီးပွားရေးကိုပဲ လုပ်အားပေးကြမလားဆိုသည့် လမ်းနှစ်သွယ်တွင် ဘယ်လမ်းကို လိုက်မည်နည်းဟု ကိုယ့်ဟာကိုယ်မေး၊ ကိုယ့်ဟာကိုယ် ဖြေပြုနိုင်ကြပါစေ။

အဲ . . . ထောင်တွင်းလောက ယနေ့ဖြစ်ပျက် တွေ့ထိနေပုံမှာ စိတ်ဝင်စားဖွယ်ရှိမရှိ ကြည့်ရမည်ဆိုလျှင် . . .

www.burmeseclassic.com

www.burmeseclassic.com

# [၂]

❑

''ထောင်ပိုင်ကြီးလာတော့မယ် . . . ရဲဘော်တို့၊ ကိုယ့်နေရာ ကိုယ်ယူကြပါ''

ထောင်မှူးသည် ထောင်အလယ်ရှိ ညောင်ပင်ကြီးအောက်တွင် စားပွဲတစ်လုံး စာရွက်စာတမ်းနှင့် နေ့လယ်နှစ်ချက်တီးတွင် အလွန်အလုပ်များနေ၏။ အကြောင်းမှာ တာဝတိံသာက သိကြားမင်းကြီးသည် နတ်သဘင်အစည်းအဝေးကို ပင်လယ်ကသစ်ပင်ရင်းတွင် ပြုလုပ်သည်ကို အားကျသလား မသိ။

ထောင်ပိုင်ကြီး ဦးရွှေမောင်ကလည်း ခုနစ်ရက်တွင် တစ်ကြိမ် ထောင်တွင်းညောင်ပင်ကြီးအောက်၌ အကျဉ်းသားများနှင့် အစည်းအဝေးသဘင်ကို ပြုလုပ်ကာ ဒူးတိုက်ဆွေးနွေးပွဲ လုပ်လေ့ရှိလေသည်။ အမှန်အားဖြင့် ထောင်ပိုင်ကြီး ဦးရွှေမောင်၏ အကျဉ်းသားများနှင့် ဒူးတိုက်ဆွေးနွေးခြင်းကို အချို့သော အကျဉ်းသားပညာရှင်များက 'ဒုတ်ထိ' ဆွေးနွေးပွဲပါကွာ ဟုလည်း တီးတိုးပြောသံကြားရ၏။ သို့နှင့် ဒူးတိုက်ပဲမှန်သလား 'ဒုတ်ထိ' ပဲ မှန်သလားဆိုသည်ကို စာရေးသူမသိပေ။





ထောင်ပိုင်ကြီးဦးရွှေမောင်သည် ထောင်ပိုင်တစ်ဦး၏ ထားအပ်သော အိုက်တင်အပြည့်အစုံဖြင့် ဒုတ်ကောက်ကို ဝှေ့ကာ၊ ဝှေ့ကာ၊ ရွှေစကြာ ဖြန့်ချိတော်မူလာသည်ကို အကျဉ်းသားများ မြင်ကြရသောအခါ တိုးတိုးသံ အနည်းငယ်မှအပ အားလုံး တိတ်ဆိတ်သွားလေသည်။

မျက်တောင်မခတ်ကြည့်နေကြသော အကျဉ်းသားများအနက် တစ်မျိုးက အကျဉ်းသားလူဟောင်းဖြစ်၍ တစ်မျိုးက အကျဉ်းသားလူသစ်များ ဖြစ်ကြလေသည်။ ထိုနှစ်မျိုးနှစ်စားတွင် အကျဉ်းသားလူဟောင်းများအား ဦးရွှေမောင်က ဆိုရှယ်လစ်နည်းဖြင့် တိုက်ချွတ်ထားပြီးဖြစ်၍ ဦးရွှေမောင်နှင့် လက်ပွန်းတတီး ရှိပြီးဖြစ်ရာ သူတို့တတွေမှာ နှလုံးတုန်ရင်ခုန်ခြင်းမရှိကြပြီ။ ဆိုရှယ်လစ်နည်းဖြင့် တိုက်ချွတ်ခြင်း၊ ထိတွေ့ခြင်းမခံရသေးသော လူသစ်များသာ မသာမယာသောမျက်နှာ၊ ခုန်သောရင်၊ မယားသောခေါင်းကို ကုတ်၍ ငုံ့လင့်၏။

ယနေ့ ဦးရွှေမောင် ပြုလုပ်ရမည့်အလုပ်မှာ နှစ်မျိုးနှစ်စားဖြစ်လေသည်။ တစ်မျိုးက အကျဉ်းသားလူဟောင်းများအား ဩဝါဒပေးရန်နှင့် လူသစ်များကို စစ်ဆေးရန်တို့ ဖြစ်လေသည်။

အကျဉ်းသားလူသစ်များအား စစ်ဆေးသည်ဆိုရာ၌ ဦးရွှေမောင်၏ အလုပ်မှာ မမြင်ဖူးသော လူသစ်တစ်ဦးအား ခြေဆုံးခေါင်းဆုံး ကြည့်ရှုစကားစမြည်ပြော၍ လူကဲခတ်ခြင်း၊ ထောင်ကျလာသည့် ရုံးမင်းအမိန့်နှင့် လျော်ညီစွာ ကိုက်ညီခြင်းရှိမရှိ၊ လူကို စစ်ဆေးခြင်း၊ ကျန်းမာရေးအခြေအနေ၊ ထောင်တွင်း၌ ပေးအပ်ရမည့် တာဝန်အလုပ် စသဖြင့် သမ္မာန်ပေါင်းပါဝင်လေရာ အထူးသဖြင့် သူ၏ ခက်ခဲသောအလုပ်မှာ ဆိုရှယ်လစ်လမ်းစဉ်ဖြင့် သူတို့၏ ညစ်ညူးနေသောစိတ်ကို တိုက်ချွတ်ပစ်ရေးပင်တည်း။

ဦးရွှေမောင်သည် ဘယ်တစ်လှမ်း၊ ညာတစ်လှမ်းဖြင့် ညောင်ပင်ဆီသို့ ကြွလာလေရာ၊ သူ ညောင်ပင်နားသို့ မရောက်မီ အကျဉ်းသားတို့တာရသမျှအချိန်ကို အလဟဿမဖြစ်စေမှု၍ တီးတိုးပြောနေကြသည်။ တာဝန်ရှိပုဂ္ဂိုလ်ဟူသမျှ အတင်းပြောခံရမြဲကိုးဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ဒီထောင်ပိုင်ကြီးဟာ တို့ ဆရာပါလားကွ။ သူ ထောင်မှူးဘဝနဲ့ရှိစဉ်က ကျုပ်နဲ့ ခဏခဏ တွေ့ဖူးတယ်"

"ဟေ ... ဟုတ်လား၊ သဘောသကာရက ဘယ့်နှယ်လဲ"

"ဟာ ... သိပ်လက်သီးပြင်းတဲ့လူကွ။ ကျုပ်ကို တွေ့ရင်တော့ နားရင်းကို အုပ်လိမ့်မယ်ထင်တယ်"

"ဟေ ... မင်းနဲ့ မတည့်ဘူးလား"

"တည့်ပါတယ်"

"နို့ ... ဘာလုပ် လက်သီးနဲ့ ထိုးရသလဲ"

"လူတစ်မျိုးကွ၊ သူနဲ့နေဖူးတဲ့ လူတွေနောက် တစ်ခေါက်ပြန်ဝင်လာရင် မအေပေး ... လာပြန်ပလားဆိုပြီး အနည်းဆုံး ထိပ်ကို ခေါက်သွားတယ်"

"အခု သူ့စိတ်ပြောင်းရင်လည်း ပြောင်းမှာပေါ့"

"ကျုပ်တော့ မထင်ဘူး။ တချို့ထောင်ပိုင်တွေ ထောင်မှူး၊ ထောင်မှူးကြီးဘဝတုန်းက ပိန်ပိန်လေးရယ်။ ထောင်ပိုင်ကြီးဖြစ်လာတယ်ဆို ဗိုက်ရွှဲ ကုတ်သားတက် ဖြစ်လာတယ်။ ဒီလိုလူမျိုးက စိတ်ပြောင်းတတ်တယ်။ ဒီငနဲက အရင်လို ပိန်ကပ်ကပ်ပဲ။ သူအော်လိုက်တာနဲ့ ကယောင်ချောက်ချားဖြစ်သွားတယ်။ သိပ်ဆိုးတဲ့ဟာကြီး"

"အဲ ... ဒုက္ခပါပဲကွာ။ မင်းဆရာဆိုလို့ အားရှိမလားအောက်မေ့ပါ။ ဘယ်စားသာလို့တုံး"

"ထောင်ကျတဲ့ဘဝ မထူးပါဘူးကွာ။ စည်းကမ်းအတိုင်းနေပေါ့။ စည်းကမ်းတော့ အတော်ကြိုက်တဲ့လူကွ"

တီးတိုးပြောနေသူများကို ထောင်မှူးက ...

"ဟေ့ ... စကားတွေ"

ဟုအော်ပြီး သတိပေးလိုက်မှ အားလုံး ငြိမ်ကျသွားလေသည်။

ထောင်ပိုင်ကြီး ဦးရွှေမောင်သည် ညောင်ညိုပင်အောက်၌ သူ၏ဘုန်းကံအလျောက် ပေါ်ပေါက်နေသည့် ဇန္ဒုကမ္ဗလာ ကုလားထိုင်အကျီး





တစ်လုံးတွင် ဣန္ဒြေတစ်ခွဲသားနှင့် ဝင်ထိုင်ပြီး တုတ်ကောက်ကို စားပွဲပေါ်တင်လိုက်လေသည်။ ထို့နောက် သူသည် လုပ်စရာရှိသည်ကို ဆက်တိုက်လုပ်လေတော့သည်။

"ကဲ ... ဒီဘက်က လူဟောင်းတွေ မတ်တတ်ရပ်စမ်း"

ဦးရွှေမောင်သည် လေးပေါက်သံမှန်ဖြင့် မိန့်တော်မူ၏။ အကျဉ်းသားလေးဆယ်ခန့်သည် ဝတ်ဖြူစင်ကြယ်နှင့် ပြိုင်းပြိုင်းနေအောင် စီတန်းမတ်တတ်ရပ်ကြလေရာ ဦးရွှေမောင်၏ပါးစပ်မှ စကားများသည် မီးသတ်ပိုက်လုံးမှ ဇက်အားဖြင့် မှုတ်ထုတ်လိုက်သော ရေအယာဉ်ကဲ့သို့ အကျဉ်းသားလေးဆယ်အပေါ် တဖြောင်းဖြောင်း ကျသွားလေသည်။

"ရဲဘက်လောင်းတို့ ... မင်းတို့ဟာ သာမန်ယောက်ျားတွေမဟုတ်တော့ဘူး။ ဆိုရှယ်လစ် လူ့ဘောင်သစ်ကို ချီတက်ရာမှာ တစ်တပ်တစ်အားအဖြစ် လုပ်အားပေးမယ်လို့ ဆုံးဖြတ်ချက်ချထားကြတဲ့ လူတွေဖြစ်တယ်။ ဒီလိုအခွင့်အရေး ဒီခေတ်နဲ့ကြုံလို့ ရတာဟာ ဒုလ္လဘတရားတစ်ခုပဲ။

ထောင်ထဲမှာနေတုန်း အခေါ်ခံရတာက အကျဉ်းသား၊ ပြည်သူ့အကျိုးပြု လမ်းပန်းပြုပြင်ရေး လုပ်ငန်းလုပ်တော့ ရဲဘက်ရယ်လို့ အခေါ်ခံရတယ်။ ဒါကိုပဲတွေးကြည့်။ ပြည်သူတွေရဲ့ အကျိုးပြုအလုပ်ကိုလုပ်ရင် ပြည်သူတွေက လေးစားကြတယ်။ ပြည်သူတွေကို ဒုက္ခပေးရင် လျစ်လျူရှုမြဲပဲ။ အစိုးရတောင် ပြည်သူတွေလျစ်လျူရှုမှုကို မခံနိုင်ဘူး။ ဒီတော့ ပြည်သူတွေရဲ့အကျိုးကို ဆောင်ရွက်ကြပါ။

ယခု ရဲဘက်များ ပုလဲစခန်းလမ်းဖောက်ရာသို့ နက်ဖြန် သွားကြရတော့မယ်။ ဟိုမယ် လွတ်လွတ်လပ်လပ်နေရတယ်။ လုပ်အားပေးခ ငွေလည်းရမယ်။ ရတဲ့ငွေကို မိဘဆွေမျိုး၊ သားမယားဆီ ပို့နိုင်တယ်။ အပြစ်တင်ရင် မိမိရပ်ရွာကို ခွင့်နဲ့ ပြန်နိုင်တယ်။ ဘယ်အစိုးရလက်ထက်ကမှ အခွင့်အရေးမျိုးမရှိခဲ့ဘူး။

ဒီတော့ အရေးကြီးတာက ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းပါ။ ထောင်ရက်များများရပြီး အိမ်ကိုတရားသဖြင့် ပြန်ရောက်လိမ့်မယ်။ ထွက်ပြေး



www.burmeseclassic.com

www.burmeseclassic.com



မယ် စိတ်မကူးနဲ့။ ဗမာပြည်အတွင်းက ဘယ်မှရောက်မှာမဟုတ်ဘူး။ သတိကြပ်ကြပ်ထားပါ။ ရရှိတဲ့အခွင့်အရေးကို မိမိအတွက်ရော တိုင်းပြည်အတွက်ပါ အသုံးပြုပါ။ ကျေးဇူးတရားတွေ အလိုလို ပေါ်လာလိမ့်မယ်ဆိုတာကို နိဂုံးချုပ်မှာလိုက်ပါရစေ။ ဒါပဲ ...''

ထောင်ပိုင်ကြီးဦးရွှေမောင်သည် ပုလဲစခန်း လမ်းလုပ်ဌာနသို့ သွားရောက်ကြမည့် ရဲဘက်လောင်းလေးဆယ်တို့အား သူ၏ မဟာဝါဒကို စွန့်ကြဲပြောဆိုပြီး တန်းဖြုတ်ပြန်ခွင့်ပြုလုပ်ပြီးနောက် အလုပ်တစ်ခုကို ဆက်တိုက်လုပ်ပြန်၏။ ထိုအလုပ်မှာ အကျဉ်းသားလူသစ်များကို စစ်ဆေးခြင်းပင်တည်း။

ထောင်ပိုင်လုပ်စားသူတစ်ဦး၏ အလုပ်မှာ အကျဉ်းသားလူသစ်များအား ထောင်မှူးက စာရင်းအင်းသွင်းသက်ဆိုင်ရာ ခွေးရေပုရပိုက် စာအုပ်စာတမ်းများတွင် အံဝင်ခွင်ကျသွင်းပြီးနောက် တစ်ဦးစီစစ်ဆေးရသော အလုပ်တစ်ခုလည်း ပါဝင်၏။ အမည်နာမ၊ မိဘ၊ သားမယား၊ နေရင်းဇာတိမှစပြီး ယခင်က ထောင်ကျဖူးခြင်းရှိမရှိအထိ အတော်စုံလင်အောင် မေးမြန်းပြီး ခန္ဓာကိုယ်အမှတ်အသားကိုပါ ခရေစေ့တွင်းကျ ကြည့်ရ၏။

''နာမည်''

''သာချို''

ထောင်ပိုင်ကြီးသည် သာချိုဆို၍ မာမာအေးသီဆိုသည့် သာချိုသီချင်းကို သတိရပြီး မော့ကြည့်လိုက်လေသည်။

''ဟောဗျာ ... အတော်ကြီးနေပါပေါ့လား။ အဘိုးကြီးဖြစ်လာတာက ဓားနုတ်မှု ဒီလောက်အသက်ကြီးတာတောင် ဒေါသကို မထိန်းနိုင်ဘူးလားဗျာ''

''ထန်းရည်မူးလို့ ဖြစ်မိကြတာပါ''

ဦးသာချိုက ဖြေဆို၏။

''ဟေ ... အသက်ကလေးက ခြောက်ဆယ်ကျော်ကျော် အရက်ကလေးက သောက်ပါနော်ဆိုတာ ခင်ဗျားပဲကိုး''





လူသစ်များ တဟားဟား ရယ်ကြလေသည်။

ဦးသာချိုသည် မျက်တောင်ကို တဖျတ်ဖျတ်ခတ်ပြီး ပြုံးတုံးတုံး ပြန်ပြောလေသည်။

''အမြဲတော့ မသောက်ပါဘူး။ တစ်ပေါင်းလ ထန်းရည်လေးကောင်းကောင်းနဲ့ တစ်မြူလောက်သောက်ပြီး လှည်းမောင်းလာခဲ့တာ။ အဲဟိုအကောင်ကလည်း ထန်းရည်မူးပြီး မျက်နှာချင်းဆိုင် လှည်းမောင်းလာတာ လမ်းဖယ်မပေးဘူး။ ဒါနဲ့ လှည်းချင်း ညားကြတာက စပြီး ရန်ဖြစ်ကြတာပါပဲ။

''ဘာ ... ဘာ ... လှည်းချင်း ဘာဖြစ်တယ်''

ဦးရွှေမောင်က မရှင်း၍ မေးလိုက်၏။

''ဟုတ်ကဲ့ ... လှည်းချင်း ညားကြတာ''

''အော် ... ဟုတ်ပြီ။ လှည်းချင်းညားတာကို မခံနိုင်ဘူးဆိုတော့ ခင်ဗျားတို့လှည်းတွေက လှည်းလူပျို 'လှည်းမုဆိုးမ ဒီလိုရှိကြသလား''

''ဟား ... ဟား ...''

တစ်ဦးသော အရယ်ကြူးသူအကျဉ်းသားက ထောင်ပိုင်ကြီးရှေ့မအောင့်နိုင်၍ ရယ်လိုက်ရာ အတော်ပွဲကျသွားလေသည်။

ဦးသာချိုက ပြုံးပြုံးကြီး ဖြေရှာ၏။

''ကျွန်တော်တို့ အရပ်မှာလည်း လှည်းချင်း ရင်ဆိုင်တိုက်တာကို လှည်းချင်းညားတယ်လို့ ခေါ်ကြတာပါပဲ''

''ဪ ... ဒီလိုကိုး ရှင်းပါပြီဗျာ။ ဟဲ ... ဟဲ ...''

ထောင်ပိုင်ကြီး ဘောင်ကျစွာ ဆိုလိုက်၏။

သူ့အဖြစ်ကား ဤသို့တည်း။ ဦးသာချိုက ထန်းရည်မူးလာသည်။ တိုသာအိကလည်း ထန်းတောမှ မူးမူးနှင့် ပြန်လာသည်။ တစ်ဦးကိုတစ်ဦး လမ်းဖယ်မပေး။ ဒီတော့ လှည်းချင်းညား လူချင်းလည်း ညား၊ တစ်ဦးကလက်တွင် ဓားဒဏ်ရာကြီးနှင့် ဦးသာချိုက ချုံစောင်းတွင် တစ်ညှိုးခန့်ကွဲလို့



www.burmeseclassic.com

www.burmeseclassic.com



ဦးသာချိုက ထောင်တစ်နှစ်ခွဲခံ။ ကိုသာအိကထောင်ခြောက်လ၊ တပေါင်းတန်ခူး အညာဒေသထန်းရည်က တယ်ကောင်းသကိုး။ ငှက်ခါးတောင်လိုစိမ်းလို့၊ ငှက်ခါးတောင်လေးသောက်ပြီး ငှက်ကြီးတောင်ဖြင့် ခုတ်ထစ်ကြရာ သူတို့ထောင်ကျတာက အလိုလို ငါကမြင်း ဆိုသည့်ဖြစ်ရပ်တစ်ခု ...

"နောက်တစ်ယောက်"

ထောင်မှူးက တစ်ယောက်ပြီး၍ တစ်ယောက်ကို ခေါ်လိုက်သည်။

"မင်းနာမည်"

ထောင်ပိုင်ကြီး ဟောက်တော်မူပြီ။

"အဟင်း ..."

ဖြေမည့်သူ အဟင်းတွေ ဘာတွေနှင့် လည်ချောင်းရှင်းလိုက်သဖြင့် ထောင်ပိုင်ကြီးက မော့ကြည့်မိသည်။ သူမြင်ရသည်မှာ ဂျီးလက်သေးသော်နှင့် နားရွက်ကို ဆံပင်ဖုံးနေသူတစ်ယောက်။

"အဟင်း ...ဇာတာမှာတော့ ကျုပ်နာမည်ကို မောင်တင်ဆိုလား။ ဒါပေမဲ့ ကျုပ်အမေကတော့ ကျုပ်ကို သာညွှန့်ရယ်လို့ ခေါ်တယ်လေ အဲ ...ပုလိပ်တွေကို ကျုပ်က နာမည်ပြောင်းပေးပါလို့ မပြောဘဲနဲ့ ကျုပ်ကို ဘာဆိုလည်း ခေါ်တယ်လို့ ပြောတာပဲဗျ။ ဒါပေမဲ့ ကျုပ်က ..."

"ဟေ့လူ ...တော်တော်ဗျာ"

ထောင်မှူးက ဝင်ထောက်လိုက်၍ ထောင်ကျလူသစ်များ တဝါးဝါး ရယ်ကြပြန်သည်။ ဦးရွှေမောင်မှု သူ၏နှာဝကို ဖောင်တိန်ထိုး၍ ဇာတာရှင်ကို စိုက်ကြည့်နေမိသည်။

"ဒီလူ အရူးပါဆရာ။ သူများနဲ့ခွဲထားရင် ကောင်းတယ်"

ထောင်မှူးက အရူးကို ပစ်ပစ်ခါခါ ပြောသံကြားရ၏။

"ဘယ်လာ ကျုပ် ရူးရမတုံးဗျ။ ပုထုဇဉ်ဟူသမျှ အရူးချည်းပဲ မဟုတ်လား"



ဦးရွှေမောင်သည် အရူးကို သဘောကျ၍ တဟားဟား ရယ်မိသည်။

"ကဲ ...သူ့ကိုနိုင်အောင် ပြန်ပြောလေ"

ဦးရွှေမောင်က ထောင်မှူးကို အရူးနှင့် တိုက်ပေးလေသည်။

"ဟီး ...ဟီး ...ဟီး ...အရူးလိမ္မာ စာဖတ်ဆရာ။ ဒါနဲ့ သူ သက်ကိုဆွဲတာတောင် (၁၆) နှစ်သမီးလေးကိုမှ ရွေးပြီးဆွဲတာ"

အရူးသည် ထောင်မှူးအား မျက်စောင်းထိုးလေသည်။

"ဒါက ကျုပ်ရည်းစားမို့ပါ။ အမှန်က ကျုပ် မဆွဲပါဘူး။ သူကသာ ကျုပ်ကို ဆွဲတာဗျ"

ထောင်ပိုင်ကြီးရော အကျဉ်းသားပါ တဝါးဝါး ဖြစ်နေကြ၏။ ဤအရူးမှာ အာဃအရူးပေတည်း။ ကြမ်းကြမ်းကြီး ရူးသည်မဟုတ်၊ သိမ်မွေ့စွာ ရူးသည် သို့နှင့် ဤအရူးကို တုတ်၊ ဓား၊ ပေါက်တူးမကိုင်ရသည့် ထောင်မှူးအနီးတွင်ထားပြီး စောင့်ကြည့်ရန် ထောင်မှူးအား အပ်ထားလိုက်ရာ ထောင်မှူးက ...

"အင်း ...ကျွန်တော်တောင် သူနဲ့နေရ၊ ရူးမလားမသိဘူး ဆရာ"

ဟု ပြောသံကြားရလေသည်။ ထောင်အလုပ်ဆိုတာ အောက်ခြေသိမ်း အလုပ်ကိုးဗျ။

"အဲ ...နောက်တစ်ယောက်ဟေ့"

သက်နှင့် တရားခံတစ်ဦး ဦးရွှေမောင်ရှေ့ လာရပ်သည်ကို တွေ့ရသည်။

"ဦးပဥ္စင်းလား ...ကိုရင်လား"

ထောင်ပိုင်ကြီး မေးခွန်းထုတ်လေသည်။

"ဦးပဥ္စင်းပါ"

"ဘာကိစ္စ သက်န်းကြီးနဲ့တာရဲ့နဲ့ ထောင်ကိုလာသလဲ"

"ရွှေ ...ရွှေ ...ရွှေ ...မှုပါ"

သူရိန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဤဦးပဋ္ဌင်းအကြောင်း သူပြောပါပြောနှင့် ဦးရွှေမောင် ကြားသိထားပေပြီ။ ကြားသိသမျှ . . . ဤဦးပဋ္ဌင်းသည် ကျောင်းတစ်ကျောင်းတွင် ညေ့သည်။ ညေ့သည်အဖြစ်လာတည်းပြီး ကျောင်းရှိ ဘုရားကြီးတစ်ဆူမှ ရွှေနဖူးသင်းကျစ်တော်ကို ခိုးသွားသည်ဟုဆိုလေသည်။ ဤကိစ္စဟုတ်မဟုတ်၊ ကာယကံရှင်သာ သိပေသည်။ သို့သော် စဉ်းစားစရာ တစ်ခုတော့ရှိသည်။

ဘုရားသခင်သည် ရဟန်းများ၏ ခမည်းတော်ဖြစ်၍ ဘုရားသခင်က ချစ်သားရဟန်းတို့ဟု ခေါ်တော်မူခဲ့သည်။ သို့ဖြစ်ရာ ဤရဟန်း၏ကိစ္စမှာ အဖေ၏ရွှေကို သားခိုးသောအမှုဟုပင် ဆိုရပေမည်။ အဖေ၏ ရွှေကိုသားခိုးသောအမှုတွင် ရုံးတွေဂါတ်တွေကသာ အကြီးအကျယ်ခိုးမှုဟု ဆိုနိုင်သော်လည်း ကာယကံရှင်ကတော့ သိပ်ကြီးကျယ်သည့် ကိစ္စမဟုတ်၊ အသေးအမွှားကိစ္စသာဖြစ်သည်ဟု ယူဆထားသလား မသိ။ သူကတော့ ပြုံးတုံးတုံး။ ဤဦးပဋ္ဌင်းအား ထောင်တွင်းအကျဉ်းသားပညာရှင်များက ဘွဲ့သစ်တံဆိပ်သစ် ကပ်လှူထားကြသည်မှာ 'ရွှေကိုယ်တော်' ဟူ၏။

ထောင်ပိုင်ကြီး ဦးရွှေမောင်သည် အစဉ်တစိုက် တစ်ယောက်ပြီး တစ်ယောက်ကြည့်သွားရ နောက်တစ်ယောက်အလှည့်တွင် တပည့်ဟောင်းတစ်ဦးနှင့် တည့်တည့်တိုးနေလေသည်။

"ဟော . . . ဒီမအေပေး လာပြန်ပလားဟ"

ဦးရွှေမောင်သည် စားပွဲပေါ်ရှိ တုတ်ကောက်ဖြင့် အကျဉ်းသားအောင်နို၏ ဦးခေါင်းကို ခေါက်ပစ်ရာ တဝါးဝါး ပွဲကျသွားလေသည်။

"မအေပေး . . . မင်း ငါ့အတင်းကို တော်တော်ပြောပြီးရောပေါ့"

ဦးရွှေမောင်က သူ၏တပည့်ဟောင်းကို အလွှာပ သလွှာပဆိုသေးသည်။

"ဟဲ . . . ဟဲ . . . မပြောရဲပါဘူးဆရာ"

တပည့်ကျော်က မဲတူနေသည့်သွားကို ဖြဲ၍ ရယ်၏။





ဦးရွှေမောင်က သူ၏ တပည့်ဟောင်းများကို တပည့်သစ်များနှင့် မိတ်ဆက်ပေးလိုက်ပြန်သည်။

"ဒီအကောင်ဟာ ကျုပ်တပည့်ပဲ။ သူနဲ့ကျုပ်နဲ့ ထောင်ထဲချည်း ကြုံတာ ဒါပါဆို ငါးကြိမ်ပဲ ရှိသေးတယ်"

ထောင်ပိုင်ကြီးက လက်ဝါးငါးချောင်းထောင်ပြရာ အကျဉ်းသားလူသစ်တို့ တဝါးဝါးနှင့် ရယ်ကြလေသည်။ ထောင်ပိုင်ကြီးက ဆက်လက်၍ သူ့တပည့်၏ဂုဏ်ကို ထုတ်ဖော်ချီးကျူးပြန်သည်။

"တစ်ခါတုန်းက ဒီအကောင်ပေါ့။ ခါးပိုက်နှိုက်တာ ငွေငါးဆယ်ရတယ်။ အဲဒီအမှုနဲ့ အဖမ်းခံရပြီး ရုံးမင်းက ဒဏ်ငွေငါးဆယ်တပ်တာကို ကိုယ့်လူက တရားသူကြီးကို မကျေမနပ်နဲ့ ဘာပြောသလဲဆိုတော့ ငွေလေးငါးဆယ်ခိုးလို့ရတာ ဒဏ်ငွေငါးဆယ်တပ်ထားရင် ကျုပ်အတွက် ဘာကျန်တော့မလဲလို့ ထမေးတာသူပဲ"

ညောင်ညိုပြင်အောက်ရှိ အကျဉ်းသားသဘင်သည် အတော်ပင် စိုစိုပြည်ပြည် ရှိသွားလေ၏။

"ကဲ . . . တပည့်ကျော် ဒီတစ်ကြိမ် ထောင်ကိုဝင်လာပုံ အမိန့်ရှိပါဦး။ အရင်လို မစို့မပို့ အမှုမျိုးပဲလား"

ထောင်ပိုင်ကြီးက တပည့်ဟောင်းကို တွေ့ရ၍ ပြုံးတော်မူ၏။

"မစို့မပို့တော့ မဟုတ်ပါဘူး။ နွားခိုးမှုပါ"

"အဲ . . . ငါ့လဲခွေးတဲ့ နွားခိုးတာ မစို့မပို့ မဟုတ်သေးဘူးလား ကွ။ မင်းလာရင် ဒါမျိုးပဲ တွေ့ရတယ်။ အရင်တစ်ခါလည်း နွားနှစ်ကောင်ခိုးတာ တစ်ကောင်ကို ထန်းရည်နဲ့မြီးစားတာ တစ်ကောင်လုံး ကုန်တယ်ဆိုပဲ။ ဒါတောင် သွားတွေကျိုးနေလို့"

အကျဉ်းသားများ တခွိခွိဖြစ်နေကြ၏။

"ဆိုစမ်း . . . ဒီတစ်ခါ ဘယ်နှကောင်ခိုးသလဲ"

ထောင်ပိုင်ကြီးက ထပ်မေးပြန်သည်။

"အကောင်တစ်ရာ့ငါးဆယ်ထဲပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ . . . သာရ၊ ကောင်းလေစွ။ လုပ်မဲ့လုပ်တော့ ဒီလိုမှပေါ့"

ညောင်ညိုပြင်ပရိသတ်များက တကယ့်အာဇာနည်နီးပါး ချီးကျူး၍မဆုံး ရယ်မဆုံး ရှိကြ၏။

"ဒီတစ်ခါတော့ တယ်ဟုတ်ပါလားကွ"

"ဟုတ်ကဲ့ . . . အပေါင်းအသင်းလေးကောင်းတုန်း တစ်ကွင်းလုံးရှိ နွားတွေကို 'မ' သွားတာပါပဲ။ ဟဲ . . . ဟဲ . . ."

"ဒီတစ်ခါတော့ ဈေးသုံးရသားပဲ။ လုံ့လဝီရိယ အကျိုးပေါ့လေ"

ထောင်ပိုင်ကြီးက သူ့တပည့် အင်္ဂါရုပ်ကို ခေါင်းဆုံးခြေဆုံး ကြည့်ပြောပြန်သည်။

"ဟဲ . . . ဟဲ . . ."

တပည့်နွားသူခိုးက ဟဲလိုက်၏။

"ထွီ . . . မအေပေး။ ညစ်တဲ့နေရာ ကမ်းကုန်ရောလချဲ့"

ရွှေညောင်ပင် သာတဲ့စန်းတွင် နီးနှောဖလှယ်ပွဲကြီး စည်ကားလှ၏။ သွားမရှိသော အဘိုးကြီးတစ်ဦးရယ်ပုံမှာ မြင်ရသူများအား အဘယ်မှာ မရွှင်မြူးဘဲနေပါအံ့နည်း။ ထိုအဖိုးကြီးလည်း နယ်နယ်ရရမဟုတ်။ ဆိုရှယ်လစ်စီးပွားရေးအမှုအရ ထောင်သုံးလကျသည့် ဆန်စက်ပိုင်ဖြစ်၏။

"ကဲ . . . နောက်တစ်ယောက်"

ထောင်မှူးက ထပ်မေးပြန်သည်။

"ဩော် . . . မောင်ရင်ကတော့ လူရည်သန့်ကလေးပါလား"

ထောင်ပိုင်ကြီး ကရုဏာရှင်က သေချာစွာ ကြည့်၍ ပြောလေသည်။

"ဟုတ်ကဲ့ . . . ကျွန်တော်က ပပက စာရေးပါ"

"ဩော် . . . ငါသိပြီ တော်တော့"

ဒီတစ်လော ပပက၊ ဆစတကမှ အချို့ပညာရှိများ၏ သတင်းမွှေးလှပေသည်။ မြို့ကြီးတစ်မြို့တွင် လူသုံးကုန်ပစ္စည်းပေါင်း ဂိုဒေါင်နှင့် ၂၄ လုံး



အပြည့်ကို ပြည်သူလူထုလက်သို့ မဖြန့်ဖြူးဘဲထားသည်ဟု ဆိုလေသည်။

ချင်းတောင်လို နေရာမျိုးသို့ ရေခဲစာတ်ဘူးပို့ပြီး ရက်ကန်းဖြင့် အသက်မွေးသောအရပ်သို့ ချည်ထုပ်မရောက်ဟု ကြားရဖူးသည်။

ကုန်စည်ဖြန့်ဖြူးကြရာ၌ အစိုးရက ပို့ပေးသည့်ကုန်ကို အနည်းအကျဉ်းသာ ဖြန့်ဖြူးရောင်းချပြီး လည်သလို ကြည့်လုပ်ကြသည်ဟု အဆိုရှိနေပြန်သည်။

မည်သူက ကုန်ထုတ်စာအုပ် အမှတ်ဘယ်မျှဖြင့် ဘယ်နေ့က ဘာကုန်ကို ထုတ်သွားသည်ဟု အတိအကျ ဂျာနယ်မှတ်တမ်းမျိုးမရှိ။ ပြေစာတွင် ရောင်းကုန်တန်ဖိုးငွေ ပြည့်ရင် ပြီးရောဆိုပြီး အလုပ်လုပ်နေကြပုံမှာ အံ့ဩဖွယ်ကောင်း၏။

လူထုလက်သို့ ကုန်ဖြန့်ဖြူးရာ၌ မပျောက်မပျက် တန်းစီမတိုးရသော နည်းရှိရပေမည်။ ဒီလိုမှ နည်းမရှိလျှင် ဆိုရှယ်လစ် စီးပွားရေးစနစ်ကောင်းပါသည်ဟု လက်တွေ့မရှိဘဲ အဘယ်မှာလျှင် ဆိုရှယ်လစ်တိုင်းသစ်ပြည်သစ်များ အလျှိုလျှို ပေါ်လာနိုင်စရာရှိပါနည်း။

ဖြစ်သင့်သည်က ဘယ်ဆိုင်တွင် ကုန်ထုတ်စာအုပ် နံပါတ်စဉ်တစ်ရာကနေ ငါးရာထိဝယ်၊ ခြောက်ရာကနေ တစ်ထောင်ထိ၊ ဘယ်ဆိုင် . . . ဘယ်ဆိုင် . . . လက်လီကိုယ်စလှယ်များကို အမြတ်အစွန်း အနည်းအကျဉ်းပေးကာ ရပ်ကွက်လူကြီးများ စောင့်ကြပ်ကွပ်ကဲမှုဖြင့် ရောင်းပါက ကုန်စည်ဖြန့်ဖြူးမှု ထိရောက်မည် မဟုတ်ပါလော။

အခုတော့ ဒီလိုမဟုတ် တစ်ဆိုင်ကိုပြုံတိုး ရသူရ၊ မရသူတော် ဒီကြားထဲ အရာရှိဩဇာရှိသူတို့က ဩဇာဖြင့် လိုတာယူ။ မြို့ပေါ်ရှိ မျက်နှာဖုံးတို့ကလည်း လိုတဲ့ကုန်ရနိုင်တဲ့နည်းရှိ၊ ပပက ဆွေမျိုးသားချင်းတို့ကလည်း တစ်နည်းတစ်ဖုံ ယူနိုင်စွမ်းရှိ။ အဲ . . . ဘယ်လာ လူထုအတွက် ကုန်အပြည့်အစုံရတော့မှာတုံး။ ဒါတွေဟာ စနစ်တကျ ရောင်းချတဲ့နည်းကို မလိုက်လို့ပဲ။

www.burmeseclassic.com



"အဲ . . . မောင်ရင် ထောင်ထဲရောက်တာဟာ သမိုင်းက တောင်းဆိုလာတဲ့ အချက်ပဲ။ ခဲဦးပေါ့။ အဲ . . . နေဦး၊ မင်းတို့ ပပက စာရေးတွေမှာ အလုပ်အတွက် အာမခံငွေပေးရတဲ့ စနစ်ရှိသလား"

ထောင်ပိုင်ကြီးက မဆီမဆိုင် မေးမိပြန်သည်။

"မရှိပါဘူး"

"ဟင် . . . တို့ထောင်မှူးတွေတောင် လူတစ်ယောက်ကို သုံးထောင် အာမခံပေးရပြီး လခက အရစ်ကျထည့်ထားတယ်။ လျော်စရာရှိရင် အာမခံကို သိမ်းမယ်။ မင်းတို့က သိန်းထောင်ချီပြီး တာဝန်ယူထားရတာ။ အာမခံ မရှိဆိုတော့ သိပ်လုပ်ဖျော်တာပေါ့ကွာ"

လူရည်သန့်ကလေး ကိစ္စကို ဤမျှနှင့် ရပ်ဆိုင်းပြီး နောက်ဆုံးတစ်ယောက် နှစ်ယောက်၊ အကျန်ကို ဆက်လက်စစ်ဆေးပြန်သည်။ ဤလူနှစ်ယောက်မှ တကယ့်လူတွေပေတည်း။

တစ်ဦးက လက်တစ်ဖက်မရှိ။ နောက်တစ်ယောက်ကတော့ နှစ်ဖက်စလုံး မောင်းရင်းက ပြတ်လို့။ သူတို့နှစ်ဦးမှာ အမှုတွဲဖြစ်ကြလေသည်။ ကာသိုလ်ကာနယ် ဆုံမှပေးတတ်ပလေ။

"ဩော် . . . မောင်ရင်ကြီးတို့က ဘာအမှု"

ဦးရွှေမောင်က လူလေးဆယ်ခန့် စစ်ဆေးရပြီဖြစ်၍ ခါးကိုဆန့်ရင်း မေးလိုက်သည်။

"ကျွန်တော်တို့က ဖဲရိုက်မှုပါ"

လက်နှစ်ဖက် မရှိသူက ဖြေလေသည်။

"ဟောဗျာ . . . လက်မရှိဘဲ ဘယ်လိုဖဲရိုက်သလဲ"

ထောင်ပိုင်ကြီးအမေးတွင် တဝါးဝါးရယ်သံကို ကြားရလေသည်။

"ဟဲ . . . ဟဲ . . . ကျွန်တော်က ဒီအကောင်ကို ဖဲကိုင်ခိုင်းထားပြီး အနားက ပြောပေးတာပါ"

"အင်း . . . ဝါသနာကိုး"





လူနှစ်ယောက်ပေါင်းမှ လက်တစ်ချောင်းရှိသူများက မိမိတို့ဝါသနာအလျောက် ဖြစ်သလိုလုပ်ပြီး ထောင်ထဲဝင်လာကြ၏။ ရဲဌာန၏အလုပ်လည်း ပြီးပြီ။ တရားသူကြီးကလည်း တာဝန်ကျေပြီဖြစ်၏။ အဲ . . . နောက်ဆုံး လက်ခံရသည့် ဦးရွှေမောင်က လူနှစ်ယောက်ပေါင်း လက်တစ်ချောင်းကို ဘယ်လိုပြန်လည်ထူထောင်ရေးခေတ်တွင် အသုံးချရပေါ့။ ဦးရွှေမောင် ခေါင်းကိုက်သွားပေပြီ။ ဦးရွှေမောင်က စိတ်ပေါက်ပေါက်နှင့် ဒီလူနှစ်ဦးကို ပုလဲ စခန်း လမ်းဖောက်ရာဌာနသို့ ပို့လိုက်ရကောင်းမလားဟု ရွှေဉာဏ်တော် နှုးရောက်ကြည့်သေး၏။ ဒီလိုလည်း မဖြစ်သေး။

ဦးရွှေမောင်သည် သူတို့အတွက် ဝလချီးလည်အောင် စဉ်းစားသမျှ ပြုပြန်သည်။ အလုပ်အတွက် ထားပါဦး။ ဒီလက်မရှိတဲ့လူ၊ ဘယ်လိုလုပ် ထမင်းစားပါမည်နည်း။

"ကဲ . . . အကြံဉာဏ် ပေးကြပါဦး။ ဒီလူ ဘယ်လိုလုပ် ထမင်းစားမလဲ"

အကြံကုန်ပြီဖြစ်သော ထောင်ပိုင်ကြီးက ပရိသတ်ဆီသို့ အကြံတောင်းခံလိုက်ရာ၏။

"ဒါတော့ . . . ဆရာကြီး၊ သူ့တပည့်ကို တာဝန်ပေးရင် ဖြစ်ပါတယ်"

တစ်ဦးသော အကျဉ်းသားပညာရှင်က အကြံပေးရာ အူနှိပ်ရယ်သံကြားရ၏။

"ဟာ . . . ဟုတ်ပြီ၊ ကဲ . . . ကိုယ့်လူ မင်းလူကိုမင်း ထမင်းခွံ့ပေးဒါကွာ"

ထောင်ပိုင်ကြီးက မေတ္တာရပ်ခံရတော့သည်။

"နေ့တိုင်းလား . . . ဆရာကြီး"

လက်တစ်ဖက် လူက ဦးရွှေမောင်အား ပြန်မေးလေသည်။

"အေးပေါ့ဟ . . . ခုနစ်ရက်မှ တစ်ခါ ခွံ့ချင်လို့လား။ ထောင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ လူတိုင်း အလုပ်လုပ်ရမယ်ကွ။ အခု မင်းကို ငါ ဥပဒေအရ အလုပ်ပေးတာ''

လက်တစ်ဖက်နှင့် သူတော်ကောင်းက သွားဖြီးလေးနှင့် . . .

''ဟုတ်ကဲ့ . . . ဟုတ်ကဲ့''

ဟု တာဝန်ကြီးတစ်ခုကို ယူလေမှ ဦးရွှေမောင် စိတ်အေးရရှာတော့သည်။

စစ်ဆေး၍တော့ အားလုံး ပြီးပေပြီ။ အကျဉ်းသားများ အတော်လည်း ရယ်မောရပြီဖြစ်သဖြင့် မျက်နှာများ ရွှင်လန်းလျက်တွေ့ရ၏။ သို့ရာတွင် ထောင်တာဝန်ခံပုဂ္ဂိုလ်ကြီး ဦးရွှေမောင်မှာ လက်နှစ်မပါသော သူ၏ ညှိုးသည်ထူးအတွက် ဆက်လက်၍ မစဉ်းစားဘဲ မနေနိုင်ပေ။

အကြောင်းမှာ ထောင်တွင်းသို့ ရောက်လာသမျှ အကျဉ်းသားများတို့၏ သာရေး၊ နာရေး၊ စားဝတ်နေရေးဟူသမျှမှာ ထောင်ပိုင်တစ်ဦး၏ မလုပ်မနေရ တာဝန်မဟုတ်ပါလော။ လူတစ်ဦးထောင်ကျလာပြီဆိုလျှင် ထောင်ဒဏ်ထောင်ချုပ် ခံနေရသမျှ ကာလပတ်လုံး ထိုသူ၏ ဆွေမျိုးသားမယားများက တွေ့ချင်သလို တွေ့ရသည်မဟုတ်။ ဘယ်လို စေတနာရှိရှိ ထိုသူနှင့်ပတ်သက်၍ ဘာမှ လုပ်ကိုင်ခွင့်မရှိတော့။ ဦးရွှေမောင် ထောင်ပိုင်ကြီးသာလျှင် လုံးဝတာဝန်ရှိသည်။ မဟုတ်တုံလော့ . . .။

ယင်းသို့ တာန်ရှိသူအသီးသီးအနေနဲ့ ဦးရွှေမောင်က လက်နှစ်ဖက်မရှိသူအတွက် လုပ်ဆောင်ပေးရမည့် တာဝန်အခက်အခဲတစ်ခုရှိတာ သူသည် အဖြေကိုရှာမရ၍ မသာယာသောမျက်နှာနှင့် ကုလားထိုင်မှ ထလိုက်လေသည်။ ထိုအချိန်တွင် ထောင်ပိုင်ကြီး မျက်နှာမကောင်းသဖြင့် စိုးရိမ်သွားဟန်ရှိသော ထောင်မှူးက ပျာပျာသလဲမေးရှာ၏။

''ဆရာ . . . နေမကောင်းဘူးထင်တယ်။ လူသစ်တွေကလည်းများတော့ ဆရာ သိပ်ညောင်းမှာပဲ''

''ဒါကြောင့် မဟုတ်ပါဘူးကွာ။ ငါတွေးနေတာက တစ်ခုပါ။ အလုပ်ကိစ္စပဲ။ ဘယ်လိုလုပ်ရ ကောင်းမလဲလို့ တွေးမရဘူး''





''ဆရာ . . . အမိန့်ရှိပါ။ ကျွန်တော် တတ်နိုင်သလောက် လုပ်ပါမယ်''

ထောင်မှူးက အားတက်သရော ပြောရှာသည်။

''တကယ်လား''

''ဆရာ့တပည့် ဆရာခိုင်းရင် မငြင်းပါဘူး''

''ဟာ . . . ဒီလိုဆို ကျုပ်စိတ်အေးရပြီပေါ့။ တခြားအကြောင်းတော့ မဟုတ်ဘူး။ ဒီလက်နှစ်ဖက် ပြတ်နေတဲ့လူ နောက်ဖေးသွားပြီးရင် ဆေးကုံးမဲ့ကိစ္စကို တာဝန်ယူစမ်းပါ''

ထောင်မှူးသည် တဟားဟားရယ်ပြီး နဖူးကို ထုလိုက်ရာ ညောင်ညှိပြင် ဆွေးနွေးသဘင်ကြီးမှ အကျဉ်းသားထုသည် ပက်လက်လန်အောင် ရယ်ကုန်ကြလေသတည်း။

☀ ☀ ☀

မြောင်းမြမောင်ကို

www.burmeseclassic.com

www.burmeseclassic.com



❑

ဝန်ထမ်းဆိုတော့ တစ်နေရာထဲမှာ ကြာကြာမနေရဘူး။ ဟိုရောက်လိုက်၊ ဒီရောက်လိုက်ပေါ့။ ခု ဟသ်ာတထောင်ကို ဒုတိယအကြိမ် ပြန်ရောက်လိုက်ပြန်တယ်။ ၁၉၆၅ခုနှစ်ကပေါ့ ထောင်ပိုင်ကြီးက ဦးဘရင်။ သူကိုတော့ ထောင်လောကမှာ ကုလားဘရင်လို့ခေါ်ကြတယ်။ ထောင်မှာ ဦးဘရင်က နှစ်ယောက်ရှိတယ်။ လူချင်းမှားမှာဆိုတော့ ကုလားထောင်ပိုင်ကြီး ဦးဘရင်ကို ကုလားဘရင်တဲ့။ သိပ်စကားများများပြောတဲ့ ဗမာထောင်ပိုင်ကြီးဦးဘရင်ကိုတော့ ဆိုင်ကာလုန်းဘရင်တဲ့။

ဟသ်ာတထောင်မှာ ထောင်မှူးကြီးနေရာရှိပေမဲ့ ထောင်မှူးကြီးမရှိဘူး။ စီနီယာထောင်မှူးကပဲ ထောင်မှူးကြီးတာဝန်ယူပြီး လုပ်နေရတယ်။ စီနီယာထောင်မှူးကတော့ ကျွန်တော်နဲ့ ကျောင်းအတူတက်၊ အတူဆင်းခဲ့တဲ့ ထောင်မှူးဦးထွန်းလွင် နောက်တွေ့ခဲ့ရတဲ့ ထောင်မှူးတွေကတော့ ထောင်မှူးဦးကြည်လှိုင်၊ ထောင်မှူးဦးသန်းတို့ဖြစ်ကြတယ်။ ဟသ်ာတထောင်မှာ အလုပ်အတူလုပ်ခဲ့ကြတဲ့ စာရေးနှစ်ယောက်ကတော့ မောင်ဝင်းကြည်နဲ့ မောင်ထွန်းအေး။

ထောင်မှာ အကျဉ်းသားအားလုံးပေါင်း ၇၀၀ ကျော်ရှိတယ်။ ဒီအထဲမှာ အမှုစစ်ဆေးဆဲ အချုပ်သားက ၄၀၀ လောက်ရှိတယ်။ ထောင်ပိုင်ကြီး

www.burmeseclassic.com



ဦးဘရင်က ဘိုကျောင်းထွက်။ အင်္ဂလိပ်လိုပြောတာ အင်္ဂလိပ်လိုရေးတာ။ အလွန်ကောင်းတယ်။ ကျွန်တော်တို့ သူ့ဆီက အင်္ဂလိပ်စကားပြောနဲ့ အင်္ဂလိပ်လို အရေးအသားပညာယူရတယ်။ စိတ်သဘောထား အလွန်ကောင်းတယ်။ ထောင်ပိုင်ကြီးဆိုပေမယ့် လူကြမ်းမဟုတ်ဘူး။ လူအေး။ ထောင်ထဲမှာ အကျဉ်းသားတွေ ဆူဆူပူပူဖြစ်မှာဆိုးတယ်။ အကျဉ်းသားတွေကို အလိုလိုက်ပြီး အုပ်ချုပ်တယ်ဆိုပါတော့။ ထွက်မပြေးရင် ပြီးရော။ ထောင်ထဲ အကျဉ်းသားတွေ မဆူရင်ပြီးရောဆိုတဲ့ သဘောနဲ့ အုပ်ချုပ်တယ်ဆိုပါတော့။

ထောင်မှူးကြီးတက်လုပ်နေတဲ့ ထောင်မှူးဦးထွန်းလွင်ကလည်း လူအေးလူပျော့။ စကားတောင် ကျယ်ကျယ်ပြောတာမဟုတ်ဘူး။ လေသံလေးနဲ့ နူးနူးညံ့ညံ့ပြောတာ။ ထောင်ပိုင်ကြီးကလည်းလူအေး၊ ထောင်မှူးကြီးကလည်း လူအေးတွေဆိုတော့ အကျဉ်းသားတွေအကြိုက်ပေါ့။ ဟသ်ာတထောင်ဟာ ထောင်နဲ့ မတူတော့ဘူး။ ဆိုင်းသံဗုံသံတွေနဲ့ ယဉ်ကျေးမှုတက္ကသိုလ် အနုပညာကျောင်းကြီးနဲ့ တူနေတော့တာပဲဗျာ။

ကျွန်တော်ရောက်သွားတာလဲ သီတင်းကျွတ်လကြီး အကျဉ်းသားတွေ သီတင်းကျွတ်ပွဲတော်အတွက် ဆိုင်းတိုက်၊ ယိမ်းတိုက်၊ အငြိမ့်တိုက်နဲ့ ဆူနေတာပဲ။ ညဆို ၁၁ နာရီ ၁၂ နာရီအထိ တီးမှုတ်ကာ ခုန်နေကြတာ အမှန်မှာတော့ တစ်လလောက်ကစပြီး ကြိုတင်တိုက်ရင်ရပါတယ်။ ခုတော့ နှစ်လသုံးလလောက်ကစပြီး ယိမ်းတိုက်၊ ဆိုင်းတိုက်နဲ့ တီးမှုတ်နေကြတာ။ သီတင်းကျွတ်ပြီးတော့ တန်ဆောင်မုန်း။ တန်ဆောင်မုန်းပြီးတော့ နတ်တော်၊ ပြာသို။ နောက် လွတ်လပ်ရေးနေ့ပွဲတွေက ဆက်နေတော့ ထောင်ထဲဆိုင်းဗုံသံတွေဟာ တစ်နှစ်လုံးပဲ ဆိုပါတော့ဗျာ။

ကျွန်တော်ရောက်ပြီး ဘာမှ မကြာလိုက်ဘူး။ ဆယ့်လေးငါးရက်လောက်ပဲရှိအုန်းမယ်။ ပွဲက စတော့တာပဲ။ စတဲ့ပွဲက သူတို့ပွဲမဟုတ်ဘူး။ သူတို့ပွဲက လိုသေးတယ်။ သီတင်းကျွတ်လပြည့်နေ့ကျမှ။ အခုပွဲက ကျွန်တော့ပွဲ။ မနက်ထောင်ဖွင့်က ကျွန်တော့်အလှည့်။ ကျွန်တော့်တာဝန်။ ကျွန်တော် ထောင်ကို မနက်အစောကြီး ငါးနာရီခွဲလောက်ရောက်သွားတယ်။ ကျွန်တော်





ရောက်တော့ ညလုံခြုံရေး အစောင့်အမှုထမ်းတွေက ဝိုင်းတိုင်ကြတယ်။ ညက ဇာတ်ဆရာလူကြီးလုပ်နေတဲ့ အကျဉ်းသားမှူတူးဟာ တစ်ညလုံး အမှုထမ်းတွေကို ငါနဲ့ ကလော်ဆဲနေပါတယ်တဲ့။ ကြားကောင်းကြသေးရဲ့လားဗျာ။ အကျဉ်းသားက ထောင်ဝန်ထမ်းတွေကို ဆဲသတဲ့။

ကဲ ...ပြောစမ်းပါဦး။ ဘယ်လိုဖြစ်တာလဲဆိုတော့ အဲဒီဇာတ်ဆရာ အကျဉ်းသားမှူတူးဟာ အငြိမ့်မင်းသမီးလုပ်တဲ့ အကျဉ်းသားနဲ့ ကာမရာဂ စပ်ယှက်တာ အဲဒီအဆောင်မှာ တာဝန်ကျတဲ့ ညကင်းသမားက မြင်လို့ အခန်းလူကြီးတွေ နှိုးပြီးပြောတယ်။ အဲဒါ သူ့ကို မတရားပြောပါတယ်ဆိုပြီး အမှုထမ်းကို စပြီးကလော်ဆဲတယ်တဲ့။

ညလူကြီးရောက်လာတော့ ညလူကြီးနဲ့ ဆက်ဖြစ်ကြတယ်။ ညလူကြီးကိုလည်း ဆဲပြန်တယ်။ နောက်တော့ ဝန်ထမ်းတွေက မခံနိုင်ကြတော့ ဆက်ပြီး ဝန်ထမ်းတွေကိုပါ ဆဲတယ်တဲ့ဗျာ။

ထောင်ထဲမှာက အကျဉ်းသားချင်း ကာမရာဂ စပ်ယှက်တယ်ဆိုတဲ့ ကိစ္စ။ ခုခေတ်စကားနဲ့ဆိုတော့ လိင်တူချင်း စပ်ယှက်တယ်ပေါ့။ ထောင်စကားထောင်ဝေါဟာရနဲ့ ပြောရရင်တော့ အိုးစားလုပ်တယ်ပေါ့။

ထောင်ထဲမှာ ခုလိုယောကျ်ားချင်း လိင်တူစပ်ယှက်တာ ခုမှမဟုတ်ဘူး။ ဟို အင်္ဂလိပ်လက်ထက်ကတည်းက ထောင်တွေမှာရှိတယ်။ နှိပ်ကွပ်လို့မရဘူး။ ဖိနှိပ်လို့မရဘူး။ အိုးစားကိစ္စကြောင့် ထောင်ထဲမှာ အကျဉ်းသားအချင်းချင်း ဓားထိုးမှု၊ ရိုက်မှု၊ လူသတ်မှုတွေ မကြာမကြာ ပေါ်ခဲ့ရတယ်။

ရက်စက်ပါပေ့ကွယ်ဆိုတဲ့ စာအုပ်ထဲမှာတော့ ဦးနုက အကြံပြုထားတယ်။ ရုရှားပြည်က အကျဉ်းထောင်တွေထဲက အကျဉ်းသားတွေလို တစ်လနှစ်ကြိမ် အိမ်ပြန်လွှတ်သင့်တယ်တဲ့။ ဒါမှမဟုတ်ရင် အိုးစားကြောင့် ထောင်ထဲမှာ အကျဉ်းသားအချင်းချင်း ဓားထိုးမှုတွေ၊ ရိုက်မှုတွေ၊ လူသတ်မှုတွေဟာ ပျောက်မှာမဟုတ်ဘူး။ ရှိနေမှာပဲတဲ့။

အခု ဟသ်ာတထောင်ကို ကျွန်တော်ရောက်ပြီဆိုရင်ပဲ အိုးစားနဲ့ စတွေ့တယ်။ ဒီတော့ ကျွန်တော်က ထောင်ဖွင့်လူပေါင်းစစ်ပြီးရင် အခန်



www.burmeseclassic.com

www.burmeseclassic.com



တွေအားလုံးကို သော့ပြန်ခတ်ထားလိုက်။ ပြီးရင် ငါ့သတင်းပို့ဆိုတော့ အခန်းတွေအားလုံး သော့ပြန်ခတ်ထားလိုက်တယ်။ ခတ်ပြီးတဲ့အခါ ကျွန်တော်က ညလူကြီးကိုခေါ်ပြီး အဲဒီအကျဉ်းသားမှူတူးကို အခန်းထဲက ခေါ်ခဲ့လို့ပြောပြီး လွှတ်လိုက်တယ်။

ကျွန်တော် မိန်းဂျေးစားပွဲမှာ ထောင်ပိတ်စာအုပ်နဲ့ ထောင်ဖွင့်လူပေါင်း ကိုက်မကိုက် စစ်နေတယ်။ သူ ကျွန်တော့်ရှေ့ ရောက်လာတယ်။ အမှန်မှာတော့ ကျွန်တော်ကမမေးရင် မပြောရဘူး။ ဖြေစရာမလိုဘူး။ ပြောစရာ အကြောင်းမရှိဘူး။ သူ ကျွန်တော့်ရှေ့ ပုံစံရပ်နေရမှာ ခေါင်းလှုပ်လက်လှုပ်လို့ မရဘူး။ ခုတော့ သူက ကျွန်တော့်ကို မထီလေးစားနဲ့ ခြေကားယားလက်ကားယားနဲ့ သူက အရင်စတိုင်တယ်။ ညက ကင်းသမားနဲ့ ညလူကြီးတို့က သူ့ကို မတရားစွပ်စွဲကြတယ်ပေါ့။

ကျွန်တော် စိတ်တိုသွားတယ်။ ဒေါသလည်း ဖြစ်သွားတယ်။ မင်းကို ငါဘာမေးသေးလို့လဲ။ ဘာပြောသေးလို့လဲ။ မင်း ထောင်စည်းကမ်း နားမလည်ဘူးလား။ မင်း တော်တော်လူပါးဝပါလားဆိုပြီး အနားက ဝန်ထမ်းတစ်ယောက်လက်ထဲက တုတ်ဆွဲပြီး ကျွန်တော် သူ့ကို တအားလွှဲရိုက်လိုက်တယ်။ သူက ကျွန်တော့်တုတ်ကို လှမ်းပြီး ဖမ်းလိုက်တယ်။ မရိုက်မိဘူး။ ကျွန်တော်က တုတ်ပြန်ဆွဲတယ်။ သူက တုတ်ကို မလွှတ်ဘူး။

ဒီတော့ ဘေးကရှိနေတဲ့ ဝန်ထမ်းလေးငါးယောက်က တုတ်ကို လုပြီး ကျွန်တော့်ကိုရိုက်ဖို့ လုပ်တယ်ထင်ပြီး ဝိုင်းရိုက်လိုက်ကြတာ။ အကျဉ်းသားမှူတူး ကျွန်တော့်ရှေ့မှာ ပုံလျက် လဲနေတော့တာပဲဗျာ။ ကျွန်တော်က ဝိုင်းရိုက်တဲ့ အမှုထမ်းတွေကို ဟော့ကောင်တွေ တော်တော့ဆိုပြီး အတင်းဝင်တားရတယ်။ သူ့ကိုလည်း အတင်းဝင်ပြီး ဖက်ထားလိုက်ရတယ်။ ကျွန်တော့်ကိုတောင် ရိုက်မိသေးတယ်။ ကျွန်တော့်လက် တော်တော်နာသွားတယ်။

အဲဒီအချိန်မှာ မှူတူးအခန်းက အကျဉ်းသားလေးငါးဆယ် ထွက်လာကြတယ်။ ကျွန်တော်က 'ဟေ့ ... မင်းတို့နဲ့မဆိုင်ဘူး။ ကိုယ့်အခန်းကိုယ်ပြန်ဝင်ကြ။ ရှေ့မတိုးကြနဲ့လို့လည်း အော်လိုက်တယ်။ ဂါတ်ကြီးပေါ်





က အစောင့်ကိုလည်း သူတို့ရှေ့တိုးရင် ပစ်လို့လည်း အမိန့်ပေးလိုက်တယ်။ သူတို့အားလုံး အခန်းထဲ ပြန်ဝင်သွားကြတယ်။ အခန်းတံခါးကို ပိတ်ပြီး သော့ခတ်နိုင်းလိုက်တယ်။

ကျန်တဲ့အခန်းတွေကတော့ လူပေါင်းစစ်ပြီး သော့ပြန်ခတ်ထားလို့ မထွက်နိုင်ကြဘူး။ အမှန်မှာတော့ မှူတူးခေါ်ထုတ်ခဲ့ပြီး သူ့အခန်းကို သော့ခတ်ထားရမှာ မခတ်မိဘူး။ မှူတူးကို ကျွန်တော်ခေါ်လို့ ထွက်လာတော့ စောင်ခြုံလာတယ်။ သူလက်ထဲမှာ သံချွန်ပါလာတယ်။ အဲဒီအခန်းထဲမှာ ကျွန်တော် ကြည့်ရှုစောင့်ရှောက်ထားတဲ့ တပည့်ဟောင်း အကျဉ်းသားတွေရှိတယ်။ သူတို့က မှူတူးလက်ထဲက သံချွန်ကို အတင်းယူထားလိုက်ကြတယ်။ သံချွန်သာပါလာရင် ဘာတွေဖြစ်မယ်ဆိုတာ မတွေးရဲဘူး။ ကျွန်တော်ပဲ အထိုးခံရမလား။ တခြားဝန်ထမ်းတွေပဲ အထိုးခံရမလား။ သူပဲသေမလား မသိဘူး။

ကျွန်တော်မှူတူးကို ဆေးရုံမပို့ပဲ တိုက်ထဲပို့လိုက်တယ်။ နောက် ထောင်ပိုင်ကြီးကို သတင်းပို့တယ်။ ထောင်ပိုင်ကြီးက ချက်ချင်းရောက်လာတယ်။ ထောင်ပိုင်ရုံးခန်းမှာ ကျွန်တော်ဖြစ်တာတွေကို အသေးစိပ် ရှင်းပြတယ်။ ထောင်ပိုင်ကြီးကတော့ တော်တော်စိတ်လှုပ်ရှားနေတယ်။ ခြေတွေလက်တွေတောင် တုန်နေတယ်။ သိပ်စိတ်ပူနေတဲ့ပုံပဲ။ ဒါမျိုးတွေ မဖြစ်ချင်ဘူး။ အေးအေးနေချင်တယ်။ အားလုံးကောင်းပါတယ်ခင်ဗျားဆိုတဲ့ သတင်းပို့တာမျိုးကိုသာ လက်ခံချင်တာ လိုချင်တာ။

ကျွန်တော်သတင်းပို့ပြီး ထောင်ပိုင်ကြီး ချက်ချင်းပဲ တိုက်ထဲက အကျဉ်းသားမှူတူးကို သွားကြည့်တယ်။ ထောင်ဆရာဝန်လည်း ရောက်လာတယ်။ မှူတူးကို တိုက်ထဲကထုတ်ပြီး ထောင်ဆေးရုံကို ခေါ်သွားတယ်။ ထောင်ဆေးရုံမှာ သူ့ဒဏ်ရာကို ကြည့်ကြတယ်။ ဆေးထည့်ကြတယ်။ ထောင်ထဲမှာက အဲဒီတုန်းက တောထဲကမိထားတဲ့ အကျဉ်းသားတွေရှိတယ်။ ထုံးစံအတိုင်း သူတို့က ထောင်အုပ်ချုပ်ရေးမှာ ဝင်စွက်တယ်။ ဒီအကျဉ်းသားကို အပြင်ဆေးရုံကြီး ပို့ရမယ်ပေါ့။ ထောင်မှူးကိုလည်း ပြင်းပြင်းထန်ထန်



www.burmeseclassic.com

www.burmeseclassic.com



အရေးယူပေးပါတဲ့။ တောထဲက ကျွန်မြူနစ်အကျဉ်းသားတွေက ဝိုင်းအာကြတယ်။

ဆရာဝန်က ကျွန်တော့်လာပြီး တိုင်ပင်တယ်။ ဒါကတော့ ဆရာ့သဘောပဲ။ အပြင်ဆေးရုံထုတ်ကုမှ ဖြစ်မယ်ဆိုရင် ထုတ်ပါ။ ကွန်မြူနစ်အကျဉ်းသားတွေက ဝိုင်းပြောလို့ ထုတ်တာဆိုရင်တော့ ကျွန်တော်လက်မခံဘူး။ သဘောမတူဘူး။ ဆိုတော့ ဆရာဝန်က မဟုတ်ပါဘူး။ တကယ်လိုအပ်လို့ အပြင်ဆေးရုံကို ထုတ်ရမှာပါဆိုတာနဲ့ ကျွန်တော်ဆက်မပြောတော့ဘူး။ သူတို့ ချက်ချင်း အဲဒီအကျဉ်းသား မှူတူးကို ဟသ်ာတဆေးရုံကြီးကို ပို့လိုက်တယ်။

ဆေးရုံကြီးရောက်တော့ မှူတူးက ဟသ်ာတမှာ တရုတ်သူဌေး ဝက်လိုင်စင်စီ ချုန်မိန်ကို ခေါ်လိုက်တယ်။ ချုန်မိန်တရုတ်သူဌေးရောက်လာတော့ ထောင်မှူးဦးစိန်ဌေးနဲ့ ဝန်ထမ်းတွေ သူ့ကို မတာရားဝိုင်းရိုက်ကြတယ်။ မကျေနပ်ဘူး။ သူ့ကို ကူညီပါ။ ကယ်ပါလို့ ဆိုတယ်။ တရုတ်သူဌေးချုန်မိန်ကလည်း ဘုမသိဘမသိနဲ့ မှူ့ခင်းဆရာဝန်ကပ်ပြီး အမှုကို ကြီးအောင်လုပ်တယ်။ ရဲစခန်းမှာလည်း အမှုဖွင့်ပြီးတိုင်တယ်။ မြို့ပေါ်က သတင်းထောက်တွေခေါ်ပြီး ရှင်းလင်းပွဲလုပ်တယ်။ ဓားပြမှုနဲ့ ထောင်ကျနေတဲ့ အကျဉ်းသားက သတင်းစာရှင်းလင်းပွဲ လုပ်သတဲ့ဗျာ။

အဲဒီက ရဲစခန်းမှူးက ကျွန်တော့်ညီအရင်းတော့ မဟုတ်ဘူး။ တစ်ပိုင်းထဲသားတွေ ရပ်ဆွေရပ်မျိုးတွေ။ ကျွန်တော့်အဒေါ်အိမ်မှာ လာနေပြီး ကျောင်းတက်ရတယ်။ ၁၀တန်းအောင်တော့ ရဲထဲရောက်သွားတယ်။ သူက ကျွန်တော့် လှမ်းဖုန်းဆက်တယ်။ အစ်ကိုအခြေအနေကတော့ ဒီလိုဖြစ်နေတယ်။ ဘာမှတော့ မစိုးရိမ်ပါနဲ့။ အကိုသိထားရအောင် ကျွန်တော်ဖုန်းဆက်တာပါတဲ့။

ဒီတော့ ကျွန်တော်မစိုးရိမ်ပါနဲ့ဆိုပေမဲ့ စိတ်ပူရပြီး အေးအေးနေလို့မရတော့ဘူး။ ဟသ်ာတဆေးရုံက အကြီးဆုံး ခရိုင်ဆရာဝန်ကြီးဆီ ပြေးရတာပေါ့။ ကံကောင်းချင်တော့ ခရိုင်ဆရာဝန်ကြီးက ဖလွှန်သား ဦးထွန်းရှိန်





တဲ့။ ရပ်ဆွေရပ်မျိုးတွေ ဖြစ်နေတယ်။ ရင်းလည်း အလွန်ရင်းနှီးတယ်။ ဆရာဝန်ကြီး ဦးထွန်းရှိန်ဟာ အမေရိကမှာ ခွဲစိတ်ပါရဂူဘွဲ့ရခဲ့တယ်။ ပြန်လာတော့ အမေရိကန်သူစစ်စစ်ကို ယူပြီး မြန်မာပြည်ပြန်လာခဲ့တာ။ ခွဲစိပ်ကုသမှုမှာတော့ အလွန်နာမည်ကြီးတယ်။ သူတို့ခေတ်က နှစ်ယောက်မရှိသလောက်ပဲ။ သူ့ညီအရင်း ဦးထွန်းညွန့်ဆိုတာ ရှိသေးတယ်။ သူက ၁၉၄၆–၄၇ လောက်က ရန်ကုန်တက္ကသိုလ်မှာ တကာသဥက္ကဋ္ဌ။ သူ့ညီအငယ် ကိုဇော်ဝင်းကလည်း ဟယ်ရီတန်ခေတ်က ကျောင်းသားခေါင်းဆောင် ရကာသဥက္ကဋ္ဌနာမည်ကြီးတွေပေါ့။ ကိုဇော်ဝင်းနဲ့က ကျောင်းနေဖက်သူငယ်ချင်းတွေ။

အဲဒီဆရာဝန်ကြီး ဦးထွန်းရှိန်ဆီသွားပြီး အကူအညီတောင်းရတော့တာပေါ့ဗျာ။ မင်းတို့ထောင်မှာ ဆရာဝန်ရှိတယ်မဟုတ်လားတဲ့။ သူ့ရှိရဲ့သားနဲ့ အပြင်ဆေးရုံ ဘာဖြစ်လို့ ပို့တာလဲတဲ့။ ကျွန်တော်က အကျိုးအကြောင်းရှင်းပြရတော့တာပေါ့။ ဒီတော့ သူက ကောင်းပြီ။ ငါကြည့်ပေးမယ်ဆိုတာနဲ့ ကျွန်တော်ပြန်လာခဲ့တယ်။

တော်တော်ကြာတော့ ဆရာဝန်ကြီး ထောင်ကို ရောက်လာတယ်။ ထောင်ပိုင်နဲ့ ထောင်ဆရာဝန်တို့နဲ့ တွေ့တယ်။ ဆရာဝန်ရှိလျက်နဲ့ အပြင်ဆေးရုံကို ပို့ရမလားဆိုပြီး ထောင်ဆရာဝန်ကို ဆူသွားတယ်။ ညနေရောက်တော့ အဲဒီအကျဉ်းသားမှူတူးဟာ ဟသ်ာတဆေးရုံကြီးကနေ ထောင်ကို ပြန်ရောက်လာတယ်။ ဆရာဝန်ကြီး ဦးထွန်းရှိန်သာမကယ်ရင် အဲဒီတုန်းက ပြုတ်သွားနိုင်တယ်။ ကျွန်တော် အလွန်ကံကောင်းသွားတယ်။ သူတော်ကောင်းနတ်ကောင်း မ,တယ်ဆိုပါတော့ဗျာ။

နောက်တစ်ပတ်လောက်ရှိတော့ သတင်းစာတွေထဲမှာ ထောင်မှူးဦးစိန်ဌေးနဲ့ ထောင်ဝန်ထမ်းတွေက အကျဉ်းသားတစ်ဦးကို ဝိုင်းရိုက်ကြခြင်းဆိုတဲ့ သတင်းတွေ ပါလာတယ်။ အယ်ဒီတာအာဘော်တိုပင်တိုင် ဆောင်းပါးရှင်တို့ကလည်း အတော်ကို ဖိရေးကြတယ်။ ဆိုရှယ်လစ်ခေတ်ပြောင်းကာလမှာ ဒီလို အကျဉ်းထောင်ဝန်ထမ်းမျိုးတွေ မရှိသင့်ဘူး။ ဒါဟာ အင်္ဂလိပ်ကိုလိုနီ



www.burmeseclassic.com

www.burmeseclassic.com



ခေတ်က အကျဉ်းထောင်အရာရှိတွေနဲ့ အကျင့်တွေပဲလို့ အားရပါးရ ပိုင်းရေးကြတယ်။

ဟင်္သာတ တရားရုံးမှာက ကျွန်တော့်အဖေက ဘီလစ်စာရေးကြီး။ ကျွန်တော့်ဦးလေးတစ်ယောက်က အရေးပိုင်ရုံးက စာရေးကြီး။ သူတို့က ကြားလို့သာ သတင်းမေးကြတယ်။ ကျွန်တော့်အဖေကတော့ ဆူတာပေါ့။ ကျွန်တော့်ဦးလေး အရေးပိုင်ရုံးက စာရေးကြီးကတော့ ဒီကိစ္စမှာ ချန်ပိန်ပါနေတယ်။ ချန်ပိန်ဟာ ဝက်လိုင်စင်နဲ့ ဝက်သတ်ပြီး ဝက်သားဆိုင်တွေ ဖွင့်ထားတယ်။ ဟင်္သာတမြို့ပေါ်က ဈေးတွေမှာတော့ သူ့ဝက်သားဆိုင်တွေချည်းပဲ။ အပေါင်းအသင်းလည်း ကောင်းတယ်။ အပေးအကမ်းလည်း ရက်ရောတယ်။ ရုံးတို့ ဂါတ်တို့ဆိုလည်း သူပိုင်တယ်ဆိုပါတော့ဗျာ။ အရေးပိုင်ရုံးက ကျွန်တော့်ဦးလေးကို သူလွှမ်းဆန်လို့မရဘူး။ ကျွန်တော့်ဦးလေးက ငါ အဲဒီ တရုတ်သူဌေး ချန်ပိန်ကို ခေါ်ပြောလိုက်မယ်ဆိုပြီး ပြန်သွားတယ်။

အဲဒီ တရုတ်သူဌေးချန်ပိန်က ဓားပြမှုနဲ့ ထောင်ကျနေတဲ့ အကျဉ်းသား မူတူးဘက်က လိုက်ဆောင်ရွက်ပေးရတာက ကျေးဇူးရှိလို့။ လွန်ခဲ့တဲ့ သုံးလေးနှစ်က အဲဒီတရုတ်သူဌေးချန်ပိန်ကို မူတူးတို့ဓားပြအဖွဲ့က ဟင်္သာတမြို့ပေါ်တက်ပြီး ပြန်ပေးဆွဲသွားတယ်။ ပြန်ပေးလက်ထဲမှာ ၄/၅ လကြာတယ်။ မူတူးစောင့်တဲ့အလှည့်မှာ ချန်ပိန်က မူတူးနဲ့ နားလည်မှုယူပြီး နှစ်ယောက်သား ထွက်ပြေးလာလို့ ပြန်ပေးလက်က ချန်ပိန်လွတ်လာရတာ။ ဒါကြောင့် မူတူးကို ရုံးရောက်လည်း သူလိုက်ရတယ်။ ဂါတ်ရောက်လည်း သူလိုက်ရတယ်။ ထောင်ရောက်လည်း သူလိုက်ရတယ်။ ငွေထုပ်ပိုက်ပြီး လိုက်တယ်။ သူ့အသက်သခင် ကျေးဇူးရှင်။

မူတူးအကြောင်းလည်း ပြောချင်သေးတယ်။ မူတူးဟာ ဟင်္သာတနယ်၊ နိဗ္ဗာန်၊ ရှားခဲ၊ လေးမျက်နှာ၊ ရေကြည်၊ အသုတ် စတဲ့ နယ်တစ်ဝိုက်မှာ သူက ဓားပြဗိုလ်။ အင်အားကလည်း ကောင်းတယ်။ ဓားပြမှုနဲ့လည်း ထောင် ခဏခဏကျတယ်။ ဟင်္သာတထောင်မှာ ကျလိုက်၊ ပုသိမ်နယ်ဘက်မှာ အမှုဖြစ်တော့ ပုသိမ်ထောင် ကျလိုက်နဲ့။ ကျွန်တော်နဲ့သူကလည်း ကျွန်





တော်က ထောင်မှူး။ သူကအကျဉ်းသားနဲ့ ဟင်္သာတထောင်မှာတွေ့လိုက်၊ ပုသိမ်ထောင်မှာတွေ့လိုက်နဲ့။ သူနဲ့ ကျွန်တော်က ပဋ္ဌာန်းဆက်ပါတယ် ထင်တယ်။

ကျွန်တော်ပုသိမ်ထောင်ရောက်သွားတော့ သူဓားပြမှုနဲ့ ထောင် (၇)နှစ် ကျလာတယ်။ ကျွန်တော်က တရားရေးဌာနမှာ ထောင်ကျရုံးထောင်မှူး။ ကျွန်တော် ထောင်ထဲကနေပြီး အယူခံတင်ပေးလိုက်တယ်။ သူကလည်း ကျွန်တော့်ကို ‘ဆရာရယ် ... ဒီဓားပြမှုမှာ ကျွန်တော် လုံးဝမပါဘူး။ ကျွန်တော် လုပ်ရဲရင် ခံရဲပါတယ်။ အခုဟာက လုံးဝမပါဘဲ ရဲက အတင်းဆွဲထည့်တာပါ။ ဒါကြောင့် ကျွန်တော် အယူခံကို ဆရာကိုယ်တိုင်ရေးပါဆရာဆို လို့ ကျွန်တော် ကိုယ်တိုင်ရေးပြီး တင်ပေးလိုက်တယ်။ ကွင်းလုံးကျွတ်လွတ်သွားတယ်။

ကျွန်တော့်ကို ကျေးဇူးတင်လို့ဆိုပြီး လွတ်တော့ ထိုင်ကန်တော့သွားတယ်။ တစ်ပတ်လောက်ရှိတော့ မူတူး သူ့မိန်းမနဲ့ ကလေးတွေနဲ့ ကျွန်တော့်အိမ်ဘက် လာတယ်။ ကျေးဇူးတင်လို့တဲ့။ လာကန်တော့ကြတာ။ ကြက်ဥတွေ၊ ဘဲဥတွေ နောက်ငှက်ပျောခိုင်ကြီးကိုလည်း ထမ်းလို့။ နောက်ပါသေးတယ်။ သူတို့ရွာကထွက်တဲ့ ပျားရည်စစ်စစ်က တစ်ပုလင်း။ ကျွန်တော်နဲ့ သူနဲ့တွေ့ရင် သူက ကျွန်တော်ရဲ့ သတင်းပေး။ ဘာကြားကြား လာပြီးသတင်းပို့တယ်။ ဆေးလိပ်ပြတ်ရင်လည်း တောင်းတယ်။ တပည့်ကျော်မူတူးနဲ့တော့ သူက တရားလို ကျွန်တော်က တရားခံနဲ့ ရုံးရောက်ဂါတ်ရောက်ဖြစ်နေကြတယ်လေ။

နောက် ၃/၄ ရက်ရှိတော့ အရေးပိုင်ရုံးက ကျွန်တော့်ဦးလေးစာရေးကြီးက ချန်ပိန်ခေါ်ပြီး ကျွန်တော့်အိမ် ရောက်လာကြတယ်။ ကျွန်တော့်ကို တောင်းပန်တယ်။ စာရေးကြီးရဲ့တူမှန်း ဘီလစ်စာရေးကြီးဦးကျော်ဟိန်းရဲ့သားမှန်း မသိလို့ပါတဲ့။ အခု ကျွန်တော် ဘာလုပ်ပေးရမလဲလို့။ ကျွန်တော့်ကို တောင်းပန်မေးရှာတယ်။



www.burmeseclassic.com

www.burmeseclassic.com



အမှုကို ပထမ သူတို့က ဆေးရုံကြီးက မှုခင်းဆရာဝန်နဲ့ပေါင်းပြီး ကြီးအောင် လုပ်ထားတယ်။ ပုဒ်မ–၃၂၆ ရိုက်မှုပေါ့။ အသေးစားရိုက်မှု မဟုတ်ဘူး။ အကြီးစားရိုက်မှု ပုဒ်မ–၃၂၆ ဟာ ထောင်အနှစ်နှစ်ဆယ်ထိ ချတာ ရှိတယ်။ ၅ နှစ်တို့ ၇ နှစ်တို့နဲ့ ကျလာတာတွေကတော့ အများကြီးပဲ။ ဆရာဝန်ကြီး ဦးထွန်းရှိန်ဝင်ကယ်ပေလို့ပဲ။ သူဝင်ကယ်တော့ ပုဒ်မ–၃၂၆ ကနေ ၃၂၄ ဖြစ်သွားတယ်။ ပုဒ်မ–၃၂၄ ရိုက်မှုဟာ ရဲအရေးမပိုင်ဘူး။ တရားလိုက မကျေနပ်လို့ရှိရင် တရားရုံးဦးတိုက်လျှောက်ရတယ်။ မလျှောက်တော့ဘူး ဆိုရင်လည်း ပြီးသွားတာပေါ့။ ရဲစခန်းကိုတော့ အမှုဆက်မလုပ်တော့ပါဘူး။ တရားရုံးမှာလည်း ဦးတိုက်မလျှောက်တော့ပါဘူးဆိုတဲ့ စာတော့လိုတယ်။ မှုတူး လက်မှတ်ထိုးရမယ်။ ဒါဆို ပြီးသွားပါပြီဆိုတော့ ချန်ပိန်က အားရဝမ်းသာနဲ့ ကျွန်တော့်ကို မှုတူးနဲ့ တွေ့ပေးပါတဲ့။

ကျွန်တော် ချန်ပိန်ကို ထောင်ပိုင်ဆီခေါ်သွားပြီး အကျဉ်းသားမှုတူးနဲ့ တွေ့ပေးတယ်။ ချန်ပိန်က မှုတူးကို ပြောပြတယ်။ ထောင်မှူးဦးစိန်ခွေဟာ တခြားလူမဟုတ်ဘူး။ ငါနဲ့ အလွန်ရင်းနှီးတဲ့ အရေးပိုင်ရုံးက စာရေးကြီးတူ။ သူ့အဖေ ဘီလစ်စာရေးကြီး ဦးကျော်ဟိန်းကလည်း တို့နဲ့ အလွန်ရင်းနှီးတာ မင်း ရှည်မနေနဲ့တော့။ အမှုနဲ့ပတ်သက်ပြီး ကျေနပ်ပါတယ်။ အမှုဆက်မလုပ်တော့ပါဘူးဆိုပြီး စာရေးပေး လက်မှတ်ထိုးပေးလို့ သူတပည့်ကို ပြောတော့တာပေါ့။

အကျဉ်းသားမှုတူးကလည်း မျက်ရည်လေး စမ်းစမ်းစမ်းစမ်းနဲ့ ဆရာဦးစိန်ခွေဟာ သူ့ကျေးဇူးရှင်ဖြစ်ကြောင်း ကျွန်တော်ပုသိမ်ထောင်မှာ တားပြမှုနဲ့ ထောင် (၇)နှစ်ကျတုန်းက ဆရာကိုယ်တိုင် အယူခံရေးပြီး တင်ပေးလို့ ထောင်(၇)နှစ်က ကွင်းလုံးကျွတ်လွတ်ခဲ့ကြောင်းပြောပြီး ထိုင်ကန်တော့တယ်။

ကျွန်တော်ကလည်း ...

''မင်းအခုလိုဖြစ်ရတာ ငါ စိတ်မကောင်းပါဘူး။ မင်းလိုတာရှိပြော။ ထောင်ထဲမှာလည်း ကောင်းကောင်းနေကွာ''





လို့ ပြောလိုက်တယ်။ သူ့ဆရာချန်ပိန်ကလည်း မှုတူးကို ကောင်းကောင်းနေလို့ ပြောတယ်။ မင်း ဆရာဦးစိန်ခွေစကားကိုလည်း နားထောင်လို့လည်း မှာခဲ့သေးတယ်။

အဲဒီအမှုမှာတော့ တရားလိုကအကျဉ်းသား၊ တရားခံက ထောင်မှူး နှစ်ဦးနှစ်ဖက် ပြေလည်ပြီး ကျေနပ်ကြလို့ အမှုပိတ်သွားပေမယ့် မကျေနပ်တဲ့လူက ပေါ်လာပြန်တယ်ဗျာ။ အဖြစ်ကတော့ ပြောပဲ မပြောချင်တော့ပါဘူး။ အဲဒီလူက ဟင်္သာတပါတီယူနစ်ဥက္ကဋ္ဌ ဗိုလ်ကြီးထွန်းမင်း။

တစ်နေ့ သူထောင်ကို ရောက်လာတယ်။ ထောင်ပိုင်ရုံးခန်းကနေ ကျွန်တော်နဲ့ အမှုမှာပါတဲ့ ဝန်ထမ်းတွေခေါ်ပြီး ကြိမ်းမောင်းတော့တာပါပဲဗျာ။ ဆိုရှယ်လစ်ခေတ်ပြောင်း တော်လှန်ရေးကာလမှာ အင်္ဂလိပ်ကိုလိုနီခေတ်က ထောင်အရာရှိတွေရဲ့ အမူအကျင့်အတိုင်း အကျဉ်းသားတွေကို မတရားအနိုင်ကျင့် နှိပ်စက်တာတွေ မမြင်ချင်ဘူး။ မတွေ့ချင်ဘူး။ မကြားချင်ဘူးတဲ့။ အကျဉ်းသားဆိုးတာတွေကိုတော့ ထည့်မစဉ်းစားဘူး။ နောက်ပြောဆို ကြိမ်းမောင်းပြီးတော့ ထောင်ပိုင်ကြီးကို မေးတယ်။ ဒီအမှုအခြေအနေက ဘယ်လိုလဲတဲ့။ ထောင်ပိုင်ကြီးက ရှင်းပြတယ်။ အရိုက်ခံရတဲ့ အကျဉ်းသားက ကျေနပ်လို့ အမှုမလုပ်တော့ပါဘူးဆိုလို့ အမှုပိတ်လိုက်ကြောင်း။

ဒီတော့ ဥက္ကဋ္ဌကြီးက ဒီလိုလုပ်လို့ ရမလားတဲ့။ ကျုပ် မကျေနပ်ဘူးဆိုပြီး ဒေါပွပြီး ထွက်သွားတယ်။ တရားလို–တရားခံကျေနပ်ပေမဲ့ ကြားက သက်သေမကျေနပ်ဘူးတဲ့ဗျာ။

ကျွန်တော့်မှာ စိတ်အေးရတော့မလို ပူရတော့မလိုနဲ့ လိုက်ရပြန်တော့တာပေါ့။ ကျွန်တော် ဟင်္သာတမှာဖြစ်လို့ပေါ့။ တခြားမှာဆို ကူမဲ့သူ ရှိတယ်မဲ့သူမရှိလို့ အလုပ်ပြုတ်ပြီး ထောင်ကျပြီပေါ့။ ခုတော့ ပါတီယူနစ် အတွင်းရေးမှူးက ဟင်္သာတသား။ သူက ကျွန်တော့်အဒေါ်အရင်း ကျောင်း ဆရာမကြီး ဒေါ်မြကြွေ (အထက–၂) ရဲ့ တပည့်ရင်း။ ကျွန်တော် ပြောလောက်တာ။ သူ့သွားကပ်ရပြန်တာပေါ့။ သူက ကျွန်တော့်ကို ဥက္ကဋ္ဌကြီးနဲ့ တွေ့ပေး



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျွန်တော်က ဉက္ကာဖွကြီးကို တောင်းပန်ရတယ်။ သူကလည်း ကျွန်တော် ဟာသာတသားမှန်းသိသွားတော့ သိပ်စိတ်မဆိုးတော့ဘူး။ ဒါမျိုးတွေ နောက်မဖြစ်အောင် ဆင်ခြင်ပါတဲ့။ ခုဖြစ်ရတာကလည်း မမျှော်လင့်ဘဲ ဖြစ်ရတာ။ အကျဉ်းသားကလည်း ဆိုးတာပါတာပေါ့လေ။ ဘာဖြစ်ဖြစ် နောက်မဖြစ်စေနဲ့တဲ့။ ကောင်းကောင်းမွန်မွန် ပြောလွှတ်လိုက်တယ်။

ဩော် . . . ကြုံရ ဆုံရ ထောင်လောက။

သတ္တဝါများ ကျန်းမာချမ်းသာကြပါစေ။

☼ ☼ ☼

**အငြိမ်းစားထောင်အရာရှိတစ်ဦး**



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

အငြိုးအတေး၊ ရန်ငြှိုး၊ ရန်ဟောင်းတို့သည်မှာ မထားသင့်ကြောင်း ဗုဒ္ဓဘာသာ မြန်မာလူမျိုးများဖြစ်ကြသော ကျွန်တော်တို့ အခြားလူမျိုး၊ ဘာသာဝင်များထက် ပို၍ သိကြပေသည်။ အထူးသဖြင့် ကလေးငယ်များကို စာသင်ကြားပေးသော ကျောင်းဆရာတစ်ယောက်အနေဖြင့် ပို၍ပင် အငြိုးအတေးကို ရှောင်ရှား ဖျောက်ပယ်ရမည်ဖြစ်သည်။ မိမိကိုယ်တိုင် ခံစားမှုသာမက အခြားတစ်စုံတစ်ဦးကိုလည်း တားမြစ်ဆုံးမ သွန်သင်ရန် တာဝန်ရှိပေသည်။

ကျွန်တော် အင်းစိန်ထောင်၊ အချုပ်ရုံးတွင် ထောင်မှူးကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် ကြုံတွေ့ခဲ့ရသော ကျောင်းဆရာတစ်ယောက် အကြောင်းကို တင်ပြလိုသည်။ ထိုဆရာက အထက်တန်းကျောင်းဆရာ၊ ဘီအီးဒီဘွဲ့ရ၊ ဖြူဖြူနွဲ့နွဲ့၊ ရုပ်ရည် လွန်စွာ ချောမောပြေပြစ်သည်။ စကားပြော





အလွန်ချိုသည်။ သို့သော် သူ့အမှုက လူသတ်မှု (၃)မှု။ မထင်ရက်စရာ နှမြောစရာ အလွန်ကောင်းလှသည်။

အချုပ်ဖြစ်၍ ထောင်မကျသေးမီ တရားရုံးထွက်၍ အမှုရင်ဆိုင်နေရဆဲကာလတွင် ကျွန်တော်အုပ်ချုပ်ရသော အမှတ် (၂) အိပ်ဆောင်သို့ သူရောက်ရှိလာပါသည်။ ထောင်ပိုင်ကြီးကိုယ်တိုင်က သူ့အား ကြည့်ရှုစောင့်ရှောက်ရန် ကျွန်တော့်အား မှာကြားထားသဖြင့် ကျွန်တော်က အချုပ်ရုံးသို့ ခေါ်ယူ၍ အချုပ်သားစာရေးအဖြစ် ခန့်ထားပေးသည်။ ကျောင်းဆရာဖြစ်၍ လက်ရေးလက်သား အလွန်ကောင်းသည်။ လက်နှိပ်စက်လည်း ကျွမ်းကျင်သဖြင့် ကျွန်တော်က လက်နှိပ်စက်စာရေးလေး ကျော်မြင့်နှင့်တွဲပြီး တရားရုံးပြန်ကြားစာများ၊ ဌာနအသီးသီးသို့ ထွက်စာများ၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရေးနှင့် လချုပ်များအတွက် တာဝန်ပေးထားရာ အလွန်အသုံးတည့်ပါသည်။

သူ့အမှုမှာ လူသတ်မှု (၃)မှုဖြစ်၍ ရမန်ကြီးတစ်ပတ်ခြားစီ၊ တစ်လတွင် (၃)ကြိမ် ရုံးထွက်ရသည်။ ရုံးကလည်း မရမ်းကုန်းတရားရုံး တစ်ရုံးတည်း။ သမိုင်းရပ်ကွက်တွင် ဖြစ်ပွားသဖြင့် မရမ်းကုန်းတရားရုံးနှင့် ဆိုင်ပေသည်။ တစ်နေ့သော ရုံးပိတ်ရက် ကျွန်တော် တာဝန်မှူးကျစဉ် နေ့လယ်နေ့ခင်း အားလပ်နေသဖြင့် ရေနွေးကြမ်းသောက်၊ လက်ဖက်သုတ်စားရင်း သူနှင့် စကားပြောဖြစ်သည်။ သူက ကျွန်တော့်ညီအရွယ် အသက် (၃၀)ခန့်သာဖြစ်ပါသည်။

"မောင်တင့်နွယ်က လူပျိုလားကွယ့်"

"ဟုတ်ပါတယ် ဆရာ၊ ရည်မှန်းထားသူတော့ ရှိပါတယ်"

"ဆရာမအထဲကပဲလား"

"မဟုတ်ဘူး ဆရာ။ တက္ကသိုလ်ကျောင်းသူပါ။ ဒီနှစ် ပထမနှစ်ပါ ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



''မောင်ရင့်မိဘတွေကရောကွယ့်''

''မရှိတော့ပါဘူး ဆရာ။ ညီမတစ်ယောက် ရှိတာလည်း ဆုံးပါး သွားပြီမို့ ကျွန်တော်က တစ်ကောင်ကြွက်ပါ''

''အမျိုးအဆွေတွေကရောကွယ့်''

''ရောဝတီတိုင်း၊ ဓနုဖြူမြို့ဘက်မှာ ရှိပါတယ်။ လယ်သမားမျိုးရိုး တွေပါပဲ''

''ဒါဖြင့် အခု အမှုအတွက် ဘယ်သူက ထောက်ပံ့ကူညီနေတာ လဲ''

''ကျွန်တော်နဲ့လက်ထပ်မဲ့ မိန်းကလေးပါဆရာ။ အစောကပြောခဲ့ တဲ့ တက္ကသိုလ်ကျောင်းသူဆိုတာပါ''

''အမှုနဲ့ ပတ်သက်မှုရှိသလား . . . မောင်တင့်နွယ်''

''ရှိတယ် ဆရာ၊ သူက သေဆုံးသူတွေရဲ့ တူမတော်ပြီး အမွေ စားအမွေခံ၊ မွေးစားသမီးဖြစ်ပါတယ်''

''သူ့မိဘတွေကရောကွယ့်''

''မရှိရှာတော့ပါဘူး။ သူလည်း ကျွန်တော့်လိုပဲ တစ်ကောင်ကြွက် ပါပဲ။ ကျွန်တော်တို့ ဓနုဖြူက ရပ်ဆွေရပ်မျိုးတွေပါပဲ။ သူက ကျွန်တော် နဲ့ ငယ်ပေါင်းဖြစ်လို့ ကျွန်တော့်အကြောင်း ကောင်းကောင်းသိပြီး ငယ် သံယောဇဉ်နဲ့ ကူညီတာပါ''

''ကဲ . . . ဒီနေ့တော့ အချိန်ကလေးရတော့ မင်းအမှုအကြောင်း လေးများ ပြောချင်စိတ်ရှိရင် ပြောစမ်းကွယ့်။ ငါက တရားသူကြီးလည်း မဟုတ်၊ ရှေ့နေလည်း မဟုတ်၊ အမှုစစ်ရဲလည်း မဟုတ်တော့ ငါ့ကို ပြော ခြင်းအားဖြင့် မင်းအမှုကို ဝန်ခံရာရောက်ပြီး အမှုကို ထိခိုက်စေနိုင်တယ်လို့ တော့ မထင်နဲ့နော်။ ငါက အလုပ်က အနားယူတဲ့အချိန်မှာ စာရေးဆရာ လုပ်မယ်ဆိုတဲ့ မျှော်မှန်းချက်နဲ့ အတွေ့အကြုံဇာတ်လမ်းတွေ ယူနေတာ။ ဒါကလည်း မင်း ခွင့်ပြုချက်ရမှ ရေးမှာပေါ့''





''ကြိုက်သလို ရေးစမ်းပါ ဆရာရယ်။ ဆရာရေးတဲ့အချိန် ရောက် တော့ ကျွန်တော် လူသတ်မှုနဲ့ ကြိုးပေးခံပြီးပြီလား။ အမှုကနေ လွတ်ကင်း သွားပြီလား၊ တစ်ခုခုတော့ အသေအချာ ဖြစ်နေလောက်ပါပြီ။ အမှုက ကင်းလွတ်သွားရင်လည်း ကျွန်တော့်ဆရာနဲ့ မကြာခဏ ဆုံနေဦးမှာပါ။ အဲဒီ အခါကျတော့လည်း ကျွန်တော့်ဖနိုးပါ ခေါ်ပြီး ကျွန်တော့်ဇာတ်လမ်း ဇာတ် ပေါင်းခန်းကို ပြောပြဦးမှာပါ ဆရာ''

☼ ☼ ☼

www.burmeseclassic.com

[၂]

❑

ကျွန်တော့်မိဘတွေက နေပြည်တော်ဖောတီး လယ်သမားမျိုးရိုးတွေပါ။ ၁၉၄၃ ခုနှစ်မှာ သံဖြူဇရပ်၊ သေမင်းတမန်လမ်းမကြီး ဖောက်လုပ်ရေး အတွက် ဂျပန်တွေ ရွေးတပ်ဆွဲတော့ အဖေက အမေနဲ့ အိမ်ထောင်ကျခါစ ပါသွားတယ်။ ရှေ့တန်းမှာ တောသားပီပီ မခိုမကပ်ဘဲ အလုပ်ကောင်းတော့ ဂျပန်လို ဘွန်ချိုဆိုတဲ့ တပ်စိတ်မှူးဖြစ်တယ်။ ရွေးမြန်မာတွေလို (၁၀)ယောက် တစ်တွဲ တပ်စိပ်မှူးခေါင်းဆောင်ပေါ့။

၁၉၄၄ ခုနှစ်ရောက်တော့ ဂျပန်တွေ စစ်ရှုံးစပြုပြီး ဆုတ်ရတော့ မဲ့ အခြေအနေကို သိတာနဲ့ သူတို့ တိုက်ခိုက်သိမ်းပိုက်ထားတဲ့ အဖိုးတန် ရတနာတွေကို ဝှက်ဖို့ လူရွေးရာမှာ ဘွန်ဟိုက်ချိုလို့ခေါ်တဲ့ ရွေးတပ်သား တပ်ခွဲမှူး ဦးတင်မြင့်နဲ့ အဖေတို့တပ်စိတ်မှူး ဘွန်ချို (၅)ယောက်ကို ရွေး ချယ်ပြီး ရတနာသေတ္တာကို ထမ်းခိုင်းတယ်။

အဖေတို့အဖွဲ့ကလည်း ဂျပန်တွေ စစ်ရှုံးခါနီးလို့ ပြေးတော့မယ် ဆိုတာ သိတာနဲ့ အချင်းချင်း လက်ဝါးရိုက်ထားကြတယ်။ ရတနာတွေကို မြှုပ်နှံပြီးတာနဲ့ သူတို့ကို ဂျပန်တွေက အပြတ်ရှင်းပြီး သတ်မယ်ဆိုတာလည်း





သိပြီးသား။ ဂျပန်တွေက လက်နက်ကိုင်စစ်သား (၅)ယောက်နဲ့ ဂျပန် စစ်ဗိုလ်က (၁)ယောက်၊ ပေါင်း (၆) ယောက်။ ရွေးတပ်သားကလည်း (၆) ယောက်။ တောထဲ သတ်မှတ်နေရာရောက်တော့ ကျင်းတူးခိုင်းနေတုန်း ဂျပန်တွေကို အယုံသွင်းပြီး ပြန်ခုခံလုပ်ကြံကြတာ ဂျပန်တွေ အငိုက်မိပြီး အဖေတို့အဖွဲ့က အောင်နိုင်လိုက်တယ်။

အဲဒီအခါမှာ အဖေတို့အဖွဲ့ ဂျပန်လက်နက်တွေကို သိမ်းပြီး တော်လှန်ရေးသမားတွေပုံစံနဲ့ မော်လမြိုင်ဘက် ဆင်းခဲ့ကြတယ်။ မော်လမြိုင်မြို့ ရောက်တော့ ဘွန်ဟိုက်ချိုဦးတင်မြင့်က ရတနာသေတ္တာကို သူ့အသိအိမ် မှာ အပ်ပြီး အဖေတို့ ဘွန်ချို (၅)ယောက်ကိုတော့ လမ်းစရိတ်အဖြစ် အနည်း ငယ်စီ ခွဲဝေပေးပြီး နေရပ်လိပ်စာတွေကိုလည်း အသေအချာ တောင်းထား လိုက်တယ်။ သူရှိနေမယ့် သမိုင်းအိမ်လိပ်စာကိုလည်း ပေးလိုက်တယ်။

အဖေတို့ကလည်း သေဖော်ရှင်ဖက် ခေါင်းဆောင်အနေနဲ့ ယုံ တယ်။ နေရပ်ပြန်ရတော့မယ်ဆိုတော့ ဘာမှ သတိမရတော့ဘူး။ အသက် ရှင်လျက် ပြန်ရမှာကိုပဲ ကြဖန်ကျေးဇူးတင်နေမိတယ်။ ၁၉၄၂ ခုနှစ်၊ မတ်လ (၂၇) ရက်နေ့မှာ ဂျပန်တော်လှန်ရေးဖြစ်တယ်။ အဖေတို့ နေပြည်ပြန်ရောက် ပြီး တစ်နှစ်အကြာမှာပေါ့။ အဲဒီနေ့မှာပဲ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော့်ကို မွေးတယ်။ ညီမလေးကိုတော့ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရကာစမှာ မွေး တယ်။ လွတ်လပ်ရေးရပြီး၊ နယ်မှာ ရောင်စုံသူပုန်တွေ သောင်းကျန်းပြန် တော့ ကျွန်တော်တို့မိသားစု ရန်ကုန်တက်ပြီး ဘကြီးဘုန်းကြီးကျောင်းမှာ ရှောင်နေရတယ်။

"၁၉၅၄ ခုနှစ်လောက် ရောင်စုံသူပုန်ခေတ်နှောင်းမှာ အဖေတို့ နေပြည် ပြန်ကြပေမဲ့ ကျွန်တော့်ကို ဘကြီးဘုန်းကြီးက ကျောင်းထားပေးလို့ ရန်ကုန်မှာ ကျန်နေခဲ့တယ်။ အဲဒီနှစ်မှာပဲ ရဲဘော်ဖြူ ရဲဘော်နီအဖွဲ့၊ ဘွန် ဟိုက်ချိုဦးတင်မြင့်က အခွင့်အရေးယူ ငွေပေးပြီး အဖေတို့ မိသားစုကို အိမ်မီးရှို့ အပြတ်ရှင်းခဲ့တာ။ ကျွန်တော်ပဲ ရန်ကုန်ရောက်နေလို့ ကံကောင်း ထောက်မစွာ ကျန်နေရစ်ခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့မိဘများတင်မကဘဲ ရွေးတပ်စခန်းက လွတ်မြောက်ထွက်ပြေးလာတဲ့ ဘွန်ချို (၅)ဦးစလုံး ဘွန်ဟိုက်ချို ဦးတင်မြင့်က ရောင်စုံသူပုန်ခေတ်မှာ ရှယ်ယာခွဲမပေးချင်လို့ ရောင်တော်ပြန် ရောလွှတ်ခဲ့တာ။ အဲဒီအကြောင်းကို ဘကြီးဘုန်းကြီးက ပြောပြလို့ သိရတာ။ ဦးတင်မြင့်ရက်စက်တာကတော့ သေဖော်ရှင်ဖက် ဘဝတူချင်းသာမက မိသားစုကိုပါ ကျွတ်ပါမကျန်အောင် အပြတ်ရှင်းတာပါပဲ''

''ဒါကြောင့် ကျွန်တော်ကလည်း ဘဝတစ်သက်တာ အကွက်ချပြီး စနစ်တကျ လုပ်ကြခဲ့တာ အမှန်ပဲဆရာ''

''အင်း . . . ရင်နာလောက်စရာ အဖြစ်ပါပဲ။ အငြိုးအတေး ထားမယ်ဆိုရင်လည်း ထားလောက်စရာပါပဲ၊ ကိုယ်ချင်းလည်းစာပါတယ်။ ဦးတင်မြင့်ကိုသာမက သူ့မိသားစု အားလုံးကိုပါ လက်စားချေတာတော့ မင်းက ကျောင်းဆရာတစ်ယောက်အနေနဲ့ မကောင်းဘူးထင်တယ်''

''ဒါက ဒီလိုပါဆရာ။ သူ့မိသားစုကိုပါ အပြတ်ရှင်းနိုင်မှ ကျန်ခဲ့တဲ့ အမွေတွေကိုပါ ကျွန်တော် ရမှာလေ။ ဦးတင်မြင့်တူမ မွေးစားသမီးက ကျွန်တော့်လိုပဲ မိဘမဲ့တစ်ကောင်ကြွက်။ နှင်းနုနဲ့ ကျွန်တော် လက်ထပ်လိုက်ရင် ကျွန်တော်တို့ ရသင့်ရထိုက်တဲ့ အမွေတွေပါ ရမှာဆိုတော့ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ် အကြံအစည်ပေါ့ဆရာရယ်။ ကျွန်တော်က ဘဝနဲ့ရင်းပြီး ကြိုးစားခဲ့ရတာပါ ဆရာ။ အဲဒီအငြိုးအတေး စိတ်ကြောင့်ပဲ ဘုန်းကြီးကျောင်းမှာ ကပ်ရပ်နေရင်း ကျွန်တော့်ဘဝကို ဘွဲ့ရကျောင်းဆရာတစ်ယောက်ဖြစ်အောင် ကြိုးစားရုန်းကန်ခဲ့ရတာပါ''

''တခြားနည်း မရှိဘူးလား''

''ကျွန်တော် စဉ်းစားမိသလောက်တော့ ကျောင်းဆရာဆိုတာ လူရိုသေတယ်ဆရာ။ သူတို့မှာ ကလေးတွေရှိတယ်။ အနီးဆုံးကျောင်းကို ထားရမှာပဲ။ ကျွန်တော်က အဲဒီကျောင်းမှာ ကျောင်းဆရာလုပ်ရင်း သူတို့မိသားစုနဲ့ နီးစပ်အောင် နေနိုင်ရင် ဝင်ရောဖို့ မခက်ဘူးဆရာ။ ဒါကြောင့်





ကျောင်းဆရာအလုပ်ကို ရွေးခဲ့တာပါ။ ကျွန်တော် ပထမတာဝန်ကျတာက လသာ အထက်တန်းကျောင်း အမှတ် (၁)ဆရာ။ အဲဒီကမှ ပညာရေးမှူးနဲ့ ပေါင်းပြီး မရမ်းကုန်း အထက်တန်းကျောင်း (၁)ကို ရအောင် ရွှေ့ရတာပါ''

မရမ်းကုန်း အထက (၁)က ကျောင်းသစ်ဆရာ။ အဲဒီတော့ ဆရာလိုတယ်။ ဒါကြောင့် မြို့လယ်ခေါင်ကျောင်းက မြို့စွန်ကျောင်းကို ကျွန်တော်ပြောင်းတာ။ အဆင်ပြေ လွယ်ကူသွားတာပေါ့။ ကျွန်တော်ကလည်း ကျွန်တော့်အကြံအစည်နဲ့ ကျွန်တော်ကိုး ဆရာရဲ့''

''အင်း . . . အသေးစိတ် အကွက်ချ၊ စီစဉ်ထားတာပဲနော်''

''ကဲ . . . မင်း ဇာတ်လမ်းကို ဆက်ပါဦး''

''ကျွန်တော်က ဦးတင်မြင့်တို့သတင်းကို အမြဲတမ်း စုံစမ်းထောက်လှမ်းနေတာပါ ဆရာ။ ဒါကြောင့် အသေးစိပ် သိနေပါတယ်။ တင်မြင့်က ကျွန်တော့်မိသားစုကို အပြတ်ရှင်းလုပ်ကြတော့ ကျွန်တော် ကျန်ရှိနေခဲ့မှန်း မသိဘူးဆရာ။ ကျွန်တော် ကျန်ရှိနေခဲ့မှန်းသာ သိခဲ့ရင် ကျွန်တော့်ကိုလည်း အပြတ်ရှင်းမှာပဲ။ ဦးတင်မြင့်တို့က သမိုင်းဇာတိဆိုတော့ ကျွန်တော် အလယ်တန်းကျောင်းသားဘဝကတည်းက စနည်းနာပြီး ရှာခဲ့တာ။ နေရာအတိအကျ သိထားတယ်ဆရာ။

သူတို့အိမ်တွင်းရေး အခြေအနေကိုပါ လေ့လာတော့ သားတစ်ယောက်တည်း ရှိတယ်။ ဂျပန်ရတနာသိုက်က အမွေတွေကို ထုခွဲပြီး အဝိုးပေး ထိုင်စားနေကြတာ။ ဘာအလုပ်မှ မည်မည်ရရ မရှိဘူး။ နှစ်ထပ်တိုက်အိမ်နဲ့ကားနဲ့ လူချမ်းသာ၊ လူဘော်ကြော့တွေ ဆိုပါတော့။ သားလုပ်သူကအရောင်းအဝယ် ကုန်သည်ယောင်ယောင် အရက်သမား။ မိန်းမကိစ္စကလည်း ဝါသနာ အလွန်ကြီးတယ်။ ကျွန်တော့်ထက် အသက် လေးငါးနှစ်ကြီးပါတယ်''

ပထမဆုံး ကျွန်တော်လုပ်ရတဲ့ အလုပ်ကတော့ မရမ်းကုန်းကျောင်းကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ရတာနဲ့ ဦးတင်မြင့်တို့ခြံနဲ့ အနီးစပ်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးနေရာမှာ အိမ်ငှားနေတာပါပဲ။ ကျွန်တော့်အတွက် အဖော်အဖြစ်တော့ ဘကြီးဘုန်းကြီးကျောင်းမှာ ကျွန်တော့်လိုပဲ မိဘမဲ့ကျောင်းသားကလေး တစ်ယောက်ကို ကျွန်တော် မွေးစားလိုက်တယ်။ ကောင်ကလေးက ပအိုဝ်ကလေး။ မြန်မာစကားတောင် ကောင်းကောင်း မတတ်လို့ ကျွန်တော်က သင်ပေးရတယ်။

ကောင်ကလေးက (၈)နှစ် (၉)နှစ်။ ကျွန်တော့်ကို ဦးလေးလို၊ အစ်ကိုကြီးလို အလွန်ချစ်တယ်။ အတော်လည်း ရိုးအ,ရှာတယ်။ အဝတ်အစား ဆင်ပေး၊ ထမင်းဝအောင်ကျွေးရင် ပြီးတာပဲ။ မုန့်ဖိုးပိုက်ဆံပေးရင်လည်း မသုံးတတ်ဘူး၊ စုထားတယ်။ မြန်မာစကားကို ရေလည်အောင် မပြောတတ်တော့ အတန်းကျောင်းထားမရဘဲ အိမ်မှာပဲ လေ့ကျင့်သင်ပေးရတယ်။ အဲ . . . ဒါပေမဲ့ အိမ်အလုပ်တွေနဲ့ ထမင်းဟင်း ချက်တာ၊ ပြုတ်တာတော့ နားလည်တတ်ကျွမ်းပြီး ဝါသနာပါတယ်ဗျ။ ကျွန်တော် အားကိုးရတာပေါ့နော်''

ကျွန်တော် အင်္ဂလိပ်ဘာသာနဲ့ သင်္ချာဘာသာကို ထူးချွန်တဲ့ ဆရာဗျ။ မရမ်းကုန်းကျောင်းက ကျောင်းသစ် ထူထောင်စဆိုတော့ အတော်ဆင်းရဲချို့တဲ့ရှာပါတယ်။ မြို့လယ်ခေါင်က လသာအမှတ် (၂)ကျောင်းနဲ့တော့ တခြားစီပေါ့။ ကျောင်းသားကျောင်းသူတွေ စရိုက်ကလည်း ကွာပါတယ်။

တောကျောင်းဆိုတော့ ဘာသာရေးတော့ ကိုင်းရှိုင်းကြတယ်။ ဆရာမိဘကို အလွန်ရိုသေတယ်။ ဆရာကလည်း မလုံလောက်တော့ ကျွန်တော်က အသက်ငယ်ပေမဲ့ အထက်တန်းမှာ အင်္ဂလိပ်ဘာသာနဲ့ သင်္ချာဘာသာကို သင်ပေးရတဲ့အပြင် လိုအပ်ရင် အလယ်တန်းပါ ဆင်းသင်ပေးရတယ်။

ဒါကြောင့် ကျောင်းအုပ်ဆရာကြီးက အလွန်အားကိုးတယ်။ လူငယ်ဆရာဆိုတော့လည်း အပင်ပန်း ခံနိုင်တာပေါ့ဗျာ။ ကျောင်းသားကျောင်းသူတွေကလည်း ချစ်၊ ဆရာ၊ ဆရာမတွေကလည်း ခင်မင်ကြတော့ ကျွန်တော် အလွန်ပဲ မျက်နှာပွင့်ရပါတယ်။





ကျွန်တော် ရောက်စနှစ်မှာပဲ မရမ်းကုန်းကျောင်းက လူရည်ချွန် တစ်ယောက် အရွေးခံရပြီး အင်္ဂလိပ်စာနဲ့သင်္ချာမှာ ဂုဏ်ထူးတွေ အတော်များများထွက်ကြတော့ ကျောင်း ဂုဏ်သတင်းကြီးထွားတာပေါ့။ ကျွန်တော် တစ်ယောက်တည်း တော်လို့ မဟုတ်ပါဘူး။ ဆရာတွေအားလုံး စေတနာထားကြပြီး ကျောင်းသားကျောင်းသူအားလုံးနဲ့ ကြိုးစားကြလို့ပါပဲ။

ဘာပဲဖြစ်ဖြစ် ကျောင်းသား၊ ကျောင်းသူတွေ အင်္ဂလိပ်စာနဲ့ သင်္ချာဘာသာမှာ ထူးချွန်ကြတော့ ကျွန်တော့်နာမည် ရပါတယ်။ အဲဒီခေတ်က ကျူရှင်ဆိုတာလည်း မရှိသေးတော့ ကျောင်းပိတ်ရက်တွေမှာ စာလာမေးကြတဲ့ ကျောင်းသားကျောင်းသူတွေ လာကန်တော့ကြသူတွေ လာရောက်အပ်နှံသူတွေနဲ့ ကျွန်တော်တို့အိမ်ဟာ အတော် စည်ကားပါတယ်။

လာရောက်အပ်နှံသူတွေနဲ့ ကျွန်တော်တို့အိမ်ဟာ အတော်စည်ကားပါတယ်။ ဦးတင်မြင့်တို့ကတော့ ခြံနီးချင်းဖြစ်လို့ သူ့မွေးစားသမီးနဲ့အတူ လက်ဆောင်တွေနဲ့ လာပြီး အပ်နှံပါတယ်။ သူ့သမီးက ဒီနှစ် (၁၀)တန်းတက်မှာတဲ့လေ။ ကျွန်တော်က (၉)တန်းကတည်းက ဦးတင်မြင့် မွေးစားသမီး နှင်းနုနဲ့ ရင်းနှီးပြီးသားပါ။ ကျွန်တော့်ရဲ့ လက်စားချေရေး စီမံကိန်းအရ ကြိုတင်လေ့လာကြံစည်ပြီးသား ဖြစ်လို့ပါပဲ။

မကြာပါဘူး၊ အိမ်နီးချင်းဖြစ်တော့ ကျွန်တော်တို့ နှစ်အိမ်ထောင် ရင်းနှီးတာ ပိုမြန်ပါတယ်။ ကျွန်တော့်မွေးစားကလေး ပအိုဝ်ကလေးရဲ့ အစွမ်းအစကလည်း ဒီနေရာမှာ အလွန်တော်ပါတယ်။ သူက နှင်းနုနဲ့ ရင်းနှီးပြီး ကျွန်တော်တို့ခြံထဲ နေရာလွတ်မှန်သမျှ တိုင်းရင်းသားထုံးစံ ဝါသနာအရ တွေ့ရာ အပင်စိုက်ပျိုးထားရာက အောင်မြင်ဖြစ်ထွန်းလို့ မြေကွက်ကျယ်တဲ့ နှင်းနုတို့ခြံထဲမှာ ဘူး၊ ဖရုံ၊ သခွား၊ သဘော်၊ ရာသီပင်တွေ စိုက်ပျိုးပေးတယ်။ ရေလောင်းပေးတယ်။ အောင်မြင်ဖြစ်ထွန်းတော့ ပအိုဝ်ကလေး အိုက်စံနာမည်ရတာပေါ့။ အိုက်စံက ဦးတင်မြင့်တို့အိမ်ထဲမှာ ခြံထဲမှာ ဝင်ချေထွက်ချေ၊ တံခါးမရှိ ဓားမရှိ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုနဲ့ ကျွန်တော်တို့ နှစ်အိမ်တစ်အိမ် ပေါင်းကူးပြီးသား ဖြစ်သွားတယ်။ ကျွန်တော်ကလည်း နှင်းနုနဲ့ ဆရာ့တပည့်ဖြစ်လို့ စည်းထားရမှာ ဖြစ်ပေမဲ့ ကျွန်တော့်ဘဝတစ်သက်တာ စီမံကိန်းကြီးကြောင့် မြန်မြန်ဆန်ဆန် အစပျိုးဖို့ ကြိုးစားရပါတော့တယ်။ အဲဒီခေတ်က (၁၀) တန်းကျောင်းသူဖြစ်တဲ့ နှင်းနုတို့ဟာ အပျိုကြီးဖားဖားဖြစ်လို့ လှသွေးကြွယ်နေတဲ့ အချိန်ပါ။

ပထမဆုံး ကျွန်တော့်ရဲ့ ကြင်နာမှုကို ပြတဲ့အနေနဲ့ ကျောင်းပိတ်ရက်တွေမှာ ခြံထဲ အမှိုက်ရှင်း၊ သန့်ရှင်းရေးလုပ်ရင်း နှင်းနုတို့ ခြံထဲပါ နေရာအနှံ့ ရှင်းပေးတယ်။ သူများသိမြင်တော့ ကူညီတာပေါ့။ အမှန်တော့ ကျွန်တော့်အနေနဲ့ အရာရာကို ကြိုတင်ပြီး နေရာအနှံ့ စူးစမ်းထားတာပါ။ အိုက်စ်စိုက်ပျိုးပေးတဲ့ ဘူးခင်း၊ ဖရုံခင်း၊ ခဝဲခင်းကို ကျွန်တော်ပါ ဝိုင်းပြီး စင်ထိုးပေးတယ်။ ပူအိုက်တဲ့ရာသီ စင်အောက်မှာ အသက်ကြီးသူများ နားနေအပန်းဖြေနိုင်ဖို့ ဝါးပက်လက်ကုလားထိုင်နဲ့ စားပွဲကို စီစဉ်ပေးထားတယ်။

ဦးတင်မြင့်နဲ့ အဘွားကြီးအတွက် နားနေစရာ ရသလို သူတို့သားကြီး ကိုတိုးကြီးအတွက်လည်း ညနေခင်း အပန်းဖြေစရာ နေရာတစ်ခုပါပဲ။ သူက အရက်သမားဆိုတော့ အရက်ဝိုင်းပေါ့။ ကိုတိုးကြီးက သောက်သောက်စားစား၊ အပေါင်းအသင်းများပေမဲ့ အရက်သမား အပေါင်းအသင်းတွေကို သူ့အိမ်ခေါ်ပြီး ညှော်မခံဘူး။ ညီမဝမ်းကွဲ နှင်းနုနဲ့ မိဘတွေကြောင့်ဖြစ်မယ်။ အိမ်မှာသောက်ရင် တစ်ယောက်တည်းပဲ။ အမြည်းကိုတောင် နှင်းနုကို မလုပ်ခိုင်းဘူး၊ သူ့ဘာသာ ထွက်ဝယ်တယ်။ ဒါမှမဟုတ် အိုက်စ်အားနေရင် အိုက်စ်ကို မုန့်ဖိုးပေးပြီး ခိုင်းတယ်။ အိုက်စ်ကလည်း အလိုက်သိပါတယ်။ မုန့်ဖိုးပေးပေး၊ မပေးပေး စေတနာနဲ့ လုပ်ပေးပါတယ်။

အိုက်စ်လုပ်နေတာကို မြင်တော့ နှင်းနုကလည်း မနေပါဘူး ဝင်လုပ်ပေးပါတယ်။ ကျွန်တော့်ရဲ့ လက်စားချေရေးစီမံကိန်းမှာ ပထမဦးဆုံး





သုံးဖို့အတွက် အလွယ်ဆုံးသူကတော့ ကိုတိုးကြီး အရက်သမားဖြစ်ကြောင်း ကျွန်တော် ပစ်မှတ်ရွေးချယ်ပြီး ဖြစ်ပါတယ်။

ကြုံလို့ ပြောရပါဦးမယ်။ ကျွန်တော့်ဘကြီး ဘုန်းကြီးက ယေဖြူဝါ ဝါအတော်ရနေပြီ။ သူတို့ခေတ်က ပွဲကျောင်းထွက် ဦးပဥ္စင်းဆိုရင် ဗေဒင်၊ လုံထိုး၊ သိုင်းပညာ၊ လက်ဖွေ့ရေး၊ မြင်းစီး၊ လေ့လှော်၊ မြားပစ်၊ သေနတ်ပစ်၊ ချက်ပြုတ် အသက်မွေးဝမ်းကျောင်း အမျိုးမျိုးကအစ လောကီဗျူဟာတွေ တတ်အပ်တဲ့ပညာ အကုန်သင်ရတယ်။

အခြေခံတတ်ပြီးတော့မှ ဘာသာရေးစာပေနဲ့ ပါဠိ သက္ကဋ ကျမ်းဂန်တွေကို သင်ရတာ ဒီ ပညာတွေကိုလည်း တစ်သက်လုံး ဘုန်းကြီးဝတ်မယ့်သူကတိခံမှ သင်ပေးတာ။ ဘာကြောင့် သင်ရသလဲဆိုတော့ ဘုရားသာသနာဆိုတာ တိုင်းပြည်ရေးအတွက် အဓိက အင်အားတဲ့။

တိုင်းတစ်ပါး ကျူးကျော်လာရင် အမာခံဖြစ်ရမယ်တဲ့။ အဲဒီပညာတွေအပြင် ပွဲကျောင်းထွက်တွေဟာ စိုက်ပျိုးရေးပညာ၊ ဗေဒင်လက္ခဏာပညာ၊ အိမ်ဆောက်လုပ်ရေး အရေးပေါ် ဆေးကုသရေးနဲ့ အဆိပ်ပညာ အမျိုးမျိုးကိုလည်း သင်ရသေးတယ်။ အဲဒါတွေကို ဘုန်းကြီးက ကျွန်တော့်ကို သင်ပေးတယ်။ လိုအပ်ရင် နယ်တကာဆင်းပြီး သင်ပေးတာ။ ဘကြီးဘုန်းကြီးရဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော့်ကို အတိုက်အခိုက်ကျွမ်းကျင်တဲ့ စစ်သား၊ စစ်ဗိုလ်ဖြစ်စေချင်တာ။ ဒါပေမဲ့ ကျွန်တော်က ကျောင်းဆရာဖြစ်၊ ကျွန်တော့်ရည်ရွယ်ချက်နဲ့ ကျွန်တော် ရွေးချယ်ခဲ့တာပါ။

ဘုန်းကြီးကျောင်းစတိုထဲမှာ တောက်တဲ့နက်ကြီးတစ်ကောင် ရှိတယ်။ အာခေါင်နီပြီး သူ့ချေးက မည်းမည်း၊ အလွန်အဆိပ်ပြင်းသတဲ့။ သူ့ချေးကို အစားအသောက်ထဲ ရောပါသွားရင် ဆေးမမိဘူးတဲ့။ အဲဒီအကြောင်းကို သိထားတဲ့ ကျွန်တော့်ဟာ တောက်တဲ့နက်ချေးကိုယူ၊ နေလှန်းပြီး အသီးထုတ် ဆောင်ထားတာ။ လိုရမည်ရ သုံးဖို့ပေါ့။

တစ်နေ့ညနေစောင်းမှာ ကိုတိုးကြီး သူ့ရဲ့စီးတော်ယာဉ် Fiat ကားစုတ်လေးနဲ့ ရှမ်းပြည်နယ်ဘက်က ပြန်လာတယ်။ သူ့အလုပ်က ဘာ



www.burmeseclassic.com

www.burmeseclassic.com

အတော်မှန်း သေသေခဲ့ နယ်တကာလှည့်နေတဲ့ အလုပ်။ အဲဒီ ရေမိုးချိုးပြီး အအဲ့ သူဆင်အောက်မှာ ဝိုင်းစဖို့ အိုက်စံကို ခေါ်ပြီး ပြင်နိုင်းတယ်။ ကျွ တော်လည်း ကျောင်းက ပြန်လာ၊ ရေချိုးပြီးကာစ ညစာစားဖို့ ပြင်ဆင် တုန်း အိုက်စံ ပြန်လာတယ်။

''အားကို ... အားကိုကြီးတိုးက သူနဲ့အတူ ဝိုင်းထိုင်ဖို့ ဟိုဘက် ခြံကို ကြွခဲ့ပါတဲ့။ စကားပြောစရာလည်း ရှိသတဲ့''

''ဟေ ... အေး ... အေး ... လာပြီ''

မခေါ်စဖူး အခေါ်ထူးတော့ ကျွန်တော် ကမန်းကတန်း အဝ အစားလဲပြီး တစ်ဖက်ခြံကို ကူးခဲ့တယ်။ အခွင့်သာရင် လုပ်ကြဖို့လည် တောက်တဲ့နက်အဆီပုလင်းလေးလည်း ဆောင်ခဲ့တယ်။ ကိုတိုးကြီးဟာ သူ စင်အောက်မှာ စားပွဲခင်း၊ ခုံတွေချပြီး တစ်ယောက်တည်း အမြည်းမျိုးစုံ အရက်ပွဲ ကျင်းပနေတာကိုး။

''လာ ... ကျောင်းဆရာ၊ ဒီနေ့ ကျွန်တော် ရှမ်းပြည်ဘက်က ပြန်လာတယ်။ ရွှေလီမှော်အရက် အကောင်းစားတွ ပါလာတယ်။ ခရီးပ တော့ အပန်းဖြေရအောင် လမ်းက တရုတ်ဆိုင်က အမြည်းမျိုးစုံပါ ဝယ် လာတယ်။ အဲဒါ တစ်ယောက်တည်း ပျင်းတာနဲ့ ကျောင်းဆရာကို အဖေ ခေါ်တာပါ။ ထမင်းလွတ် စားစမ်း၊ သောက်စမ်းပါ။ အမြည်းတွေရော အရက်တွေရော အများကြီး။ စားရင်းသောက်ရင်း ကြီးပွားမဲ့ စီးပွားရေးကိ များလည်း တိုင်ပင်ဆွေးနွေးကြရအောင်ပါ''

''ဟုတ်ကဲ့ပါ ... အစ်ကိုကြီး၊ ဒါပေမဲ့ ကျွန်တော် အရက်မသော တတ်ဘူးဗျ''

''ယောက်ျားပဲ ... ညီလေးရာ၊ တစ်ခါတစ်ရံ အပျော်အပါး ကျန်းမာရေးအတွက်ပေါ့။ အရက်ဆိုတာ အပန်းဖြေဆေးတစ်မျိုးပဲ။ သောက တတ်ရင် ဆေး၊ မသောက်တတ်ရင် ဘေးပေါ့။ အစ်ကိုကြီး သောက်လာ တ ကြာပေါ့။ အိပ်ကောင်း၊ စကားကောင်း ကျန်းမာရေးကို ဒေါင်ဒေါင်မြည်လ အခုတောင် သုံးလေးခွက်သောက်ပြီး အရှိန်ရလာတာနဲ့ ညီလေးကို သတိရ





ခေါ်ခိုင်းလိုက်တာ၊ အိုက်စံ ... ဖန်ခွက်တစ်လုံး ယူခဲ့။ မင်း ဆရာအတွက် အရက်ငှဲ့ပေး၊ ပြီးရင် မင်းကို ရှမ်းပြည်ဘက်က ဝယ်လာတဲ့ လက်ဆောင် ဘွဲ့နဲ့ မုန့်တွေ ပေးမယ်''

''နေပါစေ ... အစ်ကိုကြီး၊ ကျွန်တော့်ဘာသာ ငှဲ့မယ်။ အစ်ကို ကြီးအတွက်လည်း ကျွန်တော် အရက်ငှဲ့ပေးပါ့မယ်။ ကျွန်တော်က ကျောင်း ဆရာဆိုတော့ အစ်ကိုကြီးကို အားနာလို့ တစ်ခွက်တော့ သောက်ပါ့မယ်။ အစ်ကိုကြီးသာ ကြိုက်သလောက် သောက်ပါ။ ကျွန်တော် အဖော်လုပ်ပေး မယ်''

ကိုတိုးကြီးက လက်ကျန်အရက်ကို အကုန်မော့ပြီး ဖန်ခွက်ကို ကျွန်တော့်ရှေ့ထိုးပေးပြီး အမြည်းစားနေသည်။ အိုက်စံက မီးဖိုထဲတွင် အမြည်းများ လုပ်နေသည်။ မနှင်းနုကလည်း ကူညီချက်ပြုတ်ပေးနေသည်။ အခွင့်အခါရတုန်း ကျွန်တော် အစ်ကိုကြီးဖန်ခွက်အတွင်း တောက်တဲ့နက် အဆီနှင့် အရက်ကိုရောပြီး ရေအနည်းငယ် စပ်ပေးလိုက်သည်။ ကျွန်တော့် ဖန်ခွက်အတွင်းတော့ အရက်နည်းနည်းထည့်၍ ရေများများရောသည်။

ကိုတိုးကြီးက ...

''ညီလေး ... အစ်ကိုက ရေမရောဘူး။ အရက်အရသာပျက်လို့။ အရက်နည်းနည်း ထပ်ထည့်လိုက်ဦး''

ကျွန်တော်က အရက်နည်းနည်း ထပ်ထည့်ပေးလိုက်ရပြန်သည်။ ထိုအခါ ကိုတိုးကြီးက သူ့အရက်ခွက်ကို ကိုင်ရင်း ..

''ညီလေး ... ကျောင်းဆရာလခက ဘယ်လောက်ရသလဲ''

''တစ်လ (၃၀၀/-) ကျပ်ကျော် ရပါတယ်''

''အစ်ကို့ အရက်ဖိုးတောင် မရှိဘူး။ မင်း ကားမောင်းတတ် လား''

''တတ်ပါတယ် ... အစ်ကိုကြီး''

''အေး ... ဒီတစ်ခါ ငါနယ်ထွက်ရင် လိုက်ခဲ့။ ကားမောင်း တစ်ခေါက်ကို စားပြီးသောက်ပြီး (၁၀)ဆပေးမယ်''



www.burmeseclassic.com

www.burmeseclassic.com



''ကျောင်းပိတ်ရက်နဲ့ဆိုင်ရင် လိုက်ပါ့မယ် ... အစ်ကိုကြီး၊ အ
ပေးစရာ မလိုပါဘူး။ ကျွန်တော့်လခနဲ့ ကျွန်တော် လုံလောက်ရုံတင်မ
ပိုလျှံနေပါသေးတယ်''

''အဲ့လို ဘဝကို ပုံမှန်ကလေးနဲ့ မရောင့်ရဲနဲ့လေ။ အရှည်မျှော်
ပြီး ကြီးပွားချမ်းသာအောင် ကြံစည်ရတယ်။ အခစား မလုပ်ချင်ရင်လည်း
အစ်ကိုကြီးလုပ်ငန်းမှာ ရှာယာထည့်၊ အစ်ကိုကြီးလုပ်ငန်းက ကြီးတယ်
ရှည်ယာထည့်ထားတဲ့ အပေါင်းအသင်းတွေလည်း များတယ်''

''ကျွန်တော့်မှာ များများစားစား စုဆောင်းထားတာ မရှိသေး
ဘူး ... အစ်ကိုကြီးရာ။ အိမ်ခြံကလေး ဝယ်ဖို့ စုဆောင်းထားတဲ့ ငွေ
အနည်းအပါးပဲ ရှိပါတယ်''

''အေး ... စီးပွားရေးလုပ်ငန်းဆိုတာ အဲဒီ အနည်းအပါးက
ဟာ ကြိုးစားကြည့်ပေါ့။ အစ်ကိုကြီးနဲ့ (၁၀) ခေါက်လောက်လိုက်ရင်
ရှယ်ယာထည့်နိုင်ပါပြီ။ ကဲ ... လုပ်ငန်းစမဲ့ အထိမ်းအမှတ်နဲ့ မော့လိုက်
ကြစို့''

သူက မော့တော့ ကျွန်တော် ဖန်ချက်ချင်းတိုက်ပြီး မော့လိုက်
သည်။ သူက တစ်ရှိန်ထိုး အကုန်မော့သော်လည်း ကျွန်တော်က နှ
သုံးခါ သောက်ရသည်။ သူဘာဖြစ်မလဲ စောင့်ကြည့်တော့ ဘာမှမဖြစ်။
ဘာသာ အရက်ထပ်ထည့်၍ မော့ပြန်သည်။ အားရမှ အမြည်းစားသည်

''ဝါး ဟား ဟား''

''ဒီနေ့ ဘယ်လိုဖြစ်မှန်းမသိဘူး ... ညီလေး၊ ခရီးပန်းလာ
ထင်ပါရဲ့။ ညီလေးဘာသာ ဝအောင်သောက်။ အစ်ကိုကြီး အိပ်တော့မ
အိုက်စံရေ ... လာပါဦးကွ။ အစ်ကိုကြီးကို အိပ်ရာထဲ တွဲပို့ပေးစမ်းပါဦး

ဂင်တိုတို၊ ဗလကောင်းသော ကိုတိုးကြီးအား အိုက်စံတစ်ယော
တည်း မနိုင်၍ ကျွန်တော်ပါ ဝိုင်းတွဲပြီး အိမ်အပေါ်ထပ် သူ့အိပ်ခန်းသို့
ရသည်။ ကျွန်တော်တိုက်သော အဆိပ်မှာ ဝုန်းခနဲ ဒိုင်းခနဲ တန်ခိုးမပြ
အိပ်ဆေးလို အဆိပ်ဖြစ်မှန်း ထိုအခါမှ သဘောပေါက်မိတော့သည်။ သင





သေခံမကျန်ရစ်စေရန် ဖန်ခွက်များအား ကျွန်တော်ကိုယ်တိုင် ဆပ်ပြာနှင့်
ဆေး၍ အဝတ်ခြောက်ဖြင့် တိုက်သည်။ သေချာမှ မနှင်းနုကို နှုတ်ဆက်ပြီး
ကျွန်တော်တို့ ပြန်ခဲ့ကြပါသည်။

ကျွန်တော်တို့ အိမ်ပြန်ရောက်မှ နောက်ကျစွာ ညစာစားကြသည်။
ကျွန်တော်က ညစာစားရင်း အတွေးလွန်နေမိရာ အိုက်စံက ...

''အားကို ... မူးနေသလား၊ ချွန်တော် သံပုရာရည် ဖျော်ပေး
မယ်''

ကျွန်တော် မမူးသော်လည်း အလိုက်သင့်ပင် ...

''အေးကွာ ... အိုက်စံ၊ လုပ်စမ်းပါဦး။ အစ်ကိုက မသောက်စဖူး
သောက်တော့ နည်းနည်းမူးတယ်''

''ခြေလက်ဆေး၊ မျက်နှာသစ်၊ သွားတိုက်ပြီး အိပ်ရာထဲက စောင့်
နေပါ။ ကျွန်တော် သံပရာရည် ဖျော်လာခဲ့မယ်''

ထိုညက သံပုရာသောက်ပြီး ဖွတ်နှစ်အိပ်သည်။ ကောင်းစွာ မပျော်
တစ်ဖက်ခြံကို နားစွင့်၍ သတိထားအိပ်နေသောကြောင့် ဖြစ်သည်။
လင်းခါနီးမှ မှေးခနဲ ပျော်သွားသည်။ နောက်တစ်ရက်က ကျောင်းပိတ်
ဖြစ်သဖြင့် ကျွန်တော် အိပ်ရာက စောစောမနိုးတော့။ မနက် (၇)နာရီ
မှ အိုက်စံလာနှိုး၍ အိပ်ရာက နိုးသည်။

''အားကို ... ဟိုဘက်ခြံက ဘာဖြစ်လဲမသိဘူး တစ်အိမ်သား
ငိုနေတယ်။ မမလေးက အားကိုကို နှိုးခိုင်းတယ်။ ကျွန်တော် သွားနှင့်
ယ်''

ကျွန်တော် မျက်နှာအမြန်သစ်၍ တစ်ဖက်ခြံသို့ ကူးသွားတော့
တိုးကြီး အိပ်ရာပေါ်တွင် တောင့်တောင့်ကြီး သေဆုံးနေပြီဖြစ်သည်။
အနံ့ထားသော အခြေအနေမရှိ။ တောက်တဲ့နက်အဆိပ်မှာ အိပ်ဆေး
၍ သေဆုံးသောပုံစံမျိုး ဖြစ်နေသည်။ ထို့ကြောင့် ကျွန်တော်က ရပ်ကွက်
လူကြီးများအား အကြောင်းကြား ပေးရသည်။ ရပ်ကွက်လူကြီးများက
သက်ဆိုင်ရာရဲစခန်းကို အကြောင်းကြားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲများရောက်လာ၍ သေမှုသေခင်း စစ်ဆေး၊ ဓာတ်ပုံရိုက်၍ ညက စားသောက်ထားသော အရက်ပုလင်း၊ ဖန်ခွက်၊ အမြည်း လက်ကျန်များကို သိမ်းဆည်းပြီး အလောင်းကို ဆေးရုံကြီးသို့ပို့၍ ရင်ခွဲစစ်ဆေးသည်။ ကျွန်တော်တို့အားလုံးကိုလည်း သက်သေအဖြစ် စစ်ချက်ယူပါသည်။ Post Mortem Report ထွက်လာတော့ အစာအိမ်ထဲတွင် အဆိပ်မတွေ့၊ သက်သေခံ စားစရာများတွင်လည်း အဆိပ်မတွေ့။ အရက်မူးလွန်၍ သေဆုံးခြင်းဟု မှုခင်းဆရာဝန်က မှတ်ချက်ပေးသည်။

အလွန်ကောင်းမွန်သော အဆိပ်ဖြစ်ပါသည်။ သက်သေခံလည်း မကျန်၊ အဆိပ်ခတ်ခံရသူလည်း မခံစားရ၊ အိပ်လွန်ရာမှ သေဆုံးခြင်းဖြစ်သည်။ ထို့ကြောင့် အရက်အမူးလွန်၍ သေဆုံးခြင်းဟု လူသေမှုအဖြစ် ပြောင်းလဲ၍ အမှုအား ပိတ်သိမ်းလိုက်သည်။ ကျွန်တော်၏ ပထမဆုံးလက်စားချေခြင်း ခြေလှမ်းသေသပ်စွာ အောင်မြင်ခြင်းဖြစ်ပါသည်။

အသုဘကိစ္စ အဝဝကို ကျွန်တော်ပင် ဦးဆောင်၍ လုပ်ကိုင်ပေးသဖြင့် ယောကျ်ားလူငယ်မရှိသော ဦးတင်မြင့်တို့မိသားစုမှာ ကျွန်တော့်အား အလွန်အားကိုးလာသည်။ အသုဘရက်အတွင်း ကျွန်တော်တို့လည်း မအားကြသဖြင့် ထမင်းဟင်းချက် မစားနိုင်။ ထို့ကြောင့် အသုဘအိမ်တွင် စားရာမှ အသုဘကိစ္စ ပြီးသော်လည်း ကျွန်တော်တို့အား ချက်မစားစေတော့ဘဲ မနှင်းနုက ချက်ပြုတ်ကျွေးမွေးပါသည်။

ကိစ္စများပြီးတော့ ကိုတိုးကြီး၏ Fiat ကားအား မောင်းသူမရှိတော့၍ ရောင်းပစ်ရန် ဦးတင်မြင့်က ကျွန်တော်နှင့် တိုင်ပင်သည်။ ကျွန်တော်က လူကြီးများအတွက် အရေးပေါ် ဆေးရုံဆေးခန်းကိစ္စ၊ သာရေးနာရေးကိစ္စများအတွက် လိုအပ်ကြောင်း၊ ကျွန်တော်ပင် မောင်းပေးမည်ဖြစ်ကြောင်း တာဝန်ယူလိုက်သဖြင့် သားလက်ငုတ်လက်ရင်းအား မရောင်းရက်သော မိဘများအနေဖြင့် ချန်ထားလိုက်တော့သည်။

ထိုအချိန်တွင် နှလုံးရောဂါအခံရှိသော အဘွားကြီးနှင့် သွေးတိုးရောဂါရှိသော ဦးတင်မြင့်အတွက် တစ်ပတ်တစ်ကြိမ်၊ ဆေးရုံဆေးခန်းသို့





လိုက်ပို့ရသည်မှာ ကျွန်တော့်တာဝန်လုံးလုံး ဖြစ်လာသည်။ မနှင်းနုလည်း ပါသဖြင့် ကျွန်တော့်ကို အလွန်အားကိုးသည်။ ထိုအချိန်တွင် မစွန်းရင်းကလည်းရှိ၊ ကန့်စွန်းခင်းကလည်း ငြိသဖြင့် ကျွန်တော်နှင့် မနှင်းနုတို့ ချစ်သူရည်းစား ဖြစ်၍နေပေပြီ။

အခြေအနေ ပုံမှန်ပြန်ဖြစ်တော့ ကျွန်တော် ဒုတိယသားကောင်ကို ရွေးရပြန်သည်။ ဤတစ်ခါ ရွေးသည်က ဦးတင်မြင့်၏နီး အဘွားကြီး ဒေါ်ဖွားသစ်။ သူမက ကျွန်တော် မလုပ်ကြွေလျှင်လည်း နှလုံးရောဂါဖြင့် သေဆုံးတော့မည်သာ ဖြစ်သည်။ သို့သော် ကျွန်တော့်မျက်စိထဲတွင် ကျွန်တော့်မိဘများ မီးလောင်တိုက် အသွင်းခံရသည်ကို ပြန်လည်မြင်ယောင်လာပြီး ဒေါ်ဖွားသစ်အား သူ့ဘာသာ ရောဂါဖြင့် မသေစေလို။ ကျွန်တော့်လက်နှင့် စီရင်၍ သေဆုံးမှသာ ကျွန်တော် ကျေနပ်နိုင်မည်ဖြစ်သည်။ လက်စားချေခြင်းသည် ပျားရည်လို ချိုမြိန်သည်ဟု ကျွန်တော် မှတ်ယူထားပါသည်။

သမိုင်းအိမ်ကြီးတွင် ဒေါ်ဖွားသစ် (၂)ကြိမ်တိုင်တိုင် Heart Attack ရသည်။ ဆေးပညာကို အတန်ငယ်နားလည်သော ကျွန်တော် ရင်ဘတ်ဖိ၍ အသက်ရှူအားကူနည်းဖြင့် ကူ၍ ဆေးရုံအရောက် ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် အသက် မဆုံးရှုံးခဲ့။ ဦးတင်မြင့်တို့မိသားစုက အဘွားကြီး၏ အသက်သခင် ကျေးဇူးရှင်အဖြစ် အလွန် ယုံကြည်အားကိုးခဲ့ကြသည်။ ကျွန်တော်ကတော့ ကျွန်တော့်လက်ချက်ဖြင့်မဟုတ်ဘဲ သေဆုံးသွားမည်ကို အလွန်စိုးရိမ်သောကြောင့် အယုံသွင်းခြင်းသာ ဖြစ်ပါသည်။

အဘွားကြီးက Shock ရလျှင် ထိတ်လန့်ပြီး သတိမေ့၍ တက်သွားတတ်သည်။ ဤတစ်ခါ Shock ရပါက အသက်အန္တရာယ်ရှိကြောင်း ဆရာဝန်က သတိပေးထားသဖြင့် အလွန်ဂရုစိုက်နေရသော အချိန်ဖြစ်သည်။ ဒေါ်ဖွားသစ်က ဖားပြုနှင့် ကြွက်ပေါက်စ နီနီရဲရဲကလေးများကို အလွန်ကြောက်တတ်မှန်း ကျွန်တော်သိသည်။ ထို့ကြောင့် ဖားပြုတစ်ကောင်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အိမ် အနောက်ဖက် ပန်းပင်များရေလောင်းသော အင်္ဂ‌ျေ‌ာ ရေစည်၌ ကျွန်တော် တမင်မွေးမြူထားသည်။

တစ်နေ့ . . .။ ထိုနေ့က (၁၀) တန်းစာမေးပွဲများ နီးသဖြင့် ညနေပိုင်းက ကျောင်းစောစောလွှတ်သောနေ့ ကျွန်တော်၊ နှင်းနုနှင့်အတူ စောစောပြန်ခဲ့ကြသည်။ အိမ်ပြန်ရောက်တော့ အိုက်စံမရှိ။ တစ်ဖက်အိမ်ရောက်နေဟန်တူသည်။ ကျွန်တော် အဝတ်အစားလဲပြီး အိမ်နောက်ဖေးက ပန်းပင်များ ရေလောင်း၍ အဆင်း ဒေါ်ဖွားသစ်အား ဘူးစင်အောက်တွင် တစ်ယောက်တည်း ထိုင်နသည်ကို တွေ့ရသည်။ ယခင်က ဦးတင်မြင့်နှင့်အတူ နေပူချိန်တွင် ဘူးစင်အောက်၌ အနားယူနေကျ။

ယနေ့ ဦးတင်မြင့်ကို မတွေ့ရ။ ထို့ကြောင့် အကွက်ရသည်နှင့် ကျွန်တော် ရေကန်ဘေးကပ်နေသော ဖားပျံကို ပုဆိုးခါးပိုက်ထဲ ထည့်၍ တစ်ဖက်ခြံသို့ ကူးခဲ့ပါသည်။ ဦးတင်မြင့်က ဧည့်ခန်းတွင် ဖုန်းပြောနေသည်။ နှင်းနုနှင့် အိုက်စံက မီးဖိုထဲတွင် တလှုပ်လှုပ်။ ကျွန်တော် အိမ်ခြေရင်းမှ ကပ်၍ ဒေါ်ဖွားသစ်ထိုင်နေသော ဘူးစင်ဘက်သို့ ထွက်ခဲ့သည်။ ဒေါ်ဖွားသစ်က ကျွန်တော့်ကိုမြင်သည်နှင့် . . .

"လာ . . . ကျောင်းဆရာ၊ လက်ဖက်သုပ်ရှိတယ်။ မတည့်ပေမဲ့ ခံတွင်းအချဉ်ပြေ နည်းနည်းစီ မြုံကြရင်း ရေနွေးကြမ်းသောက်နေကြတာ။ သားကြီး နောက်ဆုံးအခေါက်ယူလာတဲ့ ရွှေဖီမိုးယံလွှတ် လက်ဖက်ခြောက်ကလေး ခပ်ထားတယ်။

"ဟုတ်ကဲ့ . . . အဖွားသစ်၊ ကျွန်တော်လည်း ကျောင်းကပြန်လာပြီး အဘွားနဲ့ အဖော်ရအောင် ကူးလာတာပါ"

"အေးကွယ် . . . နွေရာသီ နေပူတော့ မင်းတို့ညီအစ်ကိုတွေထိုးပေးထားတဲ့ ဒီဘူးစင်ရိပ်က အလွန်အေးတာ။ သာဓုပါကွယ် . . . သာဓုပါ။ ကျန်းမာလို့ ချမ်းသာကြပါစေ။ အရိပ်လှူတဲ့အကျိုးကြောင့် စိတ်နှလုံး အေးချမ်းကြပါစေ၊ ထိုင်ပါ"





အချိန်သိပ်မရမှန်း သိသဖြင့် ကျွန်တော် ထိုင်လျှင်ထိုင်ချင်း . . .

"ဟော့သည်မှာ . . . အဖွားသစ် . . . ဘာလဲသိလား"

ပြောပြောဆိုဆို ကျွန်တော်က ခါးပိုက်ထောင်ကို ဖွင့်ပြတော့ ဖားပျံကလေးက မျက်လုံးပြူးပြူး၊ လျှာကလေး တစ်လစ်ဖြင့် စားပွဲပေါ်သို့ ခုန်တက်လာသည်။ ထိုအချင်းအရာကို မြင်သော အဖွားသစ်မှာ လန့်၍ အော်ပင်မအော်နိုင်ဘဲ ဖက်လည်၍ ခွေခနဲ ကျသွားသည်။ ကျွန်တော်က အလန့်တကြား အော်ခေါ်တော့မှ နှင်းနုနှင့်အိုက်စံ၊ ဦးတင်မြင့်တို့ အပြေးလာကြသည်။

ကျွန်တော်က ဒေါ်ဖွားသစ်အား စားပွဲပေါ်သို့ ပွေ့ချီ၍ အသက်ရှူအားကူနည်း ပေးနေသည်။ သို့သော် ဒေါ်ဖွားသစ် နောက်ဆုံး Shock ဝင်၍ သတိလည်မလာတော့မှန်း ကျွန်တော် သိနေပါသည်။

Fiat ကားကလေးဖြင့် ဆေးရုံကြီးအရေးပေါ်ဌာနရောက်၍ ဆရာဝန်များ ဝိုင်းဝန်းပြုစုကြသော်လည်း အသက်မရှိတော့ပါ။ နှလုံးရောဂါသည်မှန်းသိ၍ Death Certificate ကိုသာ ထုတ်ပေးပါသည်။ ကျွန်တော်တို့ ဦးတင်မြင့်ထိ အကြောင်းကြားပြီး ပြန်လာကြစဉ် လမ်း၌ မနှင်းနုက . . .

"အစ်ကိုရယ် . . . ဘယ်လိုဖြစ်မှန်း မသိပါဘူး။ အိမ်မှာက တစ်လတစ်ယောက်နှုန်း ဖြစ်နေပြီ။ နှင်းနုတော့ စိတ်ညစ်ပါတယ်။ စာမေးပွဲကြီးကလည်း နီးနေပြီ"

"အသက်ကြီးကြပြီကိုးကွယ့်။ ရောဂါခံတွေရော ကိုယ်စီရှိကြတော့ ဒီလိုပဲပေါ့ကွယ်။ သည်းခံပါ . . . နှင်းနုရယ်"

(၁၀)တန်းစာမေးပွဲကြီးနီးမှ ကျွန်တော်ပင် အသုဘကိစ္စအား ဦးစီးဦးဆောင် လုပ်ရပြန်သည်။ ယခင်နှစ်များကလို ဘာသာရပ်များအား အချိန်ယူ၍ Revision မလုပ်နိုင်တော့ Spot သာ ပေး၍ ကြေညက်အောင် လေ့ကျင့်စေသည်။ ကံကောင်းထောက်မစွာ ကျွန်တော်ရွေးချယ်ပေးသော Spot များမှာ ကွက်တိပါလာသဖြင့် ကျွန်တော်သင်ကြားရသော အင်္ဂလိပ်စာနှင့်

www.burmeseclassic.com



သချာဘာသာတွင် ကျောင်းသူကျောင်းသားအားလုံး ကောင်းမွန်စွာ ဖြေဆို နိုင်ကြသဖြင့် ဝမ်းသာကြည်နူးရပါသည်။

စာမေးပွဲကြီးပြီး၍ ကျောင်းကြီးပိတ်တော့ ကျွန်တော်တို့ ဆရာ၊ ဆရာမများ တစ်ပတ်ခန့် အနားရသည်။ တစ်ပတ်ကျော်လျှင် (၁၀)တန်း အဖြေလွှာများ စစ်ဆေးရမည်ဖြစ်ပါသည်။ ထိုအနားရသော တစ်ပတ် အချိန် အတွင်း၌ပင် ဦးတင်မြင့်က မော်လမြိုင်သို့ အရေးပေါ်ကိစ္စနှင့် သွား ရန်ရှိသဖြင့် ကျွန်တော် ကားမောင်းပြီး လိုက်ပို့ရန်ဖြစ်လာပြန်သည်။ နှင်းနု က လိုက်လိုသော်လည်း သမိုင်းအိမ်ကြီးတွင် အိမ်စောင့်မရှိ။ အိုက်စံတစ် ယောက်တည်းသာ ရှိသဖြင့် ခေါ်၍မရပါ။ ထို့ကြောင့် ကျွန်တော်နှင့် ဦးတင် မြင့်သာ ခရီးသွားရန် ဖြစ်လာပါသည်။

ကျွန်တော်တို့ မနက်ပိုင်းတွင် Fiat ကားကလေးဖြင့် ထွက်ခဲ့ရာ ဦးတင်မြင့်မှာ ယခင်လို မာန်၊ မာန မရှိဘဲ ကျွန်တော့်အပေါ်တွင် တူသား အရင်းအခြာလို ကြင်နာပြီး လွန်စွာ အားကိုးယုံကြည်သည်။ အသွားတွင် လည်း လုပ်ကြံရန် အခွင့်အရေးများ ရသော်လည်း ကျွန်တော် မလုပ်ရက် ခဲ့ပါ။ မော်လမြိုင်အိမ်က ကိစ္စလည်း ရှိသေးသဖြင့် ကျွန်တော် မြိုသိပ်ထား ခဲ့သည်။

လူတစ်စုံတစ်ဦးအား လုပ်ကြံသတ်ဖြတ်ရာတွင် ကားကို အသုံးချ ခြင်းမှာ အလွန်ကောင်းမွန်သည်။ ကိုယ်တော့ အနာခံရပေမည်။ ယာဉ်နှင့် ဖြစ်ခြင်းကြောင့် အလွန်ဆုံး ပုဒ်မက (၃၀၄-က)၊ ထောင်ဒဏ် (၆)လမှ (၃)နှစ်အထိသာ တစ်ဖက်ယာဉ်ကျောမှ ကားအမှားကိုစောင့်၍ လုပ်ကြံဖန် တီးပါက ကိုယ်ပင် အပြစ်လွတ်ပါသေးသည်။ မော်လမြိုင်က အပြန်ကျမှ မီးစင်ကြည့်ကရပေမည်။

ကျွန်တော် ဝေါမြို့ထမင်းဆိုင်တစ်ဆိုင်တွင် နေ့လယ်စာ ဝင်စား သည်။ မုတ္တမကမ်းခြေရောက်တော့ ညနေ (၄)နာရီခန့်။ ထိုအချိန်က သံလွင် မြစ်ကူး မော်လမြိုင်တံတားကြီး မရှိသေး။ ရထားခရီးသည်များကလည်း မုတ္တမတွင် ခရီးဆုံး၍ တစ်ဖက် မော်လမြိုင်ဆိပ်ကမ်းသို့ နှစ်ထပ်ကူးစီး





သင်္ဘောဖြင့် ကူးရသည်။ မော်တော်ယာဉ်များကတော့ ဖက်ရေယာဉ်ကို တန်းစီစောင့်ပြီး အလှည့်ဖြင့် ကူးရသည်။ ကျွန်တော်တို့ မော်လမြိုင်ဘက်ကမ်း သို့ ညနေ (၆)နာရီမှ ရောက်သည်။

မော်လမြိုင် ကမ်းနားလမ်းမှ နှစ်ထပ်တိုက်ဝါကြီးတွင် ကျွန်တော် တို့ တည်းခိုကြသည်။ ဦးတင်မြင့်၏ ဝမ်းကွဲညီအိမ်ဟု သိရပါသည်။ ဦးတင် မြင့် ညီဝမ်းကွဲ ဦးတင်ရွှေဆိုသူမှာ ကွယ်လွန်သွားသော ဦးတင်မြင့်၏သား ကြီး ကိုတိုးကြီးလို ဗလကောင်းကောင်း၊ ဂင်တိုတို၊ မျက်နှာပေါက်ဆိုးဆိုး ဖြစ်သည်။ ကျွန်တော်နှင့် စတွေ့ကတည်းက ဖော်ရွေမှုမရှိ၊ ခင်မင်ဖွယ်လည်း မကောင်း၍ ကျွန်တော်ကလည်း လိုက်လှဲခြင်းမရှိ ဘာသိဘာသာပင် နေ သည်။

ရေချိုး ညစာစားပြီးတော့ သူတို့ညီအစ်ကို လုပ်ငန်းကိစ္စ စသည် နှင့် ကျွန်တော် ဦးတင်မြင့်အား ခွင့်တောင်းပြီး အပြင်သို့ ထွက်ခဲ့သည်။ တစ်ဖက်ကမ်း (ကားလမ်း)ကူး၍ မော်လမြိုင်ကမ်းနားလမ်းအတိုင်း လမ်း လျှောက်သည်။ လေတဖြူးဖြူးဖြင့် လွန်စွာ အေးချမ်းသာယာသည်။ ဘဝ အမောများ ပြေရသည်။ ဤလိုအချိန်အခါကျတော့လည်း မနှင်းနုနှင့် အိုက်စံ ကို လွန်စွာ သတိရမိသည်။ သူတို့ကိုလည်း ဤကမ်းနားလမ်းတွင် အတူ လမ်းလျှောက်စေချင်ပြီး ဘဝအမောများ ပြေစေချင်ပါသည်။

ကျွန်တော် မော်လမြိုင်ဆိပ်ကမ်းဘက်သို့ အသွားအပြန် လမ်း လျှောက်ပြီး တည်းခိုသော တိုက်ဝါကြီးသို့ ပြန်ရောက်တော့ ည(၈း၃၀) နာရီ ခန့် ရှိပါပြီ။ တိုက်ဝတွင် ဦးတင်မြင့်တစ်ယောက်တည်း ကျွန်တော့်ကို စောင့် နေသည်။

''တူမောင် လမ်းလျှောက်တာထင်ရဲ့။ မော်လမြိုင် ကမ်းနားလမ်း က ညချမ်းအခါ လမ်းလျှောက်လို့ အလွန်ကောင်းတယ်။ ဟိုးတစ်ဖက်ကမ်း မီးတလက်နဲ့ မြင်ရတာက ဘီလူးကျွန်း လက်မှုပညာပစ္စည်းထွက်တဲ့ (ရွာ လွတ်)ဆိုတာ။ အဲဒီကျွန်းပေါ်က ရွာကြီးပဲ။ ဒီကိစ္စတွေလည်း ပြီးပါပြီ။ မနက်



www.burmeseclassic.com

www.burmeseclassic.com



ဖြန့်တော့ စောစောပြန်ကြတာပေါ့။ အိမ်က ကလေးတွေကို စိတ်မချဘူး။ နှင်းနုက အလွန်ကြောက်တတ်တာ''

''အိုက်စံရှိပါတယ်၊ မပူပါနဲ့ . . . ဦးလေးရယ်။ နောက်ပြီး ကျွန်တော်တို့ သမိုင်းရပ်ကွက်ကလည်း အေးချမ်းပြီး လုံခြုံပါတယ်''

''ဒါတော့ ဒါပေါ့ကွယ်။ ကလေးတွေချည်းဆိုတော့ ပူရတာပေါ့''

ထိုညက ကျွန်တော်တို့အား တိုက်ဝါကြီးက အပေါ်ထပ်၊ ကမ်းနားဘက်ခြမ်းတွင် ခုတင်ကိုယ်စီဖြင့် နေရာပေးရာ ကမ်းနားလေတဖြူးဖြူးဖြင့် အလွန်အိပ်၍ ကောင်းသည်။ နွေရာသီ တပေါင်းလတွင် လွန်စွာ နေ၍ ကောင်းသော မော်လမြိုင်ကမ်းနားလမ်း ဖြစ်ပါသည်။

နောက်တစ်နေ့မနက် (၆)နာရီခန့် အိပ်ရာကထကြပြီး မျက်နှာသစ်၊ ဘုရားဝတ်ပြုပြီးတော့ မော်လမြိုင်မုန့်ဟင်းခါးဖြင့် မနက်စာကျွေးသည်။ သားငါး ပေါ၍ လတ်ဆတ်ပြီး ဟင်းရည်ကျဲကလေးဖြင့် လက်ရာကကောင်းတော့ ကျွန်တော် (၂)ပွဲဆက်စားသည်။ ဦးတင်မြင့်က သွေးတိုးရှိသဖြင့် သတိပေးရသေးသည်။ ကျွန်တော့်လက်ဖြင့် မသတ်ရဘဲ သွေးတိုးတက်၍ ဦးနောက်သွေးကြောပြတ်သွားမှာ စိုး၍ဖြစ်သည်။

အပြန်တွင် Fiat ကားကလေး နောက်ဖုံးထဲတွင် သံသေတ္တာကြီးကို တင်၍ အလယ်ခန်းတွင် နှင်းနုတို့မှာသော လက်ဆောင်ပစ္စည်းနှင့် ဟင်းချက်စရာ အသီးအရွက်များ၊ ညာဘက် ဒရိုင်ဘာခန်းတွင် ကျွန်တော်က နေရာယူပြီး ဦးတင်မြင့်က ဘယ်ဘက်ရှေ့ခန်းတွင် နေရာယူပါသည်။ မျက်နှာချင်းဆိုင်ကားဖြင့် ဆိုင်ပေးလိုက်လျှင် လွန်စွာကောင်းသော လုပ်ကြံမှုဖြစ်သည်။ သို့သော် ကားမောင်းသူ ကျွန်တော်လည်း ထိခိုက်ဒဏ်ရာရပေမည်။ ဒါမှလည်း ယုတ္တိရှိပေလိမ့်မည်။

မုတ္တမဘက်ကမ်း ကူးပြီး ကျွန်တော်တို့ အပြန်လမ်း ကားမောင်းတော့ ဦးတင်မြင့်က စကားစလာသည်။

''ငါ့တူနဲ့ ဦးရဲ့မွေးစားသမီး နှင်းနုတို့ ရည်ငံနေကြတာကို ဦးလည်း သိပါတယ်။ ဦးတို့မှာ သားတစ်ယောက်သာ ထွန်းကားပြီး အခုတော့ သား





ရော ဇနီးသည်ပါ မရှိတော့လို့ ဦးပိုင်ဆိုင်တဲ့ အဖိုးတန်ပစ္စည်းတွေကို စုစည်းရတာပါ။ ဦးလည်း အသက်ကြီးပြီ၊ ရောဂါခံကလည်း ရှိတော့ ဘယ်နေ့မှန်း မသေချာတော့ဘူး။ ဦးပိုင်ဆိုင်တဲ့ အိမ်၊ ခြံ၊ အတွင်းပစ္စည်းနဲ့ ဒီကားလေးဟာ ဦးမွေးစားသမီးနှင်းနုနဲ့ သမက်တော်ရမဲ့ မောင်ရင်တို့အတွက်ပါ။ ဘဝနေဝင်ချိန်ရောက်လာတော့ အရင်ကလို လောဘရမက်လည်း မရှိတော့ပါဘူး။ မောင်ရင်တို့နဲ့ ထိုက်တန်လို့ အမွေရတယ်ပဲ မှတ်ပါ။

မော်လမြိုင်က ညီဝမ်းကွဲက လောဘကြီးတယ်။ ဒါကြောင်း ဦးမသေခင် သူ့ကိုအပ်ထားတဲ့ ရတနာတစ်ဝက်ကို အကုန်ပြန်ယူပြီး သူ့ကိုလည်း ပေးသင့်ပေးထိုက်သလောက် ပေးခဲ့ပါတယ်။ ဦး မရှိတော့ရင် သူက အကုန်အပိုင်စီးမှာ။ သမီးနှင်းနုနဲ့ မောင်ရင့်နာမည်ပဲ အမွေစားအမွေခံစာချုပ်ကို သမိုင်းအိမ်က မီးခံသေတ္တာထဲမှာ ထည့်ခဲ့တယ်။ ရသင့်ရထိုက်တဲ့ အမွေတွေနဲ့ မောင်ရင်တို့ ပျော်ပျော်ကြီး စံစားကြပါ။ ဒါဟာ ဦးရဲ့ စေတနာအရင်းပါ။ မောင်ရင့်ကို ဦး စိတ်ချလက်ချ လွှဲအပ်ခဲ့ပါတယ်''

ကျွန်တော် ဘာမှလုပ်ရန် မလိုတော့ပါ။ အားလုံး သပိတ်ဝင်၊ အိတ်ဝင် ကျွန်တော် ပိုင်ဆိုင်ပြီဖြစ်ပါသည်။ သို့သော် ဘဝတစ်လျှောက်လုံး အငြိုးအတေးထားခဲ့သော ကျွန်တော့်အတွက် လက်စားချေလိုသော ဆန္ဒက ပျောက်ကွယ်မသွားပါ။ ငုပ်လိုက်ပေါ်လိုက်၊ ချီတုံချတုံ ဖြစ်နေသည်။

မီးလောင်တိုက်အသွင်းခံရသော မိဘများမျက်နှာကို ပြေးမြင်ရတော့လည်း ငုပ်စိတ်ကလေးက ဦးမော့လာပြန်သည်။ သို့သော် ရတနာသေတ္တာကြီးပါသဖြင့် လမ်းတွင် ယာဉ်တိုက်မှုဖြစ်ပါက ကျွန်တော်လည်း ဒဏ်ရာရပြီး ဘယ်အခြေအနေသို့ ရောက်မည်မသိ။ ထို့ကြောင့် အပြန်လမ်းတွင် အခွင့်အရေးရသော်လည်း ကျွန်တော် ရှောင်တိမ်းခဲ့ပါသည်။

အလာကလိုပင် ထမင်းစား၍ကောင်းသော ဝေါမြို့က ထမင်းဆိုင်ကြီးတွင် နေ့လယ်စာ ဝင်စားကြတယ်။ ခရီးသွားနေရသဖြင့် လားမသိ၊ ဦးတင်မြင့် အတော်ထမင်းစားနိုင်သည်။ ဘုရားကြီးလမ်းဆုံရောက်တော့ –



www.burmeseclassic.com

www.burmeseclassic.com



"[illegible]ရေ ... ရောက်တုန်းရောက်ခိုက် ပဲခူးရွှေမော်ဓောဘုရား နဲ့ [illegible]ဘုရား ဖူးချင်တယ်၊ နောင် အတော်နဲ့ ရောက်ဖြစ်မှာ [illegible]"

"ဦးရေ ... ဘုရားဖူးတာ ကောင်းပါတယ်၊ ဒါပေမဲ့ ဟိုရတနာ သေတ္တာကြီးပါနေတော့ စိတ်ချရပါ့မလား"

"အင်း ... ဒါလည်း ဟုတ်တယ်၊ အဲဒီတော့ ဒီလိုလုပ်ရအောင်၊ တူမောင်က ကားစောင့်၊ ဦးတစ်ယောက်တည်း ဘုရားတက်ဖူးမယ်၊ အချိန် စောပါသေးတယ်"

"ဟုတ်ကဲ့ခင်ဗျား"

မှန်မြတ်သော အလုပ်ဖြစ်၍ ကျွန်တော် စိတ်ရှည်လက်ရှည် ကားစောင့်ပေးသည်။ ပုတီးစိပ်ဟန်တူသည်၊ အချိန် အတော်ကြာသည်၊ [illegible]တင်မြင့် ပြန်ဆင်းလာတော့ ညနေစောင်းချေပြီ။

"မကြာဘူး ထင်ထားတာ၊ ဘုရားနှစ်ဆူမှာ အတော်ကြာသွား တယ်၊ ပုတီးစိပ်၊ တရားထိုင်ပြီး ရွှေသက်န်းပါ ကပ်တော့ ကြာသွားတယ် ထင်ပါရဲ့ကွယ်"

"ရပါတယ် ဦး၊ ပဲခူးနဲ့ ရန်ကုန် မိုင် (၅၀)တည်းပါ၊ လမ်းလည်း ကောင်းပြီး ကားလည်း အနားပေး၊ လူလည်း အနားယူရတာပေါ့၊ Fiat ကားက အီတလီလုပ် အမျိုးအစားကောင်းပြီး ဂျာမနီလုပ် Volk Wagen ဆိုရင်တော့ ဒီရာသီမှာ ပူလွန်းလို့ မောင်းနိုင်မှာ မဟုတ်ဘူး"

"အေး ... ဟုတ်တယ် ... တူမောင်ရဲ့၊ သားကြီးက Volk Wagen ကြိုက်တာ၊ ဦးမှာတော့ ကောင်းတာပေါ့၊ တံခါး (၂)ပေါက်တည်းနဲ့ ပူတယ်၊ Fiat ကားက ပုံစံလည်းလှတယ်၊ တံခါးလေးပေါက်၊ ဝေးဝေးလည်း သွားလို့ရတယ်၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုစီးတာတောင် Fiat ကားအနက် ကလေး၊ ကားနံပါတ်က (စ/၈) တဲ့"

ကျွန်တော်တို့ စကားပြောရင်း လေညင်းခံရင်း မောင်းလာကြရာ





ညနေ အတော်စောင်းမှ ရန်ကုန်–မင်္ဂလာဒုံသို့ ဝင်လာသည်၊ ပြည်လမ်း [illegible]ရှစ်မိုင်လမ်းဆုံအနီးရောက်တော့ ဦးတင်မြင့်က ...

"ဦး ဗိုက်ဆာတယ်ကွာ၊ ဘုရားပေါ် တက်ရလို့လားမသိဘူး၊ ရှစ်မိုင် [illegible]နမ်ဆင်းဟိုတယ်ဝင်ပြီး ညစာ စားရအောင်ပါ"

"ဦး ဟိုသေတ္တာကြီး ပါတယ်လေ၊ ညရေးညတာ စိတ်မချရဘူး၊ ဟိုတယ်က လူစုံတယ်၊ အဲဒီတော့ ဒီလိုလုပ်ရအောင် ကျွန်တော် ဟိုတယ် [illegible]တက်ပြီး အခန်းယူထားပေးမယ်၊ ဦးနေခဲ့ပြီး ကြိုက်ရာမှာထားပါ၊ ကျွန် တော် အိမ်ခဏပြန်ပြီး သေတ္တာကြီးကို လုံခြုံအောင် ထားမယ်၊ နောက်ပြီး [illegible]င်းနုတို့အတွက်လည်း ထမင်းမချက်နဲ့တော့ ဟိုတယ်က စားစရာဝယ်ခဲ့ [illegible]ယ်လို့ ပြောခဲ့မယ်၊ ရှစ်မိုင်နဲ့ သမိုင်းက မဝေးတော့ အလွန်းဆုံး နာရီဝက် [illegible]ပဲ၊ ဦး စားစရာမှာထားတာ ရောက်တာနဲ့ ကျွန်တော် ပြန်ရောက်ပါပြီ၊ [illegible]ပြန် စိတ်အေးရတာပေါ့"

"အေး ... အဲဒါ ကောင်းတယ်၊ သမီးနဲ့ အိုက်စံတို့လည်း စား [illegible]စရာ စားကြရတာပေါ့၊ အချိန်လည်း ရတယ်၊ နောက်ဆံတင်းစရာလည်း [illegible]ဘိုတော့ဘူး"

ကျွန်တော် စီစဉ်နေရာချပြီး တစ်ကိုယ်တည်း ကားမောင်း၍ သမိုင်းအိမ်သို့ ပြန်ခဲ့သည်၊ အိမ်ရောက်တော့ အိုက်စံအားခေါ်ပြီး ရတနာ သေတ္တာကြီးအားချ၍ မနှင်းနုအား အပ်သည်၊ စားလိုရာမေးပြီး ရှစ်မိုင် ဟိုတယ်သို့ ပြန်ခဲ့ရာ ကျွန်တော်ခန့်မှန်းထားသလို နာရီဝက်သာ ကြာသည်၊ ဦးတင်မြင့်က ...

"ဟော ... မြန်သားပဲ၊ ဒီမှာ စားစရာမှာထားတာ စုံအောင်တောင် [illegible]ရောက်သေးဘူး၊ သမီးတို့ ဘာမှာလိုက်သေးသလဲ"

"နမ်ဆင်းက ခေါက်ဆွဲကြော်တဲ့၊ ဝက်လက်ပေါင်းနဲ့ ငါးခေါင်း [illegible]ချိုတဲ့၊ အစ်ကိုကြီး ဝယ်ကျွေးနေကျဆို"

"အေး ... ဟုတ်တယ်၊ ဦးလည်း ကြိုက်လို့ သားကြီးက [illegible]ယ် [illegible]နေကျပဲ၊ ဒါပေမဲ့ သွေးတိုးရှိလို့ ဝက်ရှောင်ပြီး ကြက်နဲ့ငါး မှာထား [illegible]ယ်၊ သူတို့အတွက် သီးသန့်ပါဆယ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

[illegible]

[illegible] စားသောက်ကြရာ ည (၈)နာရီကျော်

[illegible] ပါဆယ်များအား ကြိုတင်မှာကြားထားသော်

[illegible] ရသဖြင့် ည (၉)ခန့်မှ ပြည့်စုံအောင်ရသည်။ ထိုခေတ်

[illegible] သာပြီး အစားအသောက်နာမည်ကြီးသည်မှာ အင်းစိန်ပန်းခြံ

[illegible] ခေါက်ဆွဲယာဉ်ဟိုတယ်၊ ရှစ်မိုင်တွင် နမ့်ဆင်း၊ ကုက္ကိုင်းတွင် တရုတ်

ဘုံကျောင်းဟိုတယ်နှင့် အွန်လောက်၊ သုံးခွ‌ောက်ကိုး၊ မြို့ထဲတွင် လို့လူချန်

တို့ ဖြစ်ပါသည်။

ကျွန်တော်တို့ စားသောက်ပြီး ပြန်လာကြစဉ် ရှစ်မိုင်လမ်းဆုံကို ကွေ့ဝင်ပြီး ရှမ်းဘုရားကလေးအနားအရောက်တွင် ကျွန်တော့်အတွေးထဲ မီးလောင်တိုက် အသွင်းခံရသော မိဘများ၏ပုံရိပ် ဖျတ်ခနဲ ဝင်လာပြီး တစ်ဖက်မှ မီးထိုး၍ အလယ်လမ်းကိုကျော်၍ အရှိန်ဖြင့်ဝင်လာသော ဒေါ့ဂျ်ကားကြီးက ကျွန်တော်တို့၏ Fiat ကားကလေးနံဘေး ဦးတင်မြင့်ထိုင်နေရာ တည့်တည့်သို့ ဝင်ဆောင့်တော့သည်။

ကျွန်တော် ရှောင်လိုက်သလား၊ မရှောင်လိုက်ဘူးလား ဆိုသည်ကိုပင် မစဉ်းစားမိတော့။ Fiat ကားကလေးမှာ လမ်းညာဘက်သို့ ထိုးကျ တိမ်းမှောက်သွားပြီး ကျွန်တော်လည်း လောကကြီးဖြင့် အဆက်ပြတ်သွားတော့သည်။

ကျွန်တော် သတိရတော့ ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနသို့ ရောက်နေသည်။ ကျွန်တော့်ခေါင်းတွင် ပတ်တီးအဖွေးသား၊ ဘယ်ပခုံးနှင့် ညာလက်မောင်းတွင် ပတ်တီးစည်းထားသည်။ ပထမဆုံး မြင်ရသည်က စိုးရိမ်သော မျက်နှာဖြင့် စောင့်ကြည့်နေကြသော မနှင်းနုနှင့် အိုက်စံ။

ပထမဆုံး သတိရသဖြင့် မေးမိသည်က ...

''ဦးကောဟင် ... ဦးတင်မြင့်ကော''

''အဖေ ... ကွယ်လွန်သွားပါပြီ''

''ဟင် ...''





''အစ်ကို သတိထားပါ။ လက်မောင်းရိုး ကျိုးသွားတယ်။ ခေါင်းက ဒဏ်ရာကတော့ နည်းနည်းပါ။ ကားကတော့ တစ်စစီပဲ။ အဖေက တိုက်တဲ့ဘက်ကခံရတော့ ချက်ချင်းဆုံးတာပါ''

''အင်း ... ဖြစ်ရလေကွယ်။ ဟိုဘက်ကားကြီးက အလယ်မျဉ်းကို ကျော်ပြီး တိုးဝင်လာတာ။ အကွေ့ဆိုတော့ အစ်ကိုလည်း ရှောင်ချိန်မရလိုက်ဘူး''

ရန်ကုန်ဆေးရုံကြီးပေါ်တွင် တစ်လခန့်နေရပြီး ဆေးရုံကဆင်းတော့ မော်လမြိုင်က ဦးတင်မြင့်၏ညီဝမ်းကွဲ ရောက်လာပြီး မနှင်းနုကို အမွေမှာ ကျွန်တော့်ကို လူ (၃)ဦးလုပ်ကြံမှုနဲ့ တရားစွဲ အမှုဖွင့်တော့တာပါပဲ ... ဆရာရယ်။ ကျွန်တော် အဖမ်းခံရတော့ မနှင်းနုခမျာ အရူးမီးဝိုင်းပေါ့။ တော်သေးတာက သူ့အဖော် အိုက်စံရှိနေလို့သာပဲ''

''ဒါနဲ့ မောင်တင့်နွယ် ... ထောင်ရောက်ပြီး အချုပ်ခံရတာ တစ်လကျော်ပြီ။ ရုံးထွက်တာလည်း (၃)ကြိမ်လောက်ရှိပြီ။ အမွေမှုက ဘယ်လိုဖြစ်သွားသလဲ''

''မော်လမြိုင်က ဦးတင်မြင့်ညီ ဦးတင်ရွှေက ဦးတင်မြင့်ရဲ့ ကျန်ရစ်ခဲ့တဲ့ အမျိုးအဆွေတွေထဲမှာ အရင်းဆုံးပဲ။ ဒါပေမဲ့ အမွေမှုဖြစ်တော့ သမိုင်းအိမ်က မီးခံသေတ္တာထဲမှာ ဦးတင်မြင့်မသေဆုံးမီကတည်းက ကျွန်တော်နဲ့ မနှင်းနုကို အမွေစားအမွေခံအဖြစ် တရားဝင် လွှဲပြောင်းပေးသွားတဲ့ စာချုပ်ရှိတော့ မွေးစားသမီးမနှင်းနု နိုင်တာပေါ့။

အဲဒီစာချုပ်ကြောင့်လည်း အတွင်းပစ္စည်းဥစ္စာတွေ ပိုင်ဆိုင်ခွင့်ရှိထားပြီးဖြစ်တဲ့ ကျွန်တော်က ဦးတင်မြင့်ကို လုပ်ကြံသတ်ဖြတ်စရာအကြောင်း ''ရှိဘူးလေ ဆရာ။ ဒါကြောင့် ကျွန်တော့်အမှုလည်း နိုင်မှာပါ။ မော်လမြိုင်ဦးတင်ရွှေက လူလည်ဆိုတော့ ကျွန်တော့်မိဘတွေနဲ့ ဦးတင်မြင့်တို့ ဆက်စပ်မှုကို တစ်စွန်းတစ်စ ကြားသိထားဟန်တူပါတယ်။

ကျွန်တော့်ရှေ့နေတွေရဲ့ အပြောအရတော့ အရင်နှစ်မှုက ပိတ်သိမ်းထားပြီး အမှုတွေ။ သက်သေခံ မလုံလောက်တော့ဘူး။ တာယက်ရှင်

www.burmeseclassic.com



ကျေနပ်အောင် သက်သက်ပြန်စစ်တာတဲ့။ အခုအမှုကတော့ ယာဉ်တိုက်မှု သက်သက်ဖြစ်လို့ လူသေမှုပဲ မြောက်တယ်။ လူသတ်မှု မမြောက်ဘူးတဲ့။ ပြီးတော့လည်း ပြီးသွားမှာပါ . . . ဆရာရယ်''

''အင်း . . . မောင်ရင်ဝန်ခံလို့သာ ကြားရသိရတာ အတော်သေ သပ်ပိရိတဲ့ လူသတ်မှုတွေပဲ။ နောင်တော့ကွယ် ဒီလိုအာဃာတ၊ ရန်ငြိုး ရန်ကြွင်းတွေ မထားပါနဲ့တော့။ ကိုယ့်မှာလည်း ဇနီးမယား ဥစ္စာစည်းစိမ်နဲ့ ခံစား စံစားရမဲ့အချိန် ရောက်ပါပြီ။ သွားလေသူတွေကိုလည်း သဘောထား ကြီးစွာ ခွင့်လွှတ်နားလည်ပေးဖို့ တောင်းပန်ပြီး တစ်နှစ်တစ်ခါလောက် တော့ အမျှအတန်းဝေ မေတ္တာပို့ပြီး အလှူအတန်းလုပ်ပါ၊ ဒါနဲ့ မနှင်းနုက မင်းရဲ့အကြောင်းတွေကို သိသွားရော့လား''

''ခနဖြူသားချင်းဆိုတော့ ရိပ်မိတန်လည်း ရိပ်မိမှာပေါ့ . . . ဆရာ ရယ်။ ဒါပေမဲ့ ကျွန်တော့်လုပ်ကြံမှုတွေက ပိရိသေသပ်နေတော့ သံသယ လောက်ပဲ ရှိမှာပါ။ ဒါပေမဲ့ တစ်ခါမှ အပြစ်မြင်တဲ့ လေသံတောင် မဟစ်ရှာ ပါဘူး''

''အင်း . . . ဒါကလည်း အချစ်ကြောင့် ခွင့်လွှတ်သည်းခံတာလည်း ဖြစ်ပါလိမ့်မယ်။ မနှင်းနုကို စိတ်ဒုက္ခတော့ မရောက်ပါစေနဲ့။ မောင်ရင်လွတ် ရင် ကိုယ် မနှင်းနုရော၊ အိုက်စံကိုပါ တစ်ခါလောက် တွေ့ချင်ပါတယ်''

''စိတ်ချပါ ဆရာ။ ကျွန်တော် လွတ်တာနဲ့ ဆရာ့ကို ပထမဆုံး လာတွေ့ပြီး ကန်တော့မှာပါ''

အမှုသည် အချုပ်တရားခံ၊ ထောင်ကျတရားခံတို့၏ ကိုယ်ရေး ကိုယ်တာကိစ္စမှာ ကျွန်တော်တို့ ထောင်ဝန်ထမ်းများ၏ အလုပ်မဟုတ်ပါ။ ကျွန်တော်တို့ အလုပ်ကရောက်လာသော အချုပ်နှင့် ထောင်ကျတရားခံများ ကို လုံခြုံအောင်၊ ကျန်းမာအောင် ထားရှိခြင်းပင် ဖြစ်သည်။ သူတို့အမှု ကိစ္စက ကျွန်တော်တို့နှင့် မဆိုင်ပါ။ ကျွန်တော်တို့ကလည်း သည်ဟာများ နေသည်။ ဟိုဟာမှန်သည်ဟု ပြောပိုင်ခွင့်လည်း မရှိသလို၊ အမှုတွင်း ဝင် ရောက်စွက်ဖက်ခြင်းလည်း မရှိပါ။ ကျွန်တော်လည်း ဆရာအား မေးမြန်း

သူရိန်စာပေ



စပ်စုသည်က ကျွန်တော့်ဝါသနာအရ စာရေးရန် ကုန်ကြမ်းရှာခြင်းသာ ဖြစ် ပါသည်။

သောကြာတစ်ပတ် မနက်ခင်းတွင် ကျောင်းဆရာလေး မောင်တင့် နှယ်တစ်ယောက် ရုံးထွက်သွားပြီး ညနေခင်းတွင် ပြန်မလာတော့ပါ။ အမှု များက လွတ်မြောက်သွားဟန် တူပါသည်။ သူ့ကတိအတိုင်း ကျွန် တော် နားရက်ရသော စနေနေ့တွင် ကျွန်တော်တို့အိမ်ရှေ့သို့ TOYOTA COROLLA ပိတောက်ခြောက်ရောင် ကားသစ်ကလေးတစ်စင်း ရပ်လာ သည်။

ကားပေါ်က ဆင်းလာသူများက ကျောင်းဆရာကလေး မောင်တင့် နှယ်နှင့် မြန်မာဆန်ဆန် ချောမောလှပသော မနှင်းနွယ်၊ နောက်တစ်ယောက် ကတော့ ကျွန်တော် တွေ့ချင်နေသော အိုက်စံ။ အိုက်စံက ကျွန်တော်ထင် သလို အသားမဲမဲပုပု မဟုတ်။ အသားဖြူဖြူ၊ လူကောင်ထွားထွား လူချော ပေါက်အရွယ်။

''ကဲ . . . အိမ်ပေါ်တက်ကြ၊ အမှုအခင်းတွေ ပြီးသွားပြီမဟုတ် လား''

''ဟုတ်ပါတယ် ဆရာ။ သက်သေမခိုင်လုံလို့ တရားရှင်လွှတ်ပါ တယ်။ အချုပ်တရားခံအဖြစ် ထောင်ထဲရောက်ခဲ့လို့ အစိုးရဝန်ထမ်းဖြစ်တာ ကြောင့် DE၊ PE တော့ အစစ်ခံရဦးမှာပေါ့ . . . ဆရာရယ်။ ကျွန်တော် တို့မိသားစု ဆရာ့ကို ကန်တော့ပါတယ်။ အခြေအနေအရ ဒီအတိုင်းနေလို့ သင့်တော်တာမို့ မကြာခင်မှာ မင်္ဂလာဆောင်ပါ့မယ်။ ဆရာ့ကို လာဖိတ် ပါ့မယ်''

''ကျန်းမာလို့ ချမ်းသာကြပါစေကွယ်''

☼☼☼

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



။ ၁ ။

❑

ဒေါင် ... ဒေါင် ... ဒေါင် ... ဒေါင် ... ဟူသော သံချောင်းသံလေးချက်သည် ကျွန်တော်တို့အား ရွှေရင်အေးစေသော အသံဖြစ်ပါသည်။

နေမထွက်မီကပင် ထောင်ထဲဝင်၍ အလုပ်လုပ်နေကြရသော ကျွန်တော်တို့ ထောင်မှူးများအဖို့ တစ်နေ့တာခရီး၏ တာဝန်ပြီးဆုံးခြင်း အထိမ်းအမှတ်လည်း ဖြစ်ပါ၏။ အချိန်ကာလည်း နေစွယ်ကျိုး၍ အမှောင်ပျိုးစပြုသည်။

နေ့စဉ်နှင့်အမျှ ထောင်သံသရာတွင် နေထွက်မှနေဝင် စိတ်မောလူမော ဖောရွှေးများပြန်မတတ်၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ သန့်ရှင်းရေး ကျန်းမာရေး၊ ဘာသာရေးကို အဓိကထား၍ လွတ်လူမှုအစ အယုခံအဆုံး အတုန်းကုန်းရှိခဲ့ပါ၏။

ရုံပြန်ခံခါ တစာစာ ဆူညံအော်ဟစ်နေသော ကြိမ်ဒဏ်ရိုက်သံအစ ကြိုးစင်တွင် ဒေါက်ဖြုတ်ရသည်အထိ လွှဲရှောင်၍မရ တွေ့မြင်နေရသော ထောင်မှူးတို့၏ တာဝန်နှင့်ဝတ္တရားသည် မြောက်မြားရှုပ်ထွေးလှချေ၏



www.burmeseclassic.com

www.burmeseclassic.com

ယနေ့အဖို့ ထောင်သံသရာမှ အပန်းဖြေရန် အခွင့်ပေးသော ဤ ရွှေရင်အေးသံချောင်းသံသည် သာယာအေးမြကြည်နူးလှပါ၏။

တစ်နေ့တာအဖို့ ပြီးစီးချင်း၊ ချောမောခြင်း၊ အမောပြေခြင်းဖြစ်သော သံချောင်းသံကို နာခံရင်း အပန်းဖြေအိမ်ဂေဟာသို့ သံတံခါးနှစ်ထပ်ကို ဖြတ်ကျော်၍ သုတ်ခြေတင်ခဲ့ပါသည်။

ကျားပါးစပ်တပ်ထားသော ကျွန်းတံခါးကြီးအနီးတွင် တာရှုနေကြသော ထောင်မှူးတစ်စုသည် အိမ်အပြန်မို့ ရွှင်လန်းနေကြပါသည်။

ထိုအခိုက် ညတာဝန်ကျထောင်ကြပ်အုပ်သည် ကျွန်တော့်ထံသို့ အပြေးအလွှား ရောက်လာပြီး . . .

"ဆရာ . . . ဆရာ . . . ဆရာ့အခန်းမှာ ရိုက်ကုန်ကြပြီ ဆရာ လိုက်ခဲ့ပါဦး"

ဟု ခေါ်လေ၏။

"ဟိုက်"

ကျွန်တော်၏ အိမ်ဘက်သို့ လှမ်းနေသော ခြေတစ်ဖက်သည် ထောင်ထဲသို့ ပြန်လှည့်ခဲ့ရပါတော့သည်။

အိမ်ပြန်ရန် ကျွန်တော်နှင့်အတူ ခြေလှမ်းပြင်နေသော ထောင်မှူး ရန်အောင်မောင်မောင်သည် ကျွန်တော့်အား သံယောဇဉ်များ၍ နောက်မှ လိုက်လာသောကြောင့် ကိုယ်ချင်းစာသဖြင့် . . .

"နေပါစေဗျာ . . . ပြန်သာပြန်နှင့်ပါ"

ဟု ပြောလိုက်ရသည်။

ရန်အောင်မောင်မောင်နှင့် ကျွန်တော်သည် ကျောင်းသားဘဝက ပွေဘက်၊ တေဘက်၊ ငယ်သူငယ်ချင်းဖြစ်သည့်အားလျော်စွာ အလုပ်အတူ လုပ်ကိုင်နေကြရသောအချိန်တွင် ကျွန်တော့်အပေါ် ချစ်ခင်ခြင်း၊ ကူညီခြင်း အားပေးခြင်းများ အမြဲမပြတ်လုပ်ခဲ့ပေသည်။

လှေကားမှ ကျွန်တော် ပြေးတက်သွားလျှင် ရန်ပွဲမှာ ချက်ချင်းငြိမ်





သွား၍ သော့ကိုင်ထောင်ကြပ်က တံခါးဖွင့်ပေးလျှင်ပေးခြင်း အခန်းထဲသို့ ဝင်လိုက်ရသည်။

စုရုံးဝိုင်းအုံ ကြည့်ရှုနေကြသူများကြောင့် ဘယ်သူကရိုက်၍ ဘယ်သူကွဲမှန်း မသိရသဖြင့် . . .

"မဆိုင်တဲ့လူတွေ ဖယ်ကြစမ်း"

ဟု အော်လိုက်မှ လူစုကွဲသွားပါသည်။

ထိုအခါ အိုက်နီဆိုသော ရှမ်းလူငယ်အကျဉ်းသားတစ်ယောက်သည် လက်ဝဲချိုစောင်းမှ သွေးများဖြာ၍ စီးကျနေလျက် သူ့အား အကျဉ်းသားတစ်ယောက်က ပွေ့ထားသည်ကို တွေ့ရပါသည်။

မလှမ်းမကမ်းတွင် ဒေါသအရှိန်မပြေသေးသော အကျဉ်းသားအုံ့ကျော်သည် ညာဘက်လက်တွင် ထောင်မှပေးထားသော သတ္တုထမင်းစားပန်းကန်ပြားတစ်ချပ်ကိုကိုင်လျက် အိုက်နီကို စိုက်ကြည့်နေသည်။ ၎င်း၏ လက်ထဲမှ ပန်းကန်ပြားတွင်လည်း သွေးစက်များ စွန်းပေနေသဖြင့် ပန်းကန်ပြားနှင့် ခုတ်လိုက်ကြောင်း ထင်ရှားနေပေသည်။

"ဟော့ . . . ဟော့ . . . ဘယ်လိုဖြစ်ကြတာလဲ"

ကျွန်တော်က အုံ့ကျော်လက်ထဲရှိ ပန်းကန်ကို သက်သေခံပစ္စည်းအဖြစ် ဆွဲယူသိမ်းဆည်းပြီး ထောင်ကြပ်တစ်ယောက်အား ပေးထားလိုက်သည်။

အခန်းတန်းစီး (ခေါ်) အခန်းလူကြီးအောင်မိုးက . . .

"ထောင်ပိတ်ပြီး ဆရာလည်း ဆင်းသွားရော၊ အုံ့ကျော်က သူ့ဖိနပ်ပျောက်တယ်ဆိုပြီး ကြိမ်းဝါးနေတာပဲဆရာ။ ခဏနေ ဖြုန်းခနဲ အိုက်နီကို ဝန်းကန်ပြားနဲ့ ထခုတ်တာပဲ ကျွန်တော်တို့ ဝိုင်းဆွဲလို့ပေါ့ဆရာ"

ကျွန်တော်က အုံ့ကျော်ဘက်လှည့်ပြီး . . .

"မင်းကလည်းကွာ . . . အပြင်မှာ ပြစ်မှုကျူးလွန်လို့ ထောင်ထဲမှာ အကျဉ်းအကြပ် ဒုက္ခခံနေရတဲ့ ဘဝတူတွေ ဒါလောက် ရက်စက်ရ



www.burmeseclassic.com

www.burmeseclassic.com



သလား။ အခုလို အချိန်မျိုးမှာ တစ်ယောက်နဲ့တစ်ယောက် ကူညီစောင့်ရှောက်ကြ၊ ချစ်ခင်ကြပြီး ကိုယ့်ဘဝလွတ်မြောက်ရေးအတွက် ကောင်းကောင်းနေသွားကြရင် မင်းတို့လည်း ပျော်စရာကောင်းမယ်။ တို့လည်း အုပ်ချုပ်ရတာ ဘယ်လောက် စိတ်ချမ်းသာမလဲ''

''*ထောင်ကျလို့မှ ကျဉ်းကျဉ်းကြပ်ကြပ် နေရတဲ့အထဲ ထပ်ပြီးကျဉ်းမြောင်းတဲ့ တိုက်ခန်းကလေးထဲ ရောက်ချင်သေးတာကိုးကွ*''

အုံ့ကျော် ခေါင်းငုံ့နားထောင်နေသကဲ့သို့ အခြားအကျဉ်းသားများကလည်း နားထောင်နေကြသည်။ ကျွန်တော်သည် အခွင့်အရေးရသမျှ အကျဉ်းသားထုအား ကောင်းမွန်စွာနေထိုင်ကြရန် တရားဟောလိုက်ရပါသေးသည်။

ဆက်လက်၍ လူနာအိုက်နီအား ဆေးရုံသို့ ထောင်ကြပ်အုပ်တစ်ယောက်၊ ထောင်ကြပ်နှစ်ယောက်နှင့် အပို့လွှတ်ပြီး အုံ့ကျော်အား ကျွန်တော်ကိုယ်တိုင် နံပါတ် (၁)တိုက်သို့ လိုက်ပို့ရန် စီစဉ်ရပါတော့သည်။

ထောင်ထဲတွင် သူ့နယ်နှင့် သူ့အဖွဲ့အစည်းများရှိကြရာ အိုက်နီအဖွဲ့အစည်းမှ အုံ့ကျော်အား မကျေနပ်၍ ရုတ်တရက် ရိုက်နှက်မည်စိုးသောကြောင့် ကျွန်တော်ကိုယ်တိုင် စောင့်ရှောက်၍ တိုက်ထဲတွင် ပိတ်ထားရပါသည်။

ပြီးမှ အခန်းတံခါးကို သေချာစွာပိတ်၍ သော့ခလောက်ကို ချောက်ခနဲ ဆွဲလိုက်ပါသေးသည်။ ဘာယာစာရင်းတွင်လည်း လျော့သွားသော လူနှစ်ယောက်အတွက် လူဦးရေဂဏန်းကို ပြင်ရေးပြီး လက်မှတ်ထိုးရပါသည်။

အုံ့ကျော်အား တိုက်ထဲသွင်း၍ တံခါးပိတ်ပြီး ဆေးရုံပို့လိုက်သော လူနာအတွက် ဆေးရုံဘက်သို့ လိုက်ရပြန်သည်။ ဆေးရုံရှေ့တွင် ဒဏ်ရာရသူ အိုက်နီအား သံမံတလင်းပေါ်ထိုင်ခိုင်းပြီး ထောင်ကြပ်နှစ်ယောက်က စောင့်နေကြသည်။





''ဟ . . . မင်းတို့နှယ် ဆေးထည့်နှင့်ကြရောပေါ့ကွာ''

''ဆရာမလာသေးလို့ တံခါးမဖွင့်သေးတာပါ ဆရာ''

ဟု သော့ ကိုင်ထောင်ကြပ်က ပြန်ဖြေသည်။

ကျွန်တော်က ရှေ့လောကြီး၍ မေးမိသည်။ ညအချိန် ထောင်မှ တံခါးတစ်ခုခုဖွင့်လိုလျှင် ထောင်မှူးတစ်ယောက်ကိုယ်တိုင် ပါရသည်ကို ဂရုမပြုမိ။

အလိုလေး . . . ထောင်ဆိုသည်မှာ ရောမစည်းကမ်းဖြင့် ကြပ်တည်းလှပါတကား။

''ကိုင်း . . . ဖွင့်ဟော့ မြန်မြန်၊ လှမောင်တို့ မြမောင်တို့ ဆေးထည့်ပေးကြဟော့။ လှမောင်က ခုတင်တစ်လုံးပြင်၊ ဆေးရုံတင်ရမယ်ဟော့''

လက်ထောက်ဆေးမှူး လှမောင်က ''ဆရာ အိုက်နီခေါင်းက ဒဏ်ရာက ချုပ်မှရမယ်ဆရာ။ ဒဏ်ရာက တော်တော်ကြီးတယ်''

''ဟာ . . . ဒါဖြင့် ဆရာဝန်သွားခေါ်ချေဟော့။ မောင်ကြည်လေး ပြေးကွာ မြန်မြန်''

အိုက်နီခေါင်းက ဒဏ်ရာကို သူတို့ ဆေးကြောပြုစုနေစဉ် ကျွန်တော်က ဆေးရုံအပြင်ထွက်ပြီး ဆရာဝန်ကို စောင့်ရင်း ဘန်ဒါပင်ခြေရင်းတွင် ထိုင်ချလိုက်ရသည်။

ဆေးပြင်းလိပ်တိုက မီးငြိမ်းနေသဖြင့် ဓာတ်မီးခြစ်ကိုထုတ်၍ မီးခြစ်ညှိဖွာလိုက်ရာ ဆေးလိပ်က တိုလွန်းနေ၍ မီးညှိ၍မရတော့ပေ။

စိတ်တိုတိုနှင့် မီးညှိမရတော့သော ဆေးပြင်းလိပ်ကိုလွှင့်ပစ်လိုက်ပြီး အိတ်ထဲနှိုက်ကြည့်ရာ ဆေးလိပ်မပါတော့ချေ။

အတော်ကြာမှပင် ဆရာဝန်က ရှူးအပြည့်နှင့် ပေါက်ချလာချေ၏။ ဘုလားဆရာဝန်မို့ ပြောစကား နားမလည်ရသည့်အထဲ ရုပ်ရှင်သွားခါနီးသာခေါ်သဖြင့် ဒေါပွလာချေသေး၏။

အကျိုးအကြောင်းပြောပြမှ လူနာအားကြည့်ရှုပြီး ဒဏ်ရာကိုချုပ်၍ ဆေးထည့်ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နာရီဝက်ခန့်ကြာမှပြီးစီး၍ လက်ဆေးနှုတ်ဆက်ပြီး ပြန်သွားလေသည်။

ကျွန်တော်သာလျှင် အိုက်နီအား နေရာတကျ ဆေးရုံတင်တံခါးပိတ်သော့ခတ်ပြီး ဘာယာစာရင်းတွင် လူတစ်ယောက်တိုး၍ လက်မှတ်ထိုးပြီးမှ ပြန်ခဲ့ရပါသည်။

ခြေကုန်လက်ပန်းဖြင့် အိမ်သို့ တလှမ်းခြင်းပြန်လာခဲ့ရာ အိမ်ရှေ့အရောက် စိတ်မောမောနှင့် မျှော်နေကြရှာသော မိခင်ကြီးနှင့် ဖနီးတို့က ''နောက်ကျလို့ စိတ်ပူနေကြတယ်''ဟု ဆီးကြိုနှုတ်ဆက်လိုက်ကြသည်။

''အင်း ...ပြန်ခါနီးကျမှ ရိုက်ကြနှက်ကြတာပေါ့။ စိတ်ရော လူရောကို မောသွားတာပဲ''

ကျွန်တော်က လက်မှကိုင်လာသော အလုပ်ဖိုင်တွဲကို စားပွဲပေါ်ပစ်ချရင်း ငြီးလိုက်ရာ ဖနီးက ခေါင်းကဦးထုပ်ကို လှမ်း၍ယူရင်း ...

''ဒါကြောင့် အစကတည်းက ကျောင်းဆရာလုပ်နေတာ အကောင်းသား။ ဒါလောက် ...စိတ်ရောလူရော ပင်ပန်းလုတဲ့အလုပ်ကြီးကို မောင်မို့လို့ လုပ်ချင်တယ်''ဟု ပြောပြန်သည်။

''အိုကွာ ...ကျောင်းဆရာလည်း မလုပ်ချင်ဘူး။ ထောင်မှူးလည်း မလုပ်ချင်ဘူး။ စာရေးဆရာ လုပ်မယ်ဟေ့။ ဝါသနာပါတဲ့ အလုပ်လုပ်ရရင် ထမင်းပဲငတ်ငတ် စိတ်ချမ်းသာမှာပဲ''

ကျွန်တော်က စိတ်ထဲတွင်ရှိနေသော ရည်ရွယ်ချက်ကို အံထုတ်လိုက်ရသဖြင့် ရင်ထဲတွင် အတော်ကလေးချောင်သွားပါသည်။

☼ ☼ ☼

# [၂]

နောက်တစ်နေ့ နံနက်မှစ၍ ယမန်နေ့ညက ဖြစ်ပွားခဲ့သောရိုက်မှုကို စတင်စစ်ဆေးစုံစမ်းပြီး ရုံးတင်ရသည်။

ထောင်မှူးဘဝမှ အမှုစစ်ဖြစ်ရပြန်သည်။ ရှေ့ဦးစွာ အရိုက်ခံရသူ အိုက်နီ၏တိုင်ချက်ကိုယူ၍ ၎င်းအားစစ်ဆေးမေးမြန်းရန် လိုအပ်သဖြင့် ဆေးရုံဘက်သို့ ဝင်လာခဲ့သည်။ ခေါင်းတွင် ပတ်တီးစည်းထားသော အိုက်နီအား ခုတင်ခြေရင်းတွင် ငုတ်တုတ်ထိုင်လျက် တွေ့ရသည်။

''ဘယ်လိုနေသေးလဲဟေ့ ...အိုက်နီ၊ နေကောင်းရဲ့လား''

ကျွန်တော်က ကြို၍ နှုတ်ဆက်လိုက်ရာ ...

''ကောင်းပါတယ် ...ဆရာ၊ ညကတော့ နာလို့ ကောင်းကောင်း မအိပ်ရဘူး''

''အေး ...ဆရာဝန်လာရင် ဆေးထည့်ပေးမှာပေါ့ကွာ''

ကျွန်တော်က အိုက်နီအနီး ဝင်ထိုင်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း ... ပြောစမ်းပါဦးကွာ၊ မနေ့ညက မင်းတို့ ဘာဖြစ်ကြတယ်၊ အံ့ကျော်က မင်းကို ဘာလို့ရိုက်တယ်ဆိုတာ"

အိုက်နီက ပြုံး၍ ...

"အလကားပါ ဆရာ၊ ကစားကြရင်း လက်လွန်သွားတာပါ"

"အောင်မာ ... ကစားတာများ သွေးထွက်အောင် ပန်းကန်ပြားနဲ့ ခုတ်တမ်း ကစားရသလားကွ"

"ဟုတ်ပါတယ် ... ဆရာ၊ ကျွန်တော်နဲ့ အံ့ကျော်က အလွန်ခင်ကြတဲ့ သူငယ်ချင်းပါ"

"အေးလေ ... ဒါကြောင့် တော်တော်တန်တန် မကျေနပ်ရုံနဲ့ အံ့ကျော်က ဒါလောက် ရက်ရက်စက်စက် မလုပ်ဘူးဆိုတာ ငါသိလို့ မေးတာပေါ့ကွ"

"ကျွန်တော်ကစလို့ သူက ပန်းကန်ပြားနဲ့ လှမ်းထုတာ။ ကျွန်တော်က မရှောင်မိလို့ ထိသွားတာပါဆရာ"

"လာလာသေးတယ်ကွာ။ အံ့ကျော်ရဲ့လက်ထဲက ပန်းကန်ပြားမှာ သွေးစက်လက်နဲ့ ငါသိမ်းလိုက်ရတာ။ ငါ အရောက်နောက်ကျရင် မင်း ဒီထက်နာမှာ"

"မဟုတ်ပါဘူး ... ဆရာ၊ ကစားပြီးမှ လက်လွန်သွားလို့ အံ့ကျော်က စိတ်မကောင်းနေတာပါ"

အိုက်နီက ချွဲတဲတဲ နှာသံကလေးဖြင့် ပြောနေသဖြင့် ..

"ကိုင်း ... မအေ၊ ငါက အကောင်းမေးနေတာ မင်းက လိမ်နေတုန်းပဲဟင်။ မင်းက ညာနေပေမယ့် အံ့ကျော်က မင်းကို ဘာလို့ရိုက်ပါတယ်ဆိုတာ အားလုံး ဖွင့်ပြောပြီးပြီ"

ဟု ကျွန်တော်က ထိုင်နေရာမှ မတ်တတ်ရပ်လိုက်ရာ အိုက်နီ မျက်နှာပျက်သွားလေသည်။

ကျွန်တော်က စိတ်ခတ်နည်းဖြင့် အိုက်နီအား လှည့်လိုက်သော အကွက်မိသွားကြောင်း သတိထားမိလိုက်လေသည်။





ထောင်အတွင်းမှာ မကြာခဏ ရန်ဖြစ်ခြင်း၊ ထိုးခြင်း၊ ရိုက်ခြင်းတို့ ဖြစ်ကြရာသို့ ထောင်မှူးတစ်ယောက် ရောက်သွားလျှင် ချက်ချင်းကစားတာပါဟု ဖြစ်သွားကြသည်။ ရန်ဖြစ်သည်ဆိုလျှင် ထောင်ဥပဒေက နှစ်ဖက်စလုံး မသက်သာကြပါ။

"မင်းနှယ်ကွာ ... ကိုယ့်ကို ခေါင်းရိုက်ခွဲတဲ့အကောင်များ သနားနေလို့ ဖုံးကွယ်နေရတာလား"

ထိုအခါမှ အိုက်နီက ...

"မဟုတ်ပါဘူး ... ဆရာ၊ ကျွန်တော့်မှာလည်း အပြစ်ရှိလို့ပါ"

"အေး ... ပြောစမ်းပါဦး၊ မင်းက သူမကြိုက်တာ ဘာများလုပ်မိလို့လဲ"

ကျွန်တော်က စစ်ချက်ယူရန် စာရွက်နှင့်ဖောင်တိန်ကို အသင့်ကိုင်ထားရင်း ...

"ပြောလေကွာ ... တော်ကြာ ဆရာဝန်လာရင် မင်း ဆေးထည့်ရဦးမယ်"

ဟု တိုက်တွန်းလိုက်မှ ...

"ကျွန်တော် အမှန်အတိုင်း ပြောပြပါမယ် ဆရာ။ ကျွန်တော့်အတွက် ထောင်ပိုင်ကို ကြည့်ပြောပါဦး"

"အေးပါကွာ ... မှန်တာသာပြော၊ မင်းအပေါ် အပြစ်သက်သာအောင် ငါတာဝန်ထား"

ဟု အာမခံပေးလိုက်ရသည်။

ထိုအခါမှ အိုက်နီက အံ့ကျော်မွေးထားသော ခွေးနီမကလေးကို သတ်စားမိကြောင်း ဖြောင့်ချက်ပေးပါတော့သည်။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

## |၃|

❑

ကျွန်တော်သည် အဆောင်နံပါတ် (၁)နှင့် (၂)ကို အုပ်ချုပ်ရသော အဆောင်မှူးဖြစ်ပါသည်။ ကျွန်တော့်အဆောင်တွင် လူပေါင်းနှစ်ရာခန့်ရှိရာ များသောအားဖြင့် နှစ်ကြီးသမားများ ဖြစ်ကြပါသည်။ ကြိုးဒဏ်မှ လွတ်ငြိမ်းခွင့်ရလာသူ တစ်သက်တစ်ကျွန်း (အနှစ် ၂၀) သမားက ပို၍များပါသည်။

ထို့ကြောင့် ကျွန်တော့်အိပ်ဆောင်အား ပိုမိုလုံခြုံစေရန် အပေါ်ထပ်မှာ ထားပေးပါသည်။ ထောင်ထဲတွင် မိုလ်စွဲသူလူမိုက်မှန်သမျှ ကျွန်တော့်အဆောင်က များပါသည်။

တပည့်မကောင်း ဆရာခေါင်းဆိုသည့်အတိုင်း ၎င်းတို့ ဆိုးမှုပေမှုမကောင်းမှုတို့ကြောင့် ကျွန်တော်သည်လည်း အထက်လူကြီးများထဲ မျက်နှာပန်းမလှပါ။ ရိုက်ကြပြန်ပြီ၊ ကျွန်တော့်အဆောင်၊ ကျွန်တော့်အဆောင်နံပါတ်(၁၂) မှာ အလွန်နာမည်ကြီးပါသည်။ လူပေါင်း ၂၀၀ကို နှစ်ခန်းခွဲ၍ တစ်ခန်းတစ်ရာစီခန့် သိပ်ပါသည်။ အိုက်နီမှာ အခန်းနံပါတ် (၂)တွင် အိပ်၍ ကျွန်တော့်အဆောင်အား နာမည်ကြီးစေအောင် အမြဲတန်းဖန်တီးခဲ့သူဖြစ်ပါသည်။





အိုက်နီသည် တောင်ပိုင်းရှမ်းပြည်မှ ပအိုဝ့် ခေါ် ရှမ်းလူမျိုးဖြစ်၍ လူသတ်မှုနှင့် ထောင်ဒဏ် အနှစ် (၂၀)ကျနေသူဖြစ်ပါသည်။

အိုက်နီအဖို့ အကျဉ်းသားများကဲ့သို့ လွတ်မြောက်ရေးတွေ ဘာတွေ အရေးမစိုက်၊ ထောင်ထဲမှာ ပျော်သလိုနေတတ်သူ ဖြစ်သည်။

တိုက်ပိတ်၊ ကော်ကျွေး၊ ဆုမှတ်ရက်ဖြတ်စသော ထောင်တွင်းအပြစ်ဒဏ်များမှာလည်း မခံဖူးသည်မရှိ။ သူ့ရာဇဝင်ဖိုင်စာစ်ခုလုံးမှာလည်း မင်နီဖြင့် ပြည့်နေ၏။

ထောင်ထဲတွင် အိုက်နီကရိုက်၍ ကွဲရသူလည်း မရှား၊ အိုက်နီကိုယ်တိုင် အရိုက်ခံရ၍ ဆေးရုံရောက်ခဲ့ရသည်လည်း များလှပြီ။

အိုက်နီ နာမည်အကြီးဆုံး ဖြစ်မှုမှာ ခွေးသားသတ်စားခြင်းပင် ဖြစ်ပါသည်။

ထောင်ထဲတွင်ရှိသော ခွေးနီ၊ ခွေးကျား၊ ခွေးထီး၊ ခွေးမကလေး ပြေးလွှားကစားနေရာမှ ပျောက်သွားလျှင် အိုက်နီပါးစပ်ထဲ ရောက်ပြီမှာ သေချာ၏။

ထောင်ထဲ၌ တစ်ပတ်တစ်ခါ အင်္ဂါနေ့ ညနေတိုင်း ထောင်ကကျွေးသော ဟင်းလျာကလေးတစ်ပုံစံကို မကျေနပ်နိုင်သော အကျဉ်းသားများက ထောင်ဝင်းထဲမှာ ဖီးနေအောင်ဝသော မြေကြွက်ကြီးများကို သတ်စားခြင်းမှာ မဆန်းလှသော်လည်း ခွေးသားကိုသတ်၍ စားခြင်းမှာ အလွန်နည်းပါးလှပေသည်။

အိုက်နီနှင့် အပေါင်းပါတစ်စုမှာ နာမည်ကြီးခွေးသတ်သမား ခွေးသားစားများ ဖြစ်ပါသည်။

ထို့ကြောင့် မနေ့ညနေက အခန်းစောင့် တန်းစီအောင်မိုး ပြောလိုက်သော 'ဒွံ့ကျော် ခွေးပျောက်လို့တဲ့' ဆိုကတည်းက အိုက်နီအပြစ်ကို ကျွန်တော် အကဲခတ်မိပါသည်။

☼☼☼

www.burmeseclassic.com

www.burmeseclassic.com

# [ ၄ ]

အိုက်နီတို့ အပေါင်းပါတစ်စုသည် ဟင်းလျာအလို့ငှာ ခွေးတစ်ကောင်ကို သားရေကျလာပြီဆိုလျှင် ထောင်မှူးများအလစ်ကို ချောင်း၍နေကြပေသည်။

ထောင်မှူးကို စောင့်ကြည့်သူက ကြည့်နေလျှင် တစ်ယောက်က ချောင်ကောင်းကောင်း တစ်နေရာတွင် တစ်ပေခန့် တွင်းကလေးတစ်တွင်းကို သတ္တုပန်းကန်ပြားပဲ့ဖြင့် ယက်၍ အရံသင့်တူးထားသည်။

ထောင်မှူးများ လစ်သည်နှင့်တစ်ပြိုင်နက် သတ်စားမည့်ခွေးကို ပုံစံလုံချည်တစ်ထည်ဖြင့် နှုတ်သီးကိုအုပ်၍ ဆုပ်ကိုင်ကာ ပွေ့ချီသွား၍ တူးပြီး သားတွင်းကလေးထဲ ခေါင်းစိုက်ချလိုက်သည်။ ဆက်လက်၍ ခေါင်းပိုင်းကို မြေကြီးဖို့၍ မြှုပ်လိုက်ကြသည်။

ဦးခေါင်းပိုင်း မြေမြှုပ်ထားသော ခွေးမှာ ကိုယ်နှင့် ခြေလေးချောင်းသာ အပေါ်တွင်ပေါ်၍ အသံမထွက်ဘဲ ရုန်းကန်နေစဉ် အိုက်နီတို့ လူစုကဝိုင်း၍ ရိုက်ကြလေ၏။





အသတ်ခံရသောခွေးမှာ အသံမထွက်နိုင်ဘဲ ရုန်းရင်း မစင်များပင်ပန်းထွက်လာပြီး ခဏကြာလျှင် ခွေးမှာ ငြိမ်ကျသွားလေတော့သည်။

ထိုအခါမှ ခွေး၏ဦးခေါင်းကို ဒန်ပန်းကန်ပြားကွဲကို သွေးထားသောဓားနှင့်ဖြတ်၍ မြေတွင် မြှုပ်လိုက်ကြ၏။ ဆက်လက်၍ ခြေလေးချောင်း၊ အမြီး စသော မလိုအပ်သည်များကို လှီးဖြတ်၍လည်းကောင်း၊ ကိုယ်ပေါ်မှ အမွေးပါသော အရေပြားကို ဆုတ်ခွာ၍လည်းကောင်း၊ အူအသည်း ကလီစာတို့ကိုလည်းကောင်း၊ အားလုံးကို မြေကြီးတွင်တွင်းတူး၍ အစဖျောက်လိုက်ကြသည်။

၎င်းနောက် လိုအပ်သော အသားတုံးများကို လှီးယူတုံးတစ်၍ တစ်ပတ်တစ်ခါ ခေါင်းလိမ်းရန် ထောင်က ထုတ်ပေးသော အုန်းဆီတစ်ဖွန်းစီကို စုပေါင်းသိမ်းဆည်း၍ ထားရာမှ ယူလာပြီး ကြော်ကြချက်ကြလေတော့သည်။

ဤကဲ့သို့ ခွေးသတ်ရာဖဝင်တွင် စာတင်လောက်သော အိုက်နီအား ယခု ခွေးပျောက်မှုတွင် မုချသူဖြစ်ရမည်ဟု ကျွန်တော်က ကြိုတင်၍ တွေးထင်ပြီးဖြစ်သည်။

အိုက်နီက အံ့ကျော်၏ခွေးနီမကလေးကို ၎င်းသတ်ကြောင်းဖြောင့်ဆိုသော်လည်း တစ်တရားခံမှာ ၎င်းမဟုတ်ကြောင်း စီကာပတ်ကုံး ပြောပြပါလေ၏။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

[၅]

□

မြင့်သိန်းဆိုသူမှာ စားပြုမှုနှင့် ထောင်(၁၀)နှစ်ကျနေသော အကျဉ်းသားတစ်ယောက်ဖြစ်ပါသည်။ မြင့်သိန်းမှာ အိုက်နီနှင့် တစ်ခန်းတည်းနေသူဖြစ်၍ လွန်ခဲ့သော (၆)လခန့်ကပင် သွေးဒူလာရောဂါ စွဲကပ်လာခဲ့သည်။

ထိုရောဂါကို ထောင်တွင်းဆေးရုံတွင် နှစ်ကြိမ်၊ သုံးကြိမ်မျှ တက်ရောက်ကုသနေခဲ့ရာ လုံးဝပျောက်ကင်းသည်မရှိဘဲ သက်သာလိုက်၊ ပြန်ပေါ်လာလိုက်ဖြင့် တရိရိခံစားနေရသောကြောင့် အတော်ပင်စိတ်ညစ်နေရှာသည်။

အပြင်မှာလို လွတ်လွတ်လပ်လပ်လည်း ကုသနိုင်ခွင့်မရှိ၊ ထောင်တွင်းရှိ ဆေးရုံဆိုသည်မှာလည်း လိုအပ်သောဆေးဝါးမှာ ပြည့်စုံသည်မဟုတ်ချေ။

ထို့ကြောင့် ၎င်း၏ရောဂါအတွက် ရင်းနှီးသူများအား တိုင်ပင်အကြံအညီတောင်းလျက်ရှိပေသည်။

တစ်နေ့တွင် ခင်မင်သောအကျဉ်းသားတစ်စုနှင့် ရောဂါအကြောင်း စကားစပ်မိရာမှ တစ်ယောက်သော ပညာရှိအကျဉ်းသားက သွေးဒူလာ





ရောဂါကိုယူပစ်သလို ပျောက်စေရမည့် ဆေးမီးတိုရှိကြောင်း စကားပျိုးလိုက်ရာ ရောဂါအလွန်ပျောက်ချင်နေသော မြင့်သိန်းက ရှိခိုးမတတ် ဆေးနည်းကို တောင်းလေ၏။

ဆေးမီးတိုပြောမည့် မဟာပညာရှိအကျဉ်းသားက အလကားတော့ မပြောနိုင်၊ ရဲနီဆေးပေါ့လိပ် (၅၀)ပေးရမည်ဟု ဈေးကိုင်လိုက်လေ၏။

မြင့်သိန်းမှာ အိမ်က ထောင်ဝင်စာလာစဉ်က တစ်လစာပေးသွားသော ဆေးလိပ်ကလေး (၁၀၀)ထဲမှ (၅၀)တောင်မှ မပေးနိုင်၊ သောက်စရာမကျန်ရင် ခက်မည်ဖြစ်သဖြင့် ဆေးလိပ်အစိတ်နှင့် ကျေနပ်ပါရန် တောင်းပန်မှ ဈေးတည့်သွားကြလေ၏။

ထိုအခါမှ မဟာပညာရှိ အကျဉ်းသားက ခွေးမ၏အသည်းကို အစိမ်းလိုက်မျို့ချလျှင် ယူပစ်သလို ပျောက်လိမ့်မည်ဟု အမိန့်ရှိလိုက်လေ၏။

မြင့်သိန်းအဖို့ ပေးလိုက်သောဆေးမီးတိုကို အော့နှလုံးနာလှသော်လည်း ရောဂါပျောက်ချင်လှ၍ ခေါင်းညိတ်ခဲ့ရလေ၏။

သို့သော် မြင့်သိန်းပြဿနာတစ်ခု ပေါ်လာပြန်၏။ လွယ်မရောင်နှင့် ခက်သော ခွေးမ၏အသည်းဆိုသည်မှာ ရဖို့မလွယ်ပေ။ ထောင်ထဲတွင် ပြေးလွှားနေကြသော ခွေးများမှာလည်း ဝဝဖြိုးဖြိုး ခွေးထီးများသာ ဖြစ်ကြသည်။

ခွေးဝဲစားလိုသော်လည်း ခွေးမကိုရှာ၍ သတ်ရမည်မှာတော့ မြင့်သိန်းအဖို့ တာဝန်လေးနေသည်။

ထို့ကြောင့် နောက်ဆုံး ခွေးသတ်ဝိဇ္ဇာ အိုက်နီအား ချဉ်းကပ်ရလေတော့သည်။

"သူငယ်ချင်း . . . လုပ်စမ်းပါကွာ၊ ငါလည်း ရောဂါပျောက်၊ မင်းလည်း တစ်နပ်တော့ ဟင်းကောင်းစားရတာပေါ့"

ဟု မြင့်သိန်းက အိုက်နီအား မျက်နှာငယ်ကလေးနှင့် တောင်းဆိုလိုက်ရာ . . .



www.burmeseclassic.com

www.burmeseclassic.com



အိုက်နီက ဟင်းစားလောက်နဲ့ မကျေနပ်နိုင်။ ရဲနီဆေးပေါ့လိပ် ၅၀ ပိုပေးရဦးမည်ဟု ဆိုပြန်လေ၏။

"သူငယ်ချင်းနှယ် . . . ငါ့ရောဂါ ပျောက်ချင်လွန်းလို့ပါ။ ဆေးလိပ်ကလေး (၃၀) လောက်ပဲ သောက်ဖို့ရှိပါတော့တယ်။ အိမ်ကလည်း ရှေ့လဆန်းမှ ထောင်ဝင်စာလာမှာကွ"

မြင့်သိန်းက တောင်းပန်သံလေးနှင့် ပြောလိုက်ရာ . . .

"ဒါဖြင့် . . . (၂၅) လိပ် ပေးကွာ"

အိုက်နီက ဈေးကိုင်နေပြန်သဖြင့် မြင့်သိန်းမှာ ရောဂါပျောက်ရင်ပြီးရော ဆေးလိပ်မသောက်ရချင်နေပါစေဟု ဆုံးဖြတ်၍ သဘောတူလိုက်ရလေ၏။

အိုက်နီမှာ ထမင်းတစ်နပ်တော့ ခွေးသားဟင်းနှင့် မြိန်ဦးမည့်အပြင် ထမင်းစားပြီးဖွာရန် ဆေးပေါ့လိပ်ပါ ပါသေးသဖြင့် မနက်ဖြန်ရမည်ဟု ကတိပေးလိုက်လေ၏။

ကတိပေးပြီးသော အိုက်နီမှာ ခွေး ရှာရချေပြီ။ ခွေးကလည်း ခွေးမဆို၍ အနည်းငယ်ခက်နေသည်။

ထိုအခိုက် အံ့ကျော် အခန်းထဲကို ဝင်လာစဉ် အံ့ကျော်နောက်မှ ပုံစံဒန်ပန်းကန်ပြားကို ကိုက်ချီကာပါလာသော အံ့ကျော်ကျွေးမွေး၍ သင်ထားသည့် ခွေးနီမလေးကို မျက်စိကျလိုက်၏။

အရွယ်ကလေးမှာလည်း ခြေနိုင်လက်နိုင် အဖော်ရှာရန်မလို၊ တစ်ယောက်တည်းနှင့် ဖြစ်နိုင်သည်။

ထိုနေ့ညအဖို့ အိုက်နီက ကျွန်မြေမပျက်အိပ်ပြီး အကြံထုတ်လေသည်။ ထိုအခိုက် မြင့်သိန်းက . . .

"သူငယ်ချင်း . . . မနက်ဖြန်တော့ သေချာအောင်လုပ်ပါနော်"

ဟုပြောရင်း ဆေးလိပ် (၁၀)လိပ် စရံလာပေးလေသည်။

"စိတ်ချပါကွာ . . . မနက်ဖြန်အလုပ်သွားကြလို့ လူရှင်းတဲ့အချိန် လုပ်ပေးပါ့မယ်"





ဟု ကတိပေးပြီး အိပ်ကြလေ၏။

နောက်တစ်နေ့ နံနက်တွင် လက်သမား၊ ရက္ကန်းကွမ်းစောင်ရက်၊ ကော်ချုပ် စသော အလုပ်သမားများက အလုပ်ဘက်သို့ သံချောင်းခေါက်လျှင် သွားကြရလေသည်။

ထောင်ကြီးဘက် အိပ်ဆောင်များရှိရာတွင် ဆံပင်ညှပ်၊ စက်ချုပ်၊ ပန်းတိမ်သမား၊ တံမြက်လှဲ၊ အခန်းစောင့်၊ ရုံးခန်းဘာယာ၊ လူသစ်များနှင့် နေထိုင်မကောင်း၍ နားခွင့်ရသူများသာ ကျန်ရစ်ခဲ့လေသည်။

အိုက်နီမှာ အလုပ်ဘက်မှ အလုပ်သမားဖြစ်သော်လည်း လက်ဘောက်ကျရာတွင် တစ်ဖက်ကမ်းခတ်သူဖြစ်၍ နံနက်အစောကြီး ထောင်မှူးစကပင် ဝမ်းလျှော၍ ဆေးရုံပို့ရန် ထောင်မှူးအား ခွင့်တိုင်ထားသည်။

အံ့ကျော်မှာ ၎င်း၏ခွေးနီမလေးကို အလွန်ပင် ချစ်ခင်ရှာလေရာ အတူသွား အတူစား အတူအိပ်လေသည်။

ထမင်းဟင်းကို သူ့အတွက်ရသော ပုံစံထဲမှ ခွဲ၍ ကျွေးရှာလေသည်။ တစ်ပတ်တစ်ခါစားရသော အမဲသားဟင်းကလေး တစ်တုံးကို ခွေးနီမလေးနှင့် တစ်ဝက်စီ စားလေသည်။

အံ့ကျော် ချစ်သလောက် ခွေးနီမလေးက လိမ္မာသည်။ အံ့ကျော်သွားလေရာ အမြဲလိုက်၍ အံ့ကျော်ထိုင်လျှင် ထိုင်သည်။ အံ့ကျော်ထလျှင် ထသည်။ ထမင်းစားပြီး ဆေးပြီးပန်းကန်ပြားကလေး ပေးလိုက်လျှင် နှုတ်သီးနှင့်ကိုက်ပြီး အိပ်ရာနား ယူသွားသည်။

အံ့ကျော်သည် သူ့ခွေးမလေးအား အလုပ်သွားရာ အမြဲခေါ်သွားသည်။ ယခု အလုပ်ဘက်ထောင်မှူးက ခွေးများရှုပ်၍ အလုပ်ဘက်သို့ ခွေးမခေါ်ရဟု အမိန့်ထုတ်ထားသဖြင့် သူ့ခွေးကလေးကို စိတ်မချဘဲ ထားခဲ့ရသည်။

အကျဉ်းသားအချို့မှာ အိမ်သူအိမ်သား၊ ဇနီး၊ သားသမီး၊ ကလေးငယ်များအား လွမ်းဆွတ်သဖြင့် ခွေးကလေး၊ ကြောင်ကလေး၊ ငှက်ကလေး၊ ရှဉ့်ကလေး စသည်တို့ မွေးကျွေးထားပြီး ယုယကြင်နာစွာ ဖြေသိမ့်လေ့ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အိုက်နီက ဝမ်းလျှော၍ အလုပ်မသွားဘဲနေခွင့်ရလျှင် စောင်တစ်ထည်ကို ခေါင်းပါလုံအောင်ခြုံ၍ ဘုရားကုန်းတွင် လူမမာဟန်ဖြင့် ထိုင်ရင်း အံ့ကျော်အလုပ်သွားချိန်ကို စောင့်ကြည့်နေသည်။

အံ့ကျော် အလုပ်ဘက်ကူးသွားချိန်တွင် ခွေးနီမလေးမှာ အမြီးကလေးနှံ့၍ ကျန်ရစ်ခဲ့လေသည်။ ထိုအချိန်တွင် အခွင့်သာ၍ အိုက်နီမှာ လုပ်ငန်းကို စလေတော့သည်။

အကျဉ်းသားဦးအောင်ခ ထောင်ဝင်စာမှရ၍ ဘုရားကုန်းတွင် ဆွမ်းတော်တင်ထားသော ကြံသကာပဲ့ကလေးကို ဆွမ်းတော်တင်မစွန့်မီ အိုက်နီက နှိုက်၍ လစ်လာခဲ့သည်။

ငင်းနောက် ကြံသကာပဲ့ကလေးကိုကိုင်၍ ခွေးနီမလေးအနားသို့ ကပ်သွားသည်။ ခွေးနီမလေးမှာ ပထမသော် အိုက်နီကိုမြင်လျှင် ဟောင်၍ ထွက်ပြေး၏။

အိုက်နီက ကြံသကာကလေးနည်းနည်းဖဲ့၍ ပစ်ပေးလိုက်ရာ အမြီးကလေးနှံ့၍ အိုက်နီအနား ကပ်လာလေသည်။

အိုက်နီ ထောင်ချောက်သို့ဝင်လာသော ခွေးနီမကလေးသည် တဖြည်းဖြည်းနှင့် ချောင်ကျသောနေရာသို့ ရောက်သွားလေရာ အိုက်နီက ကြံသကာပဲ့ကို အကုန်ချကျွေးပြီး အသင့်ပါလာသော ပုံစံလုံချည်တစ်ထည်ဖြင့် ခေါင်းကိုအုပ်၍ နှုတ်သီးကို ဆုပ်လိုက်လေ၏။

ထို့နောက် ပွေ့ချီပြီး စောင်နှင့်ခြုံလိုက်သည်။ မကြာမီ ကြိုးတိုက်နောက်ဖေး ကြိုးစင်အနီးတွင် အသင့်တူးထားသော တွင်းကလေးထဲသို့ ခွေးနီမလေးအား ခေါင်းစိုက်ချလိုက်သည်။

ခွေးနီမလေးအား ခေါင်းမြုပ်သွားအောင် မြေကြီးဖို့လိုက်ရာ ခွေးနီမကလေးမှာ ခြေကားယား လက်ကားယားနှင့် အမြီးကလေးယမ်းကာ အသံတိတ်လှုပ်ရှားနေပေသည်။

အိုက်နီသည် မြေကြီးပေါ်တွင် ပေါ်နေသော ခွေးနီမလေး၏ ဖင်ပိုင်းကို စီးထားသော ခုံဖိနပ်ဖြင့် ဆက်ခါဆက်ခါရိုက်လေရာ ခွေးနီမလေး၏ စအိုမှမစင်များ ပန်းထွက်လာပြီး မကြာမီ ငြိမ်သွား၏။



ထိုအခါ အိုက်နီက ထုံးစံအတိုင်း ခြေရာလက်ရာဖျောက်လိုက်သည်။ ထောင်တွင်း လက်ဖြစ်စည်ပတ်သံပြားကို သွေးထားသောဓားဖြင့် ခွေးနီမရင်ကိုခွဲလိုက်စဉ် အဝေးမှမကြည့်ရက်သော မြင့်သိန်းမှာ မရဲတရဲနှင့် နားရောက်လာလေ၏။

အိုက်နီက မြင့်သိန်းရောက်လာလျှင် ခွေးနီမ၏ ခန္ဓာကိုယ်အတွင်းမှ အသည်းနီနီ ပူပူနွေးနွေးကလေးကို ဓားနှင့်ဖြတ်ပြီး မြင့်သိန်းလက်သို့ လှမ်း၍ ပေးလိုက်သည်။ မြင့်သိန်း၏လက်ထဲ ဆတ်ဆတ်ဆတ်ဆတ် တုန်နေရှာသေးသည်။

မြင့်သိန်းသည် အသည်းပူပူနွေးနွေးကို ပါးစပ်ထဲသွင်း၍ မျိုချလိုက်သည်။ ထို့နောက် ရေအိုးစင်သို့ပြေး၍ ရေသုံးလေးခွက်ကို ဆင့်ကာဆင့်ကာ သောက်ချလိုက်ရသည်။

ခွေးနီမ၏အသည်းသည် လည်ချောင်းမှ တော်တော်နှင့်မကျ။ ညှီစို့စို့ အနံ့ကြောင့် ပျို့တက်လာသဖြင့် ရေတစ်ခွက်ကို ထပ်၍သောက်လိုက်မှ လည်ချောင်းက ကျသွားသည်။

သို့သော် . . . အန်ချင်လာသဖြင့် နေမရ ထိုင်မရ ဖြစ်နေသော မြင့်သိန်းမှာ ပက်လက်လှန်၍အိပ်လိုက်ပြီး ပါးစပ်မှ . . .

''အောင်မယ်လေး . . . ကြောက်စရာ ဆေးမီးတိုပါကလား''

ဟု ညည်းညူမိလေ၏။

ညနေအလုပ်သိမ်းချိန်တွင် အံ့ကျော် အလုပ်မှပြန်လာရာ ထမင်းပန်းကန်ကလေးကိုင်၍ ခွေးနီမကို ရှာလေ၏။ အခါတိုင်းဆိုလျှင် အံ့ကျော်ပြန်လာလျှင် အမြီးကလေးနှံ့၍ ကြိုလေ့ရှိသော ခွေးနီမကလေးမှာ သူ့ဆရာကို မကြိုနိုင်ရှာတော့ပေ။

အံ့ကျော်က ထောင်အနှံ့အပြား ခေါင်းတောက်အောင် လိုက်ရှာသည်။ ဖဲသာဘုရားကုန်းတွင် အိုက်နီတို့လူစု ထမင်းစားနေရာသို့ သွားရောက်ရာ အိုက်နီက အံ့ကျော်အား ထမင်းစားပင် ခေါ်လိုက်သေးသည်။

အိုက်နီရှေ့မှ ဟင်းပန်းကန်ထဲတွင် ဟင်းတုံးမြင်၍ . . .

---

သူရိန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာဟင်းများလဲကွ"

ဟု မေးရာ အိုက်နီက ခပ်တည်တည်ပင် ...

"နေ့လယ်က မြေကြွက်ကြီး လေးငါးကောင် ရလို့ပါကွာ"

ဟု ဖြီးလိုက်လေ၏။

"တော်ပါပြီကွာ ... မစားချင်ပါဘူး။ ငါ့ခွေးမလေး ပျောက်နေလို့ကွ ... မမြင်ကြဘူးလား"

ဟု မေးပြန်ရာ အိုက်နီက ခပ်သွက်သွက်ပင် ...

"နေ့လယ်ကတော့ မြင်သားပဲကွ။ ရေကန်နား ကြည့်ပါဦးလား"

ဟု လိမ့်လွှတ်လိုက်ရာ အံ့ကျော်မှာ ရေကန်ဘက်သို့ ထွက်သွားလေ၏။

အိုက်နီက ခွေးသားဟင်းဖြင့် ထမင်းစားပြီး မြင့်သိန်းပေးသည့် ဆေးပေါ့လိပ်ကို ခဲ၍ စမတ်ကျနေစဉ် အံ့ကျော်ခမျာ အိပ်ခန်းပိတ်သည်အထိ ခွေးနီမ မပေါ်လာသဖြင့် မှိုင်၍နေရှာလေ၏။

လူစုံ၍ အခန်းပိတ်ပြီးချိန်တွင် တမှိုင်မှိုင်ဖြစ်နေသော အံ့ကျော်အား သနားသူတစ်ဦးက နားနားကပ်၍ တစ်စုံတစ်ခုကို ပြောလိုက်ရာ အံ့ကျော်မှာ ဒေါသကို မထိန်းနိုင်တော့ဘဲ လက်နက်မရှိသော ထောင်ထဲတွင် ခေါင်းရင်းမှ သတ္တုပန်းကန်ကို ဆွဲ၍ ...

"မအေ ... ငါထင်သားပဲကွ"

ဟု ပြောပြောဆိုဆို အိုက်နီ၏ကျောစောင်းကို တအားလွှဲ၍ ခုတ်လိုက်လေ၏။

စမတ်ကျကျ တိုင်ကိုမှီ၍နေသော အိုက်နီမှာ ဖြန်းခနဲ မရှောင်သာဘဲ ခံလိုက်ရရာ ခေါင်းမှသွေးတို့သည် ရဲခနဲ ပြန့်ကြဲ၍ သွားလေ၏။

"ဟေ့ ... ဟေ့ ... အံ့ကျော် ... လက်လွန်မယ်"

ဟု ဘဝတူ အကျဉ်းသားများကသာ ဝိုင်းမဆွဲပါမူ အိုက်နီအဖို့ သက်သာလှမည် မဟုတ်ချေ။

ထိုအချိန်တွင် မလှမ်းမကမ်းမှာ စောင်ခေါင်းမြီးခြုံ၍ အိပ်နေသော မြင့်သိန်းမှာ အဖျားတက်ချင်ယောင်ဆောင်ရင်း ဖောချွေးပင်ပြန်နေ၏။ ဖော်





[…]င်းအစကိုသာ အံ့ကျော်သိပါမူ မြင့်သိန်းလည်း ပန်းကန်ပြားစာမိမည်မှာ […]ချာပါ။

"အင်း ... မင်းတို့ဟာက ဒီလိုဆိုတော့ (၁)တရားခံက မြင့်သိန်း၊ (၂)တရားခံက မင်း၊ (၃)တရားခံက အံ့ကျော်ပေါ့ကွာ ... ဟုတ်လား။ မင်းက ဒီလိုဆိုလိုချင်တာပေါ့"

"ဟုတ်ပါတယ် ... ဆရာ၊ ကျွန်တော် သက်သာအောင် ထောင်[…]ကြီးကို ကြည့်ပြောပေးပါ"

"အေး ... မင်းတို့အမှု ကနေ့ ရုံးတင်ရမှာပဲ။ ငါ အံ့ကျော်ဆီ […]ပြီး စစ်ချက်ယူဦးမယ်"

ဟု ပြောပြီးထွက်လာစဉ် ဆေးရုံပေါက်တွင် မြင့်သိန်းအား အဖော် […]ယောက်ကတွဲ၍ ခေါ်လာရသည်ကို တွေ့ရပြန်၏။

ကျွန်တော်က ...

"ဟေ့ ... ဘယ်လိုဖြစ်လာပြန်တာလဲ အသည်းစား အကျဉ်းသား […]ရဲ့"

ဟု လှမ်း၍ နှုတ်ဆက်လိုက်ရာ ...

မြင့်သိန်းက မဲ့ပြုံးကလေးပြုံးကာ ...

"ကျွန်တော့်အပြစ်ပါပဲ ဆရာ၊ ကျွန်တော့်ကို ကယ်ပါဦး"

ဟု လေသံနွဲ့နွဲ့ဖြင့် လှမ်း၍ ပြောရှာ၏။

"အေး ... အဲဒါ ခွေးသရဲဖမ်းစားတာ ခေါ်တယ်ကွ။ သတိထား […]သေရင် ... ကိန် ... ကိန်နဲ့ အော်နေရဦးမယ်"

စိတ်တို၍သာ ပြောရသည်။ ဝတ္တရားက ရှိသေးသဖြင့် ဆေးရုံ […]ပေါ်ရောက်အောင် ပို့ပေးပြီး လူနာစာရင်း ပေးခဲ့ရသည်။

ထိုနေ့တစ်နေ့လုံး ခွေးမှုစစ်ဆေးရ သက်သေခေါ်ရ၊ ဆရာဝန်ထံမှ […]ယူရ၊ ရုံးတင်ပေးရနှင့် လေးနာရီ ရုံးဆင်းချိန်ဖြစ်သော်လည်း ကျွန်[…]မှာ မပြန်ဘဲအလုပ်များနေပါသည်။

(ကျွန်တော်တို့ မန္တလေးဗဟိုအကျဉ်းထောင်တွင် ထောင်မှူး(၁၀)ယောက် […] (၅)ယောက်စီ အလှည့်ကျတစ်ရက်ခြားစီ ထောင်ဖွင့်ပိတ်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေ (၅) နာရီခွဲ၍ ထောင်ပိတ်ခါနီးမှ ခွေးသတ်မှုစစ်ဆေးပြီးစီး၍ ပြန်
သည်။ ပြီးစီးသည်ဆိုရသော်လည်း လုံးဝပြီးစီးသည် မဟုတ်သေးပါ။ မနက်
ဖြန် ဆက်လက်စစ်ဆေးရန် ရက်ချိန်းလိုက်ခြင်း ဖြစ်ပါသည်။ နောက်တ
နေ့တွင် အိုက်နီ ညွှန်ပြသည့်အတိုင်း ကြိုးတိုက်နောက်ဖေးတစ်နေရာမှ
ကျော်၏ ခွေးနှိမ်ကလေး ဦးခေါင်းနှင့် ခြေလေးချောင်း၊ အမြီးတို့ကို တူး
တင်ပြရပါသည်။)

ဆက်လက်၍ သွေးများ ပေကျံနေခြောက်သွေ့နေသော အုံ့ကျော်
ဒန်ပန်းကန်ပြားကိုလည်း သက်သေခံပစ္စည်းအဖြစ် တင်ပြရပါသေးသည်
အမှုအားလုံး စစ်ဆေးပြီးသောအခါတွင် အုံ့ကျော်အား အိုက်နီကိုရိုက်
ဖြင့် တိုက်ဒဏ် (၁၅)ရက်နှင့် ဆုမှတ်ရက် (၁၅)ရက် ဖြတ်လိုက်ပါသေ
သည်။

အိုက်နီအား ယခင်က စွဲကြောင်းအပြစ်များ ရှိခဲ့ဖူးသည့်အပြ
ယခုကျူးလွန်သော ရက်စက်သည့် ခွေးသတ်မှုဖြင့် တိုက်ဒဏ်တစ်
ထောင်ထဲက ထောင်တွင် ချထားလိုက်ပါတော့သည်။

ထိုနေ့မှစ၍ မန္တလေးဗဟိုစံပြထောင်အတွင်းရှိ ခွေးထီး၊ ခွေးမ
အရွယ်အစားစားတို့ကို ထောင်ပိုင်ဝန်မင်းအမိန့်ဖြင့် ဖမ်းဆီး၍ ဂုန်နီအိ
ဖြင့်ထည့်ပြီး မြစ်ငယ်တစ်ဖက်ကမ်းသို့ ပို့လိုက်ရပါသည်။ တကိန်ကိန် တ
ဝုန်းမြည်နေသော ခွေးဖမ်းပွဲအသံကို ကြားနေရသော ထောင်သော
အကျဉ်းသားမြင့်သိန်းသည် ခွေးသည်းစားမိ၍လားမသိ၊ ခွေးသံကြား၍
နေပေတော့သတည်း။

✿ ✿ ✿

မင်းသူ



www.burmeseclassic.com

# | ၁ |

"ဒေါင် ... ဒေါင် ... ဒေါင် ... ဒေါင် ..."

ဂါတ်မကြီးအထက်ပေါ်ရှိ ဗဟိုကင်းမျှော်စင်ထက်မှ ညနေထော ပိတ် သံချောင်းခေါက်သံ ထွက်လာတယ်။ ဒီလို သံချောင်းခေါက်သံ ထောင်မှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းတိုင်း နားလည်သဘော ပေါက် လက်ခံထားတာကတော့ ရွှေရင်အေးသံချောင်းသံလို့ မှတ်ထင် ကြတယ်။

ယခုလို ထောင်ပိတ်သံချောင်းခေါက်သံကို ကြားလိုက်ရမှပဲ အိ ဆောင်ထဲမှာ ရှိနေကြတဲ့ အကျဉ်းသူမိန်းမတစ်သိုက်မှာ ပျော်လိုက်က သည့်ဖြစ်ခြင်း။ ဟုတ်တယ်လေ ...တစ်နေ့လုံး ပုံစံအောက်မှာပဲ ပြ ပြားဝပ် လုပ်ဆောင်နေကြရတာ မဟုတ်လား။

ထောင်ထဲမှာများ ထောင်ကျလာခဲ့လို့ ဖိမ်နဲ့ နှပ်နေရမလားမှ တယ် ဝေးပါသေး။ ဟိုလူက ခေါ်ခိုင်းလိုက်၊ ဒီလူက ဟောက်လိုက်နဲ့ ဘယ် သူ့ကို ကြောက်ရမှန်းတောင် မသိပါဘူး။





ယူနီဖောင်းဝတ်ထားတဲ့ ဝန်ထမ်းတွေဆိုတာကလည်း အလုပ်မရှိ အလုပ်ရှာ ခိုင်းစားနေကြတာ။ ယူနီဖောင်းသာ ဝတ်ထားလို့ ဩဇာအာဏာ ရှိမယ်များ မှတ်နေသလား။ ထောင်ထဲမှာ တကယ့်တကယ် အာဏာရှိနေ တာက တန်းစီ၊ ဗာရာတွေပဲလေ။

သူတို့တွေက ထောင်ကျလာသူအချင်းချင်း ဘိန်းတစ်လုံး ပို့ရခွင့် ရသူတွေ။ ထောင်ထဲမှာတော့ လုပ်ငန်းမှန်သမျှ လက်ဝါးကြီးအုပ် ဖန်တီး ပေးနေကြသူတွေဆိုတော့လည်း အနီးကပ်ရန်သူဟာ သူတို့တွေပဲ။ တစ်နေ့ တာလုံး အလုပ်နဲ့လက် ဖယ်ဆက်သလိုလုပ်နေခဲ့ရတာ ပင်ပန်းလွန်းလို့ သေ ရောမယ်။

ခုလို ထောင်ပိတ်သံချောင်းခေါက်သံ ကြားလိုက်ရတော့မှပဲ ဟင်းချ ပြီးတော့ စိတ်အေးလက်အေး နားရတော့မယ်မှတ်တယ်။ ဘာတဲ့ ... ညကင်း ဗာရာတဲ့လေ။ အိပ်ဆောင်ကြီးထဲမှာ ရှိနေကြတာ မိန်းမသားချည်းဆိုတော့ ဘယ်သူက ဘာမဟုတ်တာများ ကြံစည်နိုင်မှာလဲ။ ဘယ်သူတွေက အတင်းချ ငြင်းခုံကြရင်း ရန်ဖြစ်နေကြမလဲ။

အိပ်ဆောင်ထဲမှာ ညဘက် နေထိုင်မကောင်းဖြစ်တဲ့ လူနာကို တာဝန်ရှိသူ အဆင့်ဆင့်ထံကို သိရှိနိုင်အောင် သတင်းပို့ဖို့ ဘယ်သူက တာဝန်ယူမှာလဲ။ ညဘက် အိမ်သာကို တက်နေတဲ့လူတွေ စည်းမရှိကမ်းမရှိ တက်နေကြတာကို ဘယ်သူက စောင့်ကြည့်ပေးမှာလဲ။

အဲ့ဒီလို ပြဿနာအမျိုးမျိုးကို တာဝန်ယူဆောင်ရွက်ပေးဖို့အတွက် ညကင်းဗာရာတွေခန့်ပြီး တာဝန်ခွဲဝေပေးရမယ်လေ။ ဒီတော့ ညကင်း တာဝန်ကျတဲ့ ညကင်းဗာရာခေါ် အိပ်ဖန်စောင့်တွေကို ရွေးပြီး တာဝန်ပေးမှ အဆင်ပြေမှာပေါ့။ ညကင်းဗာရာစောင့်နေရလို့ အခွင့်အရေးမရှိဘူး မထင် နဲ့။ ညကင်းဗာရာတွေဟာ တစ်နေ့လုံး အလုပ်လုပ်တဲ့လူတွေလိုပဲ နားရက် မရှိလုပ်နေရလို့ တနင်္ဂနွေဆုမှတ်ရက် တစ်ရက်ပိုရသွားတယ်။

ရိုးရိုးထောင်ကျနေတဲ့ အကျဉ်းသူက ရိုးရိုးသာမာန်ဆုမှတ်ရက် (၄) ရက်ပဲ ခံစားခွင့်ရတာ။ ဗာရာဆိုတာက အပိုဆောင်း တစ်ရက်ထပ်ရတော့

www.burmeseclassic.com



တစ်လဆုမှတ်ရက်က (၅) ရက် ရသွားတယ်။ ထောင်ထဲမှာ ဆုမှတ်ရက် တစ်ရက် ပိုရတယ်ဆိုတာ နည်းတဲ့ဆုလာဘ်မှမဟုတ်တာ။ မယုံရင် ထောင်ထဲ တစ်ရက်ပဲ ဝင်ကြည့်စမ်းပါ။ ဘယ်လောက် စိတ်သောကတွေ ခံစားနေရမလဲဆိုတာ ထောင်ကျဖူးတဲ့လူတိုင်း နားလည်သဘောပေါက်နေကြတယ်။

အဲ . . . ညကင်းဟာရာဆိုတာ ထောင်ကျနေတဲ့လူတိုင်းက လုပ်ချင်တိုင်း လုပ်လို့မရတဲ့ ရာထူးမျိုးပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဟာရာတစ်ယောက်ဖြစ်ဖို့ဆိုတာ ဟာရာအရည်အချင်းရှိမှ ဟာရာလုပ်ခွင့်ရှိတာ။

အဲ့ဒါကတော့ ဟာရာတစ်ယောက်ဖြစ်ဖို့ ပထမဆုံး ထောင်ကျနေတဲ့ နေသားချည်း သုံးပုံတစ်ပုံရှိရမယ်။ (ဥပမာ ထောင်သုံးနှစ်ကျသူဟာ ထောင်ထဲမှာ နေသားတစ်နှစ်ရှိရမယ်) အများတကာထက်ပိုပြီး စည်းကမ်းစနစ်ကောင်းရမယ်။ သူငှာနှင့် ဆက်ဆံတဲ့နေရာမှာ ဆက်ဆံရေးပြေပြစ်ရမယ်။ အလုပ်လုပ်တဲ့နေရာမှာ မနိုမကပ်ဘဲ လုပ်တတ်သူဖြစ်ရမယ်။

ဒီလို စံနှုန်းရှိသူကို တန်းစီးလုပ်သူက ရွေးချယ်ပေးရတာဖြစ်တယ်။ အမှန်တော့ သူတို့အတွက် နိုင်းလို့စေလို့ရမယ့်သူ၊ သူတို့ သြဇာညောင်းမဲ့သူကို ရွေးခဲ့တာ။ ယင်းကဲ့သို့ ဟာရာတစ်ယောက်ရဲ့ တာဝန်နဲ့ ခံစားခွင့်တွေကို ရပြီးတော့ လုပ်ငန်းတာဝန်ချိန်က တစ်ဂျူတီကို နှစ်နာရီ ကင်းစောင့်တာဝန်ယူရတယ်။

စောစောပိုင်းကင်း တာဝန်ကျခဲ့တဲ့ ညကင်း ဟာရာစောင့်ရသူကတော့ ထောင်ပိတ်ပြီးသွားချိန်ကစပြီး ညအိပ်ချိန်ပေးတဲ့ ညကိုးနာရီထိ တာဝန်ယူ ကင်းစောင့်ရတယ်။ ထောင်ပိတ်ချိန်ပြီးဆိုလို့လည်း တိတိကျကျ ခန့်မှန်းလို့မရပါဘူး။ ထောင်ထဲမှာ ပြဿနာတစ်စုံတစ်ရာပေါ်လို့ ထောင်ပိတ်လူပေါင်း မကိုက်နိုင်သေးသမျှ ဟာရာတာဝန်ကျသူက အိပ်ဆောင်ထဲက တာဝန်အားလုံး ယူထားရတယ်။ လူပေါင်းမကိုက်သေးသမျှ ထောင်ပိတ်မရဘူးလေ။

ဒီတော့ ဂိတ်မကြီးပေါ်က ဗဟိုကင်းကလည်း ဘယ်မှာ ထောင်ပိတ်သံချောင်းခေါက်လို့ ရနိုင်ပါ့မလဲ။ အဲဒီလို ထောင်ပိတ်သံ၊ ချောင်းခေါက်





သံ မကြားရသေးသမျှ အိပ်ဆောင်တိုက်ခန်းတွေထဲ ရှိနေကြတဲ့ အချုပ်သား အချုပ်သူ၊ အကျဉ်းသား၊ အကျဉ်းသူအားလုံး ကိုယ့်အိပ်ဆောင်ထဲက အခန်းတွေထဲမှာ ပုံစံမဖျက်ရဘဲ ထိုင်နေကြရတယ်။

အဲ့ဒီအချိန်မှာ တန်းစီးဟာရာတွေ ခြေချင်းလိမ်နေကြပြီလေ။ အိပ်ဆောင်လူပေါင်း မကိုက်သမျှ အခါခါပြန်ရေတွက်နေရလို့ အလုပ်တွေ ရှုပ်နေပြီ။ မိမိအိပ်ခန်းထဲကများ လူပေါင်းရေတွက်တာ မှားလို့ကတော့ သေပြီဆရာပဲ။

အိပ်ဆောင်ထောင်မှူးက လက်ရှိတာဝန်ကနေ ချက်ချင်းရပ်စဲပြီး အခန်းပြောင်းခံရမယ်ဆိုတော့ တဝန်ရှိတဲ့ အခန်းလူကြီးတွေ မျောက်မီးခဲကိုင်မိသလို မိမိလက်အောက်က အခန်းစာရေးကို ထုထောင်းပြီး ကြိမ်းမောင်းဆဲဆိုနိုင်းတော့ စာရင်းမမှားအောင် ဂရုစိုက်မှတ်နိုင်အောင်ပါ ့အမြှုပ်ထွက်မတတ် ပြောနေရရော။

ဒီတော့ အခန်းစာရေးကလည်း မိမိလက်အောက်က ညကင်းဟာရာတွေကို ပါဝါအာဏာဆက်ပြပြန်ရော။ ဟိုကောင် . . . မင်းအမေလင်မို့လား။ မယားပါသားမို့လား။ ပထွေးမို့လို့လားနဲ့ အပြစ်ရှာပြီး ချစ်တီးခေါင်းသန်းရှာသလို ပြဿနာကို ဘဲဥအစရှာမရသလိုလို လုပ်ကြတော့တာပါ။

အိပ်ဆောင်ထဲမှာ ထောင်ပိတ်ပုံစံထိုင်နေကြရတဲ့ လူတွေဆိုတာ နေစရာကိုမရှိဘူး။ အိပ်ခန်းဘေး မျဉ်းတန်းနားမှာ နှစ်ယောက်တစ်တွဲစီ တန်းစီပြီး ထိုင်နိုင်းနေတာတောင် တန်းကောက်လို့၊ ထိုင်တာမညီလို့၊ ပုံစံအတိုင်း မထိုင်လို့ဆိုပြီးတော့ ဟာရာတွေက လူရေတွက်ရခက်တယ်ဆိုပြီး အသားလွတ် နံကြားထဲ ဆောင့်ကန်တာလည်း ခံနေရပြန်ရော။

ဒါကြောင့် အကျဉ်းထောင်ကြီးထဲမှာ ထောင်ကျနေခဲ့ကြသူတွေအားလုံးနဲ့ ထောင်ဝန်ထမ်းအားလုံးဟာ ဒီထောင်ပိတ်သံချောင်း ခေါက်သံကြားလိုက်ရမှပဲ တစ်နေ့တာ အေးအေးချမ်းချမ်း ပြီးစီးသွားလို့ စိတ်ချလက်ချ နားနေပြီလို့ သတ်မှတ်ခဲ့ကြတယ်။ ဒီလို ထောင်ပိတ်သံချောင်းခေါက်သံကို



www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရမှ ထောင်ဝန်ထမ်းအားလုံးအတွက် ရွေရင်အေးသံချောင်းခေါက်သံလို့ အားလုံးကပိုင်းပြီး တင်စားသတ်မှတ်ခဲ့ကြတယ်။

ထောင်ပိတ်သံချောင်း ခေါက်ပြီးသွားတာနဲ့ အကျဉ်းထောင်ဝန်ထမ်းများက နေ့ဂျူတီ တာဝန်ပြီးဆုံးသွားလို့ ထောင်အပြင်ဘက်မှာရှိနေတဲ့ မိမိတို့အိမ် အသီးသီးကို ပြန်ခွင့်ရသွားတယ်။ ညဂျူတီရှိသူများက ဆက်လက်တာဝန်ယူရတယ်။ ဒီတော့ ဝန်ထမ်းတွေရဲ့ဘဝတွေကလည်း ဆုံလည်နွားပမာ ဖြစ်နေကြတာပေါ့။

မိန်းမဆိုတာမျိုးကလည်း သိကြတယ်မဟုတ်လား။ ပစ်ပစ်စပ်များကြတာ၊ သူများအတင်းဆို ပိုက်ဆံမပေးရတိုင်း အမနာပပြောနေချင်သူတွေ၊ အငြင်းအခုံသန်တဲ့သူတွေ၊ မရှိကို အရှိလုပ်ပြီး ဟိတ်ဟန်မော်ကြွားနေချင်သူတွေ၊ မျက်နှာမှာတော့ သနပ်ခါး၊ ပေါင်မှာသေးစီးကြောင်းနဲ့ ယောကျ်ားတကာအပေါ်က လူပိုပိုမြူချီချီ ပလီပလာလုပ်တတ်သူ များတယ်။

ညကင်းဟာရာတာဝန်ကျနေသူဆိုတော့ သူတို့လို မအားရပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ နာရီအချိန်ကျတိုင်း ဂိတ်မကြီးပေါ်ကနေ ခေါက်လိုက်တဲ့ နာရီမောင်းထိုးသံကို အုတ်ရိုးပတ်ပတ်လည်မှာရှိတဲ့ မျှော်စင်ကင်းတွေသာမက အုတ်ရိုးကြီးအတွင်းမှာရှိကြတဲ့ အိပ်ဆောင်အသီးသီးက ညကင်းဟာရာတွေဆိုတာကလည်း အချိန်နဲ့ တပြေးညီ ပါးစပ်ကလည်း မနားရ၊ လက်ကနည်း မနားရဘဲ ဝါးဆစ်ခေါက် သတင်းပို့နေကြရတယ်။

☀ ☀ ☀

၂

❑

"တောက် ... တောက် ... တောက် ..."

ဂိတ်မကြီးပေါ်က အစောင့်စန္ဒရီကြားအောင် ခြောက်ကိုးဟာရာ မကြည်ပြာက လက်ထဲမှာ ကိုင်စွဲထားတဲ့ ဝါးဆစ်ပိုင်းလေးကို ဝါးတုတ်တံလေးနဲ့ အချက်ပေးခေါက်လိုက်ရင်း ...

"အမျိုးသမီးဆောင် လူပေါင်း နှစ်ရာ့ငါးဆယ်သုံးယောက် အားလုံးကောင်းရှင့်"

အဲဒီလို မိမိအိပ်ဆောင်ထဲမှာရှိနေတဲ့ ထောင်ပိတ်လူပေါင်းဦးရေရဲ့ အခြေအနေကို အော်ပြီး သတင်းပို့ရတယ်။ သူ့နာရီမောင်းခေါက်တဲ့အချိန်တိုင်း သတင်းပို့ရတယ်။ နာရီမောင်းဆိုတာကလည်း ဂိတ်မကြီးပေါ်မှာပဲရှိတာ။ နာရီ ဘယ်အချိန်ရှိနေပြီဆိုတာကို အစောင့်စန္ဒရီရဲ့ နာရီမောင်းထိုးသံတာ အချက်ပြနေတယ်။

ထောင်ထဲမှာ နာရီမောင်းကို ခေါက်တော့မယ်ဆိုရင် ပထမဆုံး သံချောင်းလေးချက် အရင်ခေါက်လိုက်တယ်။ ပြီးမှ နာရီမောင်းတစ်ချက်

www.burmeseclassic.com



ခေါက်လိုက်ရင် ပထမပိုင်း (၁၅) မိနစ်ဖြစ်တယ်။ နှစ်မောင်းခေါက်ရင် နာရီဝက် အဲ့ဒီလိုနာရီချိန်အတွင်း ခေါက်နေတယ်။ ပထမဆုံး နာရီမောင်း အရေတွက် မခေါက်ခင်မှာ သံချောင်းလေးချက်နဲ့ နာရီမောင်း ထိုးတော့မယ် ဆိုတာ အချက်ပေးခေါက်ပြီးမှ နာရီမောင်းထိုးတဲ့ အရေအတွက်ကို ဆက်တိုက် ခေါက်ရတယ်။

အဲဒီလို နာရီမောင်းထိုးဖို့ သံချောင်းလေးချက် ခေါက်နေတဲ့ အချိန်မှာ ဗာရာတာဝန်ကျနေတဲ့ မကြည်ပြာက ဝါးကျည်တောက်လေးနဲ့ တုတ်တံကို အဆင်သင့်ကိုင်ပြီး စောင့်နေရတယ်။ ဂါတ်မကြီးပေါ်က သံချောင်းခေါက်ပြီးတာနဲ့ အရင်ဆုံး အုတ်ရိုးပတ်ပတ်လည်ပေါ်မှ ကင်းမျှော်စင်လေးတွေက အမှတ်စဉ်အတိုင်း ဆက်ခေါက်သွားတယ်။ ပြီးမှ အိပ်ဆောင်တွေဖြစ်တဲ့ ယောကျ်ားအချုပ်ဆောင်၊ ထောင်ကျဆောင်တွေက သတင်း ဆက်ပို့သွားရတယ်။

နောက်ဆုံးမှ မကြည်ပြာတို့ အမျိုးသမီးဆောင်ကနေ သတင်းပို့ရတယ်။ ပထမဆုံး ညကင်းဗာရာတာဝန်ကျသူက မကြည်ပြာ။ ညနေထောင်ပိတ်ပြီးသည်ဖြစ်စေ၊ မပြီးသည်ဖြစ်စေ ည(၆)နာရီမှ (၉)နာရီထိ ပထမ ညကင်းဗာရာက စတင်တာဝန်ယူပေးရတယ်။ ပြီးမှ အိပ်ချိန်ပေးတဲ့ ည (၉) နာရီမှ ဂါတ်မကြီးပေါ်က အစောင့်ကနေ အိပ်ချိန်လို့ အသံအကျယ်ကြီး အော်ပြောပြီး နာရီမောင်း ကိုးချက်ခေါက်ရတယ်။

ညကင်းဗာရာတာဝန်ကျသူတွေဟာ ည(၆)နာရီနဲ့ (၉)နာရီမှာ ပထမညကင်းဗာရာတာဝန်၊ ည(၉)နာရီမှာ (၁၁)နာရီထိ ဒုတိယညကင်း ဗာရာရဲ့တာဝန်၊ ည(၁၁)နာရီမှ (၁)နာရီမှာ တတိယညကင်းတာဝန်၊ ည(၁) နာရီမှ (၃)နာရီ စတုတ္ထကင်း၊ ည(၃)နာရီမှ မနက်ထောင်ဖွင့်ချိန် (၅)နာရီထိ နောက်ဆုံး ကင်းတာဝန်ယူရတယ်။

ဒါကြောင့် စောဦးပိုင်းကင်းတာဝန်ကို ယူထားရသူကတော့ ည (၆)နာရီက (၉)နာရီဖြစ်လို့ မကြည်ပြာက တာဝန်ကျတယ်။ ဒါကို အားလုံး က ခြောက်ကိုးဗာရာ မကြည်ပြာဆိုတာ သဘောပေါက်ခဲ့ကြတယ်။





"ထောင်ဝင်နံပါတ် ၁၂၅၆/စီ မိအေး သေးပေါက်"

ညဘက်မှာ အိမ်သာတက်ချင်ကြတဲ့ အကျဉ်းသူဟာ မိမိပြုလုပ်ချင်တဲ့ကိစ္စကို ညကင်းဗာရာထံ သတင်းပို့ပြီးမှ အိမ်သာသွားရောက်ခွင့်ရှိတယ်။ နို့မို့ဆို အိပ်ဆောင်ထဲမှာ သူ့သွားချင်၊ ငါသွားချင်နဲ့ နေရာလုနေရမယ်။ ထောင်ဆိုတာ အဲဒါပါပဲ။ ထောင်ထဲမှာတော့ ဘာလုပ် လုပ်ဘာကိုင်ကိုင် သက်ဆိုင်ရာကို သတင်းပို့ပြီးမှ သွားလို့လာလို့ရတယ်။ လုပ်လို့ ကိုင်လို့ရတယ်။ အဲဒါဟာ ပုံစံပါပဲ။ အရာရာကို ပုံစံနဲ့ ချုပ်ကိုင်ထားတဲ့နေရာမို့ ပါပဲ။

ဒီလိုနေရာတိုင်းမှာ ထောင်စည်းဥပဒေတွေနဲ့ ထိန်းချုပ်ထားတဲ့ နေရာမို့ သွားရေး၊ လာရေး၊ နေရေး၊ ထိုင်ရေး အစစအရာရာ တင်းတင်းကြပ်ကြပ် ရှိနေတယ်။ ဒါကြောင့် ထောင်ထဲမှာ ဘယ်နေရာမှ လွတ်လွတ်လပ်လပ် လုပ်ပိုင်ခွင့်၊ နေပိုင်ခွင့်ဆိုတာ မရှိဘူး။

ညဆို ကိုယ့်အိမ်ကိုယ့်ရာမှာလို အိမ်သာခဏခဏသွားချင် တိုင်း သွားလို့မရဘူး။ ထောင်ထဲမှာက ကိုယ်အိပ်နေတဲ့နေရာကနေ ထဖို့တောင် ခွင့်မရှိဘူး။ ညကင်းဗာရာကို ကိုယ်လုပ်ချင်တဲ့ကိစ္စ လှမ်းသတင်းပို့မှ ဗာရာက ခွင့်ပြုပေးလျှင် အိပ်တဲ့နေရာက ထသွားလို့ရတယ်။

အဲဒီလို အိမ်သာကိုလည်း တစွတ်စွတ်နဲ့ ထသွားထလာသွားချင် တိုင်း သွားလို့မရဘူး။ အိမ်သာခဏခဏထသွားနေတဲ့သူကို ညကင်းဗာရာက စာရင်းမှတ်ထားရတယ်။ တစ်ညလုံး ဘယ်နှစ်ကြိမ် အိမ်သာတက်တယ် ဆိုတာကအစ မှတ်ထားရတယ်။

ဒီလိုမှတ်ရတာကလည်း အကြောင်းရှိတယ်။ နံနက် ထောင်ဖွင့်ပြီး ချိန်မှာ အိပ်ထောင်ထဲက သေးအိုး၊ ချေးအိုးကို အိပ်ဆောင်အပြင်ဘက် သယ်ပို့သည့်အခါမှာ စောစောက အိမ်သာတစ်ညလုံး အကြိမ်အရေအများဆွာ ရှိသူနှင့် နံနက်ထောင်ဖွင့်ကာနီးမှာ မအောင့်နိုင်လို့ အိမ်သာတက်သူကို ဗာရာက စာရင်းမှတ်လိုက်ပြီး နှစ်ဦးထမ်းချရတယ်။



www.burmeseclassic.com

www.burmeseclassic.com



သေးအိုးဆိုလို့ ပေါ့သေးသေးမထင်နဲ့။ ဂန်ဖလားလောက်အရွယ် မဟုတ်ဘဲ (၂၅)ပိဿာဝင် စဥ့်အိုးထဲမှာ တစ်ညလုံး လူတကာပေါက်ထားတဲ့ သေးအိုးနဲ့ မိလ္လာပုံးကို နှစ်ယောက်သား ထမ်းထုတ်ရတယ်။ ဒီအလုပ်မျိုး ဘယ်သူ လုပ်ချင်ပါ့မလဲ။ အဲဒီလို မလုပ်ချင်သူတွေကို လုပ်ချင်အောင် ညာကင်းဗာရာက စောင့်ဖမ်းရတယ်။

အဲ . . . အိပ်ဆောင်အပြင်ဘက် မိလ္လာချောင်ကို ထမ်းပို့ရတယ်ဆို ပေမယ့် မိလ္လာချောင်မှာ ညစ်ပတ်နံစော်နေတယ်များ မှတ်လား။ ဝေးပါသေး ရဲ့။ ထောင်ထဲက မိလ္လာချောင်ဆိုတာ သန့်ရှင်းသန့်ပြန့်ပြီး ထမင်းထိုင်စား လို့တောင် ရတဲ့နေရာမျိုး။ မိလ္လာချောင်ထဲမှာ ထုံးသုတ်ထားတာကလည်း ဖွေး ဖွေးလှုပ်နေတာပဲ။ အောက်ကို သေးတစ်စက်၊ ချေးတစ်စက်မကျအောင် ထွက်ကျစရာမရှိဘူး။

အဲဒီလိုမကျအောင် သေးပေါက်ချင်တဲ့သူဆို ဂန်ဖလားလို့ခေါ်တဲ့ စဥ့်အင်တုံလေးခံထားပြီး အုတ်ခုံလေးနှစ်ခုပေါ်မှာ ထိုင်သွားရတာ။ ချေးယို မယ်ဆိုရင်လည်း ကိုယ့်ဘာသာ ဖွဲပုံထဲကဖွဲကို ဂန်ဖလားထဲထည့်ပြီး စော စောကလို ပါလို့ရတယ်။

အဲ . . . စောစောကလို ကိစ္စဝိစ္စပြီးစီးသွားရင်တော့ ကိုယ့်ပြဿနာ ကိုယ် ရှင်းရတယ်။ ဒီလိုမှ ကိုင်ရတွယ်ရတာရွံလို့ မရှင်းချင်ဘူးဆိုလျှင်တော့ မိလ္လာဘုတ်ကိုင်ကို သတင်းပို့ပြီး ဆေးလိပ်(၁၀)လိပ် လိုင်းကြေးဝင်ရတယ်။ မိလ္လာဘုတ်ကိုင်ကလည်း သူ့လက်အောက်မှာရှိနေတဲ့ ဘောက်ဆင်းအကျဉ်း သူတွေထဲက ပြောလို့နိုင်းလို့ရမယ့် သာတီးဒီခေါ် အခြေအနေမဲ့မှ ထောင် ကျလာတဲ့ ကျသစ်အကျဉ်းသူကို ဆေးလိပ်သုံးလိပ်လောက်ပေးပြီး ခိုင်း လိုက်တာပဲ။

(စကားချပ်။ ။ ၁၉၈၀ ပြည့်နှစ်မတိုင်ခင် မိလ္လာကျင့်သုံးစနစ်ဖြစ်သည်။)

ဘောက်ဆင်းအကျဉ်းသူဆိုတာကလည်း ထောင်ထဲကို ရောက် လာခဲ့ပြီး ထောင်ပိုင်ကြီးက မအားလပ်သေးလို့ လူသစ်မကြည့်ရသေးတဲ့





အကျဉ်းသူအသစ်စက်စက်ကို လေဘာမချသေးခင်မှာ ကြုံရာဘောက်ထမ်း အလုပ်တွေ ဆင်းခိုင်းနေတာကို ခေါ်တာပါ။ သာတီးဒီဆိုတာကလည်း သိ တယ်မဟုတ်လား။ ရပ်ကွက်ထဲမှာ နေစရာထိုင်စရာမရှိနဲ့ လိပ်စာမေးပြန် ရင်လည်း အမှတ်မရှိ၊ လမ်းမရှိ၊ ကီလီတောတံတားဆိုတဲ့ အုပ်စုတွေပေါ့။ အိပ်စရာနေရာ မရှိကြတော့ ရဲတွေက မှောင်ရိပ်ခိုမှုနဲ့ဆွဲရော။ လုပ်ငန်း ဘာဘာညာညာ အလီဘိုင်မပြနိုင်တော့ ခြေချုပ်ပုဒ်မတွေတပ်ပြီး နောက်ဆုံး အရင်းစစ်ကြည့်တော့ ခြေချုပ်ဖောက်ဖျက်မှု၊ အချိန်မတော် လမ်းလျှောက် မှု၊ မှောင်ရိပ်ခိုမှု စသည့် ပုဒ်မတွေဟာ သာတီးဒီလို့ အများခေါ်ကြတဲ့ ပုဒ်မ ၃၀ (ဃ) တွေ ဖြစ်ကုန်ကြတယ်။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

[၃]

❑

ကျွန်မက ခြောက်ကိုးဗာရာ တာဝန်ကျနေတဲ့ မကြည်ပြာပါ။ ကျွန်မလည်း ဘာပြဿနာများ ဖြစ်ပွားလေမလဲဆိုတဲ့ စိုးရိမ်စိတ်နဲ့ ကျွန်မ တာဝန်ချိန်မှာ စောင့်ကြည့်နေရတယ်။ ဘယ်ချောင် ဘယ်နေရာကများ ပြဿနာမီးပွား လွင့်စင်ထွက်လာမလဲဆိုတဲ့ အတွေးလေးနဲ့ ဗာရာလျှောက်လမ်းပေါ် လမ်းသလားနေရင်း စောင့်ကြည့်နေခဲ့တယ်။

သိတဲ့အတိုင်း အမျိုးသမီးချည်း စုစည်းထားတဲ့နေရာဆိုပြီးတော့ အထင်မသေးလိုက်နဲ့။ မိန်းမသားဆိုတာမျိုးက အူတိုမျိုးတွေ ငုံးဆူ၊ လူမသိပေမဲ့ ရင်ထဲမှာ ဂြိုဟ်အခဲထားပြီး တေးမှတ်ထားသည်က အများကြီး။

''ဟဲ့ကောင်မ . . . ဖယ်စမ်း၊ ဒါ ငါ့နေရာ''

ခပ်စွာစွာ အော်ဟစ်အမိန့်ပေးနေတဲ့အသံဟာ ဆူဆူညံညံ စကားသံတွေကြားက ဖောက်ထွက်လာတယ်။ ကျွန်မလည်း ဗာရာကင်းစောင့်နေရင်း ကြားလိုက်ရတဲ့ ရူးရူးဝါးဝါး အော်ဟစ်ပြောဆိုသံကြောင့် ရင်ထိတ်သွားတယ်။ မိလ္လာချောင်နားမှာ ညဘက် အိမ်သာတက်မယ့်သူတွေအတွက်





ဂန်ဖလား၊ မိလ္လာတိုင်ကီပြွတ်တွေ အဆင်သင့်ရှိမရှိ သွားရောက်စစ်ဆေးနေစဉ်မှာ ကြားလိုက်ရတဲ့အသံကြောင့် နောက်ပြန် လှည့်လာရတယ်။

မိန်းမထောင်ထဲက အိမ်သာဆိုတာကလည်း ဟိုခေတ်အခါက ယောက်ျားအိမ်သာပုံစံမျိုးလိုပဲ တိုင်ကီပြွတ်ပေါ်မှာ သစ်သားနှစ်ချောင်း ခွတင်ပြီး နောက်ဖေးသွားရတာ။ လူတစ်ကိုယ်စာ အကာအကွယ်ပဲရှိတယ်။ ကိုယ်က အိမ်သာတက်နေပြီဆို အောက်က သံမံတလင်းပေါ်က ဖျာကြမ်းပေါ်မှာ အိပ်နေကြသူတွေကို အပေါ်စီးက ကြည့်နေရသလိုပဲ မိလ္လာချောင်မှာ ဆီးသွားရတဲ့ အစိတ်ဝင်အိုးမှာတော့ အကာအရံမရှိဘူး။ မိန်းမသားချည်း ရှိနေတဲ့နေရာဆိုတော့ တစ်ယောက်နှင့်တစ်ယောက် ဂရုစိုက်စရာမလိုဘူးလေ။

''ကျွန်မ စောစောကတည်းက အိပ်ရာနေရာချထားပေးလို့ ဒီမှာ အိပ်နေခဲ့တာပါ''

''မလိုချင်ဘူး . . . ငါက ဒီအိပ်ဆောင်က စည်းကမ်းထိန်းသိမ်းရေး ဘုတ်ကိုင်။ ငါအိပ်ချင်တဲ့နေရာ အိပ်မယ်။ ဘာဖြစ်လဲ''

''ဟော့ကောင် . . . . နင် ဒီလိုဗိုလ်ကျလို့ မရဘူးကွ။ ဒါ ငါ့ကောင်မလေးကွ။ ညနေ ရုံးပြန်ဝင်လာကတည်းက ငါခေါ်ပြီး ကျွေးမွေးထားတဲ့ ကောင်မလေးပဲ''

''မလိုချင်ဘူး . . . ငါက စည်းကမ်းထိန်းသိမ်းရေးဘုတ်ကိုင် ဖိုးချစ်ကွ။ ဘာလုပ်ချင်လဲ''

အဲဒီလို နေရာလုကြရင်း အဝေမတည့်ကြလို့ စကားများပြီး ရန်ဖြစ်ကြဖို့ တာစူနေကြပြီ။ ထောင်ထဲမှာ ယောက်ျားလျာဆိုတာတွေကလည်း ခပ်သည်းသည်း ခပ်ကဲကဲတွေလေ။ သူတို့ကိုယ်သူတို့ အတောင်နှစ်ဆယ်ဝတ် ယောက်ျားတွေလို့ မှတ်ထင်နေကြတယ်။ အိပ်ဆောင်ထဲမှာ ယောက်ျားသားတွေလို အချစ်တော်ဖွဲ့ရတာနဲ့၊ ဆွဲစားမယ်ဆိုတဲ့ ကြိမ်းဝါးသံတွေကို ကြွေးကြော်ပြောဆိုနေကြတာများ သူတို့ကိုယ်သူတို့ ဘဝမေ့နေကြတဲ့ အတိုင်းပဲ။



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ငါကလည်း ထမင်းဘုတ်က မောင်ငွေဆိုတာပဲ။ ငါ့သဘောနဲ့ငါ အိပ်ချင်တဲ့နေရာအိပ်မယ် ဘာဖြစ်လဲ"

ဒီနေ့မှ ထောင်ထဲကို မအူမလည်ရောက်လာတဲ့ ထောင်ကျသစ်အကျဉ်းသူကို အဝေမတည့်ဖြစ်ပြီး လုချင်နေကြတာလေ။ တစ်ဦးကိုတစ်ဦး ပါဝါအာထာပြပြီး စကားနိုင်လုနေကြရင်း ခိုက်ရန်စကားများကြဖို့ တာစူနေကြတာ။ ဒီယောကျ်ားလျာနှစ်ယောက်ရဲ့ အစာကိုမြင်ပြီးတော့ ငါးစာမာန်တက်နေသံကြောင့် ...

"ဖြန်း ... ဖြန်း ..."

ဒီအချိန်မှာ အိပ်ဆောင်အပြင်ဘက်မှာ ညစောင့်တာဝန်ကျနေတဲ့ ဝန်ထမ်းအမျိုးသမီးက စားပွဲပေါ် ကြိမ်တဖြန်းဖြန်း ရိုက်လိုက်သံကြောင့် ပွဲဆူနေသူနှစ်ဦးသား အသံတိတ် ငြိမ်ကုပ်သွားတော့တယ်။

"ဟဲ့ ... ကောင်မတွေ၊ ဘာဖြစ်နေတာလဲ တိတ်ကြစမ်း။ နင်တို့စောက်ကျင့်တွေ မသိဘူးများ မှတ်နေလား။ အခုပဲ အိပ်ချိန်ပေးဖို့ နာရီမောင်းထိုးတော့မယ်။ ခုချိန်ထိ ချွေးနေရာမရသလို နေရာလုနေတုန်းပဲလား။ ဟိုကောင်မ တန်းစီး၊ ဘယ်ရောက်နေလဲ။ ဟဲ့ ... ဟာရာ၊ ခေါ်လိုက်စမ်း"

ညစောင့်တာဝန်ကျ တပ်ကြပ်လဲ့မွန်ရဲ့ ဒေါသတကြီးနဲ့ စားပွဲပေါ် ကြိမ်ရိုက်သတိပေးလိုက်သံကြောင့် အိပ်ဆောင်ထဲက အကျဉ်းသူတွေရဲ့ ဆူဆူညံညံစကားတွေဟာ အပ်ကျသံကြားအောင် တိတ်ဆိတ်သွားတယ်။

ကျွန်မလည်း ဆရာမလဲ့မွန်ရဲ့ အော်ငေါက်အမိန့်ပေးသံကို ကြားပြီး ကြောက်ရွံ့ထိတ်လန့်သွားလို့ ခပ်မြန်မြန်ပြေးပြီး ခေါင်းရင်းဘက်မှာ အနှိပ်ခံနေတဲ့ တန်းစီးကို ပြေးခေါ်ရတယ်။ တန်းစီးမဲ့ကြီးခင်ခင်ဟာ အိပ်ဆောင်မှာ ဖိမ်ယူနေရာကနေ ကမန်းကတန်း သံတိုင်ပေါက်ဆီကို အပြေးရောက်လာတယ်။

"ဟဲ ... တန်းစီး။ နင်က ဘာလုပ်နေလဲ။ ဒီနောက်ဘက် မီးလှျောင်နားမှာ ဟိုဘောပြားနှစ်ကောင် အစာလုရင်း အဝေမတည့်ဖြစ်နေကြ





တာထင်တယ်။ ခုပဲ အိပ်ချိန်ပေးတော့မယ်။ သောက်စကားများနေကြတာ မပြီးနိုင်ဘူး။ ပြောမရဘူးဆိုရင် အဲ့ဒီဘောပြားနှစ်ကောင်မနက် ထောင်မှူးရုံးတင်စမ်း။ နောက်ထပ် ဘာသံမှမကြားချင်ဘူး ... ကြားလား"

"ဟုတ်ကဲ့ပါ ... ဆရာမ၊ ကျွန်မ ဝင်ထိန်းပေးပါ့မယ်"

တန်းစီးမဲ့ကြီးခင်ခင်ဟာ ပြဿနာဖြစ်ပွားနေကြသူနှစ်ယောက်ထံ သွားရောက်ဖြေရှင်းခဲ့ရတော့တယ်။ ဒီလိုပါပဲ အိပ်ဆောင်ထဲကို အကျဉ်းသူသစ်ကောင်မချောချောလေးတွေ ဝင်လာရင် သူ့ဟာငါ့ဟာဆိုပြီး ဘောပြားချင်း ငါးစာမာန်တက်ကြတာပါ။

ယောကျ်ားဆောင်ထဲက အကျဉ်းသားအချင်းချင်း အိုးစားမွေးကြသလို မိန်းမဆောင်ထဲမှာလည်း အိုးစားမွေးဖို့ ကြရွယ်ကြရင်း အဝေမတည့်ကြလို့ လုယူနေကြတာ မကြာခဏ ကြုံတွေ့နေရပါတယ်။ တန်းစီးကလည်း အိပ်ဆောင်ထဲက အထာတွေကို နားလည်နေသူဆိုတော့ ကောင်းကောင်းသဘောပေါက်ပြီးသားပဲ။

"ကဲ ... ဖိုးချစ်နဲ့မောင်ငွေ၊ နင်တို့ ငါးစာမာန်ဖာတ်လမ်းကို ဒီမှာ ရပ်ကြစမ်း။ နောက်ထပ် ပြဿနာထပ်ရှာလို့ကတော့ ထောင်မှူးရုံးတင်မယ်"

"ဟာ ... အစ်မကြီးခင်ခင်ကလည်း ကျွန်တော် စောစောကတည်းက ဒီနားမှာ အိပ်ရာခင်းပြီး အိပ်နေတာ။ ကျွန်တော် အိမ်သာထသွားနေတုန်း ဒီနေရာကို အတင်းဝင်လာနေတာ မယုံရင် ဘေးနားက အိပ်နေတဲ့လူတွေ မေးကြည့်ပါဗျာ"

"ဟုတ်လား ... ဖိုးချစ်၊ မင်းက စည်းကမ်းထိန်းသိမ်းရေးဘုတ်ကိုင်လုပ်နေပြီး ဘာဖြစ်လို့ စည်းကမ်းဖောက်ဖျက်ရတာလဲ"

"မဟုတ်ပါဘူး ... တန်းစီးရာ၊ ကျွန်တော် ဒီနေရာမှာ ညနေ တတည်းက ဦးထားတာ"

"အေး ... ဒီလောက်တောင် နေရာလုချင်နေကြတဲ့ဟာတွေ ... တဲ့ကောင်မလေး ... ထစမ်း"



www.burmeseclassic.com

www.burmeseclassic.com



တန်းစီးမဲ့ကြီးခင်ခင်တို့က ဒီအထာကို သဘောပေါက်ပြီးသားမို့ ဒင်းတို့ စားခွက်လုနေကြတာကို ရပ်တန်းက မရပ်ဘူးဆိုရင်တော့ အပြတ်ရှင်းမှဖြစ်မယ်။ ဒါကြောင့်လည်း ရုပ်ရည်ချောချော အကျဉ်းသူကောင်မလေးကို သူမအိပ်ဖို့ ပြင်ဆင်နေတဲ့နေရာကနေ ခေါင်းရင်းဘက် မိမိအိပ်တဲ့နေရာ ခေါ်ထားမှ ကိစ္စပြတ်မှာမို့"

"ဟဲ့ကောင်မ ... ထစမ်း၊ လာ ... ငါနဲ့လိုက်ခဲ့"

"ဟာ ... တန်းစီး၊ ဘာလုပ်တာလဲ"

"နင်တို့တွေ နေရာလုအိပ်မယ့်နေရာက ခေါ်ထုတ်သွားတာလေ"

"ဗျာ ..."

ဒီတော့မှ နှစ်ယောက်သား ပါးစပ်ပေါက်နားရောက်နေတဲ့ ထမင်းလုတ်ကို ပုတ်အချခံလိုက်ရတော့ အီလည်လည်ကြီး ဖြစ်သွားကြတယ်။ အကျဉ်းသူအသစ်ကတော့ သူမပစ္စည်းလေးတွေ သိမ်းပြီး တန်းစီးမဲ့ကြီး ခင်ခင်ခေါ်ရာနောက် ကောက်ကောက်ပါအောင် လိုက်ပါသွားခဲ့တော့တယ်။

တကယ်တော့ စည်းကမ်းထိန်းသိမ်းရေး ဘုတ်ကိုင်ဆိုတာကလည်း ထောင်ထဲမှာ ပါဝါအာဏာရှိသူဖြစ်ပါတယ်။ အိပ်ဆောင်တာဝန်ခံထောင်မှူးနဲ့ ဝန်ထမ်းအမျိုးသမီးတွေရဲ့ လက်ကတုံးတောင်ဝှေးလို တစ်ဆင့် ခံနိုင်းနေတဲ့ အိပ်ဆောင်စည်းကမ်းထိန်းသိမ်းရေး တာဝန်ယူနေရသူဖြစ်ပါတယ်။

သူ့ကိုယ်သူ ယောကျ်ားလေးတစ်ယောက်လို ဝတ်စားနေပြီး လူတိုင်းက မောင်ချစ်လို့ခေါ်နေပေမယ့် သူ့နာမည်အစစ်အမှန်က မအေးချစ်သာဖြစ်တယ်။ ထောင်ထဲကို လုယက်မှုနဲ့ ထောင်ခုနစ်နှစ် ကျခံလာခဲ့သူဖြစ်တယ်။

အဲဒီလိုပဲ ထမင်းဘုတ်ကိုင် မောင်ငွေဆိုတာကလည်း လူတိုင်းကက မောင်ငွေလို့ခေါ်နေကြပေမယ့် သူ့နာမည်အစစ်အမှန်က မခင်ငွေဖြစ်တယ်။ သူကလည်း ထောင်ထဲကို ခါးပိုက်နှိုက်မှုနှင့် ထောင်ဒဏ် (၅)နှစ်





ကျခံနေရသူဖြစ်ပါတယ်။ ထမင်းဘုတ်ကိုင်ဆိုတာကလည်း ထောင်ထဲမှာတော့ အခရာပဲ။ သူက ထမင်းဝေငှပေးရတဲ့နေရာမှာ တာဝန်ခံဘုတ်ကိုင်ဆိုတော့ ထောင်ထဲက အရေးပါ အရာရောက်တဲ့နေရာ မှာ တာဝန်ယူထားရသူဖြစ်တယ်။

မောင်ငွေတို့ ထမင်းဘုတ်ဟာလည်း ထမင်းဝေတဲ့နေရာမှာ သံစည်ပိုင်းထဲက ထမင်းတွေကို သံပြားတပ်ထားတဲ့ ဂေါ်နဲ့ဆွဲခပ်ပြီး ထမင်းပန်းကန်ထဲကို ခပ်ထည့်ပေးနေတယ်။ အဲဒီလို ထည့်ပေးတဲ့နေရာမှာ သူ့ပင်ကို လုပ်ကိုင်စားတဲ့လုပ်ငန်းလို လက်အနုတ်အသိမ်း မြန်သူဖြစ်တယ်။ သူနဲ့ အဆင်ပြေတဲ့သူဆို ပလဲနံပသင့်သူဆိုလျှင် ခပ်တဲ့ဂေါ်ကို ထမင်းပုံထဲ ထိုးနှစ်ခပ်ထည့်ပြီး ပြည့်ပြည့်ဝဝ ထည့်ပေးတယ်။ သူနဲ့ အထာမကြည်သူတွေဆိုလျှင်တော့ ထမင်းပုံပေါ်မှာ ဂေါ်ရှပ်ပြီး ခပ်ထည့်ပေးတဲ့ အကျင့်ရှိတယ်။

ခြောက်ကိုးဟာရာ မကြည်ပြာတစ်ယောက် အပြင်ဘက် သံတိုင်ပေါက်ကနေ အမိန့်ပေးပြောဆိုနေတဲ့ ဝါဒါမလဲ့မွန်ရဲ့ အော်ငေါက်သံကို ကြောက်လို့ မိမိတာဝန်ကျနေချိန်မှာ ခုလို အိပ်ရာနေရာလုမှု ပြဿနာတွေ ကြာခဏ ကြုံနေခဲ့ရလို့ ဖြေရှင်းပေးရ မလွယ်ဘူး။ တန်စီးဝင်ဖြေရှင်းလိုက်မှပဲ ပြဿနာပြေငြိမ်းပြီးပြတ်သွားလို့ တော်ပါသေးရဲ့။

မိမိမှာက ကင်းတာဝန်ချိန်မှာ နာရီမောင်းခေါက်ချိန်ကိုပဲ စောင့်နားထောင်ရင်း အိပ်ဆောင်ထဲက အပေါ့အလေးသွားသူတွေကို ကင်းချိန်တော့မချင်း ကင်းစောင့်နေရသူကိုး။

"ဟဲ့ ... ကောင်မတွေ၊ အခုချိန်ထိ အဆောင်ထဲမှာ စကားတွတ်ထိုးလို့ကို မပြီးနိုင်ကြသေးဘူး။ တန်းစီး ... အားလုံး အိပ်ရာပေါ်မှာ အိပ်နိုင်းထားစမ်း၊ အိပ်ချိန်နာရီ မောင်းခေါက်တော့မယ်။ ဟဲ့ ... ဟာရာဆယ်သူလဲ"

"ကျွန်မ ခြောက်ကိုးဟာရာ မကြည်ပြာပါရှင်"

www.burmeseclassic.com



"အေး . . . ဗာရာ၊ အိပ်ဆောင်ထဲက ကောင်မတွေ အိပ်ချိန်ပေးလို့ ခေါင်းထောင်ထနေတဲ့ ဟာမတွေ၊ နာမည်မှတ်ထားစမ်း . . . မနက်ကျမှ ထောင်မှူးရုံးကိုတင်မယ်"

"ဟုတ်ကဲ့ပါ ဆရာမ"

ခြောက်ကိုးဗာရာ မကြည်ပြာတစ်ယောက် အပြင်ဘက်သံတိုင်ပေါက်ကနေ အမိန့်ပေးပြောဆိုနေတဲ့ ညစောင့်ဝါဒါ တပ်ကြပ်မလဲ့မွန်ရဲ့ အသံကိုကြောက်ပြီး မအိပ်နိုင်သေးဘဲ ဆေးလိပ်ထိုင်သောက်နေသူတွေ မီးငြိမ်းသတ်ကြဖို့ လိုက်လံဆော်သြ တားမြစ်နေရတယ်။

အဲဒီလို တပ်ကြပ်မလဲ့မွန်ရဲ့ ပတ်ကြမ်းတုတ်ပြောဆိုနေတဲ့အသံကြောင့် အိပ်ဆောင်ကြီးထဲမှာ မအိပ်နိုင်သေးဘဲ စကားဝိုင်းဖွဲ့ပြောဆိုနေသူတွေ၊ ခံတွင်းချဉ်လို့ အိပ်ချိန်မပေးခင် ဖင်မီးခိုးထွက်လုမတတ် ဆေးလိပ်ထိုင်ဖွာနေသူတွေဟာ မီးကို ရေနဲ့ပက်ဖြန်းလိုက်သလို ငြိမ်ကုတ်သွားကြတော့တယ်။ ဒီအချိန်မှာပဲ . . .

"အိပ်ချိန်"

"ဒေါင် . . . ဒေါင် . . . ဒေါင် . . . ဒေါင် . . ."

ဂိတ်မကြီးအထက်ပေါ်မှာရှိနေသည့် ဗဟိုကင်းမျှော်စင်ကြီးပေါ်ကနေ တာဝန်ကျနေတဲ့ အစောင့်စန္ဒရီရဲ့ အိပ်ချိန်ဆိုပြီး လိုဏ်ခေါင်းသံကြီးနဲ့ တစ်ထောင်လုံးကြားအောင် အော်ဟစ်လိုက်သံကြီးဟာ တိတ်ဆိတ်ငြိမ်သက်နေတဲ့ ညအမှောင်ထုအောက်ဝယ် စူးရှကျယ်လောင်စွာ ထွက်ပေါ်လာခဲ့ပြီး နာရီမောင်းကိုးချက်ခေါက်ရန် အချက်ပေးသံချောင်း သံလေးချက်ကို ခေါက်လိုက်ပါတော့သည်။

သည့်လို ညဘက်အိပ်ချိန်ပေးလိုက်တာကြောင့် ထောင်ကြီးတစ်ခုလုံးလိုလို စကားပြောဆူညံနေသံတွေဟာ လုံးဝတိတ်ဆိတ်ငြိမ်သက်သွားတော့တယ်၊ ဂိတ်မကြီးပေါ်က သံချောင်းခေါက်သံ တိတ်သွားသည်နှင့် မရှေးမနှောင်းမှာဘဲ အုတ်ရိုးပတ်ပတ်လည်ပေါ်မှာရှိနေတဲ့ ကင်းမျှော်စင်များဟာ ဆက်တိုက် သံချောင်းခေါက်နေသံများ ဆူညံသွားခဲ့တော့တယ်။

သူရိန်စာပေ



အိပ်ဆောင်အသီးသီးမှာ တာဝန်ကျနေသော ညကင်းလှုံခြုံရေးတာဝန်ကျနေသည့် ဝန်ထမ်းများကလည်း မိမိတို့အိပ်ဆောင်တွေထဲမှာ ညဘက် နိုးနိုးကြားကြားရှိနေကြောင်း အိပ်ဆောင်ထိပ်ကသံချောင်းများကို နှိုက်ခတ်အချက်ပေးလိုက်သည်။

အိပ်ဆောင်များထဲမှ ညကင်းဗာရာတာဝန်ကျနေသော ဗာရာအကျဉ်းသားများကလည်း အိပ်ဆောင်တစ်ဆောင်ချင်း မိမိတို့အိပ်ဆောင်လူပေါင်းစာရင်းများကို တစ်ဆောင်ချင်း သတင်းပို့နေကြတယ်။

ခြောက်ကိုးဗာရာ မကြည်ပြာတစ်ယောက် မိမိကင်းစောင့်ရမည့်တာဝန်ချိန် ကုန်ဆုံးသွားပြီမို့ အိပ်ပျော်နေတဲ့ ကိုးဆယ့်တစ်ဗာရာ တာဝန်ကျသူ ဗာရာတင်မေကို အသာလှုပ်နှိုးလိုက်တယ်။ ပြီးမှပဲ မိမိလက်ထဲမှာကိုင်စွဲထားတဲ့ ဝါးဆစ်ပိုင်းကလေးကို ဝါးတုတ်လေးနဲ့ အမျိုးသားအိပ်ဆောင်များ သတင်းပို့အပြီးမှာ တတောက်တောက်ခေါက်ပြီး အချက်ပေးရင်း ဂိတ်မကြီးပေါ်ကို လှမ်းသတင်းပို့လိုက်ပါတယ်။

"ခြောက်ကိုးဗာရာမကြည်ပြာ တာဝန်လွှဲပြောင်းပေးပြီး အကြောင်းထူးမရှိ၊ အားလုံးကောင်းပါသည်ရှင့်"

ဟု အော်ဟစ်သတင်းပို့လိုက်တယ်။ ပြီးမှ ကိုးဆယ့်တစ် ညကင်းတာဝန်ယူမည့် တင်မေကို ဝါးဆစ်ပိုင်းလေးနဲ့ တုတ်ကိုအပ်လိုက်ပြီး မိမိအိပ်ရမည့် အိပ်ရာနေရာဆီသို့ လှမ်းသွားပြီး အိပ်ရာပေါ် လဲလျောင်းအိပ်စက်နေခဲ့တော့တယ်။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

[၄]

အင်းမရွာကလေးမှာ မကြည်ပြာဆိုတာ အရှော့တွင် အယဉ်ဆင့် နေသော ကွမ်းတောင်ကိုင်မလေးဆိုတာ လူတိုင်းသိကြတယ်။ အရပ်က ထောင်ထောင်မောင်းမောင်း၊ အသားညိုညို၊ မျက်ခုံးကောင်းကောင်းနှင့် မျက်လုံးလေးက ဝိုင်းစက်နေပြီး နှာတံလေးက ဖြောင့်ဆင်းလို့နေတယ်။ ပိပိ ပြားပြား နှုတ်ခမ်းလွှာလေးက မထူမပါးလေးမို့ သူမ၏အလှကို ပေါ်လွင်စေခဲ့ တယ်။

မိဘနှစ်ပါးအနက် အဖေက မကျန်းမာ၍ မနှစ်ကပဲ ကွယ်လွန်သွား ခဲ့ပြီမို့ အမေတစ်ဦးတည်းသာ ရှိတော့တယ်။ အဖေ့စိတ်နှင့် အမေကပါ အိပ်ရာထဲလဲကာ တရှောင်ရှောင်ဖြစ်နေတယ်။ ဒီတော့ အိမ်ဓါစီးပွားရေး ပြေလည်ဖို့ဆိုတာ မကြည်ပြာပေါ်မှာ မူတည်နေတယ်။

မကြည်ပြာကတော့ အမေ့ဆေးဖိုးလေးရလို့ရငြား ရွာထဲမှာ ရသည့် အလုပ်မှန်သမျှ အကုန်လုပ်နေတယ်။ ကောက်စိုက်၊ ပျိုးနှုတ်၊ ထင်းခွဲ ရေခပ်၊ အဝတ်လျှော်ကအစ အကုန်လုံး ကြုံလျှင်ကြုံသလို ရှာဖွေလုပ်ကိုင် နေရတယ်။





လူကလည်း ကျန်းမာသန်စွမ်းနေသူမို့ ဘယ်အလုပ်ကိုပဲဖြစ်ဖြစ် ညည်းမည်း လုပ်ကိုင်ဆောင်ရွက်ပေးတယ်။

ဖူးစာကံအကြောင်းကလည်း ဆန်းသလားမမေးနှင့်။ မကြည်ပြာ ရဲ့ဘဝလေးထဲကို ရောက်လာခဲ့သူက တစ်နယ်တစ်ကျေးမှ လူညိုထွား ချယ်။ အရပ်အမောင်းကလည်း ထောင်ထောင်မောင်းမောင်းနှင့် ဦးထုပ် အညိုကြီးကိုဆောင်းကာ သားရေအိတ်ပြားကြီးကို အမြဲလွယ်ထားတယ်။ စပါးပွဲစားယောင်ယောင်၊ ပဲကန်ထရိုက်ယောင်ယောင်နှင့် ဘာအလုပ်အကိုင် တို့များ အတည်တကျရှိမှန်းမသိပေ။

ဒါပေမဲ့ လက်ထဲမှာ ငွေကတော့ ပြတ်သည်မရှိ။ အထုပ်လိုက်၊ အထုပ်လိုက် ကိုင်စွဲသုံးစွဲနိုင်သူဖြစ်ပါတယ်။ နာမည်ကို မြင့်ဝင်းမောင်လို့ ခေါ်မှန်း သိခဲ့ရတယ်။

တစ်နယ်တစ်ကျေးမှ ရောက်လာပြီး စပါးလာဝယ်သလိုလို၊ ပဲ နှမ်း ပဲ လာဝယ်သလိုလိုနှင့် အင်းမရွာကလေးမှာ မကြာခဏ ဆုံတွေ့မိကြ တယ်။ ရွာထိပ်ဘုရားလေးရဲ့ နှစ်စဉ်ကျင်းပမြဲ ဘုရားပွဲမှာ သူနှင့်မကြည် ပြာတို့ စတင်ဆုံတွေ့မိကြတယ်။

သူငယ်ချင်းဖြစ်သူ မြအေးကြည်နှင့် ပွဲဈေးတန်းထဲ လျှောက်လည် ကြစဉ် သူက မြအေးကြည်နှင့် သိကျွမ်းခင်မင်ရင်းနှီးနေသူဖြစ်တယ်။ ပွဲဈေး တန်းဝယ် သူက မကြည်ပြာတို့နှစ်ယောက်အတွက် အစစအရာရာ အကုန် အကျခံပြုစုပေးခဲ့တယ်။ ပွဲဈေးတန်းထဲမှာ ငွေဖောဖော သီသီသုံးစွဲတတ်လို့ သူဌေးသားလား ထင်မှတ်ခဲ့ရတယ်။

သည်တော့ မကြည်ပြာကို ငွေမက်တယ်ပဲဆိုဆို၊ ရွာမှာ သူ့လိုမျိုး သုံးနိုင်ဖြုန်းနိုင်သူကို အားကိုးချင်သည်ကတော့ မိန်းကလေးတိုင်းရဲ့ သဘာဝ ပေလေ။ သည်လို စိတ်ဝင်စားနေမှန်း ရိပ်မိနေတဲ့ သူငယ်ချင်းမြအေးကြည် ရဲ့ ကြားကအောင်သွယ်ကောင်းမှုကြောင့် ရင်းရင်းနှီးနှီး ကျွမ်းဝင်လာကြ တယ်။

www.burmeseclassic.com



ဒီကြားထဲ မြအေးကြည်ရဲ့ အပို့အလှော်ကောင်းလို့ပဲလား၊ သူက ပဲ တကယ်ချစ်ခင်မြတ်နိုးလို့လားမသိဘူး မကြည်ပြာကိုနှိုက်က မဆွတ်ခင် က ညွှတ်ချင်သူဆိုတော့ မကြာခင်မှာပဲ ချစ်သူရည်းစားဖြစ် သွားခဲ့ကြ တယ်။

သူက မကြာခဏ ခရီးထွက်တတ်သူဖြစ်ပါတယ်။ တစ်ခါတစ်ခါ ခရီးထွက်သွားလျှင် တစ်လကိုးသတင်း ကြာတတ်တယ်။ အဲဒီလို ခရီးထွက် သွားပြီးပြန်လာသည်နှင့် သူ့လက်ထဲမှာ ငွေကို အထပ်လိုက်ပါလာပြီး လက် ဝတ်လက်စားတွေလည်း ယူဆောင်လာခဲ့တယ်။ ဘယ်လိုဘယ်ပုံ ရှာဖွေရ ရှိလာသလဲဆိုတာ မကြည်ပြာလည်း မသိနိုင်ဘူး။ သူ့အလုပ်အကိုင်ကိုက အတည်တကျမရှိတော့ ဘယ်လိုခန့်မှန်းရမှန်း မသိတော့ပါဘူး။

သည်လို ခရီးထွက်ပြီး ပြန်လာသည့်အခါတိုင်း ခုလို ငွေကြေး အမြောက်အမြားနှင့် ရွှေငွေလက်ဝတ်လက်စားတွေကို ယူဆောင်လာတတ် တယ်။ ဒီအထဲကမှ မကြည်ပြာအတွက် ချစ်သက်လက်ဆောင်ဆိုပြီး ရွှေ ဆွဲကြိုးလေးတစ်ကုံးကို လက်ဆောင်ပေးခဲ့တယ်။ နှစ်ကျပ်သားခန့်လောက် ရှိတယ်။

"ကြည်ပြာ . . . ကိုယ်တို့ လက်ထပ်ကြရအောင်နော်"

သူက နှုတ်ကနေ ဖွဖွပြောဆိုပူဆာလာတော့ မကြည်ပြာလည်း ငြင်းပယ်ရခက်တာပေါ့။ သူက အတည်တကျ လက်ထပ်ပေါင်းသင်းချင် လာလို့ မကြည်ပြာမှာလည်း အားကိုးအားထားရချင်စိတ်ကြောင့် . . .

"ကို့သဘောပဲလေ"

"ဒါဆို ကိုယ်တို့ လက်ထပ်ပေါင်းသင်းနိုင်အောင် အစီအစဉ် လုပ် လိုက်မယ်"

"ကိုယ်ရယ် . . . သိပ်ကြီးကြီးကျယ်ကျယ် မလုပ်နေပါနဲ့ကွယ် တော်ရုံတန်ရုံ အကျဉ်းချုံးလုပ်လည်း ဖြစ်ပါတယ်"





"အို . . . ဘယ်ဟုတ်ပါ့မလဲ . . . ကြည်ပြာရယ်။ ကိုယ်က တင့် တောင်းတင့်တယ် လက်ထပ်ယူမို့ ငွေကြေးအလုံအလောက်ရှိပါတယ်။ မပူ ပါနဲ့ကွယ်"

မြင့်ဝင်းမောင်ရဲ့ ရက်ရက်ရောရော ပေးကမ်းထောက်ပံ့မှုများ ကြောင့် မင်္ဂလာပွဲလေးမှာ စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက်နှင့် ပြီး ဆုံးသွားခဲ့ပါတယ်။

မြင့်ဝင်းမောင်က မကြည်ပြာတို့နှင့် အတူတူလိုက်နေခဲ့သဖြင့် ရွာ ထဲကအိမ်လေးမှာ မကြည်ပြာတို့သားအမိနှင့် အတူနေထိုင်ခဲ့ကြတယ်။ ရွာ ထဲကလူတွေသိတာတော့ စပါးပွဲစားတစ်ယောက်လို့ပဲ သိထားကြပါတယ်။

သူ့အလုပ်တာဝန်က မကြာခဏ ရွာတွေဖက်ခရီးတွေထွက် ထွက် ပြီး စပါးအဝယ်သွားသလိုလို၊ ပဲအဝယ်တော်လိုလိုနှင့် ရှယ်လယ်ပိုင်းက အေးကျော်ဆိုသူနှင့် တပူးတွဲတွဲ သွားလာနေလေ့ရှိကြတယ်။

တစ်ခါတစ်ခါ ခရီးထွက်စရာရှိတယ်ဆိုပြီး သူတို့နှစ်ယောက် ရွာ ကနေ ထွက်ထွက်သွားတယ်။ ခုလို ခရီးထွက်ခါနီးဆို မကြည်ပြာတို့ သား အမိနှစ်ယောက်ကို ငွေကြေးအလုံအလောက်ပေးပြီးမှ ခရီးထွက်သွားလေ့ရှိ တယ်။

တကယ်တော့ မြင့်ဝင်းမောင်ဆိုတာ ဂျင်လောင်းကစားသမား တစ်ဦးဖြစ်ပါတယ်။ ဂျင်ကစားခြင်းကို အထူးခုံမင်နှစ်သက်သူတစ်ယောက် ဖြစ်တယ်။ ဂျင်ဝိုင်းများမှာ ကစားရင်း မိမိလက်ထဲမှငွေများ ရှုံးလိုက်နိုင် လိုက်ဖြင့် လောင်းကစားသမားတို့၏ သံသရာလည်နေခဲ့သူဖြစ်ပါတယ်။

ဂျင်ဝိုင်းတွေမှာ ခွက်ခွက်လန်လောင် ရှုံးသွားသည့်အခါမျိုးမှာ လည်ပင်းမှာဆွဲထားသည့်ဆွဲကြိုးကိုပင် ပေါင်နှံကာ ကစားပစ်ခဲ့သဖြင့် မကြာ ခဏ ဆွဲကြိုးတစ်ကုံးပြီးတစ်ကုံး ပြောင်းလဲဝတ်ဆင်လေ့ရှိတယ်။

တကယ်တော့ မကြည်ပြာဘဝထဲကို ထဲထဲဝင်ဝင်ရောက် လာ တော့မှ မိမိလင်ဖြစ်သူ မြင့်ဝင်းမောင်၏ အမူအကျင့်များကို သိလာမိ လာခြင်းဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုအခြေအနေတွေ ပြောင်းလဲနေတာကို တွေ့မြင်လာတော့မှ မိမိဘဝက ကျွံဝင်သွားပြီ၊ ဘာများတတ်နိုင်တော့မှာဲ၊ သူ ရှာဖွေကျွေးမွေးနေတာကို အဆင်သင့် လက်ဖြန့်ခံ စားသောက်နေရတဲ့ဘဝမို့ ပြန်ပြင်လို့မရနိုင်တော့မှန်း သိနေပေမဲ့ ဘဝကို ရေစုန်မျှောပစ်လိုက်တာပဲကောင်းပါတယ်ဆိုပြီး နေထိုင်လာရတယ်။

အမှန်တော့ မြင့်ဝင်းမောင်ရဲ့ ဘဝသရုပ်အမှန်က စပါးပွဲစားရယ်လို့ သတင်းလွှင့်ထားပေမယ့် တကယ့်တကယ်က ဂျင်သမားတစ်ယောက်သာလျှင် ဖြစ်ပါတယ်။ တစ်ခါတစ်ရံ လက်ထဲမှာ ငွေအမြောက်အမြားစုဆောင်းမိလာလျှင် ဂျင်ကစားပွဲများမှာ ဝင်ပြီး လောင်းကစားတတ်တယ်။ တကယ်တော့ မြင့်ဝင်းမောင်ဟာ သူ့မူလ အလုပ်အကိုင်အစစ်အမှန်က ဖောက်ထွင်းသမား စောရတစ်ဦးသာလျှင် ဖြစ်ပါတယ်။

☼ ☼ ☼

| ၅ |

❑

မှောင်မိုက်နေသော ညကလေးတစ်ည၊ လမ်းမီးအလင်းရောင်ကလင်းတလင်းအချိန်အခါသမယ ဒုစရိုက်သမားတို့အကြိုက် ဖြစ်နေတယ်။ အင်းမရွာလေးမှာ ဇနီးဖြစ်သူ မကြည်ပြာကို ချော့မော့ပြီး တစ်ဖက်လှည့်ပြောဆိုထားခဲ့ရတယ်။ မိမိတို့ လုပ်ရိုးလုပ်စဉ် လုပ်ငန်းအစီအစဉ်ကြောင့်သူငယ်ချင်းအေးကျော်ထံမှ လက်ထောက်ချရတဲ့ သတင်းအတိုင်း ရွာကထွက်လာခဲ့ကြတယ်။

မိမိတို့လုပ်ငန်းမှာ အသုံးပြုဖို့ ကားလေးတစ်စီးကို အခကြေးငွေပေးပြီး ငှားရမ်းထားခဲ့တယ်။ ရွာနှင့် ဆယ်မိုင်ခန့်ဝေးသော တခြားရွာတစ်ရွာမှာ အိမ်မှာလုပ်ငန်းလုပ်ဆောင်ရန် အေးကျော်နှင့် နှစ်ယောက် ကားမောင်းထွက်လာခဲ့ကြတယ်။

အလုပ်မစတင်မီ တစ်ပတ်လောက်ကတည်းက ဒီအိမ်အနေအထားအဝင်အထွက်ကို နှစ်ယောက်သား လေ့လာအကဲခတ်ပြီးသားဖြစ်တယ်။ မိမိတို့ မည်သို့မည်ပုံ လုပ်ကိုင်ဆောင်ရွက်ကြမည်ကို အစီအစဉ်ဆွဲပြီးသားမို့ကားမောင်းထွက်လာနေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ယခု မိမိတို့လုပ်ငန်းစတင်မည့် ခြံဝန်းကျယ်ကြီးရှေ့နားဝယ် ကား ကိုရပ်လိုက်ပြီး လူရိပ်လူ့ယောင် အခြေအနေကို အကဲခတ် စောင့်ကြည့် နေကြတယ်။ မြင့်ဝင်းမောင်က ဖောက်ထွင်းပိဇ္ဇာတစ်ဦးမို့ ပါလာတဲ့အိတ် ထဲမှ ဖောက်ထွင်းလက်နက်ကိရိယာတွေကို အစုံအလင်ထည့်လာတယ်။

မြင့်ဝင်းမောင်က ညဘက်အလုပ်လုပ်သည့်အခါ ဝတ်ဆင်သော အပေါ်အောက် အနက်အင်္ကျီနှင့် ဘောင်းဘီရှည်ကို ဝတ်ဆင်ထားပြီး အနက် ရောင်လျှာထိုးဦးထုပ် ဆောင်းထားတယ်။ အိမ်ကြီးရှေ့မှာကား ရံထားတဲ့ အုတ်တံတိုင်းပေါ် ကျော်ဝင်သွားခဲ့တယ်။ အေးကျော်က အခြေအနေမဟန် ရင်လစ်ဖို့ ကားကို မောင်းရိုပ်နေရာမှာ အဆင်သင့် ရပ်စောင့်နေတယ်။

ညက မှောင်နှင့်မည်းမည်းရယ်မို့ အခြေအနေက အခွင့်အခါ ကောင်းဖို့ ဖြစ်နေတယ်။ မြင့်ဝင်းမောင် ခြံစည်းရိုးကျော်ဝင်ပြီး တိုက်နံရံ ဘေးဆီ ပြေးကပ်လိုက်တယ်။

အိမ်ကြီး၏အနောက်ဘက်ရှိ တံခါးမကြီးဆီ လျှောက်သွားတယ်။ တံခါးကြီး ဂျက်ထိုးထားသည့်နေရာကို အိတ်ထဲမှ ဖောက်ထွင်းကိရိယာဖြင့် အသာအယာ အသံမကြားစေရန် ကြိတ်ဖောက်နေသည်။

ထို့နောက် မီးမှိတ်ထားသော အိမ်ကြီးနောက်ဖေးခန်းထဲသို့ ခြေသံ ကို လုံလုံနင်းကာ ဝင်လာသည်။ အိမ်အတွင်းဘက်ဆီမှ အိပ်မောကျနေ သော အိမ်ရှင်မိသားစုထံမှ မည်သည့်အသံဗလံမျှ မကြားသဖြင့် အိပ်ခန်း ထဲဆီ တရွေ့ရွေ့ ချဉ်းကပ်သွားနေတယ်။ အခန်းထဲက နှစ်ယောက်အိပ် ခုတင်ကြီးပေါ်မှာ အိမ်ရှင်လင်မယားနှစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်မော ကျနေတယ်။

အိပ်ခန်းထဲကို လှည့်ပတ်မျက်စိကစားကြည့်လိုက်တယ်။ လက်နှိပ် ဓာတ်မီးသေးသေးလေးရဲ့ အလင်းတန်းအောက်မှာ လူတစ်ရပ်မြင့် ဗီရိုကြီး နှစ်လုံးကို တွေ့မြင်သွားတယ်။ ဗီရိုကို အသာဆွဲကြည့်တော့ သော့ချပိတ် ထားမှန်းသိသည်နှင့် အိတ်ထဲမှ ဝက်အူလှည့်ကလေးကို ထုတ်ပြီး တံခါး နေရာကို ဖျက်ဆီးပစ်လိုကတယ်။

သခိုးင်စာပေ



ပွင့်သွားသော တံခါးရွက်ကို အသာအယာဆွဲဖွင့်ကြည့်လိုက်စဉ် မှာပဲ ဗီရိုထဲမှာ အဝတ်အထည်များနှင့်အတူ အင်္ကျီအဝတ်အစားများအောက် ဖက်မှ သံသေတ္တာလေးကို အသာအယာ ဆွဲထုတ်လိုက်တယ်။ သံသေတ္တာ ကို ဆွဲထုတ်ပြီး အဖုံးဖွင့်ကြည့်လိုက်သောအခါ ရွှေငွေလက်ဝတ်လက်စား များ သေတ္တာနှင့်အပြည့် ရှိနေသည်ကို တွေ့မြင်လိုက်ရတယ်။

သံသေတ္တာလေးကို ပါလာတဲ့အိတ်ထဲ ထိုးထည့်ထားလိုက်တယ်။ နောက် အဝတ်ပုံအောက်မှ ငွေစက္ကူအထပ်လိုက် ထပ်တွေ့လို့ ဗီရိုပေါ်က အိတ်တစ်လုံးထဲ ကျုံးထည့်ယူလိုက်တယ်။ မိမိလုပ်ဆောင်နေသည်များကို တစ်စုံတစ်ယောက် တွေ့မြင်သွားမလားဆိုသည့် အတွေးနှင့် အသာ ငဲ့ စောင်းကြည့်လိုက်တယ်။

မည်သည့်လှုပ်ရှားမှုမှ မတွေ့ရတော့မှဘဲ ဗီရိုတံခါးကို အသာ အယာပြန်ပိတ်လိုက်ပြီး အခန်းထဲက လျင်မြန်စွာ ထွက်လာတယ်။ နောက် လာလမ်းအတိုင်း အိမ်အနောက်ဘက်ကနေ ပြန်ထွက်လာတယ်။ အပြင်ဘက် ရောက်မှ မှောင်ရိပ်ခိုလျှက် အခြေအနေစောင့်ကြည့်လိုက်ပြီး ခြံစည်းရိုးကို ကျော်ကာ ပြန်ထွက်လာခဲ့တယ်။

ထို့နောက် မိမိချစ်ဇနီးချောလေး မကြည်ပြာရှိရာ အိမ်ဘက်ဆီကို အေးကျော်နဲ့အတူ ကားမောင်းပြန်လာကြတယ်။

ညက မြင့်ဝင်းမောင်၏ ပိပိရိရိ သေသေသပ်သပ်နှင့် ဖောက်ထွင်း ခိုးယူသွားသော ပစ္စည်းများကို နောက်တစ်နေ့မှ အိမ်ရှင်တို့၏ သိရှိသွားခဲ့ သော်လည်း လက်ဝတ်လက်စား ရွှေငွေနှင့် ငွေစက္ကူများပါ သိန်းငါးဆယ် ခန့် ပါသွားကြောင်း ရဲစခန်းတွင် အမှုဖွင့်လှစ်ခဲ့ကြတယ်။

သက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင်များကလည်း အခင်းဖြစ်ပွားရာအိမ်ဆီ သွားရောက်စစ်ဆေး ကြည့်ရှုလေသည်။ ဖောက်ထွင်းသွားသည့် ခြေရာ လက်ရာကိုကြည့်ပြီး နာမည်ကြီး ဖောက်ထွင်းပိဇ္ဇာမှန်း သိခဲ့ကြတယ်။

ဒါကြောင့် အမှုမှန်ဖော်ထုတ်နိုင်ရန် လိုက်လံစုံစမ်း စစ်ဆေးနေ တယ်။

☼ ☼ ☼

www.burmeseclassic.com

## ၆

❑

ညတ၏ တိတ်ဆိတ်ငြိမ်သက်နေမှုနှင့်အတူ ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း မည်းမည်းမှောင်မှောင် ရှိနေတယ်။ မြင့်ဝင်းမောင်နှင့် အေးကျော်တို့နှစ်ယောက် ကားလေးကို မောင်းနှင်ကာ အိမ်ပြန်ရောက်လာတယ်။

"ကြည်ပြာ ... ကြည်ပြာ ..."

အိမ်ဘေးထရံကို အသာလက်ဖြင့်ပုတ်ကာ နှိုးလိုက်သော အသံကြောင့် မကြည်ပြာ အိပ်ပျော်နေရာက နိုးသွားတယ်။ ညဉ့်နက်သန်းခေါင်ယံအချိန်မို့ အိပ်မောကျနေရာက ထရံကို တစ်စုံတစ်ယောက်က ပုတ်နှိုးသံကြောင့် မည်သူမည်ဝါမှန်း မသိသဖြင့် ...

"ဘယ်သူလဲ"

"ကိုယ်ပါ"

မြင့်ဝင်းမောင်၏အသံမှန်း ကျက်မိခဲ့တာကြောင့် အိပ်ရာထဲက လူးလဲထလာပြီး အိမ်နောက်ဖေးဘက်တံခါးကို အလျင်အမြန်ဖွင့် ပေးလိုက်တယ်။ မြင့်ဝင်းမောင် ဘေးဘယ်ညာဆီ ဝေ့ဝိုက်ကာ အကဲခတ်ကြည့်လိုက်ပြီး အိမ်ပေါ်သို့ ခပ်သွက်သွက်တက်လာတယ်။





"မိုးချုပ်လှချည်လား ... ဘယ်ကပြန်လာတာလဲ"

"မြို့ထဲကပါ။ အမေကော အိပ်နေပြီလား"

"အိပ်ပျော်နေပြီ"

ထို့နောက် မြင့်ဝင်းမောင်က လက်ထဲမှာကိုင်ဆွဲလာသော အိတ်ကြီးကို အခန်းထဲမှာ ပစ်ချလိုက်တယ်။ နောက် ပင်ပန်းလာဟန်ဖြင့် ခုတင်ပေါ် တက်အိပ်နေတော့တယ်။

နံနက်မိုးလင်းသောအခါ အေးကျော်ရောက်လာသဖြင့် မြင့်ဝင်းမောင်က ညကသယ်ယူလာသောအိတ်ကြီးထဲမှ လက်ကောက်များ၊ ရွှေဆွဲကြိုးများ၊ လက်စွပ်များနှင့် ငွေစက္ကူထုပ်များကို ထုတ်ယူလိုက်သည်။

ငင်းပစ္စည်းများထဲမှ ရွှေတုံးငယ်လေး ဆယ့်ခြောက်တုံးခန့်၊ ရွှေပြားဖြတ်စများနှင့် ရွှေဆွဲကြိုး နှစ်ကုံးခန့်ကို ဇနီးသည် မကြည်ပြာလက်ထဲ ထိုးအပ်လိုက်တယ်။ အေးကျော်ကိုလည်း ထိုက်သင့်သောငွေများနှင့် လက်ဝတ်လက်စားအချို့ကို ခွဲဝေပေးသည်။

ကျန်ပစ္စည်းများနှင့် ငွေစက္ကူထုပ်များကို အိတ်ထဲပြန်ထည့်ကာ မိမိ၏မွေးရပ်ဇာတိကို ခေတ္တခဏရှောင်တိမ်းနိုင်ရန် ထွက်ခွာသွားမည်ဟု မြင့်ဝင်းမောင်က မကြည်ပြာကို တိုးတိုးတိတ်တိတ် မှာကြားနေသည်။

"ကြည်ပြာ ... လောလောဆယ် ကိုယ် ခဏရှောင်နေမှ ကောင်းမယ်"

"ဘယ်ကိုသွားမှာလဲ"

"ကိုယ့်မွေးရပ်ဇာတိကိုသွားမယ်"

"ဘယ်လောက်ကြာမှာလဲ"

"မပြောနိုင်သေးဘူး။ နည်းနည်းကြာချင်ကြာမယ်"

အမှန်တော့ မြင့်ဝင်းမောင်တစ်ယောက် မိမိကျူးလွန်လာခဲ့သော ဓားပြမှုနှင့်ပတ်သက်၍ လက်စလက်နဖျောက်ရန် ဤရွာလေးမှ တစ်နယ်တစ်ကျေးသို့ ခြေရာပျောက်လစ်ရန် ကြံရွယ်ခဲ့ခြင်းဖြစ်ပါသည်။

www.burmeseclassic.com



မကြည်ပြာမှာတော့ မိမိလက်ထပ်ပေါင်းသင်းလာခဲ့သော လင်ဖြစ်သူ မြင့်ဝင်းမောင်၏လုပ်ရပ်များကို ပေါင်းသင်းမိချိန်မှ အဖြစ်မှန်ကို သိရှိလာခဲ့သော်လည်း မိမိကိုယ်တိုင်ကလည်း သူကိုယ်တိုင် ရှာဖွေကျွေးမွေးနေသည့်အပေါ် ကောင်းသည်ဆိုးသည်ကို မပြောသာဘဲ နှုတ်ပိတ်ရေငုံနေနေရသည်။

မိမိတို့သားအမိနှစ်ဦးအတွက် ရှာဖွေထောက်ပံ့ပေးနေခဲ့သော ငွေကြေးများမှာ လုံလောက်နေသဖြင့် အမေ့ဆေးဖိုးဝါးခအတွက် မပူမပင်မကြောင့်မကြရသလို မိမိလည်း အပြင်ထွက် ဟာဟီရအလုပ်များ လုပ်ကိုင်စားစရာမလိုတော့။

ယခုလို လင်ဖြစ်သူ လုပ်ငန်းကိုင်ငန်း အစဉ်ပြေချောမွေ့လာကာ အစစအရာရာ ပြည့်စုံနေသဖြင့် ယခင်လို နုံချာလှသော ဘဝအခြေအနေမှ တင့်တောင်းတင့်တယ်ဘဝသို့ တက်လှမ်းရောက်ရှိလာခဲ့သည်။ မိမိဘဝဟောင်းက ဆင်းရဲဒုက္ခအပေါင်းမှ ကင်းလွတ်ပြီး ဝတ်စားနေထိုင်လာရသော အခါ မြင့်ဝင်းမောင်၏ ပေးကမ်းထောက်ပံ့မှုအပေါ် သာယာနေမိသည်။

သို့သော်လည်း မိမိတစ်သက်မှာ မသုံးဖူးမကိုင်ဖူးသော ရွှေငွေလက်ဝတ်လက်စားများကို ကိုယ်ပေါ်မှာ ဆင်မြန်းလျက် သူခိုးရွှေရ တပြုံလို နေထိုင်ခဲ့၏။ ဒီကြားထဲ မိမိကိုပေးခဲ့သော ရွှေတုံးရွှေစများကို သိုသိုဝှက်ဝှက် သိမ်းဆည်းမထားဘဲ ထုခွဲပြီးရောင်းချရန် ကြံရွယ်ခဲ့သည်။

ယင်းသို့ ရွှေတုံးများကို အရည်ကျိုပြီး လက်ဝတ်ရတနာများအဖြစ် ပြုပြင်ပြောင်းလဲရန် မြို့ပေါ်မှ ပန်းတိမ်ဖိုမှာ သွားရောက်အပ်နှံထားခဲ့သည်။ လက်ကောက်ပြုလုပ်ရန် ရွှေတုံးများကိုအပ်နှံခဲ့သလို ရွှေဆွဲကြိုးလုပ်ရန် ရွှေပြားဖြတ်စများကိုပါ အပ်နှံထားခဲ့သည်။

ထိုအချိန်တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များကလည်း ညဥ့်နက်ပိုင်းက မြို့ပေါ်မှအိမ်ကို ဖောက်ထွင်းသွားမှုအတွက် ခြေရာခံလိုက်လံ စုံစမ်းစစ်ဆေးနေကြပြီ။ ယင်းကြောင့် အိမ်ဖောက်ထွင်းခံရမှုတွင် ပါရှိသွားသော ရွှေတုံး၊ ရွှေဖြတ်စများကို လိုက်လံရှာဖွေရန် ကွင်းဆက်နှင့် ပတ်သက်နေ





သော ရွှေပန်းထိမ်ဆိုင်များသို့ သတင်းသိုးသိုးသန့်သန့် ရရှိနိုင်ရန် စနည်းနာလျှက်ရှိသည်။

ယင်းသို့သော အချိန်ကာလဝယ် ဖောက်ထွင်းမှုဖြစ်ပွားသွားခဲ့ပြီး နောက် သုံးရက်မြောက်နေ့တွင် မကြည်ပြာတစ်ယောက် သူခိုးရွှေရ တပြုံလုပ်ကာ လာရောက်ပြီး အရည်ကျိုပုံသွန်းလောင်းခိုင်းသော ရွှေတုံးနှင့် ရွှေဖြတ်စများသတင်းကို အနံ့ခံမိသွားကာ မှလပိုင်ရှင်အား ခေါ်ယူပြသစေရာ ဟုတ်မှန်ကြောင်း သက်သေထွက်ဆိုခဲ့ကြသည်။

ဒါကြောင့် ယင်းပစ္စည်းများကိုလုပ်ခိုင်းရန် အော်ဒါလာအပ်နှံသော မကြည်ပြာ၏ လိပ်စာကိုမှတ်ယူပြီး အင်းမရွာလေးဆီသို့ ရောက်ရှိလာခဲ့ကြတော့သည်။

သတင်းအချက်အလက်များ ခိုင်လုံအောင်စုစည်းပြီး ဖောက်ထွင်းမှုနှင့်သက်ဆိုင်သော ရွှေတုံးရွှေဖြတ်စများကို လာရောက်အပ်နှံသွားသူ မကြည်ပြာ၏အိမ်သို့ ရောက်ရှိလာကာ ယင်းပစ္စည်းများအား မည်သည့်နေရာမှ ရရှိလာကြောင်း စစ်မေးလာသည်။

မကြည်ပြာမှာလည်း မိမိယောကျ်ား မည်သည့်နေရာမှ ရရှိလာသည်ကို ခိုင်လုံအောင်သက်သေမပြနိုင်သဖြင့် ရဲတပ်ဖွဲ့မှ ရဲစခန်းသို့ ခေါ်ယူကာ စစ်မေးခဲ့ကြတော့သည်။ ဒီတော့မှ မကြည်ပြာတစ်ယောက် မိမိသိုသိုသိပ်သိပ် သိမ်းဆည်းထားရမည့် ပစ္စည်းများကို ပန်းထိမ်ဖိုမှာ သွားရောက်အပ်နှံထားခဲ့ရာမှ ခြေရာကောက်လိုက်လာမှန်း သိရှိသွားလေတော့သည်။

☀ ☀ ☀

www.burmeseclassic.com

www.burmeseclassic.com

(၇)

❑

ထိုအခါ ရဲတပ်ဖွဲ့ဝင်များသည် မကြည်ပြာ အစစ်ခံထွက်ဆိုချက် ပေါ်မူတည်ပြီး ယောကျ်ားဖြစ်သူ၏ မွေးရပ်ဇာတိမြေဆီသို့ ခြေရာကောက် လိုက်လံစစ်ဆေးခဲ့ကြသည်။

မြင့်ဝင်းမောင်ကို မတွေ့ဘဲ ၎င်း၏တူတော်သူနှစ်ဦးကိုသာ တွေ့ ရသဖြင့် ၎င်းတို့အား လိုအပ်သည်များ မေးမြန်းစစ်ဆေးပြီး တူဖြစ်သူ လှဝင်းအောင်၏လက်မှာပတ်ထားသော နာရီမှာ ဖောက်ထွင်းရာတွင် ပါရှိ ပစ္စည်းဖြစ်၍ သိမ်းဆည်းသွားကြသည်။

၎င်းတို့ကို မြင့်ဝင်းမောင် မည်သည့်နေရာတွင်ရှိနေကြောင်း စစ် မေးကြည့်သောအခါ သူ့မိန်းမဆီပြန်သွားကြောင်း ထွက်ဆိုချက်ပေးကြ သည်။ ယင်းကဲ့သို့ ဖောက်ထွင်းဝိဇ္ဇာ ဝင်းမြင့်မောင်နောက် လိုက်လံစုံစမ်း ကြရာ တည်းခိုခန်းများ၊ ရပ်ကွက်ကင်းများပါမကျန် မှာကြားရှာဖွေ လာခဲ့ကြ သည်။

တည်းခိုခန်းတစ်ခုတွင် မြင့်ဝင်းမောင် လာရောက်တည်းခိုသွား ကြောင်း စုံစမ်းသိရှိရသဖြင့် စစ်မေးခဲ့ကြရာ မြင့်ဝင်းမောင်မှာ သွားလေရာ





အမြဲဆောင်းလေ့ရှိသော ဦးထုပ်ညိုကြီးနှင့် ကိုယ်မှာ သားရေအိတ်ပြားကို လွယ်ထားလျက် ဂျင်ဝိုင်းတကာလှည့်လည် ဂျင်ကစားလေ့ရှိကြောင်း စုံစမ်း သိရှိလာခဲ့သည်။

ထိုအခါ ဂျင်ဝိုင်းများ ကစားတတ်သည့်နေရာပတ်ဝန်းကျင်ကို လည်း လိုက်လံရှာဖွေ စုံစမ်းရပြန်၏။ ယင်းသို့ ဖောက်ထွင်းဝိဇ္ဇာ မြင့်ဝင်း မောင်သတင်းကို လိုက်လံစုံစမ်းနေသော ရဲတပ်ဖွဲ့ဝင်များသည် ကားလမ်းပေါ် တစ်လျှောက် ကားဖြင့်သွားလာကာ စုံစမ်းနေခြင်းဖြစ်သည်။

ထိုကဲ့သို့ ကားတစ်စီးဖြင့် လိုက်လံစုံစမ်းနေရာမှ မောင်းလာသော ကားကို ဖြည်းဖြည်းညှင်းညှင်း မောင်းလာနေခိုက် လမ်းမကြီးပေါ်တွင် ဦးထုပ် ဆောင်းလျက် သားရေအိတ်ပြားလွယ်ကာ လျှောက်သွားနေသော မသင်္ကာ ဖွယ်ရာ လူတစ်ယောက်ကို ကားမီးထိုးလိုက်သော မီးရောင်အောက်ဝယ် ဘွားခနဲ တွေ့မြင်လိုက်ကြသည်။

"ဟော့ ....မြင့်ဝင်းမောင်"

"ခင်ဗျာ"

ထိုမသင်္ကာသူအား ရဲတပ်ဖွဲ့မှ သွေးတိုးစမ်းသလိုလို လှမ်းခေါ် ကြည့်လိုက်စဉ် ခင်ဗျာဟု ထူးလိုက်တယ်။ ဒါကြောင့် ကားကိုရပ်ပြီး ဆင်း ဖမ်းရန် ကြံရွယ်နေစဉ် ထိုလူမှာ ရဲတပ်ဖွဲ့ဝင်မှန်းရိပ်မိကာ ထိုနေရာမှ လျင် မြန်စွာ လစ်ပြေးသွားသည်။

သို့သော်လည်း ဝီလီဂျစ်ကားပေါ်မှ ဆားပုလင်းခွန်နောင်သည် အလျင်အမြန် ခုန်ချပြေးလိုက်သွားကာ နောက်ဆုံး လုံးထွေးသတ်ပုတ်ပြီး အရှင်ဖမ်းမိလာခဲ့တယ်။

ယင်းသို့ ဖမ်းဆီးရမိလာသော မြင့်ဝင်းမောင်ကို စစ်ကြောရေး စခန်းသို့ ခေါ်ယူစစ်ဆေးမေးမြန်းလိုက်တော့မှ မြို့နယ် (၁၅)မြို့နယ်အတွင်း ဖောက်ထွင်းမှုများ ကျူးလွန်လာခဲ့ကြောင်း စုံစမ်းဖော်ထုတ်သွားနိုင်တော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းအမှုများမှ သက်သေခံပစ္စည်း တချို့တစ်ဝက်ကိုလည်း ပြန်လည်သိမ်းဆည်းရမိလာ၏။ ယင်းပစ္စည်းများကို ရှာဖွေပုံစံဖြင့် လိုက်လံသိမ်းဆည်းခဲ့ကြပြီး အမှုဟောင်းများကိုပါ ပြန်လည်ဖော်ထုတ်နိုင်ခဲ့သည်။

၎င်း ဖောက်ထွင်းရယူလာခဲ့သော ငွေပေါင်းသိန်း၀ါးဆယ်အပြင် ရွှေငွေလက်ဝတ်လက်စားများ၊ တီဗီ၊ အောက်စက်များနှင့် ဝယ်ယူထားသော ကား(၂)စီးကိုပါ ပြန်လည်သိမ်းယူနိုင်ခဲ့သည်။

တကယ်တော့ ဖောက်ထွင်းဝိဇ္ဇာမြင့်ဝင်းမောင်သည် တစ်ကိုယ်တော် ဖောက်ထွင်းဝိဇ္ဇာတစ်ဦးသာဖြစ်ပါသည်။ မိမိကျူးလွန်လာခဲ့သောအမှုများကို ပိပိရိရိ ကျူးလွန်နိုင်ခဲ့ခြင်းကြောင့် ခြေရာကောက် လိုက်လံစုံစမ်းရန် ခဲယဉ်းနေခြင်းဖြစ်ပါသည်။

ယခုတော့ မိမိဖောက်ထွင်း၍ ရရှိလာသော ရွှေတုံး၊ ရွှေဖြတ်စများကို ဇနီးဖြစ်သူ မကြည်ပြာသို့ ထုခွဲရောင်းချစားသောက်နိုင်ရန် ပေးအပ်ထားခဲ့သည်ကို အမှုဖြစ်ပွားပြီးစ ပူပူနွေးနွေးအချိန်မှာ မကြည်ပြာ၏ မဆင်မခြင် သွားရောက်ထုခွဲ အရည်ကျိုပြီး လက်ဝတ်လက်စားလုပ်ခဲ့ရာမှ မီးနိုးကြွက်လျှောက်လိုက်ကာ အမှုမှန်ကို သက်ဆိုင်ရာမှ စုံစမ်းဖော်ထုတ်သွားနိုင်ခြင်းဖြစ်ပေသည်။

❋ ❋ ❋

{ ၈ }

❑

"ဒေါင် . . . ဒေါင် . . ."

နာရီပြန်နှစ်ချက်ထိုးလိုက်သော သံချောင်းခေါက်သံကြားလိုက်ရမှ အိပ်ရာထဲဝယ် အိပ်မပျော်နိုင်ရှာဘဲ အတွေးရေယာဉ်ကြော မျောပါနေခဲ့သော မကြည်ပြာသည် လန့်ဖျပ်နိုးလာခဲ့သည်။

အမျိုးသမီးအိပ်ဆောင်ထဲမှာတော့ တခြားအကျဉ်းသူအားလုံးမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျလျက် ရှိနေကြသည်။ မိန်းမတွေချည်းသာ စုပေါင်းနေထိုင်နေသောနေရာမို့ အအိပ်ကြမ်းသူများမှာ ဒူးပေါ်ပေါင်ပေါ် အိပ်ပျော်နေကြသလို တချို့မှာ ဖင်ပေါ်ခေါင်းပေါ် လွတ်လွတ်လပ်လပ် အိပ်စက်နေကြသည်။

ညကင်းတာဝန်ကျ ကင်းစောင့်ဗာရာများမှာတော့ မိမိတို့ တာဝန်ကျချိန် နှစ်နာရီကာလမှာ ကင်းတာဝန်ကို မပျက်မကွက် စောင့်ကျပ်ကြည့်နေကြရသည်။

မိမိလို ခြောက်ကိုးဗာရာ ကင်းတာဝန်ကျခဲ့သူများမှာ စောစောစီးစီး အိပ်စက်နေခဲ့ရသည်ကြောင့် အိပ်မည်ကြိုးစားနေသော်လည်း မိမိလင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် အမှုတွဲဖြစ်ကာ ထောင်ထဲရောက်နေရသဖြင့် အိပ်မပျော်နိုင်ဘဲ အတွေးရေယာဉ်ကြောမှာ မျောပါနေမိခြင်းဖြစ်သည်။

မိမိ မည်မျှအိပ်မပျော်ဖြစ်နေလည်းဟု ဆန်းစစ်ကြည့်နေချိန်ဝယ် ကင်းမျှော်စင်ကြီးပေါ်မှ နံနက်ဦးပိုင်း (၃)နာရီသံချောင်းပင် ခေါက်နေပြီ။ ညဘက် ကင်းတာဝန်ကျဗာရာများပင် ကင်းအချိန်းအပြောင်း လုပ်နေကြပြီ။

နောက်နှစ်နာရီလောက်ဆိုလျှင် နံနက်ပိုင်း ထောင်ဖွင့်ဝင်ရောက်ရန် တာဝန်ကျသူများပင် လာရောက်ပေတော့မည်။ မိမိမှာတော့ ထောင်ထဲကို ဘယ်လိုဘယ်ပုံ ရောက်ရှိလာခဲ့ရသည်ကို တောင်တွေးမြောက်တွေးနှင့် မိုးစင်စင် လင်းလုပြီ။ သို့သော်လည်း အိပ်ချင်စိတ်က ဖြစ်ပေါ်လာနေလို့ ခဏတာ မှေးလိုက်ဦးမည်ဟု ကြံရွယ်နေစဉ်မှာပဲ . . .

''ဟော့ . . . ထကြ၊ ထောင်ဖွင့်တန်းစီမယ်။ ဟဲ့ . . . နိုးလိုက်ကြစမ်း''

တန်းစီးမဲ့ကြီးခင်ခင်ရဲ့ အော်ဟစ်နှိုးနေသံကြောင့် အိပ်မောကျနေသူအားလုံး အိပ်ရာမှ အလျှိုလျှို ထလာနေကြ၏။ မိမိတို့ အိပ်ဆောင်ကြီးဘေး မျဉ်းတန်းနားမှာ နှစ်ယောက်တန်းထိုင်ကာ ရှေ့နောက်တန်းစီ ထိုင်နေကြရတယ်။

နံနက် (၅)နာရီ ထောင်ဖွင့်ဝင်လာကြတော့မည်ဖြစ်၍ တာဝန်ကျဝန်ထမ်းများ ရောက်ရှိလာမည်ကို တန်းစီစောင့်နေကြရသည်။ ယခုလို လူတွေကို တန်းစီပြီး ထိုင်စောင့်ခိုင်းထားချိန်မှ မကြည်ပြာတို့ ဗာရာအုပ်စုတွေက အိပ်ရာလိပ်များကို အခန်းအလယ်မှာ စုပုံထားကာ တစ်ပုံစီ အစီအရီထပ်ပြီး ပုံစံစောင်ဖြူ နှစ်ထည်သုံးထည်နှင့် ဖုံးအုပ်ထားပေးရသည်။

ဒါမှ တာဝန်ကျဝန်ထမ်း အမျိုးသမီးများနှင့်အတူ ထောင်မှူးမမဝင်ရောက်စစ်ဆေးလာသည့်အခါ သပ်သပ်ယပ်ယပ်ဖြစ်အောင် ရှင်းလင်းထားပြီး ဖြစ်ပေမည်။ ကျန် ညကင်းဗာရာများကလည်း နှစ်ယောက်တစ်တွဲစီ





ထိုင်နေသူများကို တန်းကောက်နေခြင်း၊ ပုံစံပျက်ယွင်းနေမှုများ မရှိအောင် လိုက်လံကြပ်မတ်ပြီး တန်းညှိပေးထားရသည်။

အိပ်ဆောင်ထဲမှာရှိနေသော လူပေါင်းအရေအတွက်ကို ညက ထောင်ပိတ်ထားခဲ့သည့်အတိုင်း အတိအကျရှိမရှိကို ညကင်းဗာရာတင်မေက လိုက်လံရေတွက်ပြီး တန်းစီးကို သတင်းပို့ရသည်။

တန်းစီးမဲ့ကြီးခင်ခင်ကလည်း မိမိအိပ်ဆောင်ထဲမှာ ရှိနေသော လူပေါင်းအရေအတွက်အတိုင်း ကိုက်ညီမှုရှိမရှိကို ဗာရာကတ်ပြားပေါ်မှာ ကြည့်ကာ ညက ရေးသွင်းထားသော လူဦးရေအတိုင်း ပြည့်စုံနေသောကြောင့် ထောင်ဖွင့်ဝင်လာမည့်အဖွဲ့ကို တံခါးဝင်ပေါက်နားမှာ သတင်းပို့ဖို့စောင့်ဆိုင်းနေလျှက်ရှိသည်။

မကြာမီမှာပဲ ထောင်မှူးဦးဆောင်သော ထောင်ဖွင့်ဝန်ထမ်းများ အိပ်ဆောင်တံခါးသော့ဖွင့်ပြီး ဝင်ရောက်လာကြ၏။

''ဂျလောက်''

''အမျိုးသမီးဆောင် လူပေါင်း နှစ်ရာငါးဆယ်ယောက် တန်းစီပြီးအသင့်''

ထောင်မှူးမက တန်းစီးလှမ်းပေးနေသော ဗာရာကဒ်ပြားလေးကို လှမ်းယူနေစဉ်မှာ ပါလာသောဝန်ထမ်းအမျိုးသမီးတစ်ယောက်က သေချာအောင် လိုက်လံရေတွက် စစ်ဆေးလိုက်ပြီးနောက် . . .

''ဆရာမ . . . လူပေါင်း တစ်ရာနှစ်ဆယ့်ငါးပြူးပါရှင့်''

''ကဲ . . . အေးစေ ပေးထားလိုက်''

ထောင်မှူးမက ဝန်ထမ်းအမျိုးသမီး လိုက်လံရေတွက်ထားသည့်အတိုင်း တစ်ရာနှစ်ဆယ့်ငါးပြူးဆိုသည့် အပြူးဖြင့် ရေတွက်ထားခြင်းကို နှစ်နှင့်မြှောက်ကြည့်ပြီး မှန်ကန်နေသဖြင့် ဗာရာချပ်ပေါ်မှာ လက်မှတ်ရေးထိုး အတည်ပြုလိုက်ပြီးနောက် ခေတ္တတန်းဖြုတ်နိုင်စေရန် အေးစေပေးခိုင်းပြီး အခန်းအပြင် ထွက်သွားတယ်။

''အေးစေ''



www.burmeseclassic.com

www.burmeseclassic.com



တန်းစီးမှဲကြီးခင်ခင်က သူ့အိပ်ဆောင်ထဲမှာ တန်းစီထိုင်နေကြသော အကျဉ်းသူများကို တန်းစီထားလျှက် ပုံစံဖျက်နိုင်းပြီး သက်တောင့်သက်သာထိုင်စောင့်နိုင်းရန် အမိန့်ပေးလိုက်ခြင်းဖြစ်ပါသည်။

ယခုလို ပြဿနာဖြစ်ပွားပေါ်ပေါက်မှုမရှိဘဲ နံနက်ထောင်ဖွင့်ဝင်လာခဲ့ချိန်မှာ အေးအေးဆေးဆေး ထောင်ဖွင့်နိုင်းခဲ့ခြင်းမှာ ခြောက်ကိုးဟာရာ မကြည်ပြာတို့ ညကင်းဟာရာများမှ နိုးနိုးကြားကြား ကင်းစောင့်ပေးနိုင်ခြင်းကြောင့် ဖြစ်၏။ ညရေးညတာ ပြဿနာဖြစ်ပွားနိုင်သော ထောင်ဖောက်ပြေးမှု၊ လူသေဆုံးမှု၊ ခိုက်ရန်ဖြစ်ပွား၍ အဆောင်ပြောင်းမှု စသည့်ပြဿနာများ မဖြစ်ပွားအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းကြောင့် ထောင်ဖွင့်ချိန်ဝယ် ပြဿနာတစ်စုံတစ်ရာ မပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ထောင်ဖွင့်သံချောင်းခေါက်သံကို မကြားရခင် အချိန်လေးမှာပဲ မကြည်ပြာတစ်ယောက် ယခုလို ထောင်ကြီးထဲမှာ လင်တော်မောင် မြင့်ဝင်းမောင်ကောင်းမှုကြောင့် ထောင်ငါးနှစ်ကျခံလာခဲ့ရသည့်အဖြစ်ကို တွေးမိတိုင်း စိတ်မကောင်းဖြစ်ပေါ် ခံစားနေရသည်။

လင်ဖြစ်သူ မြင့်ဝင်းမောင်အပေါ် ယုံကြည်ကိုးစား အထင်ကြီးမိခဲ့သဖြင့် ငွေကို လွယ်လွယ်ကူကူ ရှာဖွေခဲ့သလို ငွေတွေသုံးဖြုန်း ကုန်တော့လည်း ဒုစရိုက်သံသရာထဲမှာ ကျင်လည်နေပြန်တော့ ခုလိုဖမ်းဆီးမိလို့ နှစ်ရှည်လများ ထောင်သံသရာ လည်နေဦးမည့်အဖြစ်ကို တွေးပြီး ရင်မောနေမိတော့တယ်။

အပြင်လောကဝယ် တူနှစ်ကိုယ်နီးစဉ်က ငွေတွေဖောဖောသီသီရလာအောင် ရှာဖွေထောက်ပံ့နိုင်သော ဖောက်ထွင်းဝိဇ္ဇာ မြင့်ဝင်းမောင်နှင့် သုံးမကုန်ဖြုန်းမကုန် ပျော်ရွှင်ကြည်နူးခဲ့ရသော်လည်း ယခုတော့ အုတ်နံရံလေးဖက်ကြားမှာ မိမိတို့ကျူးလွန်လာသော မကောင်းမှုဒုစရိုက်များ၏ဒဏ်ကို ခါးစည်းခံနေရပြန်တယ်။ လင်မယားနှစ်ယောက်စလုံး ထောင်ကြီးထဲက တစ်မိုးအောက်မှာ အတူမရှိနိုင်ဘဲ တစ်ဝင်းထဲမှာ နီးလျှက်နှင့် ဝေးနေရသော ဖော်ကွာဝေးသည့်အဖြစ်ကို ကြုံကြိုက်နေခဲ့ရပြီလေ။





တကယ်တော့ မေတ္တာတရားကို အလေးမထားဘဲ ငွေကို ရေလိုသုံးနိုင်သူ ယောကျ်ားတစ်ဦးအပေါ် အထင်ကြီးလေးစားမိပြီး မိမိဘဝလေး ပုံအပ်လိုက်မိပြီးမှဘဲ ဘီလူးခေါင်းဆောင်းထားသူမှန်း ရုပ်လုံးပေါ်လာတော့ မတတ်နိုင်တော့။

ဒါကြောင့် ဘဝတစ်ခုမှာ သူ့ကိုယုံမိခဲ့လို့ မကြည်ပြာရဲ့ဘဝလေးက လင်ကုန်ရှုံးလို့ တစ်သက်လုံး မှောက်ရမည့်ကိန်း ဆိုက်နေပြီ။ လူပုံပန်းသဏ္ဍာန်ကြည့်ပြီး အကဲခတ်မှားမိလို့ မျက်စိစုံမှိတ်လက်ခံမိပြီးမှ အဖြစ်မှန်သိတော့မှ နောင်တရနေလို့လည်း ဘာများတတ်နိုင်တော့မှာလဲလေ။

ယခုတော့ ထောင်ကြီးထဲက အမျိုးသမီးဆောင်လေးထဲဝယ် ညစဉ်ညတိုင်း ခြောက်ကိုးဟာရာ ကင်းတာဝန်ချိန်ကိုစောင့်ပြီး ကျင်လည်နေရပေဦးတော့မယ်၊ အချုပ်ဆောင်လေးထဲမှာ လွတ်လပ်မှုပျောက်ဆုံးလို့ ‘ပုံစံ’ ဆိုတဲ့ ကာလယန္တရားကြီးထဲမှာပဲ တဝဲလည်လည် ကျင်လည်နေရပေဦးတော့မည်။

※※※

www.burmeseclassic.com

www.burmeseclassic.com

## [၉]

❑

"ဒေါင် ... ဒေါင် ... ဒေါင် ... ဒေါင် ..."

နံနက်ခင်းစောစောကြီးအချိန်ဝယ် မင်္ဂလာရှိသော ထောင်ဖွင့်သံချောင်းခေါက်သံကို ကြားလိုက်ရတော့မှပဲ ညကင်းဗာရာ တာဝန်ထမ်းဆောင်နေခဲ့ကြတဲ့ မကြည်ပြာတို့ ညကင်းဗာရာသမားများအဖို့ ဟင်းချနိုင်ခဲ့တော့သည်။

ဟုတ်တယ်လေ။ တစ်ညလုံး ကင်းစောင့်နေကြရတော့ အိပ်ရေးပျက်နေကြပြီလေ။ အမျိုးသမီးဆောင်ဆိုပေမဲ့လည်း လျှော့တွက်လို့မရဘူး။ အားလုံးက ပြစ်မှုပြစ်ဒဏ်ဖြစ်ပြီး ထောင်ထဲကို ရောက်လာခဲ့ကြတာမဟုတ်လား။ အပြင်မှာနေခဲ့စဉ်တုန်းက တစ်ချိန်က ရွှေခြေချင်းနဲ့ အချင်းခေးလာခဲ့ကြသူတွေဆိုပြီး ထောင်ထဲလာ မော်ကြွားချင်သူကလည်း ရှိသေး။

ဒါပေမဲ့ ထောင်ဆိုတာ သိတယ်မဟုတ်လား။ အပြင်မှာ ဘယ်လောက်ပဲချမ်းသာနေလို့ ဒန်းလော့မွေ့ရာနဲ့ပဲ အိပ်လာလာ ထောင်ထဲရောက်လာရင် တန်းတူရည်တူ ဖျာကြမ်းပေါ်မှာ ပုံစံစောင်ခင်းပြီး ခေါင်းအုံးမရှိဘူး။





ထောင်ဝင်စာထုပ်လေး ခေါင်းခုအိပ်နေရတဲ့လူချည်းပဲ။ ဘဝတူချင်း အရှုတ္တဘိန်းတစ်လုံးပိုရှုချင်လို့ မရဘူးလေ။

ဒီတော့လည်း ချမှတ်ထားတဲ့ ထောင်ဥပဒေ၊ ထောင်စည်းကမ်းတွေအောက်မှာ ပြားပြားဝပ်နေကြရတယ်။ အဆင့်အတန်းခွဲခြားမှု မရှိဘူး။ လက်ရည်တပြင်တည်းပဲ နေထိုင်ဆက်ဆံလို့ရတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ထောင်ကျလာကြတယ်ဆိုတာ ပြစ်မှုပြစ်ဒဏ်တစ်ခုခုကို ချိုးဖောက်ခဲ့လို့သာ ဒီနေရာ၊ ဒီပတ်ဝန်းကျင်မှာ ကျင်လည်နေရတာပါ။

တစ်ခါတစ်ရံ ထောင်အကြောင်း နောကြေနေသူ၊ လုပ်စားနေတဲ့လူက စကားကြီးစကားကျယ်တွေပြောပြီး လေလုံးက ခပ်ကြွားကြွားရှယ်။ မကြည်ပြာတို့လို ဗာရာတွေက ထောင်မှူး၊ ထောင်ပိုင်တွေက ယုံကြည်စိတ်ချမှုရှိလို့ တာဝန်ပေးခိုင်းစေခဲ့တာဖြစ်တယ်။

ဒါကြောင့်လည်း ထောင်ထဲမှာ လွတ်လပ်ခွင့် ရှိနေကြတယ်။ ထောင်ထဲမှာ မဟုတ်တာလုပ်ဖို့ ကြံစည်နေတာတွေကို သတင်းအနံ့ရတာနဲ့ အိပ်ဆောင်တန်းစီးထံ အမြန်ဆုံး သတင်းပို့တယ်။

အမှန်တော့ ဗာရာဆိုတာ တန်းစီးရဲ့ လက်ကတုံးတောင်ရှေ့ထဲ ထောင်ထဲက အိပ်ဆောင်အကျယ်ကြီးထဲမှာ ဘယ်ထောင့်စေ့အောင် လိုက်ကြည့်နေနိုင်ပါ့မလဲ။ ဒီတော့ ထောင်ထဲက အဓိကနေရာတွေမှာ တာဝန်ချထားတဲ့ ဗာရာတွေထံကကြားရတဲ့ သတင်းဆို တန်းစီးကိုယ်တိုင် စနည်းနာစုံစမ်းပြီး တိကျမှန်ကန်နေလျှင် အိပ်ဆောင်မှူး၊ ထောင်မှူးမမထံ အမြန်ဆုံး အကြောင်းကြား သတင်းဆက်ပို့ရတယ်။

ခုလည်း ထောင်ဖွင့်သံချောင်းခေါက်သံကို ကြားလိုက်ရပြီး လုံခြုံရေးအတွက် ကင်းစောင့်တာဝန်ယူခဲ့ရသလို နေ့ပိုင်းဘက်မှာလည်း စည်းကမ်းထိန်းသိမ်းရေးတာဝန်ကို ဆက်လက်ဆောင်ရွက်ကြရပြန်တယ်။

ခုလို အိပ်ဆောင်ထဲကထွက်လာသူတွေ မိလ္လာဆောင်ဘက်ဆီ အပြေးအလွှား သွားသူကသွား၊ မျက်နှာသစ်ဖို့ ရေကန်ဆီပြေးသူပြေး နံနက်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်း အာဟာရအပြစ် ကျွေးမွေးပေးတဲ့ ဂဝ်ဇီခေါ်ဆန်ပြုတ်ဝေတဲ့နေရာ တန်းစီသူက တန်းစီနေတာကို ပြဿနာမဖြစ်ပွားအောင် ထိန်းပေးရတယ်။

နံနက်စောစော ထောင်ကကျွေးမွေးပေးတဲ့ ဂဇီခေါ် ဆန်ပြုတ်ရည်ကျဲကို သောက်ဖို့ နှစ်ယောက်တစ်တွဲစီ တန်းစီကြရတယ်။ ထောင်ထဲမှာ ဘယ်နေရာသွားသွား၊ ဘာပဲလုပ်လုပ် နှစ်ယောက်တွဲသွားရတဲ့ အလေ့အကျင့် လုပ်ထားတယ်။

ဒီလို ဆန်ပြုတ်ဝေပေးတဲ့နေရာမှာ သောက်ဖို့ဒန်ဖလုံလေးတွေကို ပန်းကန်ဝေတဲ့ဘုတ်က တာဝန်ကြီးစိန်သီးက ဝေပေးတယ်။ တာဝန်ကြီးစိန်သီး ဆိုတာကလည်း ပေါ့သေးသေးမဟုတ်။ မိမိလင်ယောကျ်ားကို တာမနဲ့ခုတ်သတ်ပြီး ထောင်ဒဏ်ငါးနှစ် ကျခံလာခဲ့ရသူ။ ဆန်ပြုတ်သောက်ဖို့ ဇွန်းကတော့ အိမ်ကိုမှာသွင်းထားတဲ့ ပလပ်စတစ်ဇွန်းပဲ သုံးရတယ်။ စတီးဇွန်းတို့၊ ဒန်ဇွန်းတို့ လုံးဝမသုံးရဘူး။

သိတယ်မဟုတ်လား။ စတီးဇွန်းဖင်ပိုင်းအဖျားကို သွေးပစ်လိုက်ရင် လူကိုထိုးလို့ရနိုင်တဲ့ လက်နက်ကိရိယာ ဖြစ်နေလို့ပါ။ တချို့ကတော့ ဟင်းသီးဟင်းရွက်လှီးချက်ရာမှာ အသုံးပြုကြတယ်။ ဒါကြောင့် ထောင်ထဲမှာ ပလပ်စတစ်ဇလုံနဲ့ ဇွန်းတွေပဲ သုံးတယ်။

တန်းစီတဲ့နေရာမှာ ပြင်ပနေရာဆို လူတွေက စုပြုံတိုးဝေ့ချင်ကြတယ်။ ထောင်ထဲမှာ ဘယ်လောက်စနစ်ကျသလဲဆိုရင် ရှေ့ကရောက်တဲ့လူနောက်ကနေ အဆင့်ဆင့် တန်းစီထိုင်စောင့်ကြတယ်။ စည်းမရှိကမ်းမရှိ နေရာလုချင်လို့ကတော့ စည်းကမ်းထိန်းသိမ်းရေးဘုတ်က ကျောပြင်ကို တုတ်နဲ့ အုန်းအုန်းနဲ့ရိုက်ခံရမှာ မလွယ်ပါဘူး။

ထောင်ထဲမှာက လုပ်ပိုင်ခွင့်ရှိသူ ဗာရာဝတွေက လုပ်ပိုင်ခွင့်အာဏာကို အပြည့်အဝအသုံးချတတ်တယ်။ ဘယ်သူ့မျက်နှာမှ ထောက်နေစရာမလိုဘူး။ စည်းကမ်းကိုဖောက်လို့ကတော့ သေပြီဆရာပဲ။ မကျေနပ်လို့ တာဝန်ရှိသူတွေကိုသွားတိုင်လည်း ကိုယ်ပဲခံရမှာပဲ။





ယောကျ်ားဆောင်ဘက်က ပြုတ်ပေးတဲ့ဆန်ပြုတ်ရည်ကို ထမ်းပိုကြီးက ရဲဘက်အကျဉ်းသားတွေက ထမ်းပို့ပေးတယ်။ အမျိုးသမီးအိပ်ဆောင်ဝမှာ ချထားပေးခဲ့ပြီး အထဲကို သံပြားခေါက် အချက်ပေးလိုက်တယ်။

အဲဒီလို တိုင်ကီပြုတ်ကြီးနဲ့လာပို့ထားတဲ့ ဆန်ပြုတ်ရည်ကို ထမင်းဝေတဲ့ဘုတ်က ယောကျ်ားလျာမောင်ငွေနဲ့ တာမကြီးစိန်သီးတို့က တံခါးဖွင့်ပြီး ဝန်ထမ်းအစောင့်အရှောက်ရှေ့မှာ ထွက်သယ်ယူကြတယ်။ ဒီလို မိန်းမဆောင် အဝင်တံခါးဖွင့်လိုက်တဲ့ မိနစ်ပိုင်းလေးမှာပဲ ယောကျ်ားတစ်သိုက်ကတော့ ရိက္ခာရုံဘက်ကနေ အငမ်းမရ အလုအယက် ကြည့်ကြရတယ်။

အပြင်လောကမှာ မိန်းမပေါပေမဲ့ ထောင်ထဲမှာ မိန်းမရှားပါးတယ်။ ဒီတော့ မိန်းမနဲ့ကင်းကွာနေရတာ ကြာညောင်းနေတဲ့ ပုရိသတွေအဖို့ အမျိုးသမီးဆောင်က တံခါးဖွင့်ချိန်ကို အငမ်းမရကြည့်ချင်ကြတာ မဆန်းပါဘူး။

ထောင်ထဲမှာ မိန်းမဆိုတဲ့အရာကို မြင်ဖူးချင်တယ်ဆိုလျှင် တစ်နေ့ကို နှစ်ကြိမ်ပဲ ဖောဖောသီသီ မြင်လို့တွေ့လို့ရတယ်။ အဲ့ဒီအချိန်ကတော့ နံနက်ပိုင်း ရုံးထွက်သွားချိန်နဲ့ ညနေ ရုံးပြန်လာတဲ့အချိန်ပါပဲ။ အသွားကြော့ကြော့၊ အပြန်မော့မော့ဆိုတဲ့စကားလို နံနက်ပိုင်း ရုံးထွက်သွားစဉ်တုန်းက ထောင်ထဲမှာသုံးတဲ့ သနပ်ခါးခဲလေးတွေ မျက်နှာသစ်တုန်းက ရေကန်ကရေနဲ့ လက်ဖဝါးပေါ်မှာတင်ပြီး သွေးလူးထားတဲ့ သနပ်ခါးပျစ်ပျစ်လေးကို မျက်နှာကွက်လို့ အလှဆင်ထွက်သွားကြတယ်။ ရုံးပြန်လာချိန်မှာတော့ အချုပ်ကားစီးလာရတဲ့ဒုက္ခကြောင့် မျက်နှာပြင်ပေါ်မှာ အလှပျက်ပြီး ချွေးတစ်လုံးလုံးနဲ့ ပြန်လာရတယ်။

နံနက်ပိုင်း အဆာပြေအာဟာရကျွေးမွေးတဲ့ ဆန်ပြုတ်စားသောက်ပြီး ထောင်တွင်းခိုင်းစေမယ့်အလုပ်များ လုပ်ဆောင်ဖို့ ဘုတ်အလိုက် တန်းစီကြရပြန်တယ်။ အိပ်ဆောင်ထဲမှာရှိတဲ့ ထောင်ယာ၊ ရောဂါ မိလ္လာနှင့် အိပ်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်သန့်ရှင်းရေးလုပ်ရမည့် ဘုတ်အသီးသီးမှ ဘုတ်ကိုင်များက လိုအပ်သည့်လူဦးရေကို တန်းစီးထံမှ တောင်းယူခဲ့ရတယ်။

များသောအားဖြင့် ထောင်ကျလာသည့် ကျသစ်အကျဉ်းသူများကို ဘောက်ဆင်းတာဝန်ပေးနိုင်းစေခြင်းဖြစ်ပါတယ်။ ဘောက်ဆင်းအလုပ်သမားဆိုတာကတော့ အလုပ်အကိုင် အတည်တကျ လေဘာ(အလုပ်) မချရသေးသည့် ကျသစ်များကို ကြုံရာကျပန်း (ဘောက်) အလုပ်နိုင်းစေခြင်းဖြစ်ပါတယ်။

တောင်ယာစိုက်ခင်းမှာ တာဝန်ကျသူတွေကို တောင်ယာဘုတ်ကိုင်ဖြစ်သူ ဆယ်ပြားစေ့ခင်တင့်က ထုတ်ယူခဲ့တယ်။ ဆယ်ပြားစေ့ခင်တင့်ဆိုတာကလည်း ခါးလောကမှာ နာမည်တစ်လုံးနှင့် ကျော်ကြားနေသူပါ။ သူမက အပေါ်ခွဲသမားဖြစ်ပြီး များသောအားဖြင့် လိုင်းကားတွေပေါ်မှာ တက်အလုပ်လုပ်တာ များတယ်။

လူကြပ်ညပ်နေတဲ့ လိုင်းကားတွေပေါ်မှာ စွန်မျက်လုံးနှင့် ဇေ့ဗိုက်အကဲခတ်ကြည့်လိုက်ပြီး အချဉ်ကို ရှာတတ်ပါတယ်။ လူအုပ်ကြားမှာတော့ ခင်တင့်ရဲ့ဟန်ပန်အမူအရာက ဝိဘိကလေးသာသာလို ဝတ်စားဟန်ဆောင်ထားတယ်။ လည်ပတ်ကျစ်ပွဲရုပ်လေးကိုဝတ်ပြီး ထဘီတိုတိုကို ဝတ်စားထားလေ့ရှိတယ်။

အဲ ... သူ့အနား ကပ်မိပြီဆိုလို့ကတော့ အိတ်ထဲက အရွက်ကြီးတွေဟာ လေနှင့်အတူပါသွားအောင် လျင်မြန်ဖြတ်လတ်သူဖြစ်တယ်။ သူမလက်ထဲ ပါးစပ်ထဲမှာဖြစ်ဖြစ် အမြဲဆောင်ထားလေ့ရှိတာကတော့ သွေးထားပြီးသား ဆယ်ပြားစေ့လေးပါပဲ။ ဆယ်ပြားစေ့လေးကို ဓားပမာ ချွန်ထက်မြနေအောင် သွေးထားလို့ လက်ညှိုးနဲ့ လက်ခလယ်ကြား ညှပ်ပြီး အိတ်တစ်လုံးကို အောက်ကပင့်ပြီး အသာအယာ ခွဲတတ်သူပေါ့။

တကယ်တော့ ခင်တင့်ဆိုတာက ဘိုးဘွားအမွေဆက်ခံလာတဲ့ မျိုးဆက်သစ်တစ်ဦးပါပဲ။ အမေဖြစ်သူ ဆယ်ပြားစေ့ခင်မောင်ထံက အမွေ





အဖြစ် ခါးပိုက်နှိုက်ပညာကို တစ်ဖက်ကမ်းခတ် သင်ယူတတ်မြောက်လာသူ ဖြစ်ပါတယ်။ ဒါကြောင့် ခါးလောကမှာတော့ ဆယ်ပြားစေ့ခင်တင့်ရယ်လို့ သရဖူဆောင်းလာခဲ့သူပါ။

အဲဒီလို ခင်တင့် တာဝန်ယူလုပ်ကိုင်နေရတဲ့ တောင်ယာဆိုတာကလည်း အသီးမထွက်ဘဲ အရွက်စိုက်တာများပါတယ်။ ဟဲ ... ဟဲ ... အသီးဘာလို့ မထွက်လည်းမေးလာရင်တော့ အမျိုးသမီးဆောင်အတွက် မမွန်းရာယ်ရှိလို့ တားမြစ်ပိတ်ပင်ထားခြင်းဖြစ်ပါတယ်။ အဲဒီအသီးဆိုတာမျိုးက အလုံးရှည်ရှည်၊ ပင်လုံးထွားထွားရှိတဲ့ ခရမ်းသီး၊ မုံလာဥ၊ ရုံးပတီစသည့်အသီးအနှံတွေဟာ ထောင်ကျအမျိုးသမီး ကဲကဲများအတွက် မရှိမဖြစ်ပစ္စည်း ဖြစ်နေလို့ပါပဲ။

တစ်ခါတုန်းက ဝန်ထမ်းအမျိုးသမီးတစ်ဦးဟာ ထောင်ထဲမှာ ကျွေးတဲ့ပဲဟင်းနဲ့ အပြင်က အသီးအနှံပေါင်းပြီး သီးစုံပဲကုလားဟင်း ချက်စားကြမယ်ဆိုပြီးတော့ အထဲက အကျဉ်းသူများအပူကပ်လို့ စေတနာဗလပွနဲ့ ထောင်ထဲလည်းယူလာရော တံခါးထောင်မှူးက ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့တယ်။

ဒါကို သဘောမပေါက်နိုင်တဲ့ ဝန်ထမ်းအမျိုးသမီးဟာ ထောင်မှူးသာက်မခံလို့ ထောင်ပိုင်ထံ ဝင်ရောက်အသနားခံပြောဆိုတော့မှ ရှင်ကြီးကျားထက်ဆိုးအဖြစ်နဲ့ တိုးတော့တာပဲ။

"ဟဲ့ ... ညည်းက အထဲကကောင်မတွေကို အားပေးအားမြှောက်လုပ်ချင်လို့လား။ နဂိုကမှ အစာငတ်နေကြတဲ့ ဟာမတွေ။ နင်ယူသွားတဲ့ လက်မောင်းလောက်ကြီးတဲ့ ခရမ်းသီးကြီးကြီးနဲ့တွေ့လို့ လူသတ်မှုတောင်ဖြစ်မလားပဲ"

"အို ... ဆရာကြီးကလည်း ခရမ်းသီး၊ မုံလာဥတွေကို စားဖို့မှ အာဟာရဖြစ်မယ်ဆိုတဲ့ စေတနာနဲ့ ကျွန်မက ဈေးထဲက ကောင်းမယ့်ဆိုတဲ့ ရှယ်ခရမ်းသီးကြီးတွေ ဝယ်ပေးတာပါ ... ဆရာကြီးရယ် ချက်စားဖို့ယူသွားခွင့်ပြုပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ဟင်း ... နင်ဟာလေ အပျိုကြီးမို့ ပြောရဆိုရ ကျပ်တယ်။ တော်ကြာ ပါးစပ်ကမစားဘဲ ဟိုဟာနဲ့စားမှ အညှာကျွတ်ပြီး ခုကွရောက်ကုန်မယ်။ ကဲ ... သဘောပေါက်ပြီလား ... အပျိုကြီး"

ဝန်ထမ်းအပျိုကြီးမမချာ ခေါင်းကုတ်လိုက်စဉ်းစားလိုက်နှင့် အမျိုးမျိုးအဖုံဖုံ တွေးတောစဉ်းစားနေပြီး နောက်မှ သဘောပေါက်သွားဟန်ဖြင့် ...

"ဪ .... ဂလိုကိုး အို့ဟိုး"

ဆိုပြီး သူမ တရားခံဖြစ်မှာကြောက်လို့ ပါလာတဲ့ အသီးအနှံတွေကို တံခါးထဲမှာပဲထားရစ်ခဲ့ပြီး အိပ်ဆောင်ထဲ ဝင်သွားခဲ့တော့တယ်။ ဒါကြောင့် အမျိုးသမီးဆောင်ထဲက တောင်ယာစိုက်ခင်းတွေထဲမှာ ယနေ့ထက်တိုင် ချဉ်ပေါင်၊ ကန်ဇွန်း၊ ဟင်းနုနွယ်စားပင်များသာ မင်းမူလျှက် ရှိနေပါတော့တယ်။

အမျိုးသမီးဆောင်ထဲက အမျိုးသမီးတွေဟာ အိပ်ဆောင်အပြင်ဘက်ကိုထွက်ပြီး အလုပ်လုပ်ခွင့် မရှိပါဘူး။ မိမိတို့ သီးသန့်ကာရံထားတဲ့ အတွာအရံအတွင်းမှာပဲ နေထိုင်ကြရပါတယ်။

ဒီတော့ အိပ်ဆောင်ပတ်ဝန်းကျင်တစ်ဝိုက်မှာပဲ တောင်ယာတွေစိုက်၊ သန့်ရှင်းရေးလုပ်၊ မိလ္လာချနှင့် သိပ်ဟုတ်တိပတ်တိ အလုပ်မရှိကြပါဘူး။

ဒီတော့ အိပ်ဆောင်သန့်ရှင်းရေးလုပ်ရတဲ့ မကြည်ပြာတို့အဖွဲ့ဟာ အိပ်ဆောင်အပေါ်ထပ် ကြမ်းခင်းပြင်ကို အုန်းဆံခွံနဲ့ ကြမ်းတိုက်တဲ့အလုပ်ကို လုပ်ရတယ်။ မကြည်ပြာက အလုပ်နေရာပေးခိုင်းစေပြီး ဘေးကနေ လိုခပ်တဲ့ကြမ်းပြင်နေရာများကို သေချာတိုက်ချွတ်ခိုင်းပါတယ်။

ဒီနေရာမှာ တချို့ထောင်ကြီးတွေမှာ ကြုံခဲ့ရတဲ့ အဖြစ်အပျက်ပါ။ အဲ့ဒါကတော့ အမျိုးသမီးဆောင်တွေဆိုတာ အထက်မှာ တင်ပြထားခဲ့သလိုပဲ သီးခြားကမ္ဘာလေးလို နေထိုင်နေကြရတာပါ။ ဘေးပတ်ပတ်လည်မှာ လူ





မြင်အောင် သံပြားတွေ ပတ်ပတ်လည် ဗိုင်းရံကာထားတဲ့ကြားထဲက တစ်ဖက်ယောက်ျားဆောင်ကို လှမ်းမြင်နိုင်အောင် နေရာရှိနေပါတယ်။

အဲဒါကတော့ အမျိုးသမီးဆောင်ကို နှစ်ထပ်အိပ်ဆောင်ကြီးအဖြစ် တည်ဆောက်ထားတာ ထောင်လောကမှာ အဲဒီထောင်ကြီးတစ်ထောင်ပဲ ရှိပါတယ်။ ဒါကြောင့် အမျိုးသမီးအဆောင်အပေါ်ထပ်က လှမ်းကြည့်ရင် တစ်ဖက်ယောက်ျားအလုပ်ရုံဆောင်ကြီးကို လှမ်းမြင်နေရတယ်။ ဒီတော့ အခြေအနေကို မရိပ်မိခင်တုန်းက အိပ်ဆောင်အပေါ်ထပ်မှာ အလုပ်ခိုင်းခဲ့လို့ တစ်ဖက်ဆောင်နဲ့ အချိတ်အဆက်လုပ်နေကြတာ ပက်ပင်းမိသွားတော့မှပဲ အပေါ်ထပ်တက် အလုပ်မခိုင်းရဲတော့ပါဘူး။

အမှန်တော့ မိမိတို့အိပ်သည့်နေရာကို သန့်ရှင်းသပ်ရပ်စေချင်လို့ သန့်ရှင်းရေး လုပ်ခိုင်းခြင်းဖြစ်ပါတယ်။ အိပ်ဆောင်ပတ်ဝန်းကျင်မှာလည်း အမှိုက်သရိုက်မကျန်အောင် သန့်ရှင်းရေးလုပ်ကြရပါတယ်။

အသက်အရွယ်ကြီးရင့်သူ ထောင်ကျအကျဉ်းသူများကိုတော့ အလုပ်ပင်ပင်ပန်းပန်းနေရာမျိုးမှာ မခိုင်းစေဘဲ ပစ္စည်းစောင့်၊ တံခါးစောင့် တာဝန်ပဲ ပေးထားတယ်။

ဖိုးတွမ်တီးမယ် စန်းပိုကတော့ ရေကန်မှာရာလေ။ မကြည်ပြာတို့က သန့်ရှင်းရေးဘုတ်ဆိုတော့ အလုပ်အကိုင် စောစောစီးစီး ပြီးတာပေါ့။ အဲဒီလိုပဲ အိပ်ဆောင်ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ကြတဲ့ အဖွဲ့တွေကလည်း တစ်ဆောင်လုံး ပြောင်နေအောင် ရှင်းလင်းထားရတယ်။

ပြင်ပလောကမှာရှိတဲ့ စည်ပင်အလုပ်သမားတွေထက်တောင် သာတယ်။ ထောင်ထဲမှာ စည်းမဲ့ကမ်းမဲ့ အမှိုက်ပစ်လို့မရဘူး။ သက်ဆိုင်ရာ တစ်ယောက်ယောက်က အမြင်မတော်လို့ ဝင်ပြောရင် လိုက်ကောက်ရတယ်။ ပြင်ပမှာလို ငါ့အမှိုက် ငါပုံချင်သလို ပုံမယ်။ ကွမ်းတံတွေး ထွေးချင်တဲ့နေရာ ထွေးမယ်မကြံနဲ့ ကျောကော့ဖို့သာ ပြင်ထား။

ဒီတော့ ထောင်ကျနေတဲ့ အကျဉ်းသူအားလုံး နားလည်သဘောပေါက်ကြတယ်။ ဘယ်နေရာမှာ ကွမ်းတံတွေးကို ထွေးရမယ်။ ဘယ်နေရာ

www.burmeseclassic.com



မှာ အမှိုက်ပုံရမယ်ဆိုတာ လူတိုင်းသိတယ်။ ထောင်စည်းကမ်းဆိုတာ ဒါပဲ။ ဘယ်တော့မှ လက်လွတ်စပါယ်လုပ်လို့ မရဘူး။ အပြင်မှာ ဘယ်လောက်ပဲ စည်းကမ်းပျက်အောင်နေနေ ထောင်ထဲမှာ စည်းကမ်းရှိရမယ်။

အဲဒီလို သန့်ရှင်းရေးဆောင်ရွက်နေကြတဲ့ အကျဉ်းသူဘော် ဆင်းတွေကို မကြည်ပြာက ရေချိုးနိုင်ဖို့ ဖိုးတွမ်တီးစန်းပိုထံမှာ အပ်ခဲ့တယ်။ ရေချိုးတယ်ဆိုတာကလည်း ကိုယ့်အိမ်ကိုယ့်ယာမှာလို ဗုန်းဘောလအော ရေကို သုံးလို့မရဘူး။ ကိုယ့်အိမ်မှာတော့ ရေပန်းအောက်ရေချိုးလာတဲ့ သူနဲ့၊ တိုင်ကီထဲကရေကို တဗွမ်းဗွမ်းနဲ့ ခပ်ချိုးတတ်တဲ့လူတွေ ထောင်ထဲ ကလိုများ ရေချိုးရရင် သေပြီဆရာလို့ ညည်းညူနေကြမှာ အသေအချာ ပဲ။

"ခပ် တစ်ခွက်"

"နောက်တစ်လှမ်းဆုတ်"

"ချိုး"

ကဲ . . . မြင်တယ်မဟုတ်လား။ ရေကန်ဘောင်ပေါ်မှာ အစီအရီ တင်ထားတဲ့ ဒန်ပန်းကန်ပြားလေးတွေကို ရေချိုးခွင့်ရတဲ့ အကျဉ်းသူတွေက အဆင်သင့် တန်းစီရပ်စောင့်နေရတယ်။ ရေကန်ဘောင်ပေါ်မှာ တုတ်ထမ်း ချောင်းကိုင်ရပ်နေတဲ့ စန်းပိုထံက အမိန့်မပေးမချင်း ရေကို လက်ဖျားနဲ့တောင် တို့လို့မရဘူး။

စန်းပိုက အထက်ပါအတိုင်း အစီအစဉ်တကျ အမိန့်ပေး အော် ဟစ်ပြောဆိုမှ ကိုယ့်ရှေ့ဒန်ပန်းကန်လေးကောက်လို့ ရေချိုးရတယ်။ ရေ ထိလို့ အေးစိမ့်သွားတဲ့အရသာကို ခံစားလိုက်ရလို့များ လောဘတက်ပြီး နောက်ရေတစ်ခွက် ထပ်ခပ်ချိုးမယ်မကြံနဲ့ ခေါင်းပေါ် တုတ်ရောက်လာမှာ သေချာတယ်။ အမိန့်နာခံခြင်းဆိုတာ ထောင်ထဲမှာပဲရှိတယ်။ အမိန့်ကို ထိ ဆန်လို့ မရဘူး။

အဲဒီလို ရေကန်ဟာရာစန်းပိုရဲ့ အမိန့်အာဏာဟာ အတည်ပဲ။ ဘယ် သူမှ ကဏ္ဍကောဇ လုပ်လို့မရဘူး။ အထွန့်တက်ပိုင်ခွင့် မရှိဘူး။ နဂိုကတည်း





က ရေကန်ဟာရာဘုတ်ကိုင်နေရာရဖို့ ကျားကုတ်ကျားခဲ ကြိုးစားထားရ တယ်။ သိတယ်မဟုတ်လား။ ထောင်ထဲမှာ ရေရှားတယ်။ ရေမန်မှ ငွေဖြစ် လာမယ်လေ။ ကိုယ်က ရှစ်စပ်ကဂျင်ဂျင်လည်လာသူ။ ရပ်ကွက်ထဲမှာ တောင်ပုတ်သင်ညိုဖြစ်အောင် ပြောတတ်ဆိုတတ်လို့ တော်ကီကောင်းတာ ကြောင့် ယုံကြည်တဲ့လူတွေက ဟောခနဲ၊ ဟောခနဲ ငွေချေးရော။

စန်းပိုတို့က လူတစ်ယောက်ကို ဘယ်လိုတွမ်ရင်းရမယ်ဆိုတာက နောကျေနေပြီးသား။ ဟိုနေ့ပေးမယ်၊ ဒီနေ့ပေးမယ်ပြောပြီး တောကီ ထည့်ပေးလိုက်တော့ ငွေချေးတဲ့လူတာလည်း ယုံကြည်မှုရှိပြီးသားလေ။ ဝတ် ဆားထားတဲ့ဟန်ပန်ကိုလည်း ကြည့်ဦး။ ပါတိတ်ဝမ်းဆက်နဲ့ တစ်တောင် လောက်ရှိတဲ့ ပိုက်ဆံအိတ်ကြီး ပခုံးမှာလွယ်၊ အင်္ကျီကြိုးကြီး နှစ်ကျပ်သား လောက် လည်မှာဆွဲပြထားတော့ ဘယ်သူမယုံမရှိပါ့မလဲ။

တကယ်တော့ စန်းပိုတို့အလုပ်က အချည်ဖမ်းတတ်ဖို့ပဲ လိုတာပါ။ ငွင်ဖန်ထားတဲ့အထဲကို အချည်ဝင်လာလို့ကတော့ ကောင်းကောင်း နွာပစ် တာပဲ။ အဲဒီလို ငွင်ဖန်ပြီး ဖိုးတွမ်တီးအရိုက်ကောင်းခဲ့လို့လည်း၊ လိမ်လည် မှုအမ ၄၂၀ နဲ့ ထောင်ငါးနှစ်ကျလာခဲ့ရတာပေါ့။

ရေကန်ဘေးမှာ ရေချိုးနေကြတဲ့ အကျဉ်းသူတွေကိုလည်း ကြည့်လိုက်ဦး။ ဘယ်သကောင့်သားမှ လာချောင်းကြည့်လို့မမြင်နိုင်တဲ့ နေရာ ဆိုတော့ လွတ်လွတ်လပ်လပ်ကြီးကို ရေချိုးနေကြတာပဲ။ ပြင်ပထဘီမှ မဝတ် ရတော့ ပုံစံအဖြူလုံချည်ကိုပဲ ရင်လျားပြီး ချိုးရတာလေ။ စဉ်းစားသာကြည့်။ အဖြူပါးပါးပေါ် ရေလောင်းချတော့ မိမွေးတိုင်း ဖမွေးတိုင်း ဖြစ်နေကြ တယ်။

ဒါတောင် ခပ်ရွတ်ရွတ်ကောင်မတွေက ပြောတော့ အပျိုသာဆို တယ် ဟိရိသြတ္တပ္ပတရား ကမ်းကုန်တာလည်း လွန်ရော။ အပေါ်ပိုင်းဗလာ နဲ့ အောက်ပိုင်းကို နံငယ်ပိုင်းပတ်ပြီး ချိုးနေကြတာများ ယိုသူမရှက် မြင် သူရှက် အခြေအနေမျိုး။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်လေ။ ဒီလိုမှမချိုးလျှင်လည်း ကိုယ်ပေါ်ရေလောင်းချလို့ ထဘီတောင်နှံအောင်စိုတာမှ မဟုတ်ဘဲ။ ခပ်တစ်ခွက်အော်နေတာက နာရီဝက်လောက်ကြာတော့ ရေတောင်ခြောက်နေပြီ။ ဒီကြားထဲ ဒန်ပန်းကန်ပြားနဲ့ ငါးခွက်လောက်ပဲချိုးရသေးတယ် ဆပ်ပြာတိုက်တဲ့။ ကဲ . . . ဆပ်ပြာတောင် ရေနွေးမှာမဟုတ်ဘူး။

ဆပ်ပြာဆိုလို့ ပြင်ပက Procare တို့ Luxe ဆပ်ပြာတို့များတော့ မထင်လိုက်နဲ့။ ထောင်ကြီးက အလုပ်ဘက်မှာချက်တဲ့ အမဲဆီဆပ်ပြာမည်းကြီးလေ။ အနံ့ကတော့ အော်ဂလီဆန်သလားမမေးနဲ့။ အမဲနံ့ထောင်းထောင်းထနေတာ။ ကျီးတော့ပြောင်ပါရဲ့။ အနံ့ကြီးက ကိုယ်မှာစွဲနေတော့ ဘယ်သူကပ်ချင်ပါ့မလဲ။ ထောင်ထဲမှာ သူလိုကိုယ်လိုချင်းမို့ တော်သေးတယ်။

အဲ . . . ရေပေါပေါချိုးချင်လား။ ဒါကလည်း လွယ်ပါတယ်။ ရောက်တာရက်ကို စောစောကတည်းက လိုင်းဝင်ထားလိုက်။ ဟင်း . . . ဟင်း . . . လိုင်းကြေးက သိပ်မများပါဘူး။ နွားဆေးလိပ် (၁၀) လိပ်ထဲပါ။ မိုက်ဆံပါလား ထောင်ကျသူတွေကတော့ ဘာအရေးလဲ။ ထောင်ထဲကို အစည်းလိုက်ထောင်ဝင်စာကနေ သွင်းထားတာ။ ထောင်ထဲမှာ သုံးစွဲနေတဲ့ ငွေကြေးစနစ်က ဆေးလိပ်ပဲလေ။

❋ ❋ ❋

| ၁၀ |

❑

နေ့ (၁၀) နာရီလောက်ဆို အလုပ်ဆိုင်းအားလုံး ခေတ္တနားခွင့်ရခဲ့ကြတယ်။ ထမင်းစားချိန် ရောက်နေလို့လေ။ အဲဒီအချိန်မှာ အိပ်ဆောင်တာဝန်ကျတဲ့ ဝန်ထမ်းတွေက ဂျူတီချိန်းကြတယ်။ မနက်(၁၀)နာရီက (၁၂) နာရီအပြင်ထွက် ထမင်းပြန်စားကြရတယ်။ ဝန်ထမ်းအင်အားတစ်ဝက် လျော့သွားတယ်။ အဲဒီအဖွဲ့ပြန်လာလျှင် နေ့ (၁၂) နာရီကနေ (၁၄:၀၀) နာရီနောက်ကျန်တဲ့အဖွဲ့က ဂျူတီချိန်းကြတယ်။

နေ့ (၁၀) နာရီလောက် ထမင်းမကျွေးခင်မှာ ယောက်ျားဆောင်ဘက် စားဖိုကြီးက ထမင်းနဲ့ ပဲဟင်းငါးပိကြော် လာပို့တယ်။ သွပ်ပြားတံခါးခေါက်လိုက်တာနဲ့ ယောက်ျားလျာမောင်ငွေက စားမကြီးစိန်သီးနှင့် ထမင်းပုံးဆိုင်းတန်းကို ထွက်သယ်ယူကြတယ်။ ပဲဟင်းပုံးဆိုင်းတန်းကို ဂန်ဂျာအမိနာနှင့် ပွိုင့်တူးတူးခင်ခင်တို့က ထွက်သယ်ကြရတယ်။

ဂန်ဂျာအမိနာဆိုတာကလည်း ဆေးခြောက်မှုနဲ့ ထောင်သတ်နှစ်ကျနေတဲ့သူပါ။ ပွိုင့်တူးတူးခင်ခင်ကတော့ လုယက်မှုတစ်ခုမှာ ပွိုင့်တူးတူး

www.burmeseclassic.com



အစစ်ဟန်ဆောင်ပြီး ကလေးကစားစရာသေနတ်နဲ့ သူ့ပါတနာအဘိုးကြီးကို အပြင်ခေါ်ထုတ်ပြီး လူပြတ်တဲ့နေရာရောက်မှ သေနတ်ထုတ် လုယက်မှုနဲ့ ကျူးလွန်လာခဲ့လို့ ထောင်ခုနစ်နှစ်ကျနေတယ်။

ထုံးစံအတိုင်း ထမင်းဘုတ်မှာ ထမင်းဝေတာကို စောင့်ယူနေကြသူတွေကို မကြည်ပြာတို့ စည်းကမ်းထိန်းသိမ်းရေးဘုတ်က လိုက်ပြီး ကြီးကြပ်နေရတယ်။ နှစ်ယောက်တွဲစီ တန်းစီထိုင်နေကြတဲ့ အကျဉ်းသူတွေဟာ စနစ်တကျ ဒန်ပန်းကန်ပြားတစ်ချပ်နှင့် ဇလုံလေးတစ်လုံး စီထပ်လျှက် ဓားမကြီးစိန်သီးက ဝေပေးရတယ်။

ထမင်းဘုတ်ကိုင်မောင်ငွေဆိုတဲ့ ယောကျ်ားလျှာကလည်း နီညိုညိုလုံးတီးထမင်းတွေကို သံပြားဂေါ်ကြီးနဲ့ ဆွဲမွလိုက်၊ ဂေါ်မှာကပ်နေတဲ့ ထမင်းတွေကို တိုင်ကီပေါ် ခေါက်လိုက်လုပ်နေတယ်။ တစ်ယောက်ချင်းစီ ထမင်းပုံးရှေ့မှာ ပန်းကန်ထိုးခံနေတာကို ဂေါ်ပြားနဲ့ရုပ်ယူပြီး အသာဖွထည့်ပေးလိုက်တယ်။ ပုံစံမပြည့်ဘူး၊ နည်းတယ်လုပ်လို့ မရဘူး။ ထည့်ပေးတာကိုပဲ ဝသည်ဖြစ်စေ၊ မဝသည်ဖြစ်စေ စားရတာပဲ။

ဒီနေရာမှာ သာတီးဒီအုပ်စုတွေက အစားကြမ်းတယ်။ ထမင်းတစ်ပုံစံလောက်ကို လျှောခနဲပဲ။ ဒါတောင် လုံးတီးဆန်ကြမ်းကို ချက်ထားတာ။ အနည်းဆုံး နှစ်ပုံစံ၊ သုံးပုံစံလောက်မှ ဝကြတာ။ သူတို့ကလည်း စားနိုင်ကြမှာပေါ့လေ။ အပြင်လောကမှာဆို ဘူတာရုံပလက်ဖောင်း၊ ဂိုဒေါင်ကြား၊ ဆိပ်ကမ်းဖောတံတားတွေပေါ်မှာ မှောင်ရိပ်ခို အိပ်နေကြရတာ။

ထမင်းဆိုတာ ဘယ်မှာကောင်းကောင်းစားရပ့ါမလဲ။ ဈေးထဲမှာ နယ်ကွက်ထဲမှာလည်တောင်း၊ ဘုရားပုရဝုဏ်ပေါ်မှ စွန့်ကြထားတဲ့ ထမင်းကျွန့်ဟင်းကျွန် စားနေရသူတွေ။ ခုလို ထောင်ထဲကို စရိတ်ငြိမ်း ပို့လိုက်တော့ ပိုတောင်ပျော်နေကြသေးတယ်။ ထောင်ထဲက အပြင်ကို ပြန်မထွက်ချင်သူတွေအထဲမှာ သူတို့က ထိပ်ဆုံးကပဲ။

ထောင်ထဲမှာက အစားမှန်၊ အအိပ်မှန်၊ ရေချိုးမှန်၊ ငွေဝင်မှန်တော့ မှန်လေးမှန်နဲ့ ပြည့်စုံနေတယ်။ ငွေရှာမှန်တယ်ဆိုတာက အပျော်



လျှော် အငှားလုပ်တယ်။ အနင်းအနှိပ် လုပ်ပေးတယ်။ ဒီတော့ ရွှေအိမ်နန်းနဲ့ ကြွင်နှန်းစံတဲ့သူဌေး ထောင်ကျတွေက ဟိုကခေါ်နိုင်း၊ ဒီက ခေါ်နိုင်းနဲ့ ဆေးလိပ် (၁၀)လိပ်လောက် ပစ်ပေးလိုက် အိုကေပဲ။

စောစောက ထမင်းတန်းစီဝေနေတဲ့နေရာမှာ ထမင်းဘုတ်ကိုင်ဆီက ထမင်းရလာပြီးတဲ့လူဟာ ပဲဟင်းရည်ထည့်ဖို့ ဒန်ဇလုံလေးနဲ့ ပဲဟင်းဘုတ်ကိုင် ပြည့်တန်ဆာအေးကြည်မဆီကို သွားရတယ်။ အေးကြည်မကလည်း မွှေတဲ့နေရာမှာ စပါယ်ရှယ်လစ် ဘွဲ့ရထားတာလေ။ အပြင်မှာ ဆန်ကောနဲ့မွှေလို့ အားမရဘူး ထောင်ထဲထိပါ လိုက်မွှေနေတုန်း။

ပဲဟင်းရည်ထဲမှာတော့ အရည်ကများများ၊ ပဲဖတ်က နည်းနည်းရယ်။ ဒါတောင် အေးကြည်မ ပဲဟင်းဘုတ်မှာ တာဝန်ကျနေတယ်ဆိုတာ နောက်မှ ရုံးထွက်စဉ်အခါက သူ့အချစ်တော် ဖိုခေါင်းတစ်ကျွန်းပြန် ဘမှန်ကြီးက သိထားလို့ သူ့မျက်နှာနဲ့ ပဲဖတ်ပိုပိုသာသာ ခပ်ထည့်ပေးလိုက်တာ။

အေးကြည်မက ပြည့်တန်ဆာအက်နဲ့ ထောင်သုံးနှစ်ကျနေခဲ့တာ။ လူက ခပ်လည်လည်။ ရုပ်ရှင်ရုံအောက်မှာ ကျက်စားတာကဲ့ အေးကြည်မတို့အုပ်စုတွေလေ။ ရုပ်ရှင်တစ်ပွဲဆို ငွေတစ်ထောင် နှစ်ထောင် ပက်ခနဲရကြတာ။

ဘယ်လိုဘယ်ပုံရတာလဲ ... သိလား။ ဟား ... ဟား ... ဒါကလည်း လွယ်ပါတယ်။ ရုပ်ရှင်ရုံအောက်မှာ အထာပေးပြီး လမ်းသလားနေရုံပဲ။ ရုပ်ရှင်ကြည့်ချင်လား၊ တစ်ယောက်တည်းဆို ပျင်းစရာကြီးဖြစ်နေမယ်၊ အဖော်လိုချင်လို့က လွယ်ပါတယ်လေ။ အေးကြည်မကိုခေါ်လိုက် အဆင်သင့်ပဲ။ ရုပ်ရှင်တစ်ပွဲစာကို ငွေတစ်ထောင်ပေးရတယ်။

ဘာဖြစ်လို့လည်း ... ဟုတ်လား။ ရုပ်ရှင်ရုံထဲမှာ စတောတို့ မိတ်တို့ကနေ နှစ်ယောက်အတွက် လက်မှတ်ဖြတ်ထားလိုက်၊ တစ်စောင်ကို အေးကြည်မကို ပေးထားလိုက်။ ရုပ်ရှင်ပွဲစပြလို့ မီးရောင်လေးမှိန်သွားတာနဲ့ ဆေးကခုံလွတ်နေရာကို အေးကြည်မက စွေ့ခနဲထိုင်ပြီးသား။

www.burmeseclassic.com



အဲဒီမှာ ဘာညာသာရကာ ထပ်ပါလာရင်တော့ အပိုဆောင်းကြေး ထပ်ပေးရမယ်။ ရိုးရိုးလား၊ ရှယ်လားဆိုတာ အဲ့ဒီခေတ်က ဖြစ်ထွန်းနေတဲ့ ဝေါဟာရပဲ။ ရိုးရိုးဆိုလို့ကတော့ ပန်းပေါ် ခေါင်းလေးမိုအောင်မယ်။ လက်ထဲကို ကွာစေ့လှော် အခွံခွာပေးမယ်။

ဒီထက် ဆန်းပြားလာချင်ရင်တော့ သူလိုကိုယ်လို စုံလွဲ [illegible] မှာ မျက်နှာပူစရာမလိုဘူး။ ဤခရီး နီးသလားဆိုတာ [illegible] သုံးသက်ဝေဆိုပြီး (Open Toall) လုပ်ပေးထားတယ်။ ကဲ [illegible] တွေ အိမ်မှာ အဘွားကြီးတွေနဲ့ ညည်းဆော်နေရင် အော်ဒီက [illegible] နှံသင်းသင်းလေးနဲ့ ဖက်နှပ်နေရုံပဲ။

အဲဒီလို လူချင်းပူးသွားပြီဆိုလို့ကတော့ နာဖို့သာပြင်ရော့ပဲ။ [illegible] ကပ်ထဲမှာ ဟန်ရေးပြချင်လို့ ငွေဖောင်းအောင်ထည့်ထားတတ်တဲ့ [illegible] တွေကို အိတ်ဖောင်းတော့ စိတ်ပြောင်းကုန်ရော။

အေးကြည်မက ရင်တွေ မောတယ်။ အအေးဆာတယ်လို့ နှစ်[illegible] မပူဆာရဘူး အိတ်ထဲကအရွက်ကြီး ထုတ်ပေးလို့ အပြင်ထွက် အအေးဘူး ဝယ်တယ်။ မကြာပါဘူး။ သံဘူးလေးဖောက်လို့ ရေငတ်ငတ်နဲ့ မော့[illegible] နိုင်းတာ သောက်လည်းသောက်ပြီး မကြာခင်မှာ ခုံတန်းပေါ် ဖလက်ပြ သွားရော။ ဒီအချိန်မှာ အေးကြည်မက လမ်းစရိုတ်ပါမကျန်အောင် [illegible]ပြုတ် မ,ပြီး နောက်မှီပေါ် ခေါင်းတင်ပေးပြီး တစ်ချိုးတည်း လစ်တော့တာပဲ။ အဲလို မျိုး ခံရပါများလာတော့ ရဲတိုင်တဲ့အခါ သက်ဆိုင်ရာက စောင့်ဖမ်းတော့ [illegible] ရော။ နောက်ဆုံး ပြည့်တန်ဆာအက်ဥ (ခ)နဲ့ ထောင်ချလိုက်ရော။

ပဲဟင်းဘုတ်ကိုင် အေးကြည်မ ခပ်ထည့်ပေးတဲ့ ပဲဟင်းရည်ဆို တာကလည်း မှန်ဘီလူးနဲ့ဖြဲရှာကြည့်မှ ပဲစေ့နှစ်စေ့သုံးစေ့လောက် တွေ့[illegible] မှာ။ သူ့နေရာနဲ့သူ ဗိုလ်ချည်းပဲဆိုတော့ ထည့်ပေးတဲ့ ပဲဟင်းရည်ကြဲနဲ့ပဲ ကျေနပ်လိုက်ရတယ်။

ခုလို ပဲဟင်းရည်ကိုယူပြီးတော့ အတို့အမြှုပ်နဲ့ တို့စားချင်သူ[illegible] က ငါးပိတစ်ကော် ဆက်ယူကြတယ်။ ငါးပိကော်ထည့်ပေးတဲ့အာ[illegible]



[illegible]ာလည်း ငတက်ပြားကြင်မေလေ။ ဝါးပြားတုတ်လေးနဲ့ ငါးပိပုံထဲက ငါးပိ လေးတစ်ကော်စာ ခပ်ယူပြီး ဒန်ပန်းကန်နှုတ်ခမ်းမှာ ကပ်တင်ပေးလိုက် တယ်။ ငါးပိကြော်ဆိုလို့ ပုစွန်ခြောက်နိုင်းချင်းနဲ့များ ကြော်ထားတာလားလို့ ထင်လိုက်နဲ့။ ဆီမပါဆားမပါ အချိုမှုန့်မပါဆိုတော့ ပုစွန်ခြောက်ဆိုတာ ဝေးရောပဲ။

တကယ်တော့ ထောင်ငါးပိစိမ်းစားကို ဆီမည်ကာမတ္တ ဖြန်းပြီး ရောသမမွှေထားတာလေ။ အဲဒီတော့ မရှိလို့သာ စားရတယ်၊ ငါးပိစိမ်းစား အစိမ်းသက်သက်ပဲ။ ကော်ထည့်တဲ့နေရာမှာ ငါးပိပုံထဲက ဝါးပြားလေးရှပ် ခပ်ပြီး ပန်းကန်နှုတ်ခမ်းပေါ် ခြစ်တင်ပေးတာ။

ငတက်ပြားကြင်မေတို့ကလည်း အပြင်မှာတင် နိုးဝှက်တတ်တာ မဟုတ်ဘူး။ ထောင်ထဲမှာလည်း လစ်လျှင်လစ်သလို နိုးနေကျ။ ထောင်ထဲ က ထောင်ဝင်စာထုပ်ကိုများ ယောင်လို့ အိပ်ဆောင်ထဲမှာ အလုပ်ထွက် လုပ်နေတုန်း ချန်မထားခဲ့နဲ့။ ကြင်မေ့လက်ချက်နဲ့ ကုန်ပြီသာမှတ်။

ခုလည်း ဈေးထဲဝင်ပြီး အထည်တန်းထဲက ပါတိတ်လုံချည်ကို လှုရှုပ်နေတုန်း အလစ်ဝင်နှိုက်ပြီး ဆွဲခြင်းထဲ ခပ်တည်တည်ထည့်ပြီး နိုး သွားတာ ဆိုင်ရှင်ကမြင်တော့ ရဲတိုင်ဖမ်းဆိုင်းလို့ နိုးမှုပုဒ်မ ၃၇၉ နဲ့ ထောင် တစ်နှစ်ကျနေတယ်။

ဒါကြောင့် ထောင်ဆိုတာ လူပေါင်းစုံ၊ အလွှာပေါင်းစုံ၊ အတန်း အစားပေါင်းစုံ စုဝေးရာအရပ်ကို ထောင်ဟုခေါ်ပါသည်လို့ ဆိုရမလားပဲ။ ထောင်ထဲမှာ လူပေါင်းစုံရှိသလို ပြဿနာပေါင်းစုံရှိတယ်။ ဘယ်လိုပြဿနာ မျိုးပဲရှိရှိ ထောင်ထဲမှာ ဖြေရှင်းလို့ရနိုင်ပါတယ်။ တစ်သွေးတစ်သံ၊ တစ် မိန့်ဆိုတာလို နောက်ဆုံးမှာ ထောင်ပိုင်ရဲ့ဆုံးဖြတ်ချက်ဟာ အတည်ပါပဲ။

ခုလို ထမင်းစားပြီးစီးသွားသည့်လူများကို မကြည့်ပြာတို့ စည်း တမ်းထိန်းသိမ်းရေးဘုတ်က ဟာရာတွေက လိုက်လံဆော်ဩပြီး အိပ်ဆောင် ထဲကို သွင်းနေရတယ်။ ဘာဖြစ်လို့လည်းဆိုတော့ နေ့လယ် (၁၂)နာရီက (၁၄း၀၀) နာရီအချိန်ဟာ ထောင်တန်းပိတ်ချိန်လို့ ခေါ်ပါတယ်။ တစ်နည်း

www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် ထောင်ပိုင်အိပ်ချိန်ဆိုတာ ဝန်ထမ်းတိုင်း နားလည်သဘောပေါက်ကြတယ်။

အဲဒီအချိန်မှာ ထောင်ဝင်းကြီးတစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်သွားတယ်။ ထောင်ထဲက အရာရှိ အရာခံ၊ အကြပ်တပ်သားတစ်ဝက်လောက် ထောင်အပြင်ဘက်ထွက် ထမင်းစားခွင့်ရတဲ့ အချိန်ပါပဲ။ ထောင်ထဲမှာ လည်ပတ်နေသည့် လုပ်ငန်းအားလုံး ခေတ္တရပ်ဆိုင်းထားခဲ့တယ်။

အထူးသဖြင့် ထောင်ဝင်စာတွေ့ဆုံမှုကို ခေတ္တပိတ်ထားလိုက်တယ်။ ဒါဟာလည်း ထောင်ထဲမှာ လုံခြုံရေး အားနည်းသွားတာကြောင့် ထောင်ထဲမှာရှိနေကြသော အကျဉ်းသား၊ အချုပ်သားအားလုံး အိပ်ဆောင်ထဲထည့်ပြီး သော့ခတ်ထားလို့ပါပဲ။ ဒီတော့ ပြင်ပက ထောင်ဝင်စာ လာတွေ့ဆုံသူတွေလည်း တန်းပိတ်ထားတာကြောင့် ထောင်ဝင်စာ မတွေ့ရသဖြင့် ပြန်အဖွင့်ကို ထိုင်စောင့်ရင်း ထမင်းစားသူစား၊ ထောင်ဝင်စာရုံလေးထဲမှာ အိပ်သူအိပ်နှင့် စောင့်နေခဲ့ကြတယ်။

☼☼☼

[ ၁၁ ]

❑

နေ့လယ် (၁၄း၀၀) နာရီမှာ တန်းပြန်ဖွင့်တယ်။ ပြန်မဖွင့်မီအချိန်မှာ အိပ်ဆောင်ကိုကာရံထားတဲ့မျဉ်းတန်းတွေကို တုတ်တစ်ချောင်းနဲ့ ဝါဒါတစ်ယောက်က လိုက်ခေါက်ကြည့်ရတယ်။ ဒါက အိပ်ဆောင်တိုင်းလုပ်ရတဲ့ နေ့စဉ်တာဝန်ပါပဲ။ မျဉ်းတန်းတွေဖြတ်တောက်ထားခြင်း ရှိမရှိ လိုက်လံစစ်ဆေးရတာပါ။

အဲဒီလိုစစ်ဆေးပြီးစီးသွားသည်နှင့် တာဝန်ကျဝန်ထမ်းမလေးကလည်း ပိတ်ထားတဲ့အိပ်ဆောင်သော့ကို ဖွင့်လိုက်တယ်။ ထိုအခါ အိပ်ဆောင်ထဲက အကျဉ်းသူအားလုံးဟာ ဇောင်းထဲကလွှတ်လိုက်တဲ့ မြင်းတွေလိုကဆုန်ပေါက်ပြေးလွှား ထွက်သွားကြတော့တယ်။

သူတို့ အပြေးအလွှားသွားကြတဲ့နေရာကတော့ မိလ္လာချောင်ဘက်ကိုပါ။ ဘာဖြစ်လို့လဲဆိုတော့ အိပ်ဆောင်ထဲမှာ နှစ်နာရီလောက် သော့ခတ်ထားတော့ ဆီးသွားချင်သူ၊ ဝမ်းသွားချင်သူတွေခမျာ ဆီးချုပ်ဝမ်းချုပ်ဖြစ်နေပြီး အောင့်အည်းသည်းခံနေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခုလို တန်းဖွင့်မှပဲ မိလ္လာချောင်ကို အလုအယက် ပြေးလွှားသွားကြရတယ်။ နေ့လည်ဘက် အိပ်ဆောင်အတွင်းမှာ ဆီးဝမ်းမိလ္လာ သွားခွင့်မရှိပါဘူး။ ညဘက်မှသာ ခွင့်ပြုတယ်။ ဒီတော့ နှစ်နာရီလောက် ဒုက္ခခံထားရတဲ့ ဆီးဝမ်းသွားချင်သူတွေဟာ မိလ္လာချောင်မှာ နေရာလုနေကြရတယ်။

အဲဒီမှာ ဘလိတ်ဓားခင်ထားနှင့် တွေ့ကြတော့တာပဲ။ မိလ္လာဘုတ်ကိုင်ဆိုတာ တစ်ထောင်လုံးမှာ လုပ်ချင်တဲ့ လူရှားတဲ့နေရာမျိုးပါ။ လူ့တကာပါထားတဲ့ သေးဆော်ချေးစော်နံနေတဲ့ နေရာမျိုး။ ဒီတော့ ဘယ်သူက ကိုင်ချင်လုပ်ချင်ပါ့မလဲ။

ဒါပေမဲ့ ခင်ထားတို့က ထောင်အထာ နပ်နေပြီသား။ ထောင်ကို ဝင်စို့ထွက်စို့လုပ်နေတဲ့လူ။ သူကလည်း လက်သွက်သလား မမေးနှင့်။ အနားကပ်မိတဲ့ သကောင့်သားကတော့ ပါ့လာတဲ့ဟင်းနံ့ဘက်အိတ်ကို ဘလိတ်ဓားအကျိုးလေးနဲ့ခွဲပြီး အထဲကပစ္စည်းကို နှိုက်ထုတ်ပြီးသား။

အဲဒီလို အခွဲကောင်းခဲ့လို့လည်း ထောင်ထဲကို ရောက်တာပေါ့။ ကားပေါ်မှာ အသက်ကြီးကြီးမိန်းမကြီး ပိုက်ဆံအိတ်ကြီး လွယ်ထားတာကို မိန်းမသားချင်းယုံပြီး အနားကပ်နေတုန်း ပါးစပ်ထဲ ဝှီကေဝါးသလိုနဲ့ ဘလိတ်ဓားအကျိုးလေးအသာထုတ်ပြီး အောက်က အသာခွဲလိုက်တယ်။

ကံဆိုးချင်တော့ ပိုက်ဆံအိတ်အောက်က လက်ဖက်ခြောက်ထုပ်ကို သွားခွဲမိလျက်သားဖြစ်ပြီး လက်ဖက်ခြောက်တွေ တတောက်တောက်နဲ့ အောက်ထွက်ကျလာတော့ မိန်းမကြီးက မသက်ာလို့ အိတ်မကြည့်တဲ့အခါ ခွဲကြောင်းထဲက လက်ဖက်ခြောက်တွေ ထွက်ကျနေတာ မြင်သွားတယ်။

"ခါးပိုက်နှိုက်နေတယ်"

ဆိုတဲ့ အော်သံအဆုံးမှာ ကားပေါ်က ယောကျ်ားသားတွေက တစ်ဦးကိုတစ်ဦး သူကြည့်ငါကြည့် ဖြစ်နေတယ်။ ရဲစခန်းထဲတန်းပြီး ကားမောင်းလာတော့ ခါးပိုက်နှိုက်မှုဖြစ်လို့ဆိုပြီး တစ်ဦးစီရှာဖွေရေးလုပ်တဲ့အခါ





ခင်ထားပါးစပ်ထဲက ဘလိတ်ဓားကျိုးလေးကို တွေ့လို့ ခါးပိုက်နှိုက်ရန် ကြံစည်မှုနှင့် ထောင်တစ်နှစ်ကျခဲ့တယ်။

မိလ္လာဘုတ်ဟာ ထောင်ထဲမှာဆို ဆုမှတ်ရက်အများဆုံးရတဲ့ဘုတ်ပါ။ မိလ္လာဆုမှတ်ရက်က တစ်ပတ်မှာ တစ်ရက်ရတယ်။ လေးပါတ်ဆိုတော့ လေးရက်။ တစ်လလုံး သာမာန်ဆုမှတ်ရက်က လေးရက်။ နားရက်မရှိ တစ်ပတ်လုံးလုပ်ရတော့ တနင်္ဂနွေဆုမှတ်ရက်တစ်ရက်ပို ရပြန်တော့ တစ်လလုံး စုစုပေါင်း လျှော့ရက်ပေါင်းက (၉)ရက်တောင်ရတယ်။

အဲဒီတော့ ခင်ထားတို့ မိလ္လာဘုတ်က လျှော့ရက်အများဆုံးရနေတာပေါ့။ ဒါကြောင့်လည်း ခင်ထားက မိလ္လာဘုတ်ကို လေဘာချတာနဲ့ လုပ်ပါ့မယ်ဆိုပြီး ဆန္ဒပြုခဲ့လို့ ခန့်ထားတာ။ ခင်ထားတို့ မိလ္လာချောင်ဆိုပေမယ့် အထင်တော့ မသေးလိုက်နဲ့။ ထုံးတွေဖွေးဖွေးလှုပ်အောင် သုတ်ထားလို့ သန့်ရှင်းနေတယ်။ သေးတစ်စက်၊ ချေးတစ်စက်မကျဘဲ သန့်ရှင်းနေတယ်။ အနံ့ထွက်ဖို့ဆိုတာ ဝေးရောပဲ။

ဒီလိုနဲ့ ညနေစောင်း ထောင်ပိတ်ရန် နီးကပ်လာတယ်။ ဒီလို ထောင်မပိတ်မီအချိန်မှာ အမျိုးသမီးဆောင်ထဲမှာရှိနေတဲ့ အကျဉ်းသူတစ်သိုက်ကတော့ ရေကန်မှာရှိတဲ့ရေနဲ့ သနပ်ခါးခဲလေးကို လက်ဖဝါးပေါ်တင် ဓါးလိမ်းထားကြတယ်။ မိမိတို့ရဲ့ တစ်နေ့တာကာလပတ်လုံး အလုပ်နဲ့လက်မပြတ်ခဲ့ရလို့ အခုမှပဲ လွတ်လွတ်လပ်လပ် နေခွင့်ရသွားကြတယ်။

ကိုယ့်အုပ်စုလေးတွေနဲ့ကိုယ် ဝိုင်းဖွဲ့ပြီး စကားတွေ ဖောင်ဖွဲ့ပြောဆိုနေကြတယ်။ ပန်းခြံခင်းထဲမှာ လေညှင်းခံလမ်းသလားသူတွေကလည်း Cat walk လျှောက်နေသလို လမ်းသလားနေကြတယ်။ ထောင်ထဲမှာ စိုက်ပျိုးထားတဲ့ ပန်းပေါင်းစုံစိုက်ခင်းကလည်း လှပဝေဖြာလို့ ဖြူနီဝါပြာ ရောင်စုံလှက်သန်းနေတယ်။

ညနေ ငါးနာရီမောင်းထိုးချိန်မှာတော့ ထောင်ပိတ်ဝန်ထမ်းတွေနဲ့ ညကင်းသမားတွေ အိပ်ဆောင်ထဲကို ဝင်လာကြတယ်။ ထောင်ပိတ်တော့



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုတဲ့ သတိပေးသံချောင်းခေါက်သံကို ကြားလိုက်ရတဲ့ အကျဉ်းသူတစ်သိုက်ကို မကြည်ပြာတို့ စည်းကမ်းထိန်းသိမ်းရေး ဗာရာအုပ်စုတွေက အိပ်ဆောင်ထဲဝင်ဖို့ လိုက်လံဆော်ဩနေကြတယ်။

ညနေမိုးချုပ်စအချိန်မှာတော့ အားလုံး အိပ်ဆောင်ထဲကို ရောက်ကုန်ကြပြီ။ အိပ်ဆောင်ဘေးက မျဉ်းတန်းနားမှာ နှစ်ယောက်တစ်တွဲစီ တန်းစီထိုင်နေရတယ်။ အဲဒီအချိန်မှာ လက်ကလေးပိုက်လို့ ပုဆစ်ဒူးတုပ် ထိုင်ကြရတယ်။ အမျိုးသမီးဆောင်ရဲ့ ပုံစံအနေအထားဖြစ်ပါတယ်။

မကြည်ပြာတို့ ဗာရာအုပ်စုက နှစ်ယောက်တစ်တွဲစီ တန်းစီထားသူတွေကို လိုက်လံရေတွက်နေတယ်။ ညနေ ထောင်ပိတ်တာဝန်ကျ ထောင်မှူးမမနှင့်အဖွဲ့ အိပ်ဆောင်ထဲဝင်လာသည့်အချိန်မှာ တန်းစီး မှူကြီးခင်ခင်က သတင်းမပို့မီ ...

''ပုံစံ''

''အမျိုးသမီးအိပ်ဆောင် လူပေါင်းနှစ်ရာ့သုံးဆယ်ယောက် တန်းစီပြီး အသင့်''

လို့ သတင်းပို့နေချိန်မှာ အကျဉ်းသူအားလုံးဟာ ခေါင်းကလေးတွေငုံ့ပြီး ခါးကို မတ်မတ်ထိုင်ထားရတယ်။ ထောင်မှူးမနှင့်အဖွဲ့က အိပ်ဆောင်ထဲက လူပေါင်းမှန်မမှန်ကို အမျိုးသမီးဝန်ထမ်းတစ်ယောက်က လိုက်လံရေတွက်စစ်ဆေးနေတယ်။

''လူပေါင်း တစ်ရာတစ်ဆယ့်ငါးပြူးပါ''

ထောင်မှူးမထံ သတင်းပို့နေတယ်။ လူပေါင်း (၂၃၀) ယောက် ကိုက်ညီနေလို့ ထောင်မှူးမက ဘာရာချပ်ပေါ်မှာ လူပေါင်းရေးသွင်းပြီး လက်မှတ်ထိုး အတည်ပြုလိုက်တယ်။ အမျိုးသမီးဆောင် လူပေါင်းစာရင်း ရရှိသွားလို့ အိပ်ဆောင်တံခါးကို အပြင်ကနေ သော့ခတ်ပြီး ပိတ်လိုက်တယ်။ နောက် မိန်းဂျေးလ် (MAIN JAIL) ရုံးကို လူပေါင်း စာရင်းသွားပေးရတယ်။





''ဒေါင် ... ဒေါင် ... ဒေါင် ...''

ဆိုတဲ့ ထောင်ပိတ်သံချောင်းခေါက်သံကို ဂိတ်မကြီးပေါ်ကနေ ခေါက်လိုက်ပါတော့တယ်။ ဒီလို ထောင်ပိတ်ပြီးစီးသွားချိန်မှာ အမျိုးသမီးဆောင်ထဲမှာ ပုံစံဖျက်ပြီး တန်းဖြုတ်လိုက်တယ်။ အကျဉ်းသူအားလုံး ခေါင်းရင်းနေရာမှာ ဘုရားရှိခိုးဖို့ စုစည်းနေရာယူကြရတယ်။

တန်းစီးမှူကြီးခင်ခင်က ထိပ်မှဦးဆောင်ပြီး ဘုရားစာကိုတိုင်ပေးတယ်။ အကျဉ်းသူအားလုံး ညီညီညာညာ လိုက်ဆိုကြရတယ်။ အဲဒီလို ညနေမိုးချုပ်စအချိန်မှာ ခုလိုမျိုး သာယာငြိမ့်ညောင်းတဲ့ ဘုရားရှိခိုးနေသံဟာ သာသနာ့နယ်မြေထဲမှာများ ရောက်နေရသလိုပဲ မှတ်ထင်ခဲ့ရတယ်။

ရာဇဝတ်ပြစ်မှုတွေကို ဘယ်လိုပဲ ကျူးလွန်လာခဲ့ကြပေမဲ့ ထောင်ထဲရောက်လာချိန်မှာတော့ တစ်ခဏတာ ကုသိုလ်ရသွားကြမှာ မလွဲဧကန်ပါပဲ။ ကိုယ့်ရဲ့ မကောင်းမှုဒုစရိုက်ကို ဆေးကြောသုတ်သင်ပစ်သလို အာပတ်ဖြေပေးတဲ့ သဘောပါပဲ။

ဘုရားရှိခိုးပြီးသွားတဲ့နောက် ခဏတာ လွတ်လပ်အနားယူခွင့်ရသွားကြတယ်။ မိမိအိပ်ရာထုပ်လေးတွေယူပြီး မျဉ်းတန်းဘေးနားမှာ တန်းစီခင်းအိပ်ကြရတယ်။ နေရာလုမှုမရှိအောင် မကြည်ပြာတို့ ညကင်းဗာရာအဖွဲ့က နေရာချထားပေးရတယ်။

မိမိတို့ကို ထောင်ကထုတ်ပေးထားတဲ့ ဂုံနီဖျဉ်စလေးကို ဖျာကြမ်းပေါ်မှာခင်းပြီး ပုံစံချည်စောင်လေးကို ခေါင်းခုအိပ်ဖို့ ပြင်ကြတယ်။ ကိုယ်အိပ်ရမယ့်နေရာမှာ ကျောခင်းစရာရသွားမှပဲ စိတ်ချလက်ချ နားခွင့်ရသွားကြတယ်။

ဒီအချိန်မှာ အနုံကြီးကွင်းကျယ်အုပ်စုတွေကတော့ အိမ်ကနေ ထောင်ဝင်စာထုပ်ထဲ့ ထည့်ပေးလိုက်တဲ့ လက်ဖက်သုပ်ကို ဝိုင်းစားသောက်ကြရင်း စကားဝိုင်းဖွဲ့ပြောနေကြတယ်။ သာတီးဒီအုပ်စုတွေကလည်း နှင်းချင်နှိပ်ချင်သူတွေကို ဆေးလိပ်တောင်းပြီး နှင်းနှိပ်ပေးခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



တချို့ကလည်း အပြင်မှာကျန်ရစ်ခဲ့တဲ့ ယောက်ျားနှင့်ကလေးတွေကို သတိရလွမ်းဆွတ်စိတ်နဲ့ ဆေးလိပ်ဖွာရင်း အိပ်ရာပေါ်မှာလှဲလို့ လွမ်းဆွေးတမ်းဘနေကြတယ်။ ညရှစ်နာရီမောင်းထိုးချိန်မှာတော့ ခြောက်ကိုးဟာရာ တာဝန်ကျတဲ့ မကြည်ပြာက ဆေးလိပ်သောက်နေသူတွေကို မီးငြိမ်းသတ်နိုင်းရတယ်။

မအိပ်ချင်သေးလို့ တိုင်စကားပြောပြီး စိုင်းဖွဲ့နေကြသူတွေကိုလည်း ကိုယ့်နေရာအသီးသီးမှာ လှဲစေခဲ့ပြီး လှဲအိပ်စေဖို့ လိုက်လံနှိုးဆော်နေရတယ်။ ညဦးနက်လာလေ စကားပြောဆိုဆူညံအသံတွေဟာ တစ်စတစ်စ တိတ်ဆိတ်ငြိမ်သက်သွားတော့တယ်။

''အိပ်ချိန်''

ဆိုတဲ့ အော်ဟစ်အမိန့်ပေးသံကြီးကို ကျယ်လောင်စွာ ကြားလိုက်ရပြီးနောက်ဝယ် ဂိတ်ကြီးပေါ်မှ သံချောင်းခေါက်သံကို ကြားလိုက်ရပါတော့တယ်။

''ဒေါင် ... ဒေါင် ... ဒေါင် ...''

သံချောင်းလေးချက်ခေါက်ပြီးသွားသည်နှင့် နှစ်နာရီမောင်းကိုးချက်ကို ဆက်တိုက်ခေါက်လိုက်တယ်။ အုတ်ရိုးပတ်ပတ်လည်မှ မျှော်စင်တွေကနေသံချောင်းခေါက်သံကို ဆက်တိုက်ကြားလိုက်ရတယ်။

ဒီလို သံချောင်းခေါက်သံတွေ ပြီးဆုံးသွားတဲ့အချိန်မှာ အိပ်ဆောင်တွေထဲကနေ ညကင်းဟာရာတွေရဲ့ သတင်းပို့နေသံကို ဆက်တိုက်ကြားနေရတယ်။

ဒီနေရာမှာ ဟိုခေတ်ဟိုအခါက ညကင်းဟာရာများရဲ့ သတင်းပို့နေသံဟာ ယောက်ျားဆောင်ကပို့လိုက်ပုံက ...

''ထောင်ဝင်နံပါတ် ၅၆၂၇/စီ ဟာရာတုတ်ကြီး မျဉ်းတန်း မကျိုးသောက်ရေအိုး၊ ဂန်ဖလားမကွဲ၊ အထဲမှာ အားလုံးကောင်း၊ ရှိရှိသမျှ လူပေါင်း တစ်ရာနှစ်ဆယ့်ငါးယောက် ထိပ်ပေါက်ခေါင်းကွဲ အိုးစားမွေးမရှိ အားလုံးကောင်းဗျာ့''





ဆိုပြီး အိပ်ဆောင်ထဲကအခြေအနေကို ဂိတ်ကြီးပေါ်က အစောင့်စန္ဒရီထံ အသံကျယ်ကျယ်အော်ပြီး သတင်းပေးပို့ခဲ့ရတယ်။

အဲဒီလိုပဲ အမျိုးသမီးဆောင်ထဲက ညကင်းစောင့်နေတဲ့ ဟာရာအကျဉ်းသူ အော်ဟစ်သတင်းပို့လိုက်တာကတော့ ...

''ခရမ်းသီးမထိုး ကြမ်းမကျိုး ခြောက်ကိုးဟာရာ မကြည်ပြာ လူပေါင်း နှစ်ရာသုံးဆယ်ယောက် အားလုံးကောင်းပါသည်ရှင့်''

☼ ☼ ☼

**မိုးဝေ**

www.burmeseclassic.com



[ ၁ ]

❑

မ,တစ်ထောင်သားများ စုဝေးရာ အကျဉ်းထောင်တွင် သူတို့ကျူး လွန်လာသော မှုခင်းများကလည်း အမျိုးအမည်စုံလင်လှသည်။

လမ်းဘေးကုန်စုံဆိုင်၊ မုန့်ဆိုင်များမှ အလစ်သုတ်သော အသေး အမွှားမှုခင်းများကအစ ရိုက်မှု၊ လုယက်မှု၊ ဓားပြမှု စသည်တို့ကအလယ်၊ မုဒိမ်း၊ လူသတ်၊ မီးရှို့၊ နိုင်ငံတော် ပုန်ကန်မှု စသော မှုခင်းကြီးများက အဆုံး မရေတွက်နိုင်အောင် များပြားလှပါဘိ။

ပြစ်မှုကျူးလွန်ရသည့် အကြောင်းရင်းများကို ကြည့်လျှင်လည်း အများအားဖြင့် ယခင်က ရန်ငြိုးရှိလျှင်လည်းကောင်း၊ အသုဘအိမ် ဖဲဝိုင်း တွင် စကားများရာကလည်းကောင်း၊ အရက်ဆိုင်တွင် မူးယစ်ရမ်းကားသည် ကို မခံမရပ်နိုင်၍လည်းကောင်း သူတစ်ပါးပိုင်ဆိုင်သော ပစ္စည်းကို လောဘ တက်ကာ ရယူလို၍လည်းကောင်း အမျိုးမျိုးအဖုံဖုံ တွေ့ရှိရလေသည်။

ယင်းတို့အနက် မှုခင်းအမျိုးအစား မည်မျှများပြားစေကာမူ တရား သဘောဖြင့် ရှုကြည့်ပါက လောဘ၊ ဒေါသ၊ မောဟတည်းဟူသော အကုသိုလ်စိတ်များအပေါ် အခြေပြုပြီး ဖြစ်ပျက်လာကြသည်ချည်း ဖြစ်သေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပုထုဇဉ်လူသား မှန်သမျှ နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်သေးသရွေ့ ထိုအကုသိုလ်တရား သုံးပါးတို့၏ လှုံ့ဆော်တိုက်တွန်းမှုကြောင့် ဖြစ်မှုအမျိုးမျိုး ကျူးလွန်မိကြကာ အကျဉ်းထောင်တွင်း သွတ်သွင်းခံနေကြရဦးမည်သာဖြစ်၏။

ထိုက်ဆိုးသူများအနက် ကျွန်ုပ် ဗဟိုလ်အကျဉ်းထောင်တစ်ခုတွင် ဆုံတွေ့ခဲ့ရသော အချုပ်သားတစ်ဦး၏ မှုခင်းဖြစ်ရပ်မှာ ကျွန်ုပ် လုပ်သက်တစ်လျှောက် မေ့ပျော်၍ မရနိုင်အောင် ထူးခြားဆန်းကြယ်လှပါပေသည်။

ယင်းအချုပ်သားမှာ မတော်ရသေးသော ယောက္ခမလောင်းကို သတ်ပစ်မှုဖြင့် စွပ်စွဲခံရကာ အကျဉ်းထောင်သို့ ရောက်ရှိလာသူဖြစ်လေသည်။ ထူးခြားသည်မှာ ထိုဖြစ်မှုမှာ သူ၏ချစ်ဦးသူ အသတ်ခံရမှုနှင့် ဆက်စပ်နီးနွယ် ပတ်သက်နေမှုပင်။ ထို့ထက်ပို၍ ထူးခြားသည်မှာကား သေဆုံးသူချစ်ဦးသူ၏ အလောင်း မှန်ကန်ကြောင်း အတည်ပြုပေးခဲ့သူမှာ သေသူ၏ ဖခင် ရဲမှူးကြီးတစ်ဦးသာ ဖြစ်နေခဲ့ခြင်းပါပေ။ ထို့ထက်ထို့ထက် ပို၍ ထူးခြားသည်။ သူ၏ချစ်ဦးသူ အသတ်ခံရခြင်း၏ နောက်ကွယ်တွင် ဥပဒေမျက်စိကို မျက်မှန်စိမ်းကပ်ကာ အမှန်တရားကို ဖုံးကွယ်ဖျောက်ပစ်ရန် ကြိုးစားမှုများ၊ အလွန် လျှို့ဝှက်ဆန်းကြယ်လှသော ဇာတ်ရှိရဆန်သည့် ဖြစ်ရပ်မှန်များနှင့် ကြုံတွေ့ရလာခြင်းပင် ဖြစ်၏။

အတ္တမာန ကြီးမားလွန်းသည့် လူပုဂ္ဂိုလ်တစ်ဦး၏ သားကောင်သဖွယ် ဖြစ်ခဲ့ရရှာသော ချစ်သူနှစ်ဦးတို့၏ ရင်နင့်နာကျည်းဖွယ် ဖြစ်ရပ်ဆန်းကြယ်များသည်ကား ...

☼☼☼

[၂]

❑

"ကျွန်တော် သီရိနဲ့စပြီး ချစ်သူဖြစ်ခဲ့ကြတာ ဆယ်တန်းက တက်တဲ့နှစ်ကပါ။ အမှန်တော့ ကျွန်တော်နဲ့ သီရိက မူလတန်း၊ အလယ်တန်း၊ အထက်တန်းထိ တစ်ကျောင်းတည်း တက်ခဲ့ကြတဲ့ ငယ်သူချင်းတွေပါ။ ဆယ်တန်းရောက်မှပဲ စိတ်ပြောင်းပြီး ချစ်သူဘဝ ကူးခဲ့ကြတာပါ။ အဲဒီအချိန်က သီရိတို့အဖေ ဦးအောင်ဘသော်က ကျွန်တော်တို့ မြို့ကဂါတ်မှာ ဌာနအုပ်အဆင့်ပဲ ရှိသေးတာဆရာ"

"ဟုတ်လား"

ရာဇသတ်ကြီးပုဒ်မ ၃၀၂(၂) လူသတ်မှုဖြင့် ကျွန်ုပ် တာဝန်ကျရာ ဗဟိုအကျဉ်းထောင်သို့ အချုပ်တရားခံအဖြစ် ရောက်ရှိလာသော အကျဉ်းသား ကျော်ထွန်းခိုင်ဆိုသူက သူ၏ အမှုဖြစ်စဉ်ကို ပြောပြနေခြင်းဖြစ်လေသည်။

"အဲဒီတုန်းကတော့ သီရိအဖေက ကျွန်တော့်ကို ကြည်ကြည်ဖြူဖြူပဲ ဆက်ဆံခဲ့ပါတယ်။ ဒါကလည်း အဲဒီအချိန်က ကျွန်တော့်အဖေ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်တင်မိုးသူဟာ မြို့နယ်ဆရာဝန်ကြီး ဖြစ်နေတာကြောင့်ရယ်၊ ကျွန်တော်ကိုယ်တိုင်ကလည်း အတန်းထဲမှာ စာအတော်ဆုံး ဖြစ်နေတာရယ်တွေကြောင့်လည်း ဖြစ်ပါလိမ့်မယ်ဆရာ''

''အင်း''

''ကျွန်တော် အဲဒီနှစ်မှာပဲ ဆယ်တန်းကို ဂုဏ်ထူး ငါးဘာသာနဲ့ နှစ်ချင်းပေါက် အောင်မြင်ခဲ့တယ်။ စိတ်မကောင်းစရာတစ်ခုက သီရိဟာ ဆယ်တန်းဖြေခါနီးရက်မှာမှ ကပ်ပြီး တိုက်ဖွိုက်ဖြစ်နေတာနဲ့ စာမေးပွဲ မဖြေခဲ့ရရှာဘူး။ ဒါ့ထက် စိတ်မကောင်းစရာက အောင်စာရင်းထွက်ပြီးလို့ တစ်လလောက်အကြာမှာ သီရိအဖေဟာ ရှမ်းပြည်နယ်က ကျိုင်းတုံရဲစခန်းကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရတာပါပဲ။ အဲဒီကတည်းက သီရိနဲ့ ကျွန်တော်တို့ ချစ်သူချင်း ကိစ္စရာချောင်းခြားလို ဖြစ်ခဲ့ကြရတာပါပဲ။ ဒါပေမဲ့ စာတော့ အဆက်အသွယ် မပြတ်ခဲ့ပါဘူးဆရာ''

''ဪ ...''

ယခု နောက်ကြောင်းပြန်ပြောပြနေသော အချုပ်သား ကျော်ထွန်းနိုင်၏ အသက်မှာ (၃၂)နှစ်မျှ ရှိနေပြီဖြစ်ရာ ပြီးခဲ့သော ဆယ်စုနှစ်ကျော်ကျော်က ငယ်နုစဉ် ကျောင်းသားဘဝက ဖြစ်ရပ်များ ဖြစ်နေ၍လားမသိ။ ပြောနေရင်း သူ၏မျက်နှာဝယ် သွေးရောင်လျှမ်းကာ မျက်လုံးများပင် တောက်ပြောင်လာသလို ထင်ရသည်။

''ကျွန်တော်ကတော့ မာမီ့အစီအစဉ်အတိုင်း ရန်ကုန်အခေါ်အိမ်ကတစ်ဆင့် ဆေးတက္ကသိုလ်တက်ရပါတယ်။ သီရိဆီတော့ ရန်ကုန်လိပ်စာ ရေးထည့်ပေးလိုက်သေးတယ်။ ဒါပေမဲ့ ခရီးကဝေးတော့ ပြန်စာတော်တော်နဲ့ ရောက်မလာနိုင်ဘူး။ စာရောက်လာပြန်တော့လည်း ဆေးတက္ကသိုလ်တက်ခါစကျောင်းသား ကျွန်တော့်မှာ ဆေးပညာသင်ခန်းစာ အသစ်အဆန်းတွေကြားမှာ ခေါင်းမဖော်နိုင်အောင် နစ်မြုပ်နေတာနဲ့ တော်တော်နဲ့ စာ မပြန်ဖြစ်ဘူးဆရာ''

''အင်း ...''





''အဲ ... အချိန် တစ်လကျော်လောက်အကြာမှ သတိရပြီး စာပြန်လိုက်တော့လည်း သီရိဆီက ပြန်စာတော်တော်နဲ့ ရောက်မလာပြန်ဘူး။ နောက်မှ သိရတာက ကျွန်တော့်စာ ကျိုင်းတုံရောက်တဲ့အချိန်မှာ သီရိတို့က တောင်ငူမြို့ရောက်နေပြီတဲ့။ တောင်ငူဆိုတော့လည်း လမ်းပန်းဆက်သွယ်ရေး ကောင်းတော့ နောက်ပိုင်း အပြန်အလှန် စာရေးဖြစ်ကြတယ်။

ကံအားလျော်စွာ အဲဒီနှစ်ကျမှ သီရိက ဆယ်တန်းကို ဂုဏ်ထူးနှစ်ဘာသာနဲ့ အောင်တယ်လေ။ သူ့ရည်ရွယ်ချက်ကတော့ ပညာရေးတက္ကသိုလ်တက်ပြီး ကျောင်းဆရာမ လုပ်ဖို့ပဲ။ တစ်ခုခက်နေတာက သီရိတို့မှာက အဖေကို မခွဲနိုင်သလို၊ အဖေကလည်း သမီးတစ်ယောက်တည်း ရန်ကုန်ကို ပညာသင် မလွှတ်နိုင်ဘူး ဖြစ်နေတယ်ဆရာ''

''ဪ ...''

''အဲဒါနဲ့ တောင်ငူကနေပြီး စာပေးစာယူပဲ တက်ရတော့တာပေါ့လေ။ ရန်ကုန်က အဝေးသင်တက္ကသိုလ်နဲ့ တောင်ငူကြားမှာ သင်ခန်းစာတွေ မြန်မြန်ရောက်အောင် ကူညီပေးရတာပေါ့လေ။ ကျွန်တော် ဆေးတက္ကသိုလ်မှာ တတိယနှစ်ရောက်တော့ တစ်ခါ သီရိနဲ့ စာအဆက်အသွယ် ပြတ်သွားပြန်ရောဆရာ။ နှစ်လလောက်ကြာတဲ့အထိ ပြန်စာမလာတာနဲ့ တောင်ငူမြို့မ ရဲစခန်းကို ဖုန်းဆက်ပြီး စုံစမ်းကြည့်တော့မှ သီရိတို့အဖေ ချင်းပြည်နယ်တောင်ပိုင်း မတူပီမြို့ရဲစခန်းကို ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရတာ သိရတော့တယ်လေ''

''အင်း ... မတူပီဆိုတော့ လမ်းပန်းဆက်သွယ်ရေး ခက်တာပေါ့လေ''

''ဟုတ်တယ် ဆရာ။ စာတွေက ပခုက္ကူကတစ်ဆင့် မင်းတပ်မြို့ကို ပို့ရတယ်။ အဲဒီကမှတစ်ဆင့် မတူပီဆီ ပို့ရတာတဲ့။ ပခုက္ကူကနေ မတူပီရောက်အောင် မိုင် (၂၀၀)ကျော်လောက် သွားရတာတဲ့။ လမ်းတွေတလည်း တောင်တက်လမ်းတွေ ဖြစ်နေတော့ ရာသီဥတုအရ အချိန်တော်တော်ကြာတာတဲ့။ မိုးတွင်းဆို ပိုဆိုးတယ်။ တောင်တက်လမ်းတွေ ချောနေ



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ တောင်နံ့ရံတွေ ပြိုကျလို့ လမ်းပိတ်နေတာနဲ့ တစ်လကိုးသီတင်း ကြာတတ်သတဲ့။ ပြီးတော့ ဖုန်းဆက်ဖို့ကလည်း မလွယ်ဘူးလေ ဆရာ''

''ဟုတ်တယ် . . . တောင်ပေါ်လမ်းတွေဆိုတော့လည်း သွားရလာ ရခက်ခဲတာပေါ့''

''အဲဒါ သုံးလလောက်ကြာမှ သီရိဆီက စာတစ်စောင်ရလို့ အကျိုး အကြောင်း သိရတာလေ။ ကျွန်တော် စိတ်ထဲတွေးမိတာ တစ်ခုရှိတယ် ဆရာ။ သီရိအဖေနဲ့ ပတ်သက်ပြီးပေါ့လေ။ သူကျိုင်းတုံလို ပြည်နယ်ရုံးစခန်း ကနေ တောင်ဂူမြို့ ပြန်ပြောင်းရတာဖြင့် မကြာသေးဘူး။ မတ္တူပီလို အင်မတန် ဝေးလံသီခေါင်တဲ့ ချင်းပြည်နယ်တောင်ပိုင်းကို ထပ်ပြောင်းရပြန်တာ မဟုတ်လား။ ကြည့်ရတာ သူ့အဖေမှာ လုပ်ငန်းနဲ့ပတ်သက်တဲ့ ပြဿနာတစ်ခုခု၊ ဒါမှမဟုတ် အကျင့်စာရိတ္တနဲ့ ပတ်သက်တဲ့ ချို့ယွင်းချက်တစ်ခုခုများ ရှိနေ လို့များလားလို့ တွေးမိတယ်ဆရာ''

ကျွန်ုပ်က ခေါင်းကို တွင်တွင်ယမ်းခါပြလိုက်သည်။

''အဲလိုတော့ ဟုတ်မယ် မထင်ပါဘူးကွယ်။ ဝန်ထမ်းဘဝဆိုတာ ဒီလိုပဲ။ အပြောင်းအရွှေ့နဲ့ ပတ်သက်ပြီး အချိန်ကန့်သတ်ထားပေမယ်လို့ လုပ်ငန်းလိုအပ်ချက် ရှိလာရင်တော့ အခုပဲ ဟိုပြောင်းလိုက်၊ တော်ကြာ ဒီ ပြောင်းလိုက် ဖြစ်တတ်တာပဲလေကွယ်''

ကျော်ထွန်းနိုင်က ခေါင်းညိတ်ပြသည်။

''ကျွန်တော်လည်း အဲလိုပဲ ဖြစ်ပါစေလို့ ဆုတောင်းနေရတာပဲ ဆရာ။ တစ်နေ့ ကိုယ့်ယောက္ခမဖြစ်လာမယ့် ပုဂ္ဂိုလ်ရဲ့ ကိုယ်ရေးရာဇဝင် မှာ အစွန်းအထင်းမရှိစေချင်ဘူးလေ ဆရာ''

ကျွန်ုပ် ကျော်ထွန်းနိုင်၏ အတွင်းစိတ်ကို ကောင်းစွာ သဘော ပေါက်သည်။ မည်သူမဆို ကိုယ်နှင့် ဆွေမျိုးတော်လာရမည့်သူ၏ သမိုင်း အကြောင်းကို ခြောက်ပစ်ကင်း သဲလဲစင် ဖြစ်ချင်ကြတာ ဓမ္မတာပေပဲလော သို့တစေ သည့်ကိစ္စမျိုးက လုပ်ယူ၍ရသည့်မျိုးမဟုတ်။ ကံဇာတ်ဆရာ၏ အစီအစဉ်အတိုင်း နာခံကြရသည်သာ ဖြစ်၏။





''ဒါနဲ့ မောင်ကျော်ထွန်းနိုင်တို့ အမေကိုတော့ ဆရာဝန်ကြီးဆိုတာ သိရပြီး မောင်ရင့်အဖေကရော ဘာအလုပ်အကိုင်များ လုပ်သလဲကွယ့်''

ကျွန်ုပ်က မတော်ရသေးသော ယောက္ခမကိုသာ လက်ညှိုးထိုး နေသော ကျော်ထွန်းနိုင်ဆိုသူ အချုပ်သား၏ မျိုးရိုးကို လှမ်းထောက်ကြည့် လိုက်မိသည်။

''အာ . . . ကျွန်တော့်အဖေကလည်း ဆရာဝန်ပဲလေ။ ဒါပေမဲ့ ကျွန်တော်ရှစ်နှစ်သားမှာ ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွားခဲ့တယ်ဆရာ။ ကျွန်တော့်အဖေရဲ့ အဖေကလည်း ဆရာဝန်ကြီးပဲဗျ။ အဲလိုပဲ ကျွန်တော့် အမေရဲ့ အမေကလည်း ဆရာဝန်မကြီးပဲလေ၊ ကျွန်တော့်ရဲ့ နှစ်ဖက်ဘိုး ဘွားတွေရဲ့ မျိုးရိုးက အလွန် သန့်ပါတယ်။ ဘာပြဿနာမှ မရှိပါဘူး''

သည်အချုပ်သားကား အကင်းပါးလိုက်ပါဘိ။ ကျွန်ုပ်စိတ်ထဲ ဘာ ရှိသည်ကို တစ်အပ်သိနေသူပမာ ဆိုလိုရင်းကို ကွက်တိကျအောင် ဖြေလိုက် နိုင်သူပါပေ။

''ဒါနဲ့ သီရိတို့က မတူပီမှာ ဘယ်လောက်ကြာအောင် နေခဲ့ရသတဲ့ လဲကွယ့်''

ကျွန်ုပ်က မူလစကားလမ်းကြောင်းကို ပြန်ဆက်မေးလိုက်သည်။

''ပြည်နယ်ရုံးစခန်းမှာဆိုတော့လည်း သိပ်မကြာလိုက်ပါဘူး။ ကျွန် တော် ဆေးတက္ကသိုလ် စတုတ္ထနှစ်ရောက်တော့ သူတို့ မအူပင်ရုံးစခန်းကို ပြောင်းလာရပါတယ်''

''မအူပင်ဆိုတော့ ရန်ကုန်နီးသွားပြီပေါ့လေ။ ဆက်သွယ်ရေး လည်း ကောင်းလာမှာပေါ့''

''ဟုတ်ကဲ့ . . . စာတွေလည်း မြန်မြန်ဖတ်ရပါတယ်။ တယ်လီ ဖုန်းလည်း တစ်ခါတလေ ဆက်လို့ရပါတယ်။ ပြီးတော့ သီရိရဲ့ အဝေးသင် စာစဉ်ကိစ္စတွေလည်း အဆင်ပြေတာပေါ့လေ။ ဒါ့ထက် အဆင်ပြေတာက တတိယနှစ် အဝေးသင်စာမေးပွဲလာဖြေတဲ့ သီရိနဲ့ လူချင်းပါ တွေ့ရတာပါ ပဲ ဆရာ''

www.burmeseclassic.com



"ဟုတ်လားကွယ့်။ ဒါဆို သုံးနှစ်လောက် ကွဲကွာနေတဲ့ ချစ်သူနှစ်ယောက် ရှေးဖြစ်နှောင်းကြောင်းတွေ ပြောမဆုံးနိုင် ဖြစ်နေကြမှာပေါ့ နော်"

ကျွန်ုပ်က ဝမ်းသာအားရ ပြောမိသည်။ ကျော်ထွန်းနိုင်က ခေါင်းခါပြသည်။

"အခြေအနေက အဲသလောက် မလွတ်လပ်ဘူးဆရာ။ သူ့မှာက အစောင့်အရှောက်တွေနဲ့လေ။ စာမေးပွဲပြီးတာနဲ့ သင်္ဘောပေါ် တန်းတက်ရတာ။ စကားပြောရတာများ ထောင်ဝင်စာတွေ့သလောက်တောင် အဆင်မချောဘူး ဆရာ"

"ဟုတ်လား"

"သာကြောင်း မာကြောင်းလေးတောင် မနည်းအချိန်လုပြီး ပြောရတာလေ။ တကယ့်ကို အချုပ်သားရုံးထုတ်လာသလား မှတ်ရတယ်။ ရဲအစောင့်အရှောက်တွေနဲ့လေ။ အဲ ... တစ်ခုတော့ ရှိတယ်။ နှစ်နှစ်ကျော်ကြာအောင် မမြင်မတွေ့ခဲ့ရတဲ့ သူ့မျက်နှာလေးကိုတော့ အနီးကပ် ကြည့်ခွင့်ရခဲ့တာပေါ့။ ဒါပေမဲ့ ..."

"ဒါပေမဲ့ ... ဘာဖြစ်လဲကွယ်"

"သီရိရဲ့ မျက်နှာလေးက အရင်ကလို ဖူးဖူးငုံ့စ ပန်းတစ်ပွင့်လို နုဖတ်လန်းဆန်းမနေတော့ဘူး။ နေထိပန်းလို အသားအရောင်ကအစ ညှိုးရော်နွမ်းနယ်နေသလို ထင်ရတယ်ဆရာ"

ကျွန်ုပ်က ပြုံးပြလိုက်သည်။

"အာ ... မောင်ရင်ကလည်း သူ့ခမျာ အဖေသွားလေရာ ပြည်မတောင်တန်းမရွေး လိုက်ပါနေရတော့လည်း ရာသီဥတု၊ ဒေသအကူးအပြောင်းဒဏ် ခံနေရလို့ ဖြစ်ပါလိမ့်မယ်။ ဒါမျိုးက မြို့ပေါ်ပြန်ရောက်တာနဲ့ အရင်လို တသွေးတမွေး ပြန်ဖြစ်လာမှာပါကွယ်"

"ပြီးတော့ သူ့ကြည့်ရတာ ကျောင်းတုန်းကလို ဖော်ဖော်ရွေရွေ မရှိလှသလိုပဲ။ မျက်နှာအမူအရာကအစ ခပ်စိမ်းစိမ်းဖြစ်နေသလိုပဲဆရာ"





"ဟ ... သီရိက မိန်းကလေးဆိုတာလည်း ထည့်တွက်ဦးမှပေါ့။ သူ့ဘေးမှာကလည်း အစောင့်အရှောက်တွေနဲ့ဆိုတော့ မိန်းမတို့ဣန္ဒြေဆိုတာ ရှိသေးတယ်မဟုတ်လားကွယ့်"

"ဒါပေမဲ့ သူ့ဆီက မင်္ဂလာသတင်းတစ်ခုတော့ ကြားခဲ့ရတယ်။ နောက် နှစ်နှစ်ကျော်လောက်ဆိုရင်တော့ သူ့အဖေ ရန်ကုန်ကို ပြောင်းရွှေ့လာရနိုင်တယ်တဲ့ ဆရာ"

"ကောင်းတာပေါ့ကွယ်"

"အဲဒီအချိန်လောက်ဆို ကျွန်တော်လည်း ဆရာဝန် ဖြစ်ခါနီးပြီ။ သီရိကလည်း ကျောင်းပြီးမှာနဲ့ အတော်ပဲလို့ စိတ်ကူးနဲ့ ရှူးနေမိခဲ့တာပေါ့ ဆရာ။ ဒါပေမဲ့ ..."

"လာပြန်ပြီ ... ဒီဒါပေမဲ့က"

ကျွန်ုပ်က တွေဝေနေသော သူ့မျက်နှာကို အကဲခတ်နေရင်း ပြောလိုက်မိသည်။

"ဒါပေမဲ့ ကျွန်တော်တို့ ရန်ကုန်မှာ ပြန်ဆုံကြတဲ့အခါမှာတော့ သူ့အဖေရဲ့ ဆက်ဆံရေးဟာ တစ်မျိုးကြီး ဖြစ်လာသလိုပဲဆရာ"

"အရင်တုန်းကတော့ ဆရာဝန်မကြီးသားဆိုပြီး ကြည်ကြည်ဖြူဖြူပဲဆိုကွယ့်"

"ကျွန်ုပ်က မေးလိုက်သည်။

"ကျွန်တော် ဆရာဝန်ဖြစ်တဲ့အချိန်မှာ မာမီကလည်း ရာထူးတွေ အဆင့်ဆင့် တက်ခဲ့တဲ့အပြင် နိုင်ငံခြားပြန် မီးယပ်နဲ့ သားဖွားဆရာဝန်မကြီး ဖြစ်နေပြီလေ ဆရာ"

"ဟုတ်လား ... ဒါနဲ့ သီရိတို့ သားအဖကရော ဘယ်လိုရာထူးမျိုး ဖြစ်နေပြီလဲ"

"သူက နောက်ပိုင်းရဲစခန်းမှူးကတစ်ဆင့် မြို့နယ်မှူးအဆင့် ရာထူးတွေတက်ခဲ့ပြီး ရောဝတီတိုင်း၊ ဒုတိုင်းမန္တလေး၊ ဒုတိုင်းထိ ဖြစ်ခဲ့ပြီး

www.burmeseclassic.com



သူတို့ ရန်ကုန်ပြောင်းလာတော့ ရဲမှူးကြီးအဆင့်တောင် ရောက်နေပြီလေ ဆရာ''

''အင်း . . . တော်တော် ရာထူးတက်မြန်ခဲ့တာပဲကိုး။ ဒါနဲ့ အခု ပြောပြနေတာတွေက မောင်ရင် အမှုဖြစ်ရတဲ့ကိစ္စတွေနဲ့ စပ်ဆိုင်မှုကော ရှိရဲ့လားကွယ့်။ ဆရာ အဓိကသိချင်တာ အမှုဖြစ်စဉ်ပဲလေ''

ကျော်ထွန်းနိုင်က ခေါင်းတဆတ်ဆတ်ညိတ်ပြသည်။

''သူ့အဖေ ရဲမှူးကြီးအဆင့်ထိ ဖြစ်လာတာဟာ ကျွန်တော်အမှုဖြစ်စဉ်နဲ့ တိုက်ရိုက်စပ်ဆိုင်နေတာပေါ့လေ။ ဒါပေမဲ့ အမှုဖြစ်စဉ်နဲ့ ပတ်သက်မှု ရှိ၊ မရှိ မပြောနိုင်တဲ့ ကြားဖြတ်ကိစ္စတစ်ခုတော့ ပြောပြရမယ်ထင်တယ်''

''ဘယ်လို ကြားဖြတ်ကိစ္စမျိုးလဲကွယ့်''

ကျွန်ုပ် ဖဝေဖဝါ မေးမိသည်။ ကျော်ထွန်းနိုင်က သက်ပြင်းတစ်ချက် ရှိုက်ထုတ်လိုက်ပြီး . . .

''ကျွန်တော်နဲ့ သီရိက တစ်ယောက်ကိုတစ်ယောက် အသည်းနှင့်အောင် ချစ်ကြတဲ့ ချစ်သူတွေဖြစ်ပေမဲ့လည်း နည်းနည်း အနေဝေးလာတော့လည်း ခပ်စိမ်းစိမ်းလေး ဖြစ်လာသလိုနဲ့ ဆန့်ကျင်ဘက်သဘောဆိုပါတော့ ဆရာ''

''အင်း . . . ဘယ်လို ဆန့်ကျင်ဘက် သဘောလဲကွယ့်''

ကျွန်ုပ် နားမလည်စွာ မေးမိပြန်သည်။ ကျွန်ုပ်အနေနှင့် အချုပ်သား၊ အကျဉ်းသားများကို လူသစ်ကြည့်ချိန်ဝယ် သူတို့၏ အမှုဖြစ်စဉ်ကို တတ်နိုင်သမျှ လိုရင်းရောက်အောင် မေးမြန်းလေ့ရှိ၏။ သူတို့ကလည်း ကျွန်ုပ်ဦးဆောင်မေးမြန်းသည့်အတိုင်း အလိုက်သင့် ဖြေတတ်ကြသည်သာ ဖြစ်၏။

ယခု ကျော်ထွန်းနိုင်ဆိုသော အချုပ်သားနှင့်ကျမှ အရစ်လာရှည်နေသည်။ သူ့အမှုနှင့် ပတ်သက်သလားမသေချာသော ကိစ္စတစ်ခု ပြော





ပြချင်သည်တဲ့။ ပြီးတော့ ထိုကိစ္စက ချစ်သူနဲ့ အနေဝေးလာသော ဆန့်ကျင်ဘက်သဘောလို့လည်း ဆိုသေးသည်။

ကြဲကြဲဖန်ဖန် တကယ့်မိကျောင်းသားနဲ့မှ လာတွေ့နေရပါလေသည်။ ခက်သည်က ကိုယ်က စတင်ခဲ့သော ဇာတ်ဖြစ်နေလေရာ ပြီးဆုံးသည်အထိတော့ သည်းခံကာ ရပေဦးတော့မည်။

''ဒီလိုပါ . . . ဆရာ၊ ကျွန်တော် ဆေးတက္ကသိုလ် စတက်တဲ့ မောင်မယ်သစ်လွင်နှမှာ 'မေဘယ်လွင်' ဆိုတဲ့ ကျောင်းသူသစ်လေးနဲ့ မမျှော်လင့်ဘဲ သိကျွမ်းခဲ့ရတယ်။ မမျှော်လင့်ဘဲဆိုပေမယ့် သူကစတင်ပြီး အတင်းလာမိတ်ဆက်လို့ သိခဲ့ရတာပါ။ မိန်းမချောလေးတစ်ယောက်ပါ။ သူ့အမေကလည်း မီးယပ်နဲ့ သားဖွားအထူးကု ဆရာဝန်မကြီးတစ်ယောက်လို့ သိရတယ်။ ကျွန်တော့်မာမီနဲ့လည်း ကောင်းကောင်းသိကြတယ်လို့ ပြောတယ်။ မာမီကို ပြန်မေးကြည့်တော့လည်း ဟုတ်နေတယ် ဆရာ''

''အင်း . . .''

''အဲဒါ ပထမတော့ ရိုးရိုးခင်တာလို့ ထင်မိပေမယ့် သူက ပထမတစ်နှစ်လုံး ကျွန်တော့်နားမှာ ရစ်သီရစ်သီ လာလုပ်နေတယ်။ ဒုတိယနှစ်လည်း ရောက်ရော ကျွန်တော့်ကို တွေ့တာနဲ့ လွယ်အိတ်ထဲကစာအုပ်တွေ ထုတ်ပြီး စာမေးပါလေရော ဆရာ။ ကျွန်တော်ကတော့ လူမှုရေးအရ စာသင်သားချင်းစိတ်ဓာတ်နဲ့ တတ်သမျှ မှတ်သမျှ ရှင်းပြရတာပေါ့လေ။

ခက်တာက တတိယနှစ်ကစပြီး ဖုန်း မကြာခဏဆက်တာတို့၊ အိမ်လာလည်တာတို့အထိ ရဲတင်းလာပါတယ်။ သူ့အမှုအရာနဲ့ လေသံတွေကလည်း 'မိန်းကလေးက စ,ရပါလားရှင်' လို့ လမ်းခင်းပေးနေသလိုပါပဲ ဆရာ''

''နို့ . . . မောင်ရင့်မှာ ချစ်သူရှိတာ သူ မသိဘူးလားကွယ့်''

ကျွန်ုပ် တွေးတွေးဆဆ မေးမိသည်။

''အာ . . . သိတာပေါ့ ဆရာရယ်။ တစ်နေ့ ဒီလိုမျိုးဖြစ်လာမှာစိုးလို့ သူ့ကို သီရိအကြောင်းတွေ ကြိုတင်ပြောပြထားခဲ့တာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ဒါဆို ဒီကောင်မလေးက သိရဲ့နဲ့ ဘမင်တကာ တွယ်ကပ်နေတာ ထင်ပါရဲ့"

"ဟုတ်ကဲ့ . . . ပထမတော့ ကျွန်တော်လည်း တတ်နိုင်သမျှ ရှောင်ပါသေးတယ်။ ဒါပေမဲ့ ကျွန်တော် စောစောကပြောသလို သိရိနဲ့ အနေဝေးနေတဲ့အချိန်မှာ နွေစဉ်ရက်ဆက် အနီးကပ် မြင်တွေ့နေရတော့လည်း လူ့ငယ်တို့သဘာဝ မေဘယ်လွင့်အပေါ်မှာ သာယာလာမိတာတော့ အမှန်ပါပဲ"

"အင်းပေါ့လေ"

ယောက်ျားလေးနှင့် မိန်းကလေး မည်မျှပင် ချစ်ကြသည်ဆိုစေဦးတော့ အနေဝေးလာလျှင် မီးဝေးချိပ်လို ဖြစ်တတ်ကာ အနေနီးသူအပေါ် သာယာမိတတ်သည်က ထူးဆန်းမဆန်းသော ဖိုမသဘာဝပင်။ ထို့ကြောင့်လည်း လူကြီးချင်း စေ့စပ်ထားပါလျက် အခြားတစ်ယောက်နှင့် ရုတ်တရက် အိမ်ထောင်ကျကတတ်ကြသည် မဟုတ်ပါလား။ ဩော် . . . ကိုလေသာစိတ်ဆိုသည်ကလည်း တားဆီးရန် ခက်ခဲလှပါဘိကောင်း။

"ဟို . . . ဘယ်လိုခေါ်မလဲ၊ မိန်းမချောလေး ဖြစ်တာရယ်၊ အမေချင်းလည်း ဂုဏ်ရည်တူနေတာရယ်လည်း ပါမှာပေါ့ဆရာ။ ဒါပေမဲ့ မင်းမှာ သစ္စာ၊ လူမှာကတိဘဲ။ လက်ထပ်ဖို့အထိ ကတိသစ္စာပြုထားတဲ့ ငယ်ကျွမ်းဆွေတွေကို လွယ်လွယ်နဲ့ စွန့်လွှတ်ဖို့ မဖြစ်နိုင်သလို နောက်မှပေါ်လာတဲ့ မရွှေကြာပင်ကို ကျွန်တော့်နှလုံးသား လက်ခံဖို့ အရမ်းခက်ခဲနေမိပါတယ်ဆရာ။ အဲဒါကြောင့်လည်း မေဘယ်လွင့်အပေါ် တစ်ဒင် သာယာမိတဲ့စိတ်ကို ချိုးနှိမ်ပြီး သိရိအပေါ် သစ္စာမပျက်မိအောင် မနည်း ကြိုးစားခဲ့ရတယ်ဆရာ"

"ဟုတ်လားကွယ့်"

ကျွန်ုပ်မှာ မိကျောင်းသား ကျော်ထွန်းနိုင်ဆိုသူအား ဒီတစ်ကြိမ်မှာတော့ အတော်ပင် လေးစားစိတ် ဝင်မိသည်။ ချီးလည်း ချီးမွမ်းမိ





သည်။ တော်ရုံ ဖိုသဘာဝတို့ ရှောင်နိုင်ခဲ့တဲ့ ကိစ္စကြီးကို ဒီလူအောင်မြင်စွာ ကျော်လွှားနိုင်ခဲ့သည် မဟုတ်ပါလား။

"ဒါပေမဲ့ တစ်ခုခက်နေတာက ကျွန်တော့်မာမီကိုယ်၌က မေဘယ်လွင့်ကို ချွေးမတော်ချင်သလိုလိုတောင် အရိပ်အယောင် ပြခဲ့သေးတာလေ။ နောက်ဆုံးတော့လည်း အမှန်တရားက အောင်ပွဲခံတယ်ဆိုသလိုပါပဲ။ ကျွန်တော့်အတွင်းသဘောကို ကောင်းကောင်းသိလာတဲ့ မေဘယ်လွင်ဟာ သူ့အတ္တစိတ်ကို လျှော့ချပြီး ကျွန်တော့်ပတ်ဝန်းကျင်က အောင်မြင်စွာ ဆုတ်ခွာသွားခဲ့ပါတော့တယ် ဆရာ"

ကျွန်ုပ်က ခေါင်းညိတ်ပြလိုက်ကာ . . .

"ဒါနဲ့ နေပါဦးကွယ့်၊ မောင်ရင့်မာမီက သိရိအပေါ်မှာကော ဘယ်လိုသဘောထားမျိုး ရှိနေလဲကွယ့်"

ကျွန်ုပ်မေးခွန်းကြောင့် ကျော်ထွန်းနိုင် ခေတ္တမျှ ကြောင်တွေဖြစ်သွားသည်။ ပြီးမှ . . .

"မာမီက သိရိနဲ့ပတ်သက်ပြီး အရင်ကလည်း ဘာမှမပြောခဲ့ဖူးဘူး။ ခုလည်း ဘာမှမပြောဆရာ။ ဒါပေမဲ့ ကျွန်တော့်စိတ်ထင် ပြောရရင် ကျွန်တော်သာ တရားဝင် လက်ထပ်ယူမယ့်စကားပြောရင် ငြင်းပယ်မယ်တော့ မထင်ပါဘူးဆရာ"

သူပြောလိုက်ပုံက မရေရာ မသေချာသော စကား။ သူ့စိတ်ထင်တာ ပြောနေခြင်းပင်။

"ထားပါတော့ . . . သိရိအဖေကတော့ အရင်တုန်းကတော့ ကြည်ကြည်ဖြူဖြူ ရှိခဲ့ပြီး အခုကျမှ တစ်မျိုးကြီး ဖြစ်နေတယ်ဆိုတာက တာ ဘာကို ဆိုလိုတာလဲကွယ့်"

ကျော်ထွန်းနိုင်က ခေါင်းဆတ်ခနဲညိတ်ပြကာ . . .

"ဟုတ်ကဲ့ . . . အဲဒီ တစ်မျိုးကြီးဆိုတာက အရင်ကလို ကြည်ကြည်ဖြူဖြူ မရှိတော့ဘူးပေါ့ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင့်မာဃီ သာမန်ဆရာဝန်ဘဝမှာတောင်မှ လက်ခံကြည့်ဖြူ ခဲ့သေးတာပဲ၊ အခုလို မီးယပ်နဲ့ သားဖွားအထူးကု ဆရာဝန်မကြီးဖြစ်လာမှ ပိုပြီး ကြည်ဖြူလာရမှာပေါ့ကွယ် ... မဟုတ်ဘူးလား"

ကျွန်ုပ်က အထွန့်တက်လိုက်မိသည်။

"ဟုတ်တော့ ဟုတ်ပါတယ် ဆရာ။ ဒါပေမဲ့ သူ့မျက်နှာက ကျွန်တော့်ကိုမြင်လိုက်တာနဲ့ မချိတင်ကဲလိုလို၊ မထိမဲ့မြင်လိုလို အမူအရာမျိုး ပြောင်းသွားသလိုပဲ ဆရာ"

"ဟုတ်လား ... အဲဒါ ဘာဖြစ်လို့များလဲ"

"ဒါတော့ ကျွန်တော်လည်း မတွေးတတ်ဘူး။ သူ့မေးကြည့်မှပဲ သိမှာပေါ့"

သူပြောလိုက်ပုံကိုက တစ်မျိုးကြီးဖြစ်နေသည်။ အကျိုးအကြောင်းလည်း ဆီလျော်မှုမရှိ။ သူ့မာဃီကတော့ အရင်ကရော၊ အခုပါ ဘာမှမပြောတဲ့။ သီရိအဖေကတော့ သူ့ကိုမြင်ရင် မျက်နှာအမူအရာက မချိတင်ကဲလိုလို၊ မထိမဲ့မြင်လိုလို ပြောင်းသွားသည်ဆိုပဲ။

ကြည့်ရတာ ထိုသူတို့နောက်ကွယ်တွင် ကျော်ထွန်းနိုင် မသိသေးသော လျှို့ဝှက်ထိမ်ချန်မှုတစ်ခုခုများ ရှိလေမလား၊ ဒါမှမဟုတ် ကျွန်ုပ်က ပဲ အတွေးလွန်နေမိတာများလား။

"ကဲပါလေ ... ဒါတွေ ထားလိုက်ပါတော့။ အခု အမှုဖြစ်စဉ်ကို သာ ပြောပြစမ်းပါ"

ကျွန်ုပ် စိတ်မရှည်နိုင်တော့ဘဲ သီလိုသော အဓိကအချက်ကို မေးခွန်းထုတ်လိုက်မိသည်။

ကျော်ထွန်းနိုင်က ချက်ချင်း ပြန်မဖြေဘဲ သူ၏ အောက်နှုတ်ခမ်းကို အပေါ်သွားများဖြင့် ဖိကိုက်ထားရင်း သက်ပြင်းတစ်ချက် ချလိုက်သည်ကို တွေ့ရ၏။

ခဏနေမှ ...





"ဒီအမှုဖြစ်စဉ်ကို ပြောမယ်ဆိုရင် သီရိအသတ်ခံရတာက စ,ရ လိမ့်မယ် ဆရာ"

"ဘာ ... ဘယ်လို ... သီ ... သီရိ ... အ ... အသတ် ... ခံရတယ်"

ကျွန်ုပ်မှာ ကိုယ့်နားကိုယ် မယုံနိုင်လောက်အောင် စကားထစ်ငေါ့ မတတ် တအံ့တသြ ဖြစ်သွားမိသည်။

"ဟုတ်တယ် ... ဆရာ၊ သီရိတို့သားအဖ ရန်ကုန်ကိုပြန်ရောက် ပြီး သီရိ စာပေးစာယူ နောက်ဆုံးနှစ်စာမေးပွဲရဲ့ နောက်ဆုံးနေ့ အိမ်အပြန် လမ်းမှာ အသတ်ခံခဲ့ရတာပါ"

"ဟာ ... ကြားရတာ စိတ်မကောင်းလိုက်တာကွယ်။ နေပါဦး .. သီရိလို မိန်းမချောလေးတစ်ယောက်က ဘာလို့များ အသတ်ခံရတာများလဲ ကွယ်"

"နောက်မှ အမှုလိုက်ရဲ့အရာရှိဆီက သိရတာကတော့ သီရိအချစ် ကို တောင်းခံလို့မရတဲ့ အပေးသင်ကျောင်းသားတစ်ယောက်က ရန်ငြိုးဖွဲ့ ပြီး သတ်တာတဲ့ဆရာ"

"ဖြစ်ရလေကွယ်၊ ဒါနဲ့ လူသတ်တရားခံကိုတော့ ဖမ်းမိခဲ့ရဲ့မဟုတ် လား"

"အဲဒီအချိန်မှာ ဦးအောင်ဘသော်က ရဲမှူးကြီးဖြစ်နေတော့ သူ့ တပည့်တွေက လူသတ်သမားကို အချင်းဖြစ်ပြီး နောက်တစ်နေ့မှာ လက်ရ ဖမ်းဆီးနိုင်ခဲ့တယ်တဲ့။ ဒါပေမဲ့ လူသတ်သမားက ရဲကို ခုခံထွက်ပြေးလို့ အသေဖမ်းဆီးလိုက်ရတယ်တဲ့။ သီရိကတော့ ရင်ဘတ်မှာ ဓားနဲ့အထိုးခံရ လို့ ပွဲချင်းပြီး သေသွားတာနဲ့ ရန်ကုန်ဆေးရုံကြီး ရေခဲတိုက်ပို့လိုက်ရတယ် တဲ့ဆရာ"

"အဲဒီတုန်းက မောင်ရင်လည်း ရန်ကုန်ဆေးရုံကြီးမှာ အလုပ်သင် တွေ ဘာတွေ ဆင်းနေရတော့ အတော်ကူညီလိုက်နိုင်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

ကျော်ထွန်းနိုင်က ပြင်းလိုက်၍ ကျွန်ုပ် ပါးစပ်ဟောင်းလောင်း ပွင့်သွားမိသည်။

"ဟေ . . . ဘာဖြစ်လို့လဲ"

ကျော်ထွန်းနိုင်က သက်ပြင်းမောတစ်လုံး မှုတ်ထုတ်လိုက်ပြီးမှ—

"ပြောရရင် ကျွန်တော်တို့အဖြစ်က တကယ့်ကို ရင်နာစရာကောင်းလှပါတယ်။ အမှန်ဆို ရန်ကုန်ဆေးရုံကြီးမှာ အလုပ်သင်ဆရာဝန်ဖြစ်နေတဲ့ ကျွန်တော်ဟာ သီရိကိစ္စမှာ အနီးကပ် ကူညီဆောင်ရွက်ပေးခဲ့ရမှာပါ။ ဒါပေမဲ့ ကံမကောင်းချင်တော့ အဲဒီအချိန်မှာ ကျွန်တော်တို့သားအမိ ရန်ကုန်မှာ မရှိခဲ့ကြဘူးလေ"

"ဟုတ်လား . . . ဘာဖြစ်လို့လဲကွယ့်"

"တိုက်တိုက်ဆိုင်ဆိုင် မာမိရဲ့အမေ ကျွန်တော့်အဘွား အသည်းအသန်ဖြစ်နေတာနဲ့ မော်လမြိုင်ကို ရောက်နေခဲ့ကြတာ . . ဆရာ။ အဲဒါကြောင့်လည်း ကျွန်တော့်မှာ သီရိနဲ့ အလောင်းကိုတောင် မမြင်ခဲ့ရဘူးလေ"

ပြောရင်းက သူ့အသံမှာ ဆို့ဆို့နင့်နင့် ဖြစ်လာကာ တိမ်ဝင်သွားပါလေသည်။

"အိုကွယ် . . . ကံခေလိုက်တာကွယ်"

ကျွန်ုပ်ရင်ထဲက ကြေကွဲစွာ ရေရွတ်မိသည်။ ကျော်ထွန်းနိုင်ခမျာ ချစ်ကံခေလိုက်ပုံများ ချစ်သူ၏ သက်မဲ့ခန္ဓာကိုတောင် မတွေ့မမြင်လိုက်ရရှာပါပေ။

"အင်း . . . ဒါဆို မော်လမြိုင်က ပြန်လာမှ သီရိကိစ္စကို စုံစမ်းရတာပေါ့နော်"

ကျော်ထွန်းနိုင်က ခေါင်းအသာညိတ်ပြသည်။

"ဟုတ်ကဲ့ ဆရာ။ ကျွန်တော် အမှုလိုက်ရဲအရာရှိဆီက အမှုဖြစ်ရတဲ့ကိစ္စ အကျိုးအကြောင်းသိရပြီးတဲ့နောက် သီရိအလောင်းကို ခွဲစိတ်ခဲ့





ရတဲ့ မှုခင်းဆရာဝန်နဲ့ သွားတွေ့ခဲ့တယ်ဆရာ။ အဲဒီမှာ ထူးခြားတာက သီရိမျက်နှာမှာ အညိုအမည်းစွဲနေတဲ့ ဒဏ်ရာတချို့ တွေ့ရတယ်တဲ့"

ကျွန်ုပ် အံ့အားသင့်သွားကာ . . .

"နေပါဦး . . . သီရိက ရင်ဘတ်မှာ ဓားနဲ့အထိုးခံရလို့ သေသွားတာ မဟုတ်လားကွယ့်"

"ဟုတ်ပါတယ် ဆရာ။ ဒီအလောင်း ရင်ဘတ်မှာ ဓားဒဏ်ရာအပြင် မျက်နှာမှာပါ ဒဏ်ရာတွေ တွေ့ရတယ်တဲ့"

"အင်း . . . ဒါတော့ နည်းနည်း ထူးဆန်းနေသလိုပဲကွယ့်"

"ဟုတ်ကဲ့ . . . ဆရာ၊ အမှုလိုက် ရဲအရာရှိက ဘာထင်မြင်ချက်မှ မပေးနိုင်ဘူး။ မှုခင်းဆရာဝန်ကတော့ မျက်နှာပေါ် ဒဏ်ရာတွေဟာ ဆေးလိပ်မီးနဲ့ ထိုးလို့ ရတာမျိုး ဖြစ်နိုင်တယ်လို့ မှတ်ချက်ပြုတယ်"

"ဟုတ်လား"

"ပြီးတော့ အဲဒီအလောင်းကို အချင်းဖြစ်ပြီး နောက်တစ်နေ့ မနက်ပိုင်းမှာ သူ့အဖေ ရဲမှူးကြီးအမိန့်နဲ့ ရေဝေးမှာ မီးသင်္ဂြိုဟ်ခဲ့တယ်တဲ့ ဆရာ"

"ဒါဆို ဆွေမျိုးမိတ်သင်္ဂဟတွေတောင် လိုက်မပို့ခဲ့ကြဘူးပေါ့"

"ဟုတ်ကဲ့ . . . သူ့အဖေနဲ့ တာဝန်ကျ ရဲတချို့ပဲ ပါတယ်တဲ့"

"အင်း . . . ဒါလည်း နည်းနည်းတော့ ထူးဆန်းနေသလိုပဲကွယ့်"

ကျွန်ုပ် တွေးတွေးဆဆ ပြောမိသည်။

"အဲ . . . ဒါ့ထက် ထူးဆန်းတာတစ်ခု ရှိသေးတယ်ဆရာ"

"ဟုတ်လား . . . ဘာများလဲကွယ့်"

"သီရိအတွက် ရက်လည်ဆွမ်းသွတ် မလုပ်တာပဲ"

"ဟေ . . . "

ကျွန်ုပ် ပါးစပ်ဟောင်းလောင်း ပွင့်သွားမိသည်။

"ဒါနဲ့ ရဲမှူးကြီးတို့က ဗုဒ္ဓဘာသာတွေပဲ မဟုတ်လားကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"ဗုဒ္ဓဘာသာမှ နှစ်စဉ် သကြြန်ရုံးပိတ်ရက်မှာ ဒုလ္လဘရဟန်းဝတ် နေကျလေ ဆရာ"

"ဟုတ်လား ... ဒါဆို ဒီကိစ္စက အတော့်ကို စဉ်းစားစရာ ဖြစ် နေပြီကွယ့်"

"အဲဒါကြောင့် ကျွန်တော် သူ့အဖေ ရဲမှူးကြီး အောင်ဘသော်ကို အမြန်လိုက်ရှာရတာပေါ့။ ဒါပေမဲ့ သူက သီရိရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်ပြီး တဲ့ နောက်တစ်နေ့ကစပြီး သက်ပြည့်အငြိမ်းစား ယူသွားပြီတဲ့။ ဒါကြောင့် သူ့အိမ်လိုက်သွားတော့လည်း အိမ်တံခါးကို သော့ခတ်ထားတာ တွေ့ရ တယ်။ အဲဒါနဲ့ အနီးပတ်ဝန်းကျင်မှာ စုံစမ်းကြည့်တော့ သူ့သမီးဆုံးလို့ စိတ် ထိခိုက်ပြီး အပန်းဖြေခရီး ထွက်သွားတယ်တဲ့ ဆရာ"

"အင်းပေါ့လေ ... သူလည်း အဖေဆိုတော့ ဘယ်စိတ်ကောင်း ပါ့မလဲ။ ဒါနဲ့ သူနဲ့ ဘယ်လောက်ကြာမှ ပြန်တွေ့ရမလဲကွယ့်"

"နောက် သုံးပတ်လောက်ကြာမှ သူ့အိမ်မှာ တွေ့ရတယ်ဆရာ။ သူကြည့်ရတာ ကျွန်တော် လာတွေ့တာကို လိုလိုလားလား ရှိပုံမရဘူး။ ဝတ်ကျေတမ်းကျေပုံစံမျိုးနဲ့ တွေ့ရတယ်။ ကျွန်တော်က သီရိမျက်နှာမှာ ဆေးလိပ်မီးနဲ့ ထိုးခြေထားတဲ့ ဒဏ်ရာကိစ္စ မေးမိတော့ သူက ကထိတ် တလန့်မျက်နှာနဲ့ ကျွန်တော့်ကို မေးတယ်။ ဒါတွေ မင်းကို ဘယ်သူပြော တာလဲတဲ့။

ကျွန်တော်လည်း ဆရာဝန်တစ်ယောက်ပဲလေ၊ စုံစမ်းလို့ သိရ တာပေါ့လို့ ဖြေလိုက်တယ်။ ဒီတော့ သူက ဘာမှပြန်မပြောဘူး။ ဒါကြောင့် သီရိက ရင်ဘတ်မှာ ဓားနဲ့အထိုးခံရလို့ သေရတာ မဟုတ်လား၊ ဒီမျက်နှာ က ဒဏ်ရာတွေက ဘာလို့ ရှိနေရတာလဲလို့ မေးမိတယ်။

သူ မထိမဲ့မြင်ပုံစံနဲ့ 'မင်းက ဘာလို့ ဒီလောက်အထိ သိချင်နေ ရတာလဲကွ' အသံမာမာနဲ့ မေးတယ်။ ကျွန်တော်က 'သီရိဟာ ကျွန်တော် နဲ့ လက်ထပ်ကြဖို့အထိ ကတိပေးထားကြတဲ့ ချစ်ဦးသူပါ။ ပြီးတော့ ဦးက သီရိအလောင်း နောက်ဆုံးသင်္ဂြိုဟ်ပေးခဲ့ရတဲ့သူ ဖြစ်နေလို့ ကျွန်တော်





ကြားထားတဲ့သတင်းတွေ ဟုတ်မဟုတ်လည်း သိချင်လို့ပါ' လို့ လေသံ အေးအေးနဲ့ ရှင်းပြလိုက်တယ်။

အဲဒီတော့မှ သူ့အမူအရာ နည်းနည်း ပျော့ပျောင်းသွားပြီး 'အေး မင်းကတောင် ဒီလောက် စိတ်စောနေမှတော့ အဖေဖြစ်တဲ့ ငါ ဘယ်လို ခံစားရမလဲ တွေးကြည့်စမ်းပါ။ တောက် ... အတော်ရက်စက်ပြီး လူမဆန် တဲ့ကောင်။ မိန်းကလေးအချစ်ကို မရတာနဲ့ မျက်နှာအရုပ်ပျက်အောင် ဖျက် ဆီးပြီးမှ အသေသတ်ပစ်ခဲ့တဲ့ အယုတ်တမာကောင်။ အဖမ်းမခံဘဲ ထွက် ပြေးလို့ အသေပစ် ဖမ်းခံရလို့သာပေါ့ကွာ။ နို့မို့ဆို ငါကိုယ်တိုင် ဒီကောင့် မျက်နှာကို ဓားနဲ့မွှမ်းပြီးမှ သေနတ်နဲ့ မသေမချင်း ပစ်သတ်မိခဲ့မှာကွ။ ဟင်း ....' လို့ ပြောရင်း အသံတဆတ်ဆတ် တုန်လာပြီး ဒေါသကြောင့် မျက်နှာတစ်ခုလုံး ရဲတွတ်လာတာ မြင်ရတယ် ဆရာ"

"ဩော် ... အင်း ..."

"ကျွန်တော်လည်း ရှေ့ဆက်မေးစရာ အကြောင်းမရှိတော့တာနဲ့ ပြန်လာခဲ့တယ်။ ဒါပေမဲ့ သီရိအလောင်းကို မကြည့်ရဘဲ သင်္ဂြိုဟ်ပစ်တာ ရယ်၊ ရက်လည်ဆွမ်းသွတ် မလုပ်တာရယ်၊ ပြီးတော့ ကျွန်တော်ကိုယ်တိုင် သီရိမျက်နှာကို နောက်ဆုံးအနေနဲ့ မမြင်လိုက်ရတာကိုရယ် စိတ်ထဲက မကျေနပ်နိုင်ဘဲ ရင်ထဲမှာလည်း ကြေကွဲဆို့နစ်ပြီး တနုံ့နုံ့ ခံစားနေရတယ် ဆရာ"

ကျွန်ုပ် ခေါင်းညိတ်ပြလိုက်၏။

"ဒါပေါ့လေ ... ငယ်ကျွမ်းဆွေလည်းဖြစ်၊ ချစ်ဦးသူလည်းဖြစ်၊ လက်ထပ်ယူဖို့အထိ ရည်ရွယ်ထားတဲ့ မိန်းကလေးဖြစ်နေတော့ ဘယ်မေ့ ပြေနိုင်ပါ့မလဲကွယ်"

ကျွန်ုပ် စုတ်တသက်သက်ဖြင့် ပြောမိသည်။ ကျော်ထွန်းလိုက်တာ—

"အဲဒါနဲ့ ကျွန်တော် မကျေနပ်နိုင်ဘဲ ရင်ခွဲတိုက်က အလောင်း တွေကို ဓာတ်ပုံမှတ်တမ်းတင်ပေးရတဲ့ မှုခင်းဓာတ်ပုံဆရာကို ရှင်းနိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



စီနီယာဆရာဝန်တစ်ယောက်က တစ်ဆင့်ချဉ်းကပ်ပြီး သီရိဓာတ်ပုံရအောင် ကြိုးစားမိတယ်။ ပထမတော့ ဓာတ်ပုံဆရာက ဘာအတွက်မှန်းမသိလို့ အင်တင်တင် လုပ်နေသေးတယ်။

ကျွန်တော်က အချင်းဖြစ်ချိန်မှာ နယ်ရောက်နေလို့ အသတ်ခံရတဲ့ မကြာခင်လက်ထပ်တော့မယ့် ချစ်ဦးသူရဲ့ ရုပ်အလောင်းကိုကောင် မမြင်လိုက်ရလို့ ရင်ထဲမှာ တနုံ့နုံ့နဲ့ ခံစားနေရတဲ့အကြောင်း၊ အဲဒါကြောင့် သူ့ရဲ့ မီးသဂြိုဟ်စဉ် နောက်ဆုံးမျက်နှာလေးကို မြင်ချင်စိတ် လွှမ်းကဲနေလို့ ခုလို အကူအညီတောင်းရတာဖြစ်ကြောင်း ဝမ်းနည်းပက်လက် ရှင်းပြလိုက်မိတယ်။ ဓာတ်ပုံဆရာက ကျွန်တော့်ကို သနားသွားလို့ ထင်ပါရဲ့။ သေသူရဲ့ နာမည်နဲ့ အချင်းဖြစ်ရက်စွဲကို ပေးပြီး သူ ကြိုးစားရှာပေးပါ့မယ်လို့ ပြောတယ်။

ကံအားလျော်စွာ နောက်သုံးရက်လောက်ကြာတော့ ဓာတ်ပုံဆရာက သီရိရဲ့ ဓာတ်ပုံတစ်ပုံ ကူးထားတာ ပေးတယ်။ အဲဒီမှာ ဒီအမှုဖြစ်ရမယ့် ပြဿနာကြီး စတော့တာပါပဲဆရာ''

''ဟုတ်လား ... ဘယ်လိုပြဿနာကြီးများလဲကွယ့်''

ကျွန်ုပ် အံ့ဩသင့်စွာ မေးမိသည်။

''ဓာတ်ပုံပေါ်မှာ မသီရိခေတ်၊ အသက် (၂၃) နှစ်။ ၈-၃-၂၀၀၉ ရက်နေ့ ညနေ (၆း၄၅) နာရီ'' ဆိုပြီး အသေအချာ မှတ်တမ်းတင်ထားတာ တွေ့ရတယ်။ ဒါပေမဲ့ ဓာတ်ပုံထဲက ရုပ်က သီရိမျက်နှာ မဟုတ်ဘူး ဖြစ်နေတယ်''

''ဟေ ...''

ကျွန်ုပ် ပါးစပ်ဟောင်းလောင်း ပွင့်သွားမိသည်။

''ဓာတ်ပုံများ မှားပေးမိတာလားကွယ်''

''ကျွန်တော်လည်း အဲလိုထင်လို့ မေးကြည့်တော့ ဒစ်ဂျစ်တယ်ကင်မရာနဲ့ ရိုက်ထားတာဆိုတော့ ဓာတ်ပုံပေါ်မှာ ကွန်ပျူတာစာလုံးတွေနဲ့ သေသူရဲ့နာမည်၊ အသက်၊ အချိန်နဲ့ နေ့ရက်စွဲကိုပါ အတိအကျမှတ်တမ်း



တင်ထားတာဆိုတော့ မှားစရာ အကြောင်းမရှိဘူး။ ဒါ့ထက် သေချာတာက သူ့ရဲ့မျက်နှာပေါ်မှာ မှုခင်းဆရာဝန်ကြီး ပြောသလို အညိုအမည်းစွဲနေတဲ့ ဒဏ်ရာတချို့ပါ တွေ့ရတော့တာပါပဲ။ ဒါပေမဲ့ မျက်နှာကတော့ သီရိမဟုတ်ပါဘူး ဆရာ''

''ဟေ ... မယုံကြည်နိုင်စရာပါလား''

ကျွန်ုပ်မှာ အံ့ဩပြီးရင်း အံ့ဩနေရသည်။

''နေပါဦး ... မှတ်တမ်းမှတ်ရာတွေ မှန်နေရဲ့သားနဲ့ မျက်နှာက ဘာလို့ သီရိနဲ့ မတူရတာလဲ။ မျက်နှာပေါ်က ဒဏ်ရာတွေကြောင့် ရုပ်ပြောင်းသွားတာများလားကွယ့်''

ကျွန်ုပ်က စောဒကတက်လိုက်မိ၏။ ကျော်ထွန်းခိုင်က ခေါင်းကို တွင်တွင်ယမ်းခါပြကာ ...

''ဓာတ်ပုံက ကာလာပုံဆရာ၊ သီရိမျက်နှာက သွယ်သွယ်လေးရယ်၊ နှာတံပေါ်ပေါ်နဲ့ အသားရောင်က ဖြူဖြူဝင်းဝင်းလေးလေ။ အခု ဓာတ်ပုံမှာက မျက်နှာက ဝိုင်းဝိုင်း၊ နှာတံပြားပြားနဲ့ အသားအရောင်က ညိုညစ်ညစ်နဲ့ ဆရာ''

''ဟုတ်လားကွယ့် ... တကယ့်ကို အံ့ဩစရာပါလား။ ဘာလို့ ဒီလို ဖြစ်နေရတာလဲကွယ်''

''ကျွန်တော်လည်း ဓာတ်ပုံကိုမြင်တော့ ဘယ်လိုမှ စဉ်းစားလို့ မရအောင် ဦးနှောက်ခြောက်သွားမိတယ်။ နောက်မှ ဓာတ်ပုံကို စူးစိုက်ကြည့်နေရင်း သီရိအဖေရဲ့ ကျွန်တော့်အပေါ် မကြည်မဖြူဖြစ်လာတဲ့ ပုံရိပ်တချို့ကို အမှတ်မထင် ပြန်မြင်ယောင်လာမိတယ်။ အဲဒီခဏမှာ ကျွန်တော့် ဦးနှောက် လျှပ်စစ်လှိုင်းတွေထဲ ဝင်းခနဲ လက်ခနဲ ဖြစ်သွားပြီး လုံးဝမထင်မှတ်တဲ့ အတုအယောင်တစ်ခုကို ရိပ်ခနဲ မြင်လိုက်မိတယ် ဆရာ''

''ဟုတ်လား ... ဘယ်လို အတုအယောင်များလဲ''

ကျော်ထွန်းခိုင်က ကျွန်ုပ်မေးခွန်းကို မဖြေသေးဘဲ သူ့စကားကို အရှိန်မပျက် ဆက်ပြောသည်။

www.burmeseclassic.com



''အဲဒါကြောင့် သီရိအဖေ ဦးအောင်ဘသော်ဆီ ချက်ချင်းလိုက်သွားပြီး 'ကျွန်တော့်ချစ်သူ သီရိ ဘယ်မှာလဲ' လို့ အသံကျယ်ကျယ်နဲ့ မေးလိုက်တယ်''

''ဟေ ... မောင်ရယ် ... ဘယ် ... ဘယ်လို မေးလိုက်တယ်။ သီရိ ... ဘယ်မှာလဲ ... ဟုတ်လား''

ကျွန်ုပ်မှာ ကိုယ့်နားပင် ကိုယ်မယုံနိုင်ဘဲ အံ့အံ့ဩဩ မေးလိုက်မိသည်။ သူ ဒီလိုမေးသည်ကို လုံးဝ နားမလည်နိုင်ဘဲ ဉာဏ်မမီတော့ သလို ခံစားရ၏။

ဦးအောင်ဘသော်က ဘာမှမဖြစ်သလို ထီမထင်တဲ့ မျက်နှာပေါက်မျိုးနဲ့ ...

''မင်း ငါ့အိမ်ထဲဝင်လာပြီး ဘာတွေ အော်ကြီးဟစ်ကျယ်နဲ့ လာမေးနေတာလဲကွ'' လို့ မာဆတ်ဆတ် ပြန်မေးတယ်။ ကျွန်တော်က ... 'အောင်မာ ... ခင်ဗျားကြီးက ခုမှလာပြီး အကြောင်းရိုက်မနေစမ်းပါနဲ့။ ရော့ ... ဒီဓာတ်ပုံကိုကြည့်ပြီး ကျုပ်မေးတာကိုသာ ဖြေစမ်းပါ'လို့ ရင်ခွဲရုံက ဓာတ်ပုံကို ပစ်ပေးလိုက်တယ်။

သူက သူ့ရှေ့စားပွဲပေါ် ကျလာတဲ့ ဓာတ်ပုံကို ကောက်ကိုင်ကြည့်ရင်း ချက်ချင်းပဲ သူ့လက်တွေ တုန်တုန်ယင်ယင် ဖြစ်လာပြီး 'ဟင် ... မင်း ... မင်း ... ဒီ ... ဒီဓာတ်ပုံကို ... ဘယ် ... ဘယ်ကရတာလဲ' ဆိုပြီး ထစ်ထစ်ငေါ့ငေါ့ မေးတယ်။ သူ့မျက်နှာမှာလည်း ထိတ်ထိတ်ပျာပျာ အရိပ်လက္ခဏာတွေ ပေါ်နေတယ်။ ကျွန်တော်က 'ခင်ဗျားကြီး အပိုတွေ လျှောက်မေးမနေနဲ့။ သီရိ ဘယ်မှာလဲဆိုတာသာ အမြန်ဖြေစမ်းပါ။ မဖြေရင် လူသေအလောင်း အတုလုပ်မှု၊ သီရိကို မတရားချုပ်နှောင်မှုနဲ့ တရားစွဲရလိမ့်မယ်' လို့ အော်ပြောလိုက်တယ် ဆရာ''

''ဟေ ...''

ကျွန်ုပ်မှာ နှုတ်မှ 'ဟေ' ဟု ထွက်သွားပါသော်လည်း စိတ်ထဲကမူ ဘာကိုမှ နားမလည်နိုင်သေး။ ကြည့်လေ ... လူသေအလောင်းတုလုပ်မှု၊ သီရိကို မတရားချုပ်နှောင်ထားမှုတဲ့။ ဘာတွေကို ဘယ်လိုပြောနေသည် မသိ ကျော်ထွန်းခိုင်က ဆက်ပြောသည်။





''အဲဒီအခါ ဦးအောင်ဘသော်က မျက်လုံးတွေ အဆမတန်ပြူးထွက်လာပြီး ကျွန်တော့်ကို တစ္ဆေသရဲတစ်ကောင်လို ကြောင်ငေးကြည့်နေသေးတယ်။ ခဏကြာတော့ စောစောက မယုံကြည်နိုင်အောင် ထိတ်လန့်အံ့အားသင့်နေတဲ့ သူ့မျက်နှာအမူအရာ ချက်ချင်း ပြောင်းလဲသွားတယ် ဆရာ' မျက်နှာပေါ်က ဒေါသကြောင့် တင်းမာနေတာတွေ ရုတ်တရက် ပျော့ပျောင်းသွားပြီး ကျွန်တော့်ကို အလွန်ချိုသာအသံနဲ့ ချော့မော့ပြောလာတယ်။ 'ကဲ ... မောင်ကျော်ထွန်းခိုင် ခဏလောက် ထိုင်ပါဦးကွယ်' လို့ သူ့စားပွဲရှေ့ ထိုင်ခုံဆီ လက်ညွှန်ပြတယ်။ ကျွန်တော်က 'အို ... ကျုပ်ဒီမှာထိုင်ဖို့လာတာ မဟုတ်ပါဘူး။ ကျုပ်သိချင်တာက သီရိဘယ်မှာ ဆိုတာပဲ' လို့ ခပ်ပြတ်ပြတ် ပြောချလိုက်တယ်။

သူက 'အေးပါကွာ ... မင်း ဒီလောက်သိနေမှတော့ မင်းသိချင်တာအားလုံး တစ်လုံးမကျန် ငါ ရှင်းပြပေးမယ် ... စိတ်ချ။ ဒါကြောင့် ခဏ ထိုင်လိုက်ပါဦးကွယ်' လို့ လေသံပျော့နဲ့ ပြောတယ်။ ကျွန်တော်က ကောင်းပြီ၊ ဒါဆိုပြောဗျာ' ဆိုပြီး ထိုင်ခုံမှာ ဝင်ထိုင်လိုက်တယ်။ ဦးအောင်ဘသော်က စားပွဲအံဆွဲကို အသာဆွဲဖွင့်ပြီး အထဲက လက်ကိုင်ပဝါကို ယူပြီး သူ့နဖူးဆံစပ်မှာ စီးကျလာတဲ့ ချွေးစေးတွေကို အရင်သုတ်လိုက်တာ တွေ့ရတယ်။ သူ့လေသံကသာ ပျော့ပျောင်းနေပေမယ့် ရင်ခွဲရုံက ဓာတ်ပုံကိုကြည့်ပြီး ဖောချွေးတွေ ပြန်လာတာနဲ့တူတယ် ဆရာ''

''အင်း''

''ခဏနေတော့ သူ သက်ပြင်းမောတစ်လုံး ရှိုက်ထုတ်လိုက်ပြီး နှုတ်ခမ်းထောင့်စွန်းတစ်ဖက် ကွေးညွတ်ပြီး ပြုံးပြလိုက်တာ တွေ့ရတယ်။ ဒီအပြုံးဟာ ရိုးသားမှုမရှိတဲ့ ကျားစဉ်းလဲရဲ့ ကောက်ကျစ်တဲ့အပြုံးလို ခံစားမိတာကြောင့် သူပြောလာမယ့်စကားကို သတိနဲ့ နားထောင်နေမိတယ်။ သူ

www.burmeseclassic.com



က ဒီကိစ္စကို ဦးတို့မျိုးရိုးဇာတိကို အခြေပြုပြီးရှင်းပြမှ မောင်ရင် နားလည်နိုင်မယ်ထင်တယ်ကွယ့်' ဆိုပြီး စပြောတယ်။

ကျွန်တော်က စိတ်မရှည်နိုင်ဘဲ 'ဘာမျိုးရိုးဇာတိလဲဗျာ၊ ကျုပ်သိချင်တာ ဒါတွေမဟုတ်ဘူးလေ။ သီရိကို ဘယ်မှာချုပ်ထားတာသာ မြန်မြန်ပြောစမ်းပါ' လို့ ဖြတ်ပြောလိုက်မိတယ်။ သူက ပြုံးပြပြီး လက်ကာပြတယ်။ 'အေး . . . ဟုတ်တယ်၊ သီရိကို ချုပ်နှောင်ထားရတဲ့ အကြောင်းရင်းဟာ အဲဒီ ဦးတို့ မျိုးရိုးဇာတိကြောင့်ပဲ ပေါင်ရင်' လို့ ပြောတယ်။ 'ဒါဖြင့်လည်း ပြောဗျာ၊ ခင်ဗျားတို့ မျိုးရိုးဇာတိက ဘာမို့လို့လဲ၊ မင်းမျိုးမို့လို့လား' လို့ စိတ်ပေါက်ပေါက်နဲ့ မေးလိုက်မိတယ်။

အဲဒီမှာ ဦးအောင်ဘသော်က ခေါင်းတဆတ်ဆတ် ညိတ်ပြပြီး 'မှန်လိုက်တာ မောင်ရင်ရယ်၊ ဟုတ်တယ် . . . ဦးတို့က မင်းမျိုးတွေပဲ။ ဦးအဘွားရဲ့အဘွားဟာ သီပေါမင်းတရားကြီးရဲ့ အဆောင်ရ မိဖုရားငယ်တစ်ပါးပေါ့ကွယ်။ အဲဒီကမှ အဆင့်ဆင့် ဆင်းသက်လာတာ ဦးတို့ လက်ထက်အထိဆိုပါတော့လို့ ပြောတယ်။ ကျွန်တော်က 'ဟုတ်ပါပြီ၊ ခင်ဗျားတို့က မင်းမျိုးက ဆင်းသက်လာတယ်ပဲ ထားပါတော့။ အဲဒါနဲ့ အခု သီရိကိစ္စက ဘာဆိုင်လို့လဲဗျာ' လို့ စောဒကတက်လိုက်မိတယ်။

ဒီတော့ သူက မချိတချိ ပြုံးလိုက်ပြီး 'ဟ-သိပ်ကိုဆိုင်တာပေါ့ မောင်ရင်ရာ။ လူမှာအမျိုး၊ ကြက်မှာအရိုးတဲ့။ ဒီလောကမှာရှိတဲ့ လူမျိုးတစ်ရာ့တစ်ပါးထဲမှာ ဦးတို့မျိုးရိုးလောက် ကြီးမြတ်တာ၊ မြင့်မြတ်တာ၊ အဆင့်အတန်းမြင့်တာ မရှိတော့ဘူး။ ပုဇော်ခစားရတဲ့ ထိပ်တန်းမျိုးရိုးလေကွာ' လို့ ဆိုတယ်။ ကျွန်တော်က 'အဲဒါကော သီရိကိစ္စနဲ့ ဘာဆိုင်လို့လဲဗျ' လို့ အထွန့်တက်လိုက်မိပြန်တယ်။ သူက အပြုံးမပျက်တဲ့အပြင် ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီး 'မောင်ရင်တို့မျိုးရိုးကျတော့ နိမ့်လွန်းသကွာ' လို့ ပြောတယ်။ ကျွန်တော် ဒေါသ ထောင်းခနဲထွက်သွားပြီး 'ဘယ်က နိမ့်ရမှာလဲဗျ။ ကျုပ်အဘိုးတွေ၊ အဘွားတွေကအစ ဘုရင့်သမားတော်မျိုးရိုးက





ဆင်းသက်လာတဲ့ အမျိုးမြင့်တွေဗျ။ လက်ရှိမှာလည်း ကျုပ်မာမီကလည်း အလွန်အဆင့်မြင့်တဲ့ မီးယပ်နဲ့သားဖွား အထူးကုဆရာဝန်မကြီးပဲဟာ။ ဘယ်မှာ အဆင့်နိမ့်ရမှာလဲဗျ'' လို့ ပြန်မေးလိုက်တာပေါ့ဆရာ''

''အင်း . . . ဒီတော့ သူက ဘာပြန်ပြောလဲကွယ့်''

''သူက 'အခု မောင်ရင်ပြောတာတွေ တစ်ခုမှ မမှားဘူး၊ အကုန်လုံး အမှန်တွေချည်းပဲ။ ဒါပေမဲ့ တစ်ခုကတော့ အကြီးအကျယ် မှားယွင်းနေတယ်လို့' ပြောတယ်။ ကျွန်တော်က 'နေပါဦး၊ ဘာက အကြီးအကျယ် မှားယွင်းနေရတာလဲ' လို့ မေးလိုက်တယ်။ သူက ကျွန်တော့်မျက်နှာကို မထီမဲ့မြင် အမူအရာနဲ့ စူးစိုက်ကြည့်ပြီး 'အဲဒါက မင်းဟာ မီးယပ်နဲ့ သားဖွားဆရာဝန်မကြီး ဒေါ်တင်မိုးသူရဲ့ သားအရင်း မဟုတ်တာပဲကွယ့်' လို့ ဆိုတယ်။ ကျွန်တော်က 'ခင်ဗျားကြီး ဘာပြောလိုက်တယ်' လို့ တထိတ်တလန့် ပြန်မေးလိုက်မိတယ်။

သူက 'မောင့်ရင့်အမေအရင်းက အင်မတန်ခေါင်တဲ့အရပ်က ကျေးတောသူလေ။ မိုးဦးမိုးနှောင်းမှာကောက်စိုက်ပျိုးနုတ်နဲ့ အသက်မွေးရပြီး ကျန်တဲ့အချိန်တွေမှာ အိမ်တကာလှည့်ပြီး ရေခပ်၊ အဝတ်လျှော်ပေးရတဲ့ အိမ်ဖော်သာသာ အဆင့်နိမ့်လွန်းတဲ့ မိန်းမလေ' လို့ ပြောတယ်။ ကျွန်တော်နေရာက ဝုန်းခနဲထရပ်လိုက်ပြီး 'ခင်ဗျားကြီး ဘာပြောတယ်။ ကျုပ်အမေက အိမ်ဖော်သာသာတဲ့လား။

'နေပါဦး၊ ခင်ဗျားကို ဒီလို မဟုတ်တရုတ်စကားတွေ ဘယ်သူက ပြောတာလဲဗျ။ ပြောစမ်းပါလို့' ဒေါသတကြီး မေးလိုက်တယ်။ သူက နှုတ်ခမ်းရွဲ့ပြုံးပြလိုက်ပြီး အသံကျယ်ကျယ်နဲ့ 'အေး . . . မင်း ငါပြောတာတွေ မယုံရင် မင်းမာမီဆိုတာကို သွားမေးကြည့်။ မင်းမာမီက အဲဒီလယ်တောသူမကြီးသူ့လက်ပေါ်ဆုံးခါနီးမှာ မွေးစားဖို့ ကတိပေးထားခဲ့မိလို့ မင်းဟာ ဆရာဝန်ကြီးသားဆိုပြီး လူလူသူသူ ဖြစ်လာတာကွ၊ သိပြီလား' လို့ ခပ်မာမာပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခိုက်အတန့်လေးမှာ ကျွန်တော့်တစ်ကိုယ်လုံးက သွေးတွေ ဆူပွက်လာသလို ခံစားရပြီး သူပြောသလို ကျွန်တော်ဟာ တကယ်ပဲ မွေးစားသားဖြစ်ခဲ့လေသလားလို့ သံသယစိတ်တွေ ဝင်လာခဲ့မိတယ်။ ဒါပေမဲ့ ဟန်ကိုယ့်ဖို့၊ မာန်သူ့ဖို့ဆိုတဲ့ အတွေးနဲ့ စိတ်တည်တည်ငြိမ်ငြိမ်ထားပြီး 'ခင်ဗျားပြောသလို တကယ်ဟုတ်နေတယ်ပဲ ထားပါတော့ ဒါက အခု သီရိကို ချုပ်နှောင်ထားတာနဲ့ ဘာဆိုင်လို့လဲဗျ' လို့ အော်ငေါက်မေးလိုက်မိတယ်။ သူက 'အေး . . . ငါ အဲဒီအကြောင်းကို သိပြီးတဲ့နေ့ကစပြီး မင်းတို့နှစ်ယောက်ကို ခွဲပစ်ဖို့ အမျိုးမျိုး ကြိုးစားခဲ့တယ်၊ မင်းနဲ့ သမီးသီရိဟာ အဆက်အသွယ် ပြတ်တောက်သွားအောင် မှတ်ပုံတင်ပြီ အင်မတန်ဝေးလံခေါင်သီတဲ့ အရပ်ကို အထက်ကိုတောင်းပြီး ပြောင်းရွှေ့ခဲ့တယ်။ ဒါပေမဲ့ မင်းတို့က အဆက်အသွယ် မပြတ်နိုင်ခဲ့ကြဘူး။ ငါ ပြည်မဘက်ပြန်ပြောင်းလာရတော့ မင်းတို့ကို တားဆီးဖို့ ပိုခက်လာတယ်။ အဲဒီအချိန်မှာ ကံအားလျော်စွာ ငါ့သမီးသီရိ အသတ်ခံရတဲ့ကိစ္စ မမျှော်လင့်ဘဲ ပေါ်ပေါက်လာခဲ့တယ်မဟုတ်လား' လို့ ပြောတယ်။

ကျွန်တော်က မယုံသင်္ကာစိတ်နဲ့ 'နေပါဦး၊ ဒါလည်း တကယ်မဟုတ်ဘဲ ခင်ဗျား လုပ်ဇာတ်ခင်းထားခဲ့တာပဲ မဟုတ်လား' လို့ ဖြတ်မေးလိုက်မိတယ်၊ သူက ထုံးစံအတိုင်း နှုတ်ခမ်းထောင့်စွန်းတစ်ဖက် ကွေးညွတ်ပြုံးပြလိုက်ကာ 'အဲဒါတော့ အထင်မလွဲပါနဲ့ မောင်ရင်၊ ငါ့သမီးဟာ တကယ်အသတ်ခံခဲ့ရတာပါ' လို့ ဆိုတယ်။ ကျွန်တော်က 'ဒါပေမဲ့ သီရိ တကယ်မသေခဲ့ဘူးမဟုတ်လား'လို့ မေးတော့ သူက 'ဟုတ်တယ်၊ ကံကောင်းချင်တော့ ထိုးသွင်းလိုက်တဲ့ ဓားက နှလုံးသားဗဟိုချက်ကို မထိတဲ့အတွက် အသက်ဘေးက လွတ်သွားတယ်။ ပုဂ္ဂလိကဆေးရုံတစ်ရုံမှာ ဝှက်ပြီး အတော်ကြိုးစားကုသခဲ့ရတာပေါ့လေ' လို့ ပြောတယ်။

ကျွန်တော်က 'နေပါဦး။ ဘာလို့ လျှို့ဝှက်ကုသခဲ့ရတာလဲ' လို့ မေးမိတယ်။ သူက ကောက်ကျစ်ပြုံး ပြုံးပြီး 'ကျုပ်က သမီးစာမေးပွဲရက်တွေမှာ





ကိုယ်တိုင် သွားကြိုနေကျလေ။ အချင်းဖြစ်တဲ့နေ့က ရုံးကိစ္စကြောင့် နည်းနည်းလေး နောက်ကျသွားတယ်။ ကျုပ်ရောက်တဲ့အချိန်မှာ သမီး ဓားဒဏ်ရာနဲ့ လဲကျနေပြီ။ ဓားချက်က ချက်ကောင်းကို မထိတော့ သေလောက်တဲ့ဒဏ်ရာ မဟုတ်မှန်း ကျုပ်သိလိုက်တယ်၊ အဲဒီမှာ မင်းတို့ကို အပြတ်ခွဲပစ်ဖို့ အမြဲကြံစည်နေတဲ့ ကျုပ် အကြံကောင်းတစ်ခု ရသွားတယ်။ အဲဒါကြောင့် ရင်းနှီးတဲ့ ဆရာဝန်တစ်ယောက်ရဲ့ ဆေးခန်းမှာ နာမည်တစ်မျိုးနဲ့ လျှို့ဝှက်ကုသခဲ့တယ်' လို့ ပြောတယ်ဆရာ''

''ဟုတ်လားကွယ် . . . ဘယ်လိုအကြံကောင်းများလဲကွယ့်''

ကျွန်ုပ်က ကြားဖြတ်မေးမိသည်။

''သူပြောတာက သီရိကို ဓားဒဏ်ရာနဲ့ သေပြီလို့ ကြေညာပြီး ရုပ်ကလာပ်ကို အခြားအလောင်းတစ်လောင်းနဲ့ အစားထိုးသင်္ဂြိုဟ်ဖို့တဲ့ ဆရာ''

''ဟေ . . . ဘယ်လို . . . ကြံကြီးစည်ရာ၊ နေပါဦး . . . တခြားအလောင်းက ဘယ်ကရမှာမို့လဲ''

ကျွန်ုပ် အလွန်အံ့အားသင့်စွာ မေးမိသည်၊ ကြည့်လေ . . . တခြားအလောင်းတဲ့။ လူသေအလောင်းဆိုတာ ဝယ်လို့ရတာလည်း မဟုတ်။

''ဒီပုဂ္ဂိုလ်ဟာ အတော့်ကို အကြံကြီးပြီး အလွန်အကွက်မြင်တတ်တဲ့လူ ဆရာ။ သူက ဆေးရုံကြီး ရေခဲတိုက်ထဲက ပိုင်ရှင်မဲ့အလောင်းကို ရှာပြီး သီရိအလောင်းအဖြစ်နဲ့ သင်္ဂြိုဟ်ပစ်လိုက်တာလေ။ အလောင်း ကို သူ့သမီးပါဆိုပြီး အတည်ပြုတာလည်း သူပဲ။ လူအများအသိမခံဘဲ ရာထူးအာဏာအရှိန်အဝါနဲ့ ဦးဆောင်သင်္ဂြိုဟ်ခဲ့တာလည်း သူဆိုတော့ ဘယ်သူမှ မရိပ်မိလိုက်ကြဘူးပေါ့ ဆရာ''

''အင်း . . . တော်တော် ဉာဏ်နီဉာဏ်နက်များတဲ့ လူပဲကွယ့်''

''ဒါပေမဲ့ ရေခဲတိုက်က မှတ်တမ်းစာတ်ပုံကို ကျွန်တော် သူ့ကို ပြလိုက်တဲ့အချိန်မှာတော့ သူ အတော့်ကို ခေါင်းနားပန်း ကြီးသွားခဲ့တယ်

www.burmeseclassic.com



လေ။ သူ လျှို့ဝှက်ကြံစည်ထားခဲ့သမျှတွေ သဲထဲရေသွန် ဖြစ်ရပြီလို့ အရှုံး တွန်လှုပ်သွားပုံလည်း ရပါတယ်။ အဲဒါကြောင့် သူ့ရဲ့ ဒုတိယအကြံအစည် ကို ချက်ချင်း အကောင်အထည်ဖော်တော့တာပဲ ဆရာ''

''ဘယ်လို ဒုတိယ အကြံအစည်လဲကွယ့်''

''အမှန်တော့ သူ့မှုလစိတ်ကူးက သီရိကို တစ်နေရာမှာ အကျယ် ချုပ်နဲ့ထားပြီး ကျွန်တော့်ကို လူမသိသူမသိ ရှင်းပစ်ဖို့ပဲ ဆရာ''

''ဟော ... တကယ်ကြောက်စရာကောင်းတဲ့ လူပါလားကွယ့်''

''ဒါပေမဲ့ ရေခဲတိုက်ကဓာတ်ပုံ ရသွားလို့ သူ့လျှို့ဝှက်ချက်တွေ ပေါ်သွားတဲ့အပြင် သူ့အတွက်ပါ အန္တရာယ်ရှိနေမှန်းလည်း သိရော သူ ဒုတိယအကြံအစည် ချက်ချင်း အကောင်အထည်ဖော်တော့တာပေါ့ဆရာ''

''အင်း ... ဆက်ပါဦး၊ အဲဒီနေ့က အဖြစ်အပျက်တွေကို ...''

''အဲဒီနေ့က စကားပြောနေရင်းသူက စားပွဲအံဆွဲထဲ အသင့်ရှိနေတဲ့ ပစ္စတိုသေနတ်ကို ရုတ်တရက် လှမ်းယူပြီး သေနတ်မောင်းကိုဆွဲတင်ပြီး 'သေပေတော့' အော်ရင်း ကျွန်တော့်ကို ထိုးချိန်လိုက်တယ်။ ကျွန်တော် လည်း မိုက်မိုက်ကန်းကန်း သူ့ကို ခုန်အုပ်ပြီး သေနတ်ကိုလုဖို့ ကြိုးစား တယ်။ အဲဒီလို နှစ်ယောက်လုံး လုံးထွေးပြီး သေနတ်ကို ဆွဲလုနေကြရင်း က အရှိန်လွန်ပြီး ကြမ်းပြင်ပေါ်က တစ်ပြိုင်တည်း ဝုန်းခနဲ လဲကျသွားကြ တယ်။

အဲဒီတုန်း သေနတ်သံ ဒိုင်းခနဲ တစ်ချက်ကြားလိုက်ရပြီး ကျွန် တော် သတိမေ့သလို ဖြစ်သွားမိတယ်။ သတိရလို့ ကြည့်လိုက်တော့ ဦးအောင်ဘသော်ကို ရင်ဘတ်မှာ သေနတ်ဒဏ်ရာနဲ့ သွေးတွေစီးကျနေတာ တွေ့လိုက်ရတယ်။ ပစ္စတိုသေနတ်ကိုတော့ ကြမ်းပြင်ပေါ်မှာ တွေ့ရတယ်။ အဲဒီအချိန်မှာ အနီးအနားက ရဲတွေရောက်လာပြီး ကျွန်တော့်ကို ဖမ်းပြီး လက်ထိတ်ခတ်ကြတယ်။ နောက်ဆုံးတော့ ဦးအောင်ဘသော်သတ်မှုနဲ့ တရားစွဲတင်ပြီး ဒီထောင်ကြီးထဲ ပို့လိုက်တာပါပဲ ဆရာ''





ဤနေရာတွင် အချုပ်သား ဒေါက်တာကျော်ထွန်းနိုင်ဆိုသူ၏ တရားဥပဒေကို လက်တစ်လုံးခြား လှည့်စားထားသော ရှည်လျားသည့် အမှုဖြစ်စဉ် နိဂုံးချုပ်သွားပါလေသည်။

ကျွန်ုပ်မှာ မျိုးရိုးမာန်ဂုဏ်ရှိန်မောက်လှစွာ သမီးဖြစ်သူအား လူ တန်းစားအလွှာနိမ့်လွန်းသော ကျေးလက်မှ လယ်သူမကြီး၏သားနှင့် မပေး စားလို၍ မိမိ၏လုပ်ပိုင်ခွင့်ကို အလွန်ပက်စက်စွာ တလွဲအသုံးချခဲ့သော ဖခင် ဖြစ်သူကိုပဲ ချီးကျူးရလေမလား၊

မိမိချစ်သူ၏ နောက်ဆုံးရုပ်သွင်ကို မြင်လိုဇော်ဖြင့် ဖွဲနဘဲကြီးစွာ ကြိုးစားခဲ့မိရာမှာ အမှန်တရား၏ လျှို့ဝှက်ချက်ကို အမှတ်မထင် ဖော်ထုတ် နိုင်ခဲ့ပြီးမှ ယောက္ခမလောင်းကိုသတ်မှု ဖြစ်ခဲ့ရရှာသော ကျော်ထွန်းနိုင်ကိုပဲ အပြစ်တင်ရလေမလား။

''ဒါနဲ့ မောင်ရင့်အမှုအခြေအနေက ဘယ်အဆင့် ရောက်နေပြီ လဲကွယ့်''

''ပြီးခဲ့တဲ့ ရုံးချိန်းမှာ ကျွန်တော့်ကို လူသတ်မှုနဲ့ စွဲချက်တင်ခဲ့ လို့ ကိုယ်တိုင် အစစ်ဆေးခံခဲ့ပြီးပါပြီ။ လာမယ့်ရုံးချိန်းမှာတော့ အပြီးသတ် လျှောက်လဲချက် ပေးရမယ်လို့ ကျွန်တော့်ရှေ့နေက ပြောပါတယ်ဆရာ''

''ဟုတ်လားကွယ့် ... ဒါနဲ့ မောင်ရင့်ရှေ့နေက ဘယ်သူများလဲ ကွယ့်''

''တရားရုံးချုပ်ရှေ့နေကြီး ဦးမြသိန်းပါဆရာ''

''ဟုတ်လား ... ဦးမြသိန်းက ဆရာ့မိတ်ဆွေလေ''

''ဟုတ်ကဲ့ ... ရုံးချိန်းမတိုင်ခင် ကျွန်တော့်ကို တစ်ခေါက်လောက် လာတွေ့ဦးမယ်တဲ့ ဆရာ''

''ဒါဆို ဆရာ့ဆီလည်း ဝင်ခဲ့ဖို့ ပြောလိုက်ပါကွယ်''

''ဟုတ်ကဲ့ပါ ဆရာ''



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မှ သုံးရက်အကြာ ကျွန်ုပ်၏မိတ်ဆွေကြီး ရှေ့နေဦးမြသိန်း ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါလေသည်။ ထုံးစံအတိုင်း နှုတ်ဆက်ကြပြီးနောက် ကျော်ထွန်းနိုင်၏ အမှုအခြေအနေ မေးကြည့်မိသည်။

"အင်း ... ဒီအမှုက သာမန်လူသတ်မှုတွေနဲ့ မတူတဲ့ ရဲမှူးကြီးသတ်မှု ဖြစ်နေတော့ နည်းနည်းတော့ ပရက်ရှာ (Pressure) ရှိတယ်ဗျ။ တစ်ခုခံသာဘာက အချင်းဖြစ်ချိန်မှာ သေသူက လက်ရှိ ရာထူးလက်ကိုင်နဲ့ မဟုတ်ဘဲ အငြိမ်းစားဝန်ထမ်းဖြစ်နေတာပဲ။ ဒါပေမဲ့ အမှုဖြစ်ချိန်က သိပ်မကြာလှသေးတော့ အရင်ကအရှိန်အဝါတော့ ကျန်နေဦးမှာပေါ့လေ။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ ... အာစရိရယ် ... ကျွန်တော်ကတော့ ကိုယ့်အမှုသည်ဘက်က ရပ်တည်ပြီး အမှန်တရားကို ဖော်ထုတ်ပြရမှာပဲဗျ"

"လေးစားပါတယ် ... ရှေ့နေကြီး"

ရုံးချိန်းနေ့တွင် ကျွန်ုပ် တရားခွင်သို့ တက်ရောက်နားထောင်ဖြစ်ခဲ့သည်။ ထိုနေ့က အပြီးသတ်လျှောက်လဲချက်ပေးရာဝယ် တရားခံရှေ့နေကြီး ဦးမြသိန်း အဓိကအားပြု တင်ပြခဲ့ရာတွင် ...

"ရုံးတော်ခင်ဗျား ... ဒီအမှုမှာ သက်သေခံ တင်ပြထားသော ပစ္စတိုသေနတ်မှာ သေသူ ရဲမှူးကြီးဦးအောင်ဘသော်၏ ကိုယ်ပိုင်လိုင်စင်ဖြင့် ကိုင်ဆောင်ထားသော သေနတ်ဖြစ်ပါတယ်။ အချင်းဖြစ်ချိန်တွင် သေသူက ရုံးရှေ့ရှိ တရားခံအား ထိုသေနတ်ဖြင့် ထိုးချိန်၍ ပစ်သတ်ရန် ကြိုးပမ်းခဲ့ပါတယ်။ တရားခံဖြစ်သူက မိုက်မိုက်ကန်းကန်း သေနတ်ဝင်လုခဲ့၍ နှစ်ယောက်သား လုံးထွေးသွားကာ ကြမ်းပြင်ပေါ် လဲအကျတွင် သေနတ်ကျည်ဆန်တစ်ချက် ထွက်သွားခဲ့ပြီး သေသူကို ထိမှန်သေဆုံးခဲ့ရခြင်း ဖြစ်ပါသည်။

ရုံးတော်ခင်ဗျား ... လက်ဗွေပါရဂူ၏ ရုံးရှေ့ထွက်ဆိုချက်တွင် တရားခံ၏ လက်ဗွေရာအချို့ကို သက်သေခံပစ္စတိုသေနတ်၏ ဒင်နှင့်မြောင်းတံများပေါ်တွင် စစ်ဆေးတွေ့ရှိရကြောင်း၊ သေသူ၏ လက်ဗွေရာ





အချို့ကိုမူ သေနတ်ဒင်နှင့် မောင်းခလုတ် (Trigger) တို့အပေါ်တွင် စစ်ဆေးတွေ့ရှိရကြောင်း ထွက်ဆိုသွားပါသည်။ အဆိုပါ လက်ဗွေပါရဂူ၏ ထွက်ဆိုချက်များအရ သေသူ၏ လက်ဗွေရာအချို့မှာ အချင်းမဖြစ်မီနှင့် အချင်းဖြစ်နေစဉ်များတွင် သေနတ်မောင်းခလုတ်ပေါ်၌ ရှိနေကြောင်း ထင်ရှားလျက် ရှိနေပါသည်။ သို့ဖြစ်ရာ အချင်းဖြစ်နေစဉ် သေနတ်မောင်းခလုတ်ကို ဆွဲညှစ်ပစ်ခတ်ခဲ့သူမှာလည်း သေသူမှတစ်ပါး အခြားမရှိနိုင်တော့ပါ။

ရုံးတော်ခင်ဗျား ... အထက်ဖော်ပြပါ အထောက်အထားများအရ တရားခံဖြစ်သူ ကျော်ထွန်းနိုင်မှာ သေသူဦးအောင်ဘသော်အား သေစေလိုသော ကြံရွယ်ချက် လုံးဝမရှိဘဲ မိမိအသက်နှင့် ခန္ဓာကိုယ်ကို ကာကွယ်ရန်အလို့ငှာ မိမိကို ပစ်သတ်ရန် ချိန်ရွယ်ထားသော သေသူ၏သေနတ်ကို အရဲစွန့်၍ ဝင်လုခဲ့ရကြောင်း ပေါ်လွင်ထင်ရှားနေပါသည်။ သို့ဖြစ်ရာ တရားခံ၏ ပြုလုပ်မှုမှာ မကာကွယ် မခုခံလျှင် သေဘေးသို့ ကျရောက်ရန် စိုးရိမ်ဖွယ်ရာဖြစ်လောက်သော လက်ရောက်မှုဖြစ်လေရာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၀(ပဉ္စမပိုဒ်) ပြဋ္ဌာန်းချက်အတွင်း ကျရောက်နေသည်ကို သုံးသပ်တွေ့ရှိရမှာဖြစ်ပါတယ်။

ရုံးတော်ခင်ဗျား ... သို့ဖြစ်ပါ၍ တရားခံ မောင်ကျော်ထွန်းနိုင် (အဘ) ဦးအောင်နိုင်အပေါ် ပြစ်မှု မထင်ရှားပါသဖြင့် ဤအမှုမှ အပြီးအပြတ်လွှတ်ပေးသင့်ပါကြောင်း ရိုသေလေးစားစွာ လျှောက်ထားအပ်ပါသည်။

နောက်ရုံးချိန်းတွင် တရားရုံးတော်မှ စီရင်ချက် ချမှတ်ခဲ့သည်။ ကံအားလျော်စွာ အချုပ်သား တရားခံ ဒေါက်တာကျော်ထွန်းနိုင်တစ်ယောက် ပြစ်မှုကျူးလွန်ကြောင်း ပေါ်လွင်ထင်ရှားမှု မရှိသဖြင့် အမှုမှ ကွင်းလုံးကျွတ်လွှတ်မြောက်ခဲ့လေသည်။

ထူးခြားသည်မှာ ကျော်ထွန်းနိုင် တရားရုံးမှအထွက်တွင် အသားဖြူဖြူ၊ အရုပ်မြင့်မြင့် မိန်းမချောတစ်ဦး ရောက်လာကာ မောင်ကျော်ထွန်းနိုင်အား အတင်းပွေ့ဖက်ထားလိုက်ခြင်းပင် ဖြစ်ပါလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးမြသိန်းက . . .

"အဲဒါ ရဲမှူးကြီးသမီး မသီရိခေတ်ဆိုတာလေ . . . အာစရိ။ သူ့အဖေမရှိကော့လို့ အကျယ်ချုပ်က ပြန်လွတ်လာတာပေါ့လေ"

ဩော် . . . ဤလောကဥ္စ ဂုဏ်တံတိုင်း၊ ငွေတံတိုင်း၊ မျိုးရိုးတံတိုင်းတို့ မည်မျှပင် တားဆီးပိတ်ဆို့ ကာကွယ်ထားစေကာမူ အချစ်နှင့် တည်ဆောက်သော ဤကမ္ဘာဝယ် လူငယ်မျိုးဆက်သစ်တို့၏ နှလုံးသားသစ္စာသာ အစဉ်သဖြင့် လွှမ်းခြုံနေဦးမည် မဟုတ်ပါလား။

☼ ☼ ☼



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

မျက်စိတစ်ကမ်းက စားပွဲကြီးအလယ်တည့်တည့်မှာ မထီတရီ ပြုံးစနဲ့နဲ့ဖြင့် သူ့ကို စိုက်ကြည့်နေသော I max အမှတ်တံဆိပ်ပါ ရောင်စုံကတ်ထူ အိတ်ဖောင်းဖောင်းကြီးကို ဦးစိတ်ကောင်း ဝံ့ဝံ့စားစား မကြည့်ရဲ။ တပည့်ကျော် မောင်ချစ်က စကားတစ်လုံးတစ်ပါဒမျှ မပြောဘဲ ခပ်စူးစူး ခပ်ဝင့်ဝင့် အကြည့်တစ်ချက်ဖြင့် အဓိပ္ပာယ်ပါပါ သူ့ကို လှမ်းကြည့်လိုက်ပြီးကာမှ စားပွဲပေါ်က ထိုအိတ်ဖောင်းဖောင်းဆီ အကြည့်ဝေ့ပြခဲ့ပြီးနောက် မပြောမဆို လျှောခနဲ ပြန်ထွက်သွားခဲ့လေသည်။ တံခါးကြားမှ အောင်းလေတွေ ရှူးခနဲ တိုးထွက်သွားသလို။

ဦးစိတ်ကောင်း သိလိုက်သည်။ သည်အကောင် မောင်ချစ်တစ်ယောက် ဒီနေ့အဖို့ ရုံးကိုဖြင့် ဘယ်လိုမှ ပြန်ကပ်ဖို့ မရှိ။ မြိုးမြိုးမြက်မြက်နှင့်နှင့်စီးစီးကလေး အလုပ်ဖြစ်သွားခဲ့လေပြီဖြစ်၍ ထိုငွေယားကလေး မကုန်မချင်း ကိုးကုန်းကိုးကျင်း ခြေစကြာ ဖြန့်ဦးတော့မည်။ တစ်ခါတစ်ရံ ဆိုလေမှသာ တို့ရေရှားရေ လျှာဖျားတင်ခွင့် ရရှာသည့် မြန်မာဘီယာနံ့ကလေး





တသင်းသင်းဖြင့် ကြုံရာကျရာ စကားဝိုင်းတွေမှာ ထုံးစံအတိုင်း ထဲသား ကျောက်တံတား လေကန် ဖောင်ဖွဲ့နေဦးတော့မည်။

ကြားဖူးနားဝ ဥပဒေ၊ ပုဒ်ထိး၊ ပုဒ်မတွေကို ဇောက်တိဇောက်ထိုး အမြုပ်တစီစီ ထွက်လုခမန်း ရွတ်ဖတ်သရဇ္ဈာယ်ရင်း သူ့လောက်မှ မတတ်ကြသည့် ထူလပိန်းတွေက သူ့ကို အထင်ကြီးတစ်ခွဲသား ဟုတ်ဟုတ်ငြားငြား ငေးကြည့်မော့ကြည့်နေကြသည်ကို အရသာခံနေဦးမည်။ ဘယ်လိုပြောပြော ဖြင့်၍ မရတော့သည့် သင်း၏ ကဘောက်တိကဘောက်ချာ ဝသီဆိုးက အရက်ဝိုင်း စားပွဲခုံပေါ်မှာ မှောက်ခုံကြီး ဇက်ကျိုးလည်း ကျသွားပြီ ဆိုလေမှသာ နိဋ္ဌိတံပေလိမ့်။ 'အင်း ... မောင်ချစ် ... မောင်ချစ်၊ ခက်တဲ့ကောင်ပဲ'

"ဒီလို အခွင့်အရေးမျိုးဆိုတာက တစ်သက်မှတစ်ခါ ကြုံတောင့်ကြုံခဲနော် ... အာစရိ။ အလကား ... ခေါင်းကြော မာမနေလိုက်နဲ့ဦး။ မနက်ဖြန်သဘက် ပင်စင်ထိုင်ရပါပြီတဲ့။ ဒီအတိုင်းတိုင်း လက်ဖဝါး ခြေဖဝါး ချည်း ခရုဆံကျွတ်ကျွတ် သွားရမတဲ့လား။ အာစရိက အာစရိမို့ ဘာအရေးတုန်း။ အေး ... ကလေးတွေနဲ့ ဆရာတော်တို့အတွက်ကိုတော့ဖြင့် တပည့်တွေ့ရားကျေအောင် ရွှေလမ်းငွေလမ်း ခင်းထားပေးပြီးပြီ။ လျှောက်မယ် ... မလျှောက်ဖူးဆိုတာကတော့ ဆရာ့သဘောပဲ။ နော့ ..."

မောင်ချစ်၏ စကားသံတွေက သူ့နားထဲမှာ အူနေဆဲ။ ပြောလည်းပြောတတ်လွန်းသည့်အကောင်။ ဦးစိတ်ကောင်းနှင့် သူ့တပည့်ကျော် မောင်ချစ်တို့ နေ့တကျက်ကျက် ညတကျက်ကျက်ဖြင့် အတူတွဲဖြစ်လာခဲ့ကြသည်မှာ ကြာပြီ။ ရွှေမြို့တော်ကြီး၏ အလယ်အလတ်တန်း ခရိုင်တရားရုံးကြီး တစ်ရုံးမှာ ဒုတိယခရိုင်တရားသူကြီးအဖြစ် ဦးစိတ်ကောင်း ပြောင်းရွှေ့ရောက်ရှိလာကတည်းကပင် သူ့အရင်ပုဂ္ဂိုလ်က သူ့လက်စွဲတော် မောင်ချစ်ကို အဖိုးတန်ရွှေဥကလေး တစ်လုံးနှယ် အရေးအရာပါပါ ထိုးအပ်ပေးခဲ့ခြင်းဖြစ်သည်။ ကြိုက်သလို ရေလဲနှင့်သုံး၊ ဘယ်လိုရောဂါမျိုးမှ မရှေးသည့်ပွဲတွေ ဆေးမြီးတိုကလေး တစ်လက်ဆိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လည်း ဟုတ်နိုင်လောက်သည်။ အလုပ်လက်ခံပြီး၍ ဦးစိတ်ကောင်း ရုံးစတက်တက်ချင်းနေ့မှာပင် ရွှေကိုယ်တော်မောင်ချစ်က ရပေါက်ရလမ်း ခွင်ကောင်းကလေးတစ်ခုကို အပီအပြင် ဖန်ခဲ့လျက် သူ့စားပွဲပေါ်တင်လာတော့သည်။ 'မောင်ချစ် ဘာကောင်လဲ . . . သိတယ်မို့လား' ဟု သူ့နှုတ်ကဖွင့်၍ မဟာရုံတမည်။ ကွမ်းကလေးတမြုံ့မြုံ့ ဝါးရင်းကလေး တအေးအေးဖြင့် သူ့တရားသူကြီး နားနေခန်းထဲသို့ ဝင်ခလုတ်ထွက်ခလုတ် ပြုံးရွှင်ပြုံးစနဲ့နဲ့ သင်းလုပ်နေပုံကြီးက သင်းအကြောင်းကို အပွေးမြင် အပင်သိအောင်တမင်ဟန်ဓာတ် ခုတ်ပြနေသည်မျိုး။

"မောင်ချစ် . . ."

"ခင်ဗျာ . . ."

"လာဦး"

"ဟုတ်ကဲ့ . . . ဆရာ"

I max တံဆိပ်၊ စတစ်ကော်လာဖြူအင်္ကျီလက်ကို အသစ်ကျွတ်ချွတ်၊ နီပြာစိမ်းကချင်ကွက်စိပ်စိပ် "ဦးဂျမ်း' ပိုးတွဲ လုံချည်ခေါက်ရိုးကျိုးကျနှင့် မောင်ချစ်ပုံက စစ်ဆင်ရေးတစ်ခုကို ကွပ်ကဲနေရသည့် ရေမတပ်မှူးကြီးတစ်ဦးနှယ် ဝံ့စားကြွတက်လို့။

"တပည့်ကို ကြိုပြီး ပြောထားရဦးမယ် . . . ငါ့တပည့်လည်း မပင်ပန်းတန်တာတွေ မပင်ပန်းရလေအောင်ပေါ့"

"ဟုတ်ကဲ့ . . . ပြောပါ ဆရာ"

သူ့ရှေ့က တရားသူကြီးတွေ ဘယ်နှယောက်တောင်သင်းနှင့် ကြုံခဲ့ဆုံခဲ့ပြီးလေသည်မသိ။ မျက်နှာချိုထားလိုက်ပုံကြီးက 'တရားသူကြီးအထာတွေများ ရိုးဟိုးဟိုးနေပြီ' ဆိုသည့် မထီတရီ မခိုးတခန့် မျက်နှာပေါက်ကို ဖုံးမနိုင်ဖိမရ။ 'တရားသူကြီးတွေကို တရားရုံးစာရေးတွေကပဲ ရှာဖွေလုပ်ကျွေးနေရတာပါဗျာ။ ဒါက ပြောနေစရာတောင် မလိုတော့တဲ့ ထုံးစံကြီးပဲဥစ္စာ။ လန့်ဘားကျောက်တုံးတားတွေ လာအာမနေစမ်းပါနဲ့' ဟု အသံတိတ်ပြောနေသည့်ပုံ။ ဩော် . . . မောင်ချစ် . . . မောင်ချစ်။





"ဒီလိုကွာ . . .။ မင်း အခုလုပ်သလိုမျိုး နောင်မှာဆရာ့ကို လုပ်ပေးဖို့ မလိုပါဘူး။ အခုလည်း မင့်ဥစ္စာကြီးတွေကို မင်းပဲ ပြန်ယူသွားပြီး မင့်အရှုပ်ထုပ်ကို ကြည့်ကျက်ရှင်းထားလိုက်ပါ။ ဆရာက အဲဒါမျိုးတွေ ဝါသနာမပါဘူးကွာ။ မကြီးမွား မချမ်းသာချင်နေ . . . အများသူတကာရဲ့ မေတ္တာရေအရှုးခံပြီး ထမင်းတစ်လုတ် မျိုမကျဘူးကွာ၊ ကိုယ့်ကွယ်ရာမှာ မေးငေါ့နေကြမှာ၊ ကဲ့ရဲ့နေကြမှာကို အကြောက်ဆုံးပဲ။

ဘုရားဟောထဲမှာလည်း ရှိတယ်လေ 'မယုံဘူတော်တဲ့' တဲ့။ လူထုထုမှာ မျက်နှာရဲရဲ ထွက်မပြရဲဘဲ လိပ်ပြာငယ် သိက္ခာသေနေရတဲ့ဘဝမျိုးအေး . . . အဲဒါမျိုးတော့ အဖြစ်မခံနိုင်ဘူး။ လောကမှာ ကြောက်စရာအကောင်းဆုံးက ကိုယ့်ကိုယ်ကိုယ်၊ ကိုယ့်သိက္ခာကို ကိုယ်မကြည်ညိုနိုင်တော့တဲ့ ဘေးတဲ့ကွ . . . မောင်ချစ်ရေ။ အဲဒီဘေးမျိုး ဆရာ အသင့်မခံပါရစေနဲ့ကွာ။ အေး . . . မင်းလည်း အသင့်မခံနဲ့။ ကြားလား . . .။ လူ့ဘဝဆိုတာဒုလ္လဘကွ။ ရတောင့်ရခဲ လူ့ဘဝကြီးကို တန်ဖိုးရှိရှိ ကိုယ့်ကိုယ်ကိုယ် ကြည်ကြည်ညိုညို နေသွားကြရအောင်ပါကွာ။ ဝက်သားတုံးကြီး လက်သီးဆုပ်လောက်နဲ့စားလည်း ဒါပဲ။ ငါးပိရေ ကျဲတောက်တောက်၊ တို့စရာ၊ ချဉ်ပေါင်ဟင်းရည်နဲ့ လွေးလည်း ဒါပါပဲ။ တစ်နေ့ကို ထမင်းနှစ်နပ်၊ သုံးနပ်ထက်ပိုပြီး စားနိုင်တဲ့သူ မရှိပါဘူး။ တစ်နေ့တစ်နေ့ အကုသိုလ်တွေက နည်းနည်းနည်းနည်းချင်းစု၊ ထုံးအိုးလို ချိုးကပ်ပြီး တဖြည်းဖြည်း အဝကျဉ်းလာမယ့်အလုပ်မျိုးတော့ နောင်ယူမလာခဲ့နဲ့ကွာ။ ဟုတ်လားဟေ့ . . . မောင်ချစ်"

စကားပြန်မရ။ လင်းတအိုကြီး အစာနင်နေသည့် ဆန့်တငင်ငင်ပုံဖြင့် မျက်နှာအောက်သိုးသိုး စူဆောင့်အောင့်ကာ ထွက်သွားနေခဲ့လေသည်။

ထိုနေ့မှစ၍ သူ့တပည့် မောင်ချစ်နှင့် ဦးစိတ်ကောင်းတို့ တစေ့ကလေးမျှ အစေးမကပ်ခဲ့ကြတော့။ 'အလကားပါကွာ . . . ဘယ်လိုအကြောင်းမှန်းလည်း မသိပါဘူး။ ဘုရားဖြစ်မယ့် အုတ်နီခဲကြီးနဲ့ တူပါရဲ့ . . . ခိုတဲ့နှ' ဟု သူ့ကွယ်ရာမှာ မောင်ချစ်က ပျစ်ပျစ်နှစ်နှစ် ချွဲသံပေးကာ မကြားနိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ညည်းဖူးခဲ့သည်ကိုလည်း မသိကျိုးကျွံ ပြုနေခဲ့ရလေသည်။ တရားခွင်မှာပင် ကိုးတိုးကပ်တပ် ကဏ္ဍကောစတွေ လုပ်ပြနေနေတတ်သဖြင့်လည်း မကြာခဏ ဟိန်းရဟောက်ရ၊ သင်း မလည်ရှုပ်လုပ်ထားသည့် အမှုအခင်း ပတ်သက်ဝေရာ ထွေလာကမာတွေကိုလည်း ရှင်းတန်တာရှင်း၊ ဖြတ်တန်တာ ဖြတ်။

တစ်နေ့သားမှာတော့ မောင်ချစ်နှင့် သူ့မိသားစုကလေး၏ တကယ့်ဘဝအမှန်ကို ဦးစိတ်ကောင်း ပကတိအတိုင်း သိခွင့်ရခဲ့သည်။ ထိုနေ့က တနင်္ဂနွေနေ့၊ ရုံးပိတ်ရက်ကြီး။ နေမကောင်း၍ဟုဆိုကာ မောင်ချစ် ခွင့်ယူထားသည်မှာ လေး၊ ငါး၊ ခြောက်ရက် ရှိနေပြီဖြစ်၍ တပည့်ကျော်၏ အခြေအနေကို အကဲဖမ်းနိုင်ဖို့ ဟိုမေးသည်မေးနှင့် မောင်ချစ်တို့ရပ်ကွက်မွဲကလေးထဲ ဦးစိတ်ကောင်း ရောက်သွားမိခဲ့ရခြင်းဖြစ်၏။

ရပ်ကွက်ကလေးက စုတ်တီးစုတ်ချာ ဖရိုဖရဲ တကယ့် ရပ်ကွက်ဆင်းရဲကလေးဖြစ်သည်။ ဆင်းရဲလိုက်သမှ အိမ်ခြေခုနစ်ဆယ်၊ ရှစ်ဆယ် တဲမည်ကာမတ္တကလေးတွေကြားထဲမှာ လောက်လောက်လားလား တူတူတန်တန် လမ်းကလေး တစ်ကြောင်းစာမျှပင်မရှိ။ မိုးဦးကျ ပုရွက်ကြောင်းတွေလို ရှုပ်ထွေးနေသည့် လမ်းမွှားလမ်းသိမ်ကလေးတွေချည်း ခြေချင်းလိမ်။

အမှိုက်သရိုက်တွေ၊ ရေပုပ်ရေသိုးတွေ၊ ချဉ်စုတ်စုတ် ပုပ်အဲ့အဲ့ အနံ့ဆိုးတွေက ပေါင်းလန်။ လူတွေကို ဒုက္ခပေးဖို့ ချောင်းနေသည့် အဆီအနှစ်များကို အခလွှတ်ပွဲတော်တည် မြိန်မြိန်ကြီး စားသုံးဝါးမျိုနိုင်သည့် ချွတ်ချုံကျ ဒုက္ခဘုံကလေး။ ပိန်ကပ်ကပ်၊ မွဲခြောက်ခြောက်၊ ချည့်နဲ့နဲ့ ယိုင်ရိယိုင်ရွဲ့ မနုဿယိမ်းကို နိစ္စဓူဝ အလကားပဲတင်း မမြင်ချင့်အဆုံး ကြည့်နေတွေ့နေရသသည့် ပစ္စန္တရာဇ်တဲစုစုကလေး။

ထိုရပ်ကွက် ကရော်ကမယ်ကလေး၏ အစွန်အဖျားနားမှာ မောင်ချစ်တို့ နေသည်။ မြို့ကြီးက နိစ္စဓူဝ စွန့်ထုတ်ပစ်လိုက်သည့် အမှိုက်သရိုက်တို့ စုဝေးရာ အညစ်အကြေးတောင်ကြီး၏ ခြေရင်းကလေးနားမှာ ဖြစ်သည်။ လေးတိုင်စင်တဲသာသာ ဘုရားစူးမိုးကြိုးပစ် အိမ်အိုသေးသေးကလေးနှင့် ဖြစ်သည်။





ရိရိရွဲရွဲ ဟောင်းလောင်းပေါက်တွေ တင်းကြမ်းပြည့်နေသည် ခနီအမိုးကို မိုးရေကာဖျင် အဟောင်းအစုတ်ကြီးက ဖိုးယိုဖားလျား မလုံ့တလုံ ဖုံးဖိပေးထား၏။ ထရံနတ္ထိ။ ဝါးခြမ်းကလေးတွေ ခပ်စိပ်စိပ်ထောင်ကာထားပြီး မည်းညစ်၍ ဝေါက်ဂက်ကြီး မာကျွတ်နေသည့်တိုင် လေဒဏ်မိုးဒဏ်ကို အန်တုနေနိုင်သေးသည့် ပလပ်စတစ်စကြီးက ရပ်ပတ်လို့။ မည်းနက်နက် ချွဲတီချွဲတဲ ရွံ့ရေရွံ့နှစ်တွေနှင့် တသဲသဲ။ ယင်၊ ခြင်အုပ်တွေက ညှော်ဝတ်ကျော့ပွန်လွှန်းလှ၏။ ခြေချစရာ နေရာလပ်မရှိအောင်ပင် ဆီးကြိုလောကွတ် လုပ်နေကြပြန်သည်။

မောင်ချစ်ခမျာ ပက်လက်ကလေး။ လူက ယူပစ်လိုက်သလို ချုံးကျသွားပြီး မျက်တွင်း လက်တစ်ဆုပ်နှင့်။ စကားပင် ပီပီမပြောနိုင်။ သူ့သားနှစ်ကောင်ကလည်း ဗိုက်ပူနံကား ကလေးတွေနှင့် ခပ်ယဲ့ယဲ့။ သူ့မဟေသီမိန်းကလေးက ဖြူဖြူသွယ်သွယ်၊ မျက်လုံးခပ်ပြူးပြူး၊ ပုရစ်ခဲဖိထားသလို ပြူးတီပြူးကြောင်။

အစားပဲ မှားလေသလား၊ ဝန်းကျင်ကြောင့်ပဲလားမသိ၊ ဝမ်းတွေ တရစပ်သွားသည်။ ထိုး၍ထိုး၍ အန်သည်။ အထက်လှန်အောက်လျှော . . . တဲ့။ ဆေးခန်းပြေးဖို့ ပိုက်ဆံမရှိ။ လမ်းကြားကလေးထဲ နီဂရိုးမတို့ ကွမ်းယာဆိုင်မှ စပ်ဆေးနှစ်ခွက် ဝယ်သောက်ထားသည်တဲ့။ ကဲ . . . ကြည့်ရ မြင်ရသည်မှာ မည်သို့မျှ အခြေအနေမကောင်း။ ကလေးနှစ်ကောင်ကလည်း သိပ်မကြာခင် သူတို့အဖေလမ်းစဉ်နောက်သို့ လိုက်ဖို့ ဟန်တပြင်ပြင်။ ဝမ်းပျော့တွေ တပျစ်ပျစ်။ မောင်ချစ်ကတော်ခမျာ သူ့မှာ ပေါပေါလောလော ရှိရှာသည့် သောကမျက်ရည်တွေပင် ဝိုရလွှန်း၍ ခန်းသလောက် ခြောက်သလောက် ရှိနေပြီ။

ချက်ချင်းပင် မောင်ချစ်ကို ဆေးရုံပို့ဖို့ စီစဉ်ရသည်။ ကလေးနှစ်ယောက်ကိုလည်း ဆေးခန်းပြရသည်။ သူ့လက်အောက်ရှိ ဝန်ထမ်းတွေကို ဖုန်းဆက်အသိပေးကာ ဒုက္ခသည်မိသားစုကို ကူညီညာဝိုင်းကြရန် ဆော်ဩရသည်။ နှုတ်ပြော လောကွတ်လောက်ကလေးနှင့် မရ။ သူကိုယ်တိုင် လက်

တဖွာဖွာ ကမထပြု၍ စုပေါင်းပံ့ပိုးပေးကြသည့် လှူမှုရေးကူညီငွေများကို မောင်ချစ်မပြောသီလက်ထဲ 'ရော့ . . . အင့်' ထည့်ရသည်။ အားမငယ်ဖို့၊ စိတ်ဓာတ်မကျဖို့ အားပေးနှုတ်သိမ့်ရသည်။

ကံကောင်းထောက်မစွာပင် မောင်ချစ်တစ်ယောက် သေကံမရောက် သက်မပျောက်ခဲ့။ အများပို့ကြသည့် မေတ္တာရေကြောင့် ဩချရလောက်အောင်ပင် အလွန်လျင်မြန်စွာ နလန်ထူလာခဲ့သည်။ လူတွင်လား . . . တဲ့။ မဟုတ်ရေးချ မဟုတ်။ သူ့ဆရာ ဦးစိတ်ကောင်း၏ အစီအမံဖြင့် သူတို့တရာ့ရုံးနှင့် မလှမ်းမကမ်းက သူ့မိတ်ဆွေခြံကျယ်ကြီးထဲမှာ ခပ်တန့်တန့် အိမ်ကလေးတစ်လုံး သပ်သပ်ခပ်ခပ်ဖြင့် နေခွင့်ရလာသည်။ ဆရာဦးစိတ်ကောင်း၏ ဇီဖနှင့် သမာဓိကို ကြုံဖူးကြသူ သစ်သမား၊ ဝါးသမားတွေက အလကားပဲတင်း လုပ်အားပါ အဆစ်ထိုက်ကာ ကိုယ်တူကိုယ်ထ ဝိုင်းဆောက်ပေးထားကြခြင်းတဲ့။

သည်ကတည်းက မောင်ချစ်တစ်ယောက် သူ့ဆရာ၏ နှလုံးသားကို မှန်မှန်ကန်ကန် ဖတ်တတ်သွားပုံရ၏။ တရားခွင်မှာရော၊ ပြင်ပပြင်လွင်မှာပါ အပိုးကျိုး သေဝပ်သွားခဲ့လေသည်။ ပညာမာန်ကြီး၍ သိက္ခာကို အသက်ပမာ တန်ဖိုးထားသလောက် ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင်ဖြစ်နေလေသည့် သူ့ဆရာဘဝအနေကို ခရေစေ့တွင်းကျ သိလာခဲ့ရပြီး ဆရာကတော်၏ ဆန်အိုးနှင့် မီးဖိုချောင်ကို မျက်နှာပူတတ်လာခဲ့ရသည်။

သို့ပေသော်မှ . . . မောင်ချစ်က မောင်ချစ်ပဲလေ။ ခါတစ်ရံ မြိုးမြိုးမြက်မြက် ခွင်ချောင်ခွင်ကောင်းကလေးတွေကို သူ့ဘာသာ လက်ခံလာခဲ့တတ်ပြီး ဦးစိတ်ကောင်းအား ဟိုလိုလိုဒီလိုလို ဘူမဟုတ် ကိုးမဟုတ်တွေ ဗလုံးဗထွေးလုပ်ကာ သူ့ဆရာကတော်၏ နောက်ဖေးချောင်ဝန်ထုပ်ကို ပေါ့တန်သမျှ ပေါ့လေအောင် ကူညီညာ ထမ်းပေးတတ်သေး၏။

သူ့ဆရာ သက်ာယနမကောင်းဖြစ်၍ သူ့ခြေအလှူပ် လက်အလှူပ်တွေကို စောင့်ကြည့်အကဲခတ်နေပြီမှန်း ရိပ်မိခဲ့လျှင်မူ ထိုရက်သတ္တပတ်သည်တိုင်မှာထုံးတို့ မှတ်ထားရလောက်အောင်ပင် ထူးပြီမှတ်ရော့။ မောင်ချစ်





တစ်ယောက် သူ့ကုလားထိုင်အိုမှာ ဖင်ကပ်မနေရုံတမည် ရှုံးမြုပြုပါလိမ့်မည်။ ပြီးတော့လည်း ပြီးတာပါပဲ။ မောင်ချစ်က ထုံးစံအတိုင်း မောင်ချစ်ပဲဖြစ်သွားပြန်တော့သည်။

ယခုလည်း သည် I-max ကတ်တူအိတ် ဖောင်းဖောင်းကြီးကို မောင်ချစ် ယူလာခဲ့ခြင်းဖြစ်သည်။ အိတ်ကြီးထဲမှာ ဘာတွေပါသည်၊ ဘယ်လောက်ပါသည်ကိုလည်း ဦးစိတ်ကောင်း သိပြီးသား။ အိတ်ကြီးထဲက အရာများအတွက် သူ့ဖက်က ဘာလုပ်ပေးရတော့မည်ကိုလည်း နားလည်ပြီးသား။ သူ့အတွက် ဘယ်လောက်မျှ ခက်ခဲသည့်အလုပ်မဟုတ်သည်ကိုလည်း သိသား။

သို့နှင့်တိုင် . . . သူ့တစ်သက်တာလုံး အရှုံးစွဲနေသည့် သူ့သန္ဓေပါ သိပ်ပြာက သူ့ကို ဖိလာကန့်လန့်ပြုနေလေသဖြင့် ဦးစိတ်ကောင်းတစ်ယောက် ဒေဝေါ ချီတုံချတုံဖြင့် သည်ပုံမျိုးကြီးအတိုင်း လိပ်ခဲတည်းလည်း ဖြစ်နေခြင်းဖြစ်သည်။

"မောင်ချစ် . . . ဟေ့ . . . မောင်ချစ်"

"ဟုတ် . . . ဆရာ"

"ခဏလာဦး . . ."

"ဟုတ်"

"ဟေ့ကောင် . . . မင်းဟာကြီးက ငါ့စားပွဲပေါ်မှာ လူမြင်သူမြင် တော်ပါဘူးကွာ။ သိမ်းထားလိုက်ဦး"

"ဟုတ်"

စားပွဲပေါ်က အိတ်ဖောင်းကြီးကို ဆွဲခနဲယူလျက် ဦးစိတ်ကောင်း၏ ထိုင်တတ်ဘီရိုကြီး အပေါ်ဆုံးအဆင့်မှာ ဥပဒေစာအုပ်ကြီးငယ်များနှင့် အတူ ထားရင်း သူ့တပည့်ကျော်မောင်ချစ်တစ်ယောက် ငါးခူပြုံးလေး ကြိတ်ပြုံးနေဦးတော့မည်ကိုတွေး၍ ဦးစိတ်ကောင်းခမျာ တစ်သက်တစ်ခါ အရှက်ကြီး ရှက်နေလိုက်မိတော့၏။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

နီပြာဝါမီးရောင်စုံ အလင်းတွေက လွန်လွန်ကဲကဲ တောက်စားလွန်းသည်။ ပြာမှိန်မှိန် မီးရောင်လဲ့လဲ့ပေါ်မှာ ဟိုတစ်ကွက် သည်တစ်ကွက် ထင်သလို မြူးတူးခုန်ပေါက် ပြေးဆော့နေသော ရောင်စုံအလင်းကွက်တွေက နီးလာလိုက် ဝေးသွားလိုက်၊ ကြီးလိုက် သေးလိုက်၊ ဂနာမငြိမ်လွန်းသည့် လျှပ်ရောင်စဉ် အထွေးကြီးထဲမှာ သေရည်ယစ်မူးလျက် ဖောဓွဗ္ဗအာရုံများ၌ သာယာစီးမျောလျက်၊ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း အဆွဲအငင် အမွေ့အရိုက်များဖြင့် ရယ်မောပျော်ရွှင်နေကြ။ သီချင်းစာသားမပါသည့် ရာဂလှုံ့ဆော်တီးကွက်တီးလုံး ခပ်မြူးမြူးတစ်ပုဒ်တည်းကိုသာပဲ ထပ်တလဲလဲ ကြေး၌ကြော့၍ ဖွင့်ပေးလျက်ရှိရာ ခပ်သွက်သွက် စည်းချက်၊ စည်စည်ညံ့ညံ့ ဝိတသံသည် လူတိုင်း၏ သွေးသားများကို ဆူဝေလှုပ်ရှားလာစေအောင် ပြင်းပြင်းပြပြ လှုံ့ဆွပေးလျက်။

ဦးစိတ်ကောင်း တော်တော်ကလေး မူးနေပြီဖြစ်သည်။ ခေါင်းထဲမှာ မူးချာပက်လည် ရီဝေရီဝေ ဖြစ်လျက်ရှိ၏။ ဒရမ်သံ တဒုန်းဒုန်းကြီးက သူ့





နလုံးသည်းပွတ်တွေကို ဆုပ်ကိုင်ခါယမ်းပစ်နေသလိုလို အချိန်အကြာကြီး တစိမ့်စိမ့် သောက်ထားစားထားခဲ့ပြီဖြစ်သည့် ယမကာနှင့် စားဖွယ်မျိုးစုံတွေကလည်း ပျို့တော့မလို အန်တော့မလို လည်ခေါင်းဝဆီ ဆန်လျက် ထိုးထိုးတက်လာနေသေး၏။ ခေါင်းကို မတ်မတ်တည့်၍ မရ။ ဟိုဘက်ယိမ်းလိုက်သည်ဘက် ငိုက်လိုက်နှင့် ရာဇက္ကာမြွေပျက်လွန်းလှပြီ။

တကယ်တမ်းလည်း ဦးစိတ်ကောင်းက အသောက်အစား၌ ပါရမီအထုံနည်းလွန်းသူ။ နဂိုဓာတ်ခံ နလုံးအားနည်းလွန်းသူမို့ စီးကရက်သောက်လည်းမှူး၊ ကွမ်းယာစားလည်းမူး။ အရက်ကလေး ထွေလာကမာ နည်းနည်းပါးပါး သောက်လည်းမူး။ ရုပ်ပျက်လွန်းလှ၊ သောက်ဖော်စားဖက်များကို မျက်နှာပူလှ၍ သောက်ဝိုင်းစားဝိုင်းဟေ့ဆိုလျှင် ခပ်ဝေးဝေးက ဝေရာမထိခဲ့သည်ချည်း။

သည်ကနေ့တော့ ဘသားချောမောင်ချစ်က လင့်ခရုဇာကားသစ်ကြီးတစ်စီးနှင့် ဂူးခနဲ ပေါက်ချလာပြီး ရုံးဆင်းဖို့ပြင်နေသည့် ဦးစိတ်ကောင်းကို ဖွတ်အတင်း နသားပါရ ဆွဲတင်လာခဲ့ခြင်းဖြစ်သည်။ နေ့ခင်းတုန်းက I-max အိတ်ဖောင်းဖောင်းကြီးကို သူ့လက်ဆွဲအိတ်အနက်ကြီးထဲမှာ ပြောင်းထည့်ထားခဲ့ပြီးဖြစ်သည့်တိုင်၊ ခါတိုင်းခါထက် သိသိသာသာ ဖြည့်တင်းဖောင်းကားနေသည့် သူ့ရုံးအိတ်ကြီးဆီကို သူ့တပည့်မောင်ချစ်တစ်ယောက် အာရုံမရောက်စေဖို့ဆီသာ စိတ်ကရောက်နေခဲ့သဖြင့် 'ဘယ်သွားမှာလဲ၊ ဘာလုပ်မှာလဲ' ပင် မမေးမိ။ မောင်ချစ်ဖွင့်ထားပေးသည့် ကားတံခါးပေါက်မှ သူ့အိတ်ကြီးတစ်ဖက်၊ ထမင်းချိုင့်ထည့်သည့်ခြင်းတစ်ဖက်ဖြင့် ကိုးယို့ကားရားဝင်လာဖြစ်ခဲ့ရသည်။

အလို . . . အလို . . . ရုံးချိန်းရက်တိုင်း အမြဲတစေ မြင်တွေ့ရင်းနှီးနေခဲ့ဖူးသည့် တရားလိုတရုတ်ကြီးက ဒရိုင်ဘာထိုင်ခုံမှာ ထိုင်လို့။ ဦးစိတ်ကောင်းကို ဖော်ဖော်ရွှေရွှေကြီး ပြုံးပြနေ၏။ သူ့ဘေးမှာ အသက် ၃၀ ဝန်းကျင်လှလှပပ သားသားနားနား အမျိုးသမီးတစ်ယောက်လည်း သူ့တို



www.burmeseclassic.com

www.burmeseclassic.com



ခပ်လဲ့လဲ့ကလေး ပြုံးပြကြုံဆိုလျက်ရှိသည်။ ဘယ်လိုတွေပါလိမ့်။ သူတို့ ဂါဝရပြုခဲ့သည့် ငွေစက္ကူထုပ်ကြီးက သူ့ရုံးအိတ်ကြီးထဲမှာ ဖောင်းဖောင်းကားကားကြီး ထည့်ယူလာခဲ့မိပြီ။ နိုးထုပ်နိုးထည်နှင့် မိသည်ဆိုခြင်းမှာ သည်ပုံမျိုးပင် ဖြစ်လိမ့်မည်။ ဦးစိတ်ကောင်းဖြင့် သေချင်စော်နံလောက်အောင် ရှက်စိတ်တွေ မွှန်ထူနေ၏။ တစ်ကိုယ်လုံး နတ်ပူးသလို တုန်တုန်ယင်ယင်။

"ဆရာ့ကို ကျေးဇူးတင်လွန်းလို့ ဂါဝရပွဲကလေးတစ်ပွဲ လုပ်ပေးမလို့ပါ ဆရာ။ ဆရာလိုက်လာပြီး လက်ခံချီးမြှင့်ပေးလို့ ကျေးဇူးပါပဲ"

"ဪ ... အင်း ... အင်း ..."

"ဆရာ ... အေမိတို့ ကေ့(စ်)ကတော့ ဆရာ့ကိုပဲ သေချာပေါက် အားကိုးထားလိုက်တော့မယ်နော်။ အေမိလည်း ဒီကေ့(စ်)ကြီးကို စိတ်ညစ်လွန်းလို့ မြန်မြန် ပြတ်သွားစေချင်လှပြီ။ အဲ ... Lovely ending ကလေးနဲ့ပေါ့လေ ... နော် ... ဆရာ"

"အဲ ... အင်း ... အင်း ..."

"အေမိကလည်းကွယ် ... ဆရာ့ကိစ္စ ဆရာပဲ ကြည့်လုပ်ပါလိမ့်မယ်။ ပွဲပြီးထားပြီးသားဥစ္စာကို ဘာလို့ ပြောနေရသေးတာလဲ။ ဒီကနေ့သွားမယ့် 'ရွှေစည်းစိမ်'မှာ ဆရာစိတ်ပျော်အောင် ညှေ့ဝတ်ကျေဖို့ကိုပဲ စိတ်ကူးထည့်ထားစမ်းပါ။ မဟုတ်ဘူးလား ... ဆရာ။ ဟဲ ... ဟဲ ... ဟဲ ..."

"အင်း ... အင်း ..."

"အဲဒါကိုတော့ အေ့မိတာဝန်သာ ထားလိုက်စမ်းပါ ... ဆရာကီးရယ်။ တို့ဆရာ ပျော်လွန်လွန်းလို့ အချိန်တွေဘာဝကိုတောင် မေ့သွားရစေမယ်။ ရေမီးအစုံနော် ... ဆရာ ... ရေမီးအစုံ ... သိလား"

မျက်လုံးကလေး ထောင့်ကပ်လျက် မေးမေ့းစင်းစင်း ခပ်နွဲ့နွဲ့ ရီရီဝေဝေပြောရင်းက သူ့ဘာသာ တဟင်းဟင်းရယ်မောသဘောကျနေလေသည့် နတ်မိမယ်အေမိကို ဦးစိတ်ကောင်း ရဲရဲမကြည့်ရဲ။ ဆွဲလည်းသံနယ်ရယ်သံတညင်းညင်းသည် သူ့ကို တမင်ချွဲရိချွဲနှောင်နေသလိုလို။





I-max အိတ်ဖောင်းဖောင်းကြီးကို သူ့ရုံးဘီရိုကြီးထဲသို့ တစ္ဆည့်ကျော် မောင်ချစ်က ထိုးသိပ်ထည့်ထားပေးခဲ့ပြီးကတည်းက စိတ်တုံးတုံးချကာ ထိုင်ရေးနေမိခဲ့သော အေမိတို့အမှု၏ စီရင်ချက်နှင့် အမိန့်ချမှတ်ရေးမှုကြမ်းတွေသည် ငွေထုပ်ကြီးပိလျက် သူ့အိတ်နက်ကြီးထဲမှာ ပါလာသည်။

သူရေးခဲ့ဖူးသမျှ စီရင်ချက်တွေထက် အကိုးအထောက်၊ ဥပဒေပြဋ္ဌာန်းချက်၊ ရည်ညွှန်းကိုးကား စီရင်ထုံးတွေဖြင့် စုံလင်စေ့စပ်လွန်းနေသည့် စီရင်ချက်မူကြမ်း စာမျက်နှာကလေးများသည် တစ်သက်တစ်ခါ ဦးစိတ်ကောင်းနှင့်အတူ ကိုယ်နှင့်မကွာ အိမ်သို့ပါလာခဲ့ရာမှ ယခုဖြင့် မရွှေချော၏ ဖွဖွရယ်သံအောက်မှာ ရှက်စနိုးဖြင့် ခေါင်းလျှိုးလျှက် မရွှင်မပျ။

'အင်း အင်း ... အင်းအင်း' မှ လွဲ၍လည်း ဦးစိတ်ကောင်းမပြောတတ်။ သူ့ကိုကားပေါ်သို့ ဖွတ်အတင်းဆွဲတင်ပေးပြီးနောက် ပျောက်ချင်းမလှ ပျောက်သွားခဲ့သည့် မသာကောင် မောင်ချစ်ကိုသာ ကြိတ်၍ ဆဲနေမိတော့၏။ 'အင်းလေ ... အဲဒါလည်း တစ်မျိုးကောင်းတာပါပဲ။ ဒီအကောင်ပါများလာခဲ့ပြန်ရင်လည်း ဒင်းကိုပါ မျက်နှာပူနေရဦးတော့မှာ။ ဖွီး ... ကြုံရပုံများ။ ပြောမပြောလိုက်ချင်ဘူး ... ဟင်း"

ထို့သို့ဖြင့်ပင် ငွေထုပ်ကြီးကြီးကိုင်နိုင်သူ၊ ပိုက်ဆံဝါလားတွေမှသာ ပျော်မွေ့မြူးတူးနိုင်ကြသည့် 'ရွှေစည်းစိမ်' ညကလပ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ကြခြင်းဖြစ်၏။ သောက်ကြသည်၊ စားကြသည်၊ မူးကြသည်။ ယစ်ကြသည်။ မူးယစ်ခြင်းနှင့်အပြိုင် ကဲကြ ... သဲကြသည်။ အပျော်လွန် အကဲလွန်ကြသည်။ ရှက်ခြင်းကြောက်ခြင်း ဟီရိဩတ္တပ္ပဆိုတာတွေ ဘယ်ဆီ ပြေးလေသည်မသိ။

မျက်နှာပူပူ၊ ရှက်ရှက်နှင့် မြန်မြန်မူးအောင် အရက်တွေချည်း ဖွားဖိသောက်နေမိခဲ့သော ဦးစိတ်ကောင်းက သူများတွေထက်စော၍ အရင်မူးသည်။ နဂိုဓာတ်ခံကပင် စကားကို စိုစိုပြေပြေ ကြွယ်ကြွယ်ဝဝ ပြောဖူးခြင်းမရှိခဲ့သူမို့ သူများတွေ ရယ်ကြမောကြ၊ စကားဖောင်ဖွဲ့ကြ၊ ကာရာအိုကေ

www.burmeseclassic.com

www.burmeseclassic.com



ဆိုကြသည်များကိုသာ တဟဲဟဲ သွားဖြဲရင်း ညွှဲထောက်ခံနေရ၊ မချိသွားဖြဲ ဟုဆိုချင်ဆို။ ဦးစိတ်ကောင်းအဖို့ သည့်လောက်ပဲ လုပ်နိုင်သည်။ လုပ်တတ်တော့သည်။ ဘာပဲပြောပြော ဝိုင်းမြှန်မြှန်သိမ်းပြီး မြန်မြန်အိမ်ပြန်ရောက်ဖို့ကိုသာ စိတ်စောစိတ်မောလျက်။

"ဆရာ ... ရသေးရဲ့လား ဆရာ။ ထပ်ထည့်ပါဦး ဆရာ ... ရဲ့။ အေမိတို့က ဆရာ့ကို ပုံပြီး အားကိုးထားတာနော် ... ဒါပဲ သိလားဆရာ။ အေမိတို့ စိတ်ချမ်းသာရသလို ဆရာလည်း တစ်ဝကြီးပျော်ရစေမှာပေါ့ ... ဆရာရယ် ... ဟင်း ... ဟင်း ... ဟင်း ... ကဲပါ ... ဒီလောက်လေးတော့ ထပ်အားပေးလိုက်စမ်းပါဦး။ ပေး ... ပေး ... အေမိကိုယ်တိုင် ငှဲ့ပေးမယ်"

ဘယ်လိုကဘယ်လို ဦးစိတ်ကောင်းအနားကို ရောက်နေလေသည် မသိ။ ဘယ်အချိန်က ရောက်နေမှန်းလည်း မသိ။ သူနှင့် နှစ်ကိုယ်တစ်စိတ်ဖြစ်လုနီးနီး တိုးဝင်ဖိကပ်ထားသည့် မရွှေချောအေမိ၏ တင်းတင်းအိအိ နွေးနွေးရှိန်းရှိန်း အထိအတွေ့များမှသည် သူ့သွေးကြောထဲမှ တဒိန်းဒိန်း သွေးခုန်သံတွေကိုပင် ကြားနေရ၊ သူမ၏ နှာသီးဖူးနှင့် နှုတ်ခမ်းဖူးဖူးနှစ်လွှာကြားမှ ထွက်ကျလာနေသည့် ထွက်သက်လေနွေးနွေးသြ မြူဆွသည့် ရမ္မက်ငွေ့တွေ ပေလူးရှုန်းလုံ့လို့။

အေမိမျက်ဝန်းတစ်စုံသည် ဦးစိတ်ကောင်းကို ဝံ့ဝံ့စားစား စိန်ခေါ်နေသကဲ့သို့ ရှိသည်။ သူမ၏ အတိုးအဖိများက လိုသည်ထက် ပိုနေပြီဖြစ်မှန်း ဦးစိတ်ကောင်းတစ်ယောက် ကောင်းကောင်းကြီး သိနေသည်။ သိရုံမျှမဟုတ်။ သူ၏ ကျားစိတ်ကျားမာန်များသည်လည်း ငယ်မူပြန်လျက် လိင်စိတ်များ မဖြစ်စဖူး ဟူးဟူးထန်ပွက်ထဆူဝေလျက် ရှိနေလေသည်။

"ကိုင်းပေ့ ... ဒီမှာက တော်လောက်ပြီ။ လွတ်လပ်မှုလည်း မရှိ။ စိတ်တိုင်းကျလည်း ပျော်လို့မရဘူး။ တို့တွေ နေရာပြောင်းကြစို့၊ နော ... ဆရာ။ ကျွန်တော့်အိမ်မှာ တစ်ပွဲဆက်နွှဲကြပြီးမှ ဆရာ့ကို အိမ်တိုင်ရာရောက်ပြန်ပို့ပေးမယ်လေ။ ဆရာ့ကို ပြုစုရတာ အားမရသေးလို့ပါ"





"ဆရာ့ကို မေးမနေပါနဲ့လေ။ အေမိခေါ်ရင် ဆရာက လိုက်ရမှာပေါ့။ အေမိက ဆရာ့ကို ကိုက်စားမှာမှ မဟုတ်တာ ... နော် ... ဆရာ။ ဟင်း ... ဟင်း ... ဟင်း ... ဟင်း ..."

ဦးစိတ်ကောင်း စကားမပြန်နိုင်။ သူရာရည်၏ တန်ခိုးသက်သက်ကြောင့်ချည်းသာမဟုတ်။ ဘာကြောင့်ရယ်ဟု တိတိပပ ပြောဖို့ခက်သည်။ အဲ ... အေမိမျက်ဝန်းထဲက အစိမ့်ဟာယ်ကို သူဖတ်မိလိုက်ရသည်ဟု ထင်လိုက်မိခြင်းက အခရာဖြစ်လိမ့်မည်ဟုကား ဦးစိတ်ကောင်း မလုံမလဲ ဝန်ခံရတော့မည်။ သြော် ... သူသည်လည်း လူထဲကလူ၊ ယောကျ်ားတကာထဲက ယောကျ်ားတစ်ယောက်ပါပဲကလား။

☀☀☀

www.burmeseclassic.com

www.burmeseclassic.com

[၃]

❑

'ခေါင်းတွေကိုက်လိုက်တာ' ခေါင်းကြီးတစ်ခုလုံးကို သံပြုတ်တူကြီးဖြင့် ညှပ်လျက် ဆယ့်လေးငါးပေါင်တူဖြင့် တဒုန်းဒုန်းထုနှက်ခြင်းခံနေရသလို ခံရချက် ဆိုးလှ၏။ မလှုပ်ချင် မလှည့်ချင်။ 'သေစမ်း'။

မျက်စိနှစ်လုံး ဖွင့်မိလျှက်ဖွင့်မိချင်း ညက တရားလွန်များသွားခဲ့ပြီဖြစ်မှန်း ဦးစိတ်ကောင်း ချက်ချင်းသိလိုက်၏။ 'သေစမ်းကွာ' သူ့တစ်သက်အရက်ကို သည်မျှလောက် ဘယ်တုန်းခါကမျှ လွန်လွန်ကျူးကျူး မသောက်ခဲ့စဖူး။

အထူးသဖြင့် လူတစ်မီးတစ်ရုံဆန်တွေနှင့်အတူ တစ်ဝိုင်းတည်းထိုင်၍ ဘီယာတစ်ခွက်မျှပင် လျှာဖျားပေါ် မတင်ခဲ့စဖူး။ ယခုမှသာ . . . ယခုတစ်ကြိမ်တည်းသာ ထိုနှယ် သောက်ဖြစ်စားဖြစ်ခဲ့ရသည်မှာလည်း တစ်သက်တစ်ခါ ကျိုးပေါက်ဖြစ်ခဲ့သည့် သစ္စာမဲ့ကြေး၊ သိက္ခာပျက်ကြေး အဖိုးအခအဖြစ် သူပွေ့ပိုက်ထားခဲ့သည့် သူ့လက်ဆွဲ အိတ်ဖောင်းဖောင်းကြီးထဲကငွေတွေကြောင့် ယောင်ယောင်မှားမှား ရှက်ကိုးရှက်ကန်း လုပ်မိလုပ်ရာလုပ်မိခဲ့ရခြင်းဖြစ်သည်။ 'ဟင် . . . ဟုတ်ပါရဲ့ . . . အိတ် . . . အိတ် . . . ငါ့ရဲ့အိတ် . . . ငါ့ရဲ့ ငွေတွေ။ ဘယ်မှာလဲ . . . ဘယ်မှာ ထားမိခဲ့ပါလိမ့်''





ယေ်ထိပ်တည့်တည့်ကို မြွေပေါက်ခံလိုက်ရသလို ထူပူမွန်တက်သွားလိုက်ပုံမှာ ခေါင်းကြီး ရက်ရက်စက်စက် ကိုက်နေသည်ကိုပင် ချက်ချင်းမေ့သွား။ 'ဘယ်မှာလဲ . . . ငါ့အိတ် . . . ငါ့ငွေအိတ်' ခြေမကိုင်မိ လက်မကိုင်မိ။ ကယောင်ကယင် တုန်တုန်ရီရီတွေ ဖြစ်ချင်လာသည်။ ငိုရတော့မလို ရယ်ရတော့မလို။

ညက သူတို့ ပျော်ခဲ့ကြသည်။ အမှုသည် ရာရှုတ်ကြီး၏ အိမ်အကြီးကြီးထဲမှာ။ သူရယ်၊ အေမီရယ်၊ တရုတ်ကြီးရယ်၊ အေမီသူငယ်ချင်း မချောတစ်သိုက်ရယ် တွေးလားလုံးလား။ ထိုအချိန်ကအထိ သူ့အိတ်ကြီးက သူ့နံဘေးနားမှာ ပုံပုံကြီး ရှိနေခဲ့သေးသည်။

နောက် . . . အမှတ်သတိ ကင်းလုနီးနီး သူနှင့်အေမီတို့ မချောတစ်သိုက် 'Paradise Inn' ဟု ခေါ်သည့် စိမ်းစိမ်းညို့ညို့ ဝါးရုံရိပ်တွေ အုပ်ဆိုင်းမှိုင်းဝေနေသော နှစ်ထပ်အုတ်တိုက်ကလေး၏ အထူးသီးသန့် အိပ်ခန်းကျယ်ကြီးထဲသို့ ရောက်ဖြစ်ခဲ့ကြသည်။ အေမီလား . . . ဘယ်သူလဲ သဲသဲကွဲကွဲ မမှတ်မိ။ ရမွက်မူးသောညကို အလှိုင်းတကြီး ကျော်ခဲ့ကြ ဖြတ်ခဲ့ကြ။ သောက်လေသောက်လေတော် မပြေ။ အကြိမ်ကြိမ်ရယ်မှ အကြိမ်ကြိမ်။ ဦးစိတ်ကောင်းတစ်ယောက် ဘဝကိုလည်း မေ့သည်။ သိက္ခာ၊ မာန၊ ဟိရိသြတပ္ပတွေကိုလည်းမေ့သည်။ သူ့အိတ်ကြီးကိုလည်း မေ့သွားခဲ့လေသည်။

သူနိုးလာတော့ အေမီလည်း မရှိပြီ။ ဟိုသူငယ်မယ်တွေလည်း ပျောက်ပြီ။ သူ့အိတ်ကြီးလည်း ဘယ်ဆီဘယ်ဝယ် ရောက်လေလပြီမသိ။ ခြေရာလည်းပျောက် ရေလည်းနောက်။

နေပူပူအောက်က ရေစက်ကလေးတစ်စက် အငွေ့ပျံပျောက်ကွယ်သွားသလိုမျိုး လူကောင် အရှင်လတ်လတ်ကြီးအတိုင်း ပျောက်သွားခဲ့လျှင်လည်း အကောင်းသား။ 'အခုတော့ဖြင့် . . . ဟင်း'။ ထိုတစ်ဒဂ်၌ ဦးစိတ်ကောင်းခံမျာ ရှက်ဒေါသတို့ဖြင့် ကျွမ်းလောင်လျက် သက်ရှိကျောက်ရုပ်ကြီးဖြစ်သွားခဲ့တော့သည်။ 'ဖြစ်မှဖြစ်ရလေကွာ . . . ငါနှယ်၊ ချီးတဲ့ . . .'

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

## { ၄ }

❑

'' ...... ဒီဂရီ ချမှတ်လိုက်သည်''

လေလျှော့ပစ်လိုက်သည့် ပူဘောင်းတစ်လုံးလို ရုတ်တရက်ကြီး အားတွေအင်တွေ ခန်းခြောက်ပျောက်ကွယ်သွား။ ခေါင်းထဲက မူးရိပ်ရိပ် မနည်းကြီးအားတင်း၍ တရားသူကြီး လက်မှက်နေရာတွင် 'စိတ်ကောင်း' ဟူသော သူ၏ ထိုးမြဲလက်မှတ်ကို ကြိတ်မှတ်ရေးထိုးချလိုက်ပြီးသည့်နောက် သူ့ဝန်ထမ်းသက်တမ်းတစ်လျှောက်လုံး မြတ်မြတ်နိုးနိုး လက်မချကမ်း ကိုင်လာခဲ့သည့် ပတ်ကား (၅၁) ဖောင်တိန်ကလေးကို အစွယ်ပြုးပြုး သခဲ့ သဘက်တစ်ကောင်နှယ် ကြောက်လန့်တကြား လွှင့်ပစ်လိုက်မိတော့၏။

ရင်ထဲက အောင့်၍ ထုံး၍တက်လာသည်။ အရေးဟဲ့အကြောင်းဟဲ့ ဆိုလျှင် ထထ၍ ဒုက္ခပေးတတ်မြဲ နှလုံးရောဂါပုန်းက တစ်ချီတစ်မောင်း သွားဖြီးပြလာပြန်ပြီဖြစ်မှန်း ဘာသာ သိလိုက်သည်။ 'သေလိုက်ပါတော့ ကွာ'။ သည်လိုဖြစ်တိုင်း သောက်နေကျဆေးတွေက သည်ကနေ့မှ ယူမလာ ဖြစ်ခဲ့။ 'အို ... အို ... ရင်တစ်ပြင်လုံး မခံမရပ်နိုင် နာကျင်တင်းကျပ်'။



အသက်ပင်ကောင်းကောင်း ရှူ၍ မဝချင်။ 'ဘုရား ... ဘုရား'။ ဦးစိတ်ကောင်းသည် သူ့ရုံးစားပွဲကြီးကို ခေါင်းဖြင့် မှေးမှီ၍ ဝေဒနာ၏ တရကြမ်း တိုက်ခိုက်ထိုးနှက်မှုကို ကြိတ်မှိတ်ခံနေလိုက်၏။ မျက်စိနှစ်လုံးကို တင်းတင်းမှိတ်ထားသည့်တိုင် မျက်ရည်ပူတွေက ဘယ်ကဘယ်လို တတွေ တွေ စီးကျလာလေသည်မသိ။ ဝေဒနာကြောင့်လား၊ မချိတင်ကဲ ရင်တွင်း နာကြောင့်လား။ မိုးဝါးမပီ။

တင်းတင်းမှိတ်ထားသည့်တိုင် သူ့စိတ်အာရုံထဲ၌ ပြက်ပြက်ထင်ထင် မြင်နေရသည်က သည်အမှုတွဲကို စီရင်ချက်ချမည့်နေ့ထက် တစ်ရက်ဦး၍ သူ့ထံ ရောက်လာခဲ့သည့် စာအိတ်ထူထူကြီး။ အထဲမှာ ရမွက်မူးသောညက ဦးစိတ်ကောင်း၏ မသပ်ဒီပွယ်ပုံရိပ်များကို အော်ဂလီဆန်ချင်စရာ လှစ်ပြ ထားသည့် ဓာတ်ပုံများ။ သောက်သည်။ စားသည်။ မူးသည်။ မြူးသည်။ ပြီးလျှင် အရက်ကြောက်ကင်းစွာ ရမွက်ရိုင်းဖြင့် သောင်းကျန်းချင်တိုင်း သောင်းကျန်းခဲ့သည့် အမှောင်မှတ်တမ်းများ၊ မည်သူက ပို့လိုက်မှန်းမသိ၊ ဘယ်က ပို့လိုက်မှန်းမသိ။ ဆိုက်ကားသမားကောင်ကလေး လာပို့သွားသည် ဟုတော့ မောင်ချစ်ပြောသံ ကြားလိုက်သေးသည်။

တရိပ်ရိပ် တောက်လောက်ပြာကျသွားခဲ့သည့် မိစ္ဆာပုံရိပ်များနှင့် အတူ သူ့ဘဝ၊ သူ့မာန၊ သူ့သိက္ခာတရားများသည်လည်း ဟိုးအဝီစိအထိ တွင်းဆုံး ကျသွားခဲ့ရလေပြီဖြစ်မှန်း လက်ခံလိုက်ရသည့် ထိုခဏ၌ တရား သူကြီးဦးစိတ်ကောင်း ရှိုက်ကြီးတငင် ငိုကြွေးခဲ့မိ။ အသံတိတ်။ သို့ပေသော် မှ ကမ္ဘာချည်းမတတ် ပွက်ညံမြည်ဟိန်းလွှန်းလှပြီ သူ့ကို လက်ညှိုးငေါက် ငေါက်ထိုးလျက် သွားဖြဲပြနေသည့် ငိုသံ။

ဘာပဲဖြစ်ဖြစ် ရုံးချိန်းနေ့ တရားခွင်မှာ သူကျကျနန ရေးသားထား ခဲ့ပြီးဖြစ်သည့် သိက္ခာမဲ့ စီရင်ချက်နှင့်အမိန့်ကိုပဲ တစ်လုံးတစ ါဒမျှ မပြင် လိုက်တော့ဘဲ နဂိုအတိုင်း ဖတ်ပြဖြစ်ခဲ့သည်။ အားရပါးရ မိန့်မိန့်ကြီး ပြုံး လိုက်လေသည့် တရားလို တရုတ်ကြီး၏ မချွေရ အပြုံးရိုင်းရိုင်းများ ဦးစိတ်

www.burmeseclassic.com



ကောင်းအား ယောင်ရှိမှုပင် သိကျွမ်းဟန်မပြတော့သည့် အေမိ၏ အေးစက်စက် ခါးသက်သက်မျက်နှာ၊ အောင်နိုင်သူတို့၏ တက်ကြွမြူးရွှင်သော တဖျတ်ဖျတ် ခြေသံများ၊ ဝေါခနဲ ပြိုဆင်းလာသည့် တရားရုံးတို့၏ သောကာ ပရိဒေဝများ၊ မချိတရိ တက်ခေါက်သံ၊ အံကြိတ်သံ။

ထိုအရာများအားလုံးသည် တဖြည်းဖြည်းချင်း စုဝေးအိုင်ဖွဲ့လာသည့် သူ့မျက်ရည်ပူတွေထဲမှာ ဝေဝေဝါးဝါး။

☼ ☼ ☼

[၁]

□

"မောင်ချစ် . . . ရေ"

"ခင်ဗျာ . . . ဆရာ"

"ရော့ . . . ဒီအမှုတွဲကို သိမ်းထားလိုက်တော့။ ပြီးတော့ရင် ဒီနေ့ အမှုတွေကို ရုံးချိန်းပဲ ကြည့်ချိန်းပေးလိုက်တော့။ ငါ သိပ်နေမကောင်းလို့ ပြန်လိုက်တော့မယ်။ ငါ့ကိုမေးရင် . . . ကြည့်သာ ဖြေလိုက်တော့ကွာ"

"ဟုတ်"

သောင်းတန်အုပ်တွေ တစ်ထပ်ကြီးနှင့် ပြည့်တင်းဖောင်းကားနေသော ရုံးလက်ဆွဲအိတ်ကြီးကို တပွေ့ပိုက်ပိုက်ဖြင့် လင့်ခရုဇာကားသစ်ကြီးပေါ် စွေ့ခနဲ ပါသွားခဲ့သည့် သူ့ဆရာတစ်ယောက် ဘယ်လိုကြောင့် ပင်စည်ကိုင်းက ဖြုတ်ချပစ်လိုက်သည့် နေလောင်ပန်းတစ်ပွင့်လို အဆမတန် နွမ်းညှိုးခြောက် နေရလေသည်ကို မောင်ချစ် တွေး၍မရ။ သည့်ထက်ပင် သူ့ဆရာတော်ခမျာ လကုန်ရက်မို့ ကျပ်ကျပ်တည်းတည်းနှင့် ဈေးဘက်ပင် ခြေဦးမလည်ဖြစ်သည်မှာ သုံးလေးရက်မကတော့ခြင်းကိုလည်းကောင်း ခြောင်

www.burmeseclassic.com



တလင်း ခါနေသည့် သူ့ဆရာမီးဖိုချောင်က ဆန်အိုးကိုလည်းကောင်း သူ ဘယ်လိုမျှ နားလည်၍မရ။

''ငါ့ဆရာ . . . ဟိုဟာတွေကို ဘာလုပ် . . . အဲလေ . . . အဲဒါက ငါ့ကိစ္စမှ ပဟုတ်တဲ့ဟာ . . . သူ့အကြောင်းနဲ့သူ။ ဘာပဲဖြစ်ဖြစ် ပြီးတော့ လည်း ပြီးသွားတာပါပဲလေ''

သည်နှယ် တွေးလိုက်တော့မှ မောင်ချစ်ရင်ထဲ ပေါ့သွားသည်။ အမှုတွဲဖိုင်ကြီးကို ဘီရိုထဲထည့်၍ မသိမ်းမီ သူ့ဆရာလက်ရာ စီရင်ချက် အပြည့်အစုံကို ဖတ်ဖြစ်အောင်ဖတ်၍ စပ်စုကြည့်လိုက်မိသေး၏။ 'ကောင်း လိုက်တာ'။ သူ့ဆရာက ရေပက်မဝင် စေ့စေ့စပ်စပ် ရေးထားပုံကို အထင် တကြီး လေးစားကြည်ညိုဖြစ်လိုက်မိရသေး။ 'ဒါကြောင့်လည်း ငါ့ဆရာ ဦးစိတ်ကောင်းက ဦးစိတ်ကောင်း ဖြစ်နေတာပဲ'။ အကြည့်က သူ့ဆရာ လက်မှတ်ရှည်မျှောမျှော တွန့်လိမ်လိမ်ကလေးဆီ ရွှေ့ဖြစ်လိုက်သည်။

''ဟင် . . . ငါ့ဆရာလက်မှတ်ပေါ်ကို ဘယ်က ရေစက်တွေကျပြီး မှင်တွေ ကွက်နေပျက်နေရပါလိမ့်။ ဆရာများသိသွားရင်တော့ လောင်မီးကျ ဦးတော့မယ် . . . ခက်ပ . . . ခက်ပ''

ဦးစိတ်ကောင်း၏ ရုံးစားပွဲကြီးကမူ ဣန္ဒြေကြီးတခွဲသားနှင့် မတုန် မလှုပ် အငြိမ်ကြီးငြိမ်လို့။

☼ ☼ ☼

မေတ္တာဖြင့် . . .

**ဇေယျမင်းသျှင်**



www.burmeseclassic.com

www.burmeseclassic.com

|၁|

❑

အမျိုးသမီးဆောင်ထဲကို အသစ်ဝင်လာတဲ့ ကျသစ်တွေကို မှတ်ပုံတင်ဖို့ ပြင်ဆင်နေခဲ့ရတယ်။ အကျဉ်းသူကျသစ် ငါးဦးကို ထောင်မှူးမထံ တင်ပြနိုင်ဖို့ ထောင်ပုံစံ (၂၁) လို့ခေါ်တဲ့ ထောင်ကျ မှတ်ပုံတင်စာအုပ်မှာ မှတ်ပုံတင်နေတယ်။

"တရားခံအမည်"

"မြသက်"

"အဘအမည်"

"ဦးတင်မြ"

"အမိအမည်"

"ဒေါ်ခင်သက်"

"ယောကျ်ားအမည်"

"မရှိ"

"နေပါဦး ယောကျ်ားမရှိဘူးဆိုတော့ အပျိုလား"

"ဟင့်အင်း ... တစ်ခုလပ်ပါ"

"ယောကျ်ားက ကွဲသွားတာလား"





"မဟုတ်ဘူး နောက်မယားငယ် ယူသွားတာ"

"ဟင် ... ဘယ်လိုဖြစ်ကြတာလဲ"

"ကျွန်မထက် ကောင်းလို့ နောက်တစ်ယောက် ထပ်ယူတာပေါ့"

"ခက်ပါလားနော် ... အသက်ကော"

"နှစ်ဆယ့်ကိုးနှစ်"

"ဘာမှုဖြစ်တာလဲ"

"ရိုက်မှု"

"ထောင်ဘယ်လောက်ကျလဲ"

"ခြောက်လ"

"ကိုယ်ဝန်ရှိလား"

"အင်း ... ရှိလား၊ မရှိလား မသိပါဘူး"

"ဟဲ့ ... ဒါဆို ရွှေစည်သည် (မွေ့တာ) ကော မှန်မှန်လာနေလား"

"သူ မလာတာ နှစ်လလောက်ရှိပြီ"

"ဒါဆိုလည်း ကိုယ်ဝန်မရှိပဲ မှတ်တမ်းတင်ထားမယ်အေ"

"ဟုတ်ကဲ့ ... ဆရာမ"

ဤသို့ဖြင့် ကျွန်မလည်း အကျဉ်းသူငါးဦးစလုံး မှတ်ပုံတင်ခြင်းလုပ်ငန်း ပြီးဆုံးသွားတယ်။ အိပ်ဆောင်ထဲမှာ ဒီလိုပါပဲ။ မှတ်ပုံတင်ထားစဉ်မှာ ရာသီမှန်ပါတယ်ဆိုပြီး စိတ်ချလက်ချ မှတ်တမ်းတင်ပြီးမှ ထောင်ထဲရောက်လို့ သုံးလေးလအကြာမှာ ပြဿနာက ထဖြစ်တတ်တဲ့ ဖာတ်လမ်းတွေ အများကြီးပါပဲ။ သူတို့ဘာသာ အပြင်လောကမှာ လွတ်လွတ်လပ်လပ် နေထိုင်စဉ်မှာ ဘာမှမဖြစ်ဘဲ ထောင်ထဲရောက်မှ ဒီပြဿနာပေါ်လာရင် အုပ်ချုပ်တဲ့သူတွေမှာ ခေါင်းမီးတောက်ရရော။

ဘာဖြစ်လို့လဲဆိုတော့ မိန်းမတို့ဘာသာဘာဝ လစဉ် ရာသီ မှန်မှန်လာနေလျှက်က အကြောင်းကြောင်းကြောင့် မလာတော့ဘူးဆိုလျှင် ကိုယ်ဝန်ရှိနေပြီလားဆိုသည့် ပြဿနာက အဖြေရှာရခက်လှ၏။ ထောင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာနေတုန်း ကိုယ့်အခြေအနေကို ကိုယ်မဆန်းစစ်ဘဲ ကျွန်မ အပျိုပါဆိုပြီး မှတ်ပုံတင် အတည်ပြုပြီးမှ နှစ်လလောက် ဆက်တိုက်မလာတော့ဘူးဆိုမှ ဖုတ်ပူမီးတိုက် ဆရာမဆီ သတင်းလာပို့ရော။

ကဲ ... ဒီတော့ ထောင်ထဲက မိန်းမဆောင်မှာ ယင်ဖိုတောင် မဝံ့သန်းရတာ ဘယ်ယင်က အလစ်အငိုက်ဝင်ပြီး ချေးဥသွားတယ်မသိပါဘူး။ အိပ်ဆောင်တာဝန်ကျ အမျိုးသမီးတွေ အစီအရီရှိနေသလို သော့တွေအထပ်ထပ်ခတ်ထားတဲ့ကြားက ဘယ်ပုရိသယောကျ်ားကများ ကြားကားဝင်ဆွဲလဲမှ မသိနိုင်တာ။

အဲ ... ဖြစ်နိုင်ချေရှိတာတော့ တာဝန်မှူးတာဝန်ကျတဲ့ ထောင်မှူးဆိုတာ တာဝန်မှူးချိန်မှာ နေ့နေ့ညည မိန်းမဆောင်ထဲ တရားဝင်ဝင်ခွင့်ရှိတဲ့သူ။ ညတာဝန်ကျ ဝန်ထမ်းကိုများ လာဘ်ထိုးပြီး ပူးပေါင်းကြံစည်သွားသလားမှ မသိတာ။

အဲဒီလို ယုန်ထင်ကြောင်ထင်ဖြစ်ရတဲ့ အဖြစ်ကလေးတွေက တစ်ခါတစ်ခါ ရယ်ပွဲဖွဲ့စရာလို ဖြစ်ရတယ်။ ကျွန်မတို့ဝန်ထမ်းဆိုတာ အမျိုးသမီးဆောင်ထဲ ယောကျ်ားတစ်ယောက် တာဝန်နဲ့လာစစ်ဆေးသည့်အခါ မျက်လုံးအေါက်ထောက် စောင့်ကြည့်နေရတာ။

ကောင်မတွေကလည်း ခပ်ကဲကဲတွေ ယောကျ်ားတစ်ယောက် အိပ်ဆောင်ထဲ ဝင်လာတာနဲ့ ယောကျ်ားနံ့ရပြီဆို မနေနိုင်မထိုင်နိုင် တွန့်တွန့်လူးပြနေကြတယ်။ အရွယ်ငယ်ငယ် ထောင်မှူးလေးတွေကအစ အရွယ်ကြီးကြီးထောင်ပိုင်ကြီးတွေတောင် အလွတ်မပေးချင်ဘူး။

ဒီတော့လည်း ကျွန်မတို့ဝန်ထမ်းအမျိုးသမီးတွေမှာ အငြိမ်မနေရဘူး ဟိုလူ့ဟန့်ရ၊ ဒီလူငေါက်ရနဲ့ တုတ်တစ်ချောင်းကိုင်ပြီး ဆတ်စလူးထနေတဲ့ ညီမြတွေကို ထိန်းသိမ်းရတာအမော။

ဘယ့်နှယ့်ယောကျ်ားတွေကို လနဲ့နှစ်နဲ့ချီပြီး မမြင်မတွေ့ကြရတော့ ကျားနံ့ရတာနဲ့ ခေါင်းတွေ အလျှိုလျှိုထကုန်ရော။ လျှောက်ပြန်သံပေး ဟန်ရေးတပြပြ လုပ်နေကြရော။ ထောင်ထဲမှာဆိုတော့ ယောကျ်ား၊ မိန်းမ သီးခြား





စီခွဲပြီး ထောင်ကျနေခဲ့ကြတာဆိုတော့ နှစ်ရှည်ထောင်ဒဏ်ကျနေသူတွေမှာ ယောကျ်ားဆိုတာ ဒီလိုလားလို့ မေးယူရလောက်အောင် မေ့နေခဲ့တယ်။

ဒါကြောင့် ကျွန်မတို့ဝန်ထမ်းတွေခမြာ တာဝန်ချိန်မှာ တာဝန်ထမ်းဆောင်ပြီး ဂျူတီပြီးဆုံးလို့ အိပ်ဆောင်ထဲက ထွက်လိုက်တာနဲ့ ဗိုသတ္တဝါ အကျဉ်းသားတွေရဲ့ ခေါ်တောတစ်ထောင်အား မျက်လုံးတွေနဲ့ အားသာငမ်းငမ်း ကြည့်နေတတ်တာကို ရှိုးတို့ရှန်းတန့်ဖြစ်ပြီးတော့ ခြေလှမ်းမမှားအောင် တံခါးကြီးထဲ အမြန်ပြေးဝင်ရတယ်။

ခုတော့လည်း အမျိုးသမီးဆောင်ထဲက အကျဉ်းသူတစ်ဦး ထောင်ကျလာတာ နှစ်လရှိပြီ။ အကျဉ်းသူမြသက်တစ်ယောက် ဘာဖြစ်တယ်မသိပါဘူး။ တမှိုင်မှိုင်တတွေတွေဖြစ်ပြီး ကိုယ်လက်မအီမသာ ဖြစ်နေတယ်လို့ သတင်းပို့လာတယ်။ ကျွန်မတို့လို အပျိုကြီးတွေကတော့ ဒီကိစ္စပုံမှန်ဖြစ်နေတော့ ဘာဖြစ်တယ်ဆိုတာ မေးလို့မရ ဖြစ်နေတယ်။

မိန်းမဆောင်ဆေးမှူး နောမူဖောကိုယ်တိုင် အဖြေရှာမရနိုင်ဘဲ ဦးနောက်ခြောက်လုလု ဖြစ်နေတယ်။ အကျဉ်းသူကို အကြောင်းစုံသိရအောင် ချော့မော့ဖြောင်းဖျပြီး မေးကြည့်ခဲ့တယ်။

"ညည်း ... ယောကျ်ားနဲ့ အတူမနေတာ ဘယ်နှစ်လရှိပြီလဲ"

"နှစ်လ ... သုံးလလောက် ရှိပါပြီ"

"လင်မယားဖြစ်ပြီး ဘာဖြစ်လို့ အတူမနေကြလဲ"

"သူ့မယားငယ်ထံ သွားနေတဲ့အခါ ကျွန်မဆီ ပြန်မလာဘူး"

"ညည်းယောကျ်ားကို ဖွင့်မမေးဘူးလား"

"မေးပါတယ်။ သူက ကျွန်မကို ငြီးငွေ့လာလို့ နောက်တစ်ယောက်ထားတာနေမှာပေါ့"

"ညည်းကလည်း ကျေနပ်သဘောတူလို့လား"

"ဘယ်ကျေနပ်ပါ့မလဲ။ ကျွန်မတို့ မိန်းမသားဆိုတာ မုန့်ကြိုသာ စားလို့ရမယ်၊ အချစ်ဆိုတာ ဝေစားလို့မရဘူးလေ။ ဒါကြောင့်လည်း ဒီအမှု ဖြစ်လာခဲ့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘယ်လိုဖြစ်လာခဲ့ကြတာလဲ သေချာပြောပြစမ်းပါ"

"ဒီလို ... ဆရာမရေ ကျွန်မလည်း အစက မရိပ်မိ မသိရှိခဲ့ဘူး။ သူ့ကုမ္ပဏီက သူ့ကိုယ်ရေးမလေးဆိုတော့ အလုပ်အတူတူ လုပ်နေကြလို့ အတူသွား အတူလာတယ်ပဲ ထင်နေတာ။ တစ်နေ့တော့ ကုမ္ပဏီကို လမ်းကြုံလို့ဝင်တော့မှ ဒင်းတို့ဇာတ်လမ်း ပက်ပင်းတိုးတော့ ဒေါသဖြစ်ဖြစ်နဲ့ တဖွဲ့ပေါ်ကမြင်းလုံးနဲ့ ကောက်နက်လိုက်တာ ခေါင်းကွဲသွားတာပေါ့"

"ဟုတ်လား ... ဒါနဲ့ပဲ ဒီရိုက်မှုနဲ့ ထောင်ကျခဲ့တာပေါ့"

"ဟုတ်ပါတယ်"

ဒီကိစ္စမျိုးကလည်း ခက်သားလား။ မိန်းမများအဖို့ လစဉ်ဓမ္မတာ မလာသည်လာသည်မှာ ပြဿနာဖြစ်ပါတယ်။ တချို့ကလည်း ထိန်ချင် ထိန်နေတတ်တာမျိုး၊ တချို့ကျတော့လည်း လစဉ် ရွှေ့သည့်သည်လာနေပါလျှက် သွေးဆင်းတတ်တာမျိုးကလည်း ရှိသေး။ သွေးကျော်တယ်ဆိုတာမျိုးပေါ့။

သို့သော်လည်း သူမ၏ ကိုယ်ဝန်ရှိနေခဲ့လျှင်လည်း နှစ်လခန့်လောက်ပဲ ရှိပေဦးမည်။ သူမက ထောင်ခြောက်လထဲ ကျလာခဲ့သူဆိုတော့ သူ့ကိုယ်ဝန်က မီးဖွားမည့်အချိန်လောက်မှာ ထောင်က လျှော့ရက်နှင့်ဆို လွတ်နေရော့မည်။

ဒါကြောင့် ကျွန်မမှာ အလုပ်ရှုပ်သွားရတာပဲ အဖတ်တင်သွားခဲ့တယ်။ ဒီတော့ အကျဉ်းသူကို မူလထောင်ကျလာစဉ်ကတည်းက ကိုယ်ဝန် နှစ်လ ပါရှိလာကြောင်း၊ မှတ်ပုံတင်မှာ ပြောင်းလဲတင်ကာ လက်မှတ်ရေးထိုးထားခိုင်းရတယ်။

ဘာဖြစ်လို့လည်းဆိုတော့ အမျိုးသမီးတစ်ယောက်အနေဖြင့် ကိုယ်ဝန် ပါရှိခဲ့လျှင်လည်း (၈) လကျော် (၉) လ (၁၀) လခန့်မှ မီးဖွားရမည်ဖြစ်သဖြင့် သူ့ကိုယ်ဝန်ကိစ္စ အပြင်ရောက်မှ သူတို့လင်မယားချင်း ရှင်းလင်းကြဖို့ စည်းရုံးပြောဆိုနေရတယ်။

☀ ☀ ☀

# [၂]

❑

အဲဒီလို ကိုယ်ဝန်နှင့်ပတ်သက်ပြီး ပြဿနာတက်စရာ ဇာတ်လမ်းလေးတစ်ပုဒ် ကြုံခဲ့ရတာကို ပြောချင်သေးတယ်။

"ကျွန်မ ရာသီမလာတာ နှစ်လရှိနေပြီ ဆရာမ"

"ဟိုက် ... ဘယ်လိုဖြစ်ရတာလဲ"

ကြားလိုက်ရတဲ့စကားကြောင့် ကျွန်မ စိုးရိမ်ထိတ်လန့်သွားမိတယ်။ အေးအေးဆေးဆေး အနားယူနေရင်း ရွှေပါရမီတောရဆရာတော်အရှင်ဆန္ဒာဓိကရေးသားတဲ့ 'မိဘကျေးဇူး အကျေဆပ်နည်း' ဆိုသည့် ဓမ္မစာအုပ်လေး ဖတ်နေတယ်။

ဒီလိုအချိန်မှာ အကျဉ်းသူတစ်ယောက်က သူမ၏ ပြဿနာကို ကျွန်မထံ လာရောက်သတင်းပို့နေခဲ့တာကြောင့် နားထဲမှာ ပြင်းထန်တဲ့ ဗုံးတစ်လုံး ထပေါက်ကွဲသွားသလိုပဲ တုန်လှုပ်ချောက်ချားသွားခဲ့ရတယ်။

"နေစမ်းပါဦး ... ညည်းကို ထောင်ထဲဝင်လာတုန်းက ငါကိုယ်တိုင် မှတ်ပုံတင်တော့ ညည်းပဲ အပျိုဆိုလို့ ငါမှတ်ပုံတင်ခဲ့ရတာလေ"

www.burmeseclassic.com



"ဟုတ်ပါတယ် ... ဆရာမရယ်။ ကျွန်မပဲ ရက်မှားနေသလားဆို ပြီး ဝေခွဲပါမြစ်နေတာ အခု ခုနစ်လရှိနေပြီဆိုတော့"

"နင် အပြင်မှာ ယောကျ်ားရှိနေလို့လား"

"ဘယ်ကလာရှိရမှာလဲ ... ဆရာမရယ်။ ယင်ဖိုတောင် မသန်းခံ ရသေးတဲ့ အပျိုစစ်စစ်ပါရှင်"

"ဟင် ... နင့်ဟာက ယင်ဖိုသာမသန်းတယ် ယင်ချေးတောင်ဥ သွားပြီ"

"တကယ်ပါ ... ဆရာမရယ်။ ကျွန်မမှာ မှားလို့ရှူစရာ ရည်းစား တောင် မရှိပါဘူး"

"ဒုက္ခပါပဲအေ ... ညည်းဖာတ်လမ်းက ထောင်ထဲကို ရောက်လာ ပြီးမှ ကိုယ်ဝန်ရှိလာသလိုလို ဖြစ်လာတော့ တရားခံ ဘယ်သူလဲဟောဆိုပြီး ခိုရှိုစစ်ဆေးခံရမလို ဖြစ်နေပြီ"

အဲဒီလို ဒုက္ခပေါင်းစုံပေးတတ်တဲ့ မိန်းမတွေနဲ့မှ ကြုံပဲကြုံတတ် လေရော။ ထောင်ထဲရောက်နေပြီး မိန်းမဆောင်မှာနေရဒိုက်မှာ ဘယ်သူက များ ကျူးကျူးကျော်ကျော်ဝင်ပြီး စော်ကားသွားတာလဲ။ ဟင် ... ဒါလည်း ဟုတ်သေးပါဘူး။ မိန်းမဆောင်ထဲမှာ မိန်းမသားတွေချည်းပဲ စုဝေးနေရတဲ့ နေရာလေ။

ယောကျ်ားလေးတွေနှင့် ဒွေးရောယှက်တင် နေထိုင်ရတာလည်း မဟုတ်။ အိုချင်းထားလျှင် အိုးချင်းထိ၊ ကြိုးချင်းထားလျှင် ကြိုးချင်းထိ ဆို ရအောင်ကလည်း တခြားစီနေရတာ။ ခုတော့ မိန်းမဆောင်ထဲက အကျဉ်း သူမှာ ကိုယ်ဝန်ရှိနေပါတယ်ဆိုတော့ ဘယ်သူက ယုံကြည်မှာလဲ။

အမှန်တော့ မိန်းမဆောင်ထဲကို တရားဝင် ဝင်နိုင်ခွင့်ရှိနေတာက ယောကျ်ားဆိုလို့ တာဝန်မှူးပဲရှိတာ။ တစ်ခါတစ်ရံ ထောင်ပိုင်ကြီးကလည်း နိုက်ရောင်း (Night Round) ဆိုပြီး စိတ်မချလို့ ဝင်ဝင်စစ်သေး။ ဒီတော့ တရားခံကို လက်သည်ပေါ်ဖို့ဆိုတာ ဘဲဥအစရှာမရသလို အဖြစ်မျိုး။

☼ ☼ ☼

[၃]

❑

"နေစမ်းပါဦး ... ညည်းပြောသလိုဆို အပျိုက ဘာဖြစ်လို့ ဗိုက် ကြီးရမှာလဲ"

"အဲ ... အဲဒါက ..."

"ဩော် ... စိတ်ရှုပ်ရတဲ့အထဲ ... မြန်မြန်ရှင်းပြစမ်း"

"ဒီ ... ဒီလိုပါ ... ဆရာမ ... သူပဲ တရားခံဖြစ်မယ်ထင် တယ်"

"ဗုဒ္ဓေါ ... ဘယ်သူတရားခံလဲ၊ တို့ဝန်ထမ်းတွေ ဝင်လုပ်သွား တာလား ... ပြောစမ်း"

"မ ... မဟုတ်ပါဘူး ... ဆရာမရယ်၊ အဲဒီတုန်းက ညဘက် မှောင်ကြီးမည်းမည်းထဲမှာ ဖွတ်ဝင်လုပ်သွားတဲ့ သေနာကောင်ပဲဖြစ်မယ်"

"အမလေးဟယ် ... လူတစ်ယောက်လုံး မှောင်ထဲဝင်လာတာ ကို နင်က မအော်ဘူးလားဟဲ့"

"အော်လို့မရအောင် သူက ပါးစပ်ကို လက်တစ်ဖက်နဲ့ အတင်း ကပ်ပိတ်ပြီး လုပ်နေတော့ ဘယ်အော်လို့ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... တော်တော်ခက်တဲ့ကောင်ပဲ နည်းနည်းပါးပါး ရှန်းပါကန်ပါ လုပ်လိုက်ပါတော့လား"

"ဟင့်အင်း ... အားချင်းက မမျှဘူးလေ။ သူ့ကိုယ်လုံးကြီးနဲ့ အတင်းဖိထားတာ"

"အိမ်မှာ နင်တစ်ယောက်တည်းလား နင့်မိဘတွေမရှိကြတော့ဘူးလား"

"ဟင့်အင်း ... အမေတစ်ယောက်ပဲ ရှိတယ်။ အမေကလည်း ခေါင်းရင်းဘက် အိမ်ရှေ့ခန်းမှာ အိပ်နေတယ်။ အခန်းထဲမှာ ကျွန်မတစ်ယောက်တည်းပဲ အိပ်နေခဲ့တာ"

"ဒါဆိုလည်း အဲဒီကောင်ကိုပဲ ယူလိုက်ပါလား"

"ယူလို့မရတော့ဘူး ဆရာမ"

"ဘာဖြစ်လို့လဲ"

"ကျွန်မသတ်လို့ သေသွားပြီ"

"ဩော် ... ဒါကြောင့် နင် လူသတ်မှုနဲ့ ထောင်ငါးနှစ် ကျလာခဲ့တာကိုး"

"ဟုတ်ပါတယ်"

ဒီပြဿနာရဲ့အဖြေကို ကျွန်မ ရှာကြည့်တော့ အမျိုးသမီးငယ်လေးတွေအတွက် ညရေးညတာ အိမ်မှာလုံလုံခြုံခြုံ အိပ်ရပေမယ့် ကာမမှုဆိုးတွေကတော့ အခြေအနေနဲ့ အချိန်အခါကို စောင့်ကြည့်ပြီး မတရားအနိုင်ကျင့် စော်ကားသွားခဲ့တာပဲဖြစ်တယ်။

မိဘမောင်ဘွား မရှိတဲ့အိမ်မှာဆို ပတ်ဝန်းကျင်ကလည်း ဝိုင်းဝန်းပြီး စောင့်ရှောက်ကူညီပေးနိုင်ပါမှ တန်ကာကျမည်။ သို့မဟုတ်ပါက အမှောင်လောကဝယ် ကျင်လည်ကျက်စားတတ်သော စားနေကျကြောင်ဖားမျိုးကို အထူးဂရုစိုက် ရှောင်ရှားသင့်ပေတယ်။ အိမ်ထဲမှာနေပြီး လုံခြုံစိတ်မချနိုင်တဲ့ နေရာဒေသမျိုးမှာ ပတ်ဝန်းကျင်မကောင်းလို့ ဒူးနဲ့မျက်ရည် သုတ်နေရတဲ့ မိန်းကလေးတွေ အများကြီးရှိနေမှာ မလွဲကေန်ပါပဲ။





"နင်က ... ဘယ်လိုဖြစ်ပြီး လူသတ်မှု ဖြစ်သွားခဲ့တာလဲ"

"ကျွန်မလည်း အားရှိသမျှ ဖွတ်ရုန်းကန်နေရင်း ခေါင်းအုံးအောက်မှာ အသင့်ဆောင်ထားတဲ့ ဓားကို လက်တစ်ဖက်က စမ်းမိတော့မှ သူ့ဗိုက်ကို အောက်ကနေ တစ်ချက်တည်း ဆောင့်ထိုးပစ်လိုက်တာ တစ်ခါတည်း အသက်ပါ ပျောက်သွားတယ်"

"အမလေး ... အာဂသတ္တိခဲပါလား"

"ကျွန်မ ... ဓားနဲ့ထိုးလိုက်လို့ မချိမဆံ့ အော်လိုက်သံကြောင့် ပတ်ဝန်းကျင်က လူတွေရောက်လာပြီး အဖြစ်မှန် သိသွားတယ်"

"ဒါနဲ့ နေစမ်းပါဦး ... ဘယ်လိုလုပ် ကိုယ်ဝန်က ရှိသွားရတာလဲ"

"သူလုပ်တာ ကိစ္စအောင်မြင်သွားလို့ ဖြစ်မှာပေါ့"

"နင့်ကို သူကစော်ကားနေချိန်မှာ နင်က မသိဘူးလား"

"ဘယ်သိပါ့မလဲ ... ကြောက်ကြောက်နဲ့ ရုန်းကန်ရင်း ဖြစ်သွားမှာပေါ့"

"ကဲ ... ကဲ ... ဒီကိစ္စကို လူသိရှင်ကြား သိထားရအောင် ထောင်ပိုင်ကို သတင်းပို့ထားမှဖြစ်မယ်"

ကျွန်မ ထောင်ပိုင်ကြီးထံ အကျိုးအကြောင်း သတင်းသွားပို့လိုက်တယ်။ ကျွန်မရဲ့ သတင်းပို့ချက်အဆုံးမှာတော့ ...

"ဗုဒ္ဓေါ ... နင်တို့တွေလုပ်လိုက်ရင် သောက်တလွဲချည်းပဲ။ စောစောထဲက သေသေချာချာ မေးမြန်းပြီး မှတ်တမ်းတင်ပါလား"

"ကျွန်မလည်း မှတ်ပုံတင်နေတဲ့အချိန်မှာ သူ့ကို အိမ်ထောင်ရှိလားလို့မေးတော့ မရှိဘူး အပျိုပါလို့ ပြောနေတော့ ကိုယ်ဝန်ရှိမယ်မထင်ဘူး"

"ဟဲ့ ... အပျိုလည်း ယောကျ်ားနဲ့တွေ့သွားရင် ချက်ချင်း အဒိုဖြစ်သွားပြီး မရှုနိုင်မရှက်နိုင် ဘူးပေါ်သလိုပေါ်လာလို့ လက်ခံယူလိုက်ရတဲ့သူ အများကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့ သတင်းပို့ချက်ကြောင့် ထောင်ပိုင်ကြီးမှာ ရုံးခန်းထဲဝယ် ပုတီးစိပ်နေရာမှ သမာဓိအား မတည်ဆောက်နိုင်ရှာတော့ဘဲ ဖုတ်ပူမီးတိုက် အမျိုးသမီးဆောင်ထဲ ဝင်လိုက်လာခဲ့ရတော့တယ်။

ထောင်မှူးမရဲ့ ရုံးခန်းထဲမှာ ထောင်ပိုင်ကြီးက ဝင်ထိုင်နေခဲ့တယ်။ ကျွန်မက အကျဉ်းသူကို ရုံးခန်းထဲက ကတိုက်ကရိုက်ခေါ်လာပြီး အဖြစ်မှန်ကို ရှင်းလင်းစေတယ်။ ထောင်ပိုင်ကြီးမှာတော့ ထောင်ထဲမှ အကျဉ်းသူတစ်ဦး လင်ကောင်မပေါ်ဘဲ ကလေးမွေးဖွားရမယ့်ကိန်း ဆိုက်နေလို့ ထိတ်ထိတ်ပျာပျာ ဖြစ်နေရှာတယ်။

အကျဉ်းသူမှာလည်း သူမဘာသာ အိပ်မှာ ကောင်းကောင်းမွန်မွန် နေထိုင်လျက် ဘုန်းကြီးအမှု ရှာပတ်လာသောကြောင့် စိတ်မချမ်းမသာဖြစ်နေရှာတယ်။ တကယ်တော့လည်း ထောင်ထဲမှာရှိနေကြတဲ့ အကျဉ်းသူ အကျဉ်းသားတွေဆိုတာ မိမိရဲ့ သားသမီးတွေနဲ့ မခြားပါဘူး

☼ ☼ ☼

|၄|

❑

"ဟဲ့ … ကလေးမ နင်က အပျိုမဟုတ်ဘူးလား"

"အစကတော့ အပျိုလေးစစ်စစ်ပါရှင်။ ထောင်ထဲရောက်လာတော့မှပဲ အအိုဖြစ်မှန်း သိခဲ့ရတာပါ"

"ဟင် … ဒါဆို မိန်းမဆောင်ထဲကို တရားဝင် ဝင်ထွက်ခွင့်ရနေကြတဲ့ ထောင်အရာရှိဝန်ထမ်း တစ်ယောက်ယောက်နဲ့များ မလွတ်မကင်းဖြစ်လို့လား"

"ဟင့်အင်း … အဝေးကြီးပါ … ဆရာကြီး"

"ဒါဆို ငါကော နင်တို့အိပ်ဆောင်ထဲကို ညဘက် ဝင်လာခဲ့တာတွေ့လား"

"မရှိပါဘူး … ဆရာကြီး"

"ဒါနဲ့များ ထောင်ထဲကိုရောက်လာမှ ကိုယ်ဝန်ရှိလာတယ်ဆိုတော့ ဘယ်သကောင့်သား လက်ချက်မိသွားတာလဲ ရှင်းရှင်းပြောစမ်း"

"ဘယ်သူ့လက်ချက်မှ မပါဘဲ … သူ့လက်ချက်နဲ့ သနွေတည်သွားတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . နင်တို့ဟာကလည်း ရှင်းလေရှုပ်လေဖြစ်နေပြီ။ ငါ့ကို လိပ်ပတ်လည်အောင် ရှင်းပြကြစမ်း"

ကျွန်မကလည်း ဘေးမှရပ်ကြည့်နေရင်း ထောင်ပိုင်ကြီးခမျာ သူ့ထောင်ထဲမှာ ကျော်မကောင်းကြားမကောင်း အဖြစ်အပျက်ကြောင့် စိတ်ကသိကအောင့်ဖြစ်နေတာကို မြင်လို့ ဖြစ်ရပ်မှန်ဇာတ်လမ်းလေးကို အစအဆုံး ပြောပြလိုက်တယ်။

"ဩော် . . . ဂလိုကိုး . . . တော်သေးတာပေါ့ကွာ။ နို့မို့ဆို . . . လင်ကောင်မပေါ်ဘဲ ကလေးမွေးပါတယ်ဆိုပြီး ငါ့လို ထောင်ပိုင်ကြီး တစ်ယောက်လုံး ခေါင်းဆင်နင်းခံရကိန်း ကြုံတော့မလို့ ဟီး . . . ဟီး"

သည်တော့မှ ထောင်ပိုင်ကြီးခမျာ ပင့်သက်ချပြီး ရယ်မောနိုင်တော့တယ်။ အကျဉ်းသူ မီးဖွားနိုင်ဖို့လည်း အစစအရာရာ အကူအညီပေးမည်ဟု နှစ်သိမ့်ပေးခဲ့လေ၏။

သို့သော် အကျဉ်းသူ၏ တုံ့ပြန်စကားသံကို ကြားလိုက်ရသည့်ခဏမှာ မူးမေ့ချင်လောက်အောင် စိတ်ညစ်သွားရပြန်သည်။ အကျဉ်းသူဘက်ကတော့ ဒီကိစ္စနှင့်ပတ်သက်ပြီး အနိုင်အမာ ဆုံးဖြတ်ချက် ချထားဟန်တူတယ်။

"ဆရာကြီးကို တစ်ခုလောက် တင်ပြချင်ပါတယ်"

"ကဲ . . . ဆို . . . ဘာများ အကူအညီပေးရဦးမလဲ"

"သမီးရဲ့ ဒီကိုယ်ဝန်ကို လမရင့်ခင် ထောင်ထဲမှာပဲ လူမသိသူမသိ ဖျက်ချပစ်ချင်ပါတယ်"

"အို . . . ဘယ်လိုများ ပြောလိုက်တာလဲ . . . သမီးရယ်၊ ဒီလို စိတ်ထားမျိုး လုံးဝ မမွေးကောင်းပါဘူးကွယ်"

"ဟုတ်ပါတယ် . . . ဆရာကြီးရယ်၊ ကျွန်မမှာ ဒီလူယုတ်မာရဲ့ သွေးသားကို ကျွန်မရင်မှာ လွယ်မထားချင်ဘူး"

"ဒီလိုလုပ်ဖို့ မသင့်တော်ပါဘူးကွယ် . . . စဉ်းစဉ်းစားစား လုပ်ပါနော်"





"ဟုတ်သားပဲဟယ် . . . ကိုယ့်ရင်ထဲမှာ သန္ဓေတည်နေတဲ့ သွေးသားကိုများ မဖျက်ဆီးသင့်ပါဘူးဟယ်"

ကျွန်မလည်း မနေသာလို့ အကျဉ်းသူ သဘောပေါက်နားလည်လာအောင် ဝင်ရောက်ဖြောင်းဖျပြောဆိုနေတယ်။ တကယ်ဆို ဘာမှုအပြစ်မရှိတဲ့ ရင်သွေးလေးကို တယုတယ မွေးမြူပြုစုသင့်တာပေါ့ရှင်။ ခုတော့ ဖျက်ချပစ်မယ်ဆိုတော့ ဘယ်ကောင်းမလဲ။

"ဆရာမက ဘာသိလို့လဲ။ ဒီလူယုတ်မာရဲ့ သန္ဓေသားကို ကျွန်မရင်မှာ လွယ်မထားနိုင်ဘူး။ သက်သက်မဲ့ ကျွန်မရဲ့ ဖြူစင်တဲ့အပျိုဘဝကို ဖျက်ဆီးသွားတဲ့ . . . အယုတ်တမာကောင် . . . . ထွီ"

အကျဉ်းသူလေးမှာတော့ ခံပြင်းဒေါသစိတ်များ ပေါက်ကွဲထွက်ကာ ယုတ်မာသွားသူအပေါ် မကျေမချမ်းနိုင်အောင် ဖြစ်ပေါ်ခံစားနေရတယ်။ ကျွန်မလည်း ကလေးတစ်ယောက်ကို အကြောင်းမဲ့ ဖျက်ဆီးပစ်မှာကို မလိုလားဘူး။ ကိုယ်လော်မာလို့ ဖြစ်သွားတဲ့ကိစ္စမျိုးမဟုတ်ဘဲ တစ်ဖက်လူက ကိုယ့်အပေါ် အနိုင်ကျင့်စီးပြီး မတရားကျင့်ကြံလို့ ဖြစ်ပေါ်သွားခဲ့ရတဲ့ သန္ဓေသား ဖြစ်နေတယ်။

"အဲဒီလို ဖျက်ဆီးမယ်ဆိုတာ မလုပ်ကောင်းပါဘူး . . . သမီးရယ်။ သတ္တဝါတစ်ခု ကံတစ်ခုလို့ပဲ မှတ်ယူလိုက်ပါကွယ်။ အပြစ်မရှိရှာတဲ့ ကိုယ့်ရင်ထဲက သွေးသားကို ရင်မှာသန္ဓေလာတည်နေတာကိုပဲ ကံကောင်းခြင်းလက်ဆောင်လို့ မှတ်ယူလိုက်ပါကွယ်။ အဲဒီလို စိတ်လိုက်မာန်ပါ ဖျက်ဆီးပစ်လိုက်ရင် ငရဲကြီးနေမှာပေါ့ကွယ်။ လူ့လောကသံသရာကြီးရဲ့ အကောင်းအဆိုး အကြောင်းအကျိုးတွေကို ဘာတစ်ခုမှ မသိရှာသေးတဲ့ သံယောဇဉ်ကြိုးလေးတစ်မျှင်ကို ရက်ရက်စက်စက် မခုတ်ဖြတ်သင့်ပါဘူးကွယ်"

ထောင်ပိုင်ကြီး၏ အေးအေးဆေးဆေး ပြောဆိုတရားချနေသော စကားများကို ကြားလိုက်ရသော အကျဉ်းသူမလေးမှာ ခေါင်းညိတ်အထာန်



www.burmeseclassic.com

www.burmeseclassic.com



တွေဝေသွားရှာတယ်။ မိမိရင်ထဲမှာ အမှတ်မထင် ဖြစ်တည်လာသောသွေးသား၊ သန္ဓေသားလေးဟာ မိမိရဲ့ မောဟစိတ်ကြောင့် အကျိုးမဲ့ဖျက်ဆီးပစ်သင့်ရဲ့လား။

ဒီသန္ဓေသားကို ဖျက်ဆီးပစ်လိုက်ပါပြီတဲ့ မိမိဘဝကကော နဂိုတိုင်းအပျိုပြန်ဖြစ်လာမှာလား။ ဝေးပါသေးတယ်။ လူ့တကာအလယ်မှာ တံတွေးခွက်ထဲ ပက်လက်မျောရမယ့်ကိန်း ဆိုက်နေပြီ။ ဘာပဲဖြစ်ဖြစ် အပြစ်မဲ့ရှာတဲ့ မိမိရင်မှာ လွယ်ထားခဲ့ရတဲ့ သန္ဓေသားလေးဟာ မိမိဘဝအတွက် သံယောဇဉ်ကြိုးလေးတစ်မျှင်အဖြစ် ရစ်ပတ်နှောင်တွယ်လို့ နေခဲ့ပြီပဲလေ။ ဒီအချိန်မှာ ကျွန်မကလည်း အားလုံး အဆင်ပြေသွားအောင် ဝင်ပြောလိုက်တယ်။

"ကဲပါဟယ် ... နင့်ဗိုက်ထဲက ကလေးလေးကို ကောင်းကောင်းမွန်မွန် မွေးဖွားပေးလိုက်ပါတယ်။ နင်ထောင်ထဲက လွတ်သွားတော့လည်း နင်မခေါ်သွားချင်ရင် အဲဒီကလေးကို ငါ့ဆီပေးခဲ့ပါဟာ ငါ့ဘဝမှာ အပျိုကြီးတစ်ကိုယ်တည်း အဖော်မဲ့နေတော့ ငါ့ဘဝအတွက် အဖော်မွန်လေးရသွားတာပေါ့ ... ဟုတ်ပြီလား။ နင် ကလေးမွေးပြီးရင် ငါ့ကို အပိုင်ပေးခဲ့ရမှာပဲနော်"

"ကဲ ... မြင်တယ်မဟုတ်လား ... သမီးရယ်၊ ဘာမှသွေးသားမတော်စပ်တဲ့ သူစိမ်းတစ်ယောက်ကတောင် နင့်ကလေးအပေါ်မှာ သံယောဇဉ်တွယ်တာနေခဲ့သေးတာပဲ သမီးလို ကာယကံရှင်တစ်ယောက်က ကိုယ့်ရင်ထဲက မမြင်နိုင်ရသေးတဲ့ သံယောဇဉ်ကြိုးလေးတစ်မျှင်အပေါ် ကရုဏာအကြင်နာမေတ္တာတွေ မထားနိုင်ဘူးလားကွယ်"

ထောင်ပိုင်ကြီးရဲ့ စကားကို ကြားလိုက်ရချိန်မှာ အကျဉ်းသူမလေးဟာ ခေါင်းငိုက်စိုက်ကျနေကာ တွေဝေစဉ်းစားနေဟန်တူပါတယ်။ သူမရဲ့ဘဝထဲကို မဖိတ်ခေါ်ပါဘဲ ရောက်လာခဲ့ရရှာတဲ့ ချစ်ဉာဏ်သည်လေးကို နွေးထွေးသော မေတ္တာဖြင့် လက်ကမ်းကြိုဆိုသင့်တယ် မဟုတ်ပါလား။





ခုတော့ မိမိဘဝကို တမင်တကာ ဖျက်ဆီးပြီး အရောင်ဆိုးသွားတဲ့ လူယုတ်မာတစ်ယောက်အပေါ် နာကြည်းဒေါသဖြစ်နေခဲ့တာကြောင့် စိတ်လိုက်မာန်ပါ ပြောဆိုနေမိသည်များကို နောင်တရသလိုလို ဖြစ်သွားတယ်။

ဘယ်လိုပဲဖြစ်ဖြစ် မိမိနှင့် ပဋ္ဌာန်းဆက်ရှိနေခဲ့လို့သာ ယခုလို မိုးနတ်မင်းကြီးက ဖန်ဆင်းပေးလိုက်တာများလားဆိုပြီး သံသယစိတ်တွေဝင်လာနေမိတယ်။ မိမိကုသိုလ်ကံတရားရဲ့ ဆန်းကြယ်ပုံကို မျက်စိထဲမှာ မြင်ယောင်လာနေတယ်။

"မဟုတ်ပါဘူး ... ဆရာကြီးရယ်၊ ကျွန်မလို အပျိုတစ်ယောက်အဖြစ် ရွာကလူတွေအားလုံးက သိထားတာ ထောင်ကလည်း လွတ်မြောက်လာရော လင်ကောင်မပေါ်ဘဲ ကလေးမွေးတဲ့ကောင်မဆိုပြီး အများတကာတံတွေးခွက်မှာ ပက်လက်မျောရမယ့်အဖြစ်ကို ရှက်ရွံ့နေမိတာကြောင့်ပါ။ လောကအလယ်မှာ ဘယ်လို မျက်နှာပြရပါ့မလဲရှင်။ ဒါကြောင့် ထောင်ထဲမှာ ထောင်ကျနေတုန်း လူမသိသူမသိ ကိုယ်ဝန်ဖျက်ချလိုက်ရ ကောင်းမလားလို့ပါ"

အကျဉ်းသူမလေး၏ စိတ်ထဲမှာ အမှန်နှင့်အမှား လွန်ဆွဲနေဟန်တူပါတယ်။ တစ်ဖက်ကလည်း အရှက်ကို ငဲ့ကွက်စဉ်းစားရမလိုလို၊ တစ်ဖက်ကလည်း ဘာအပြစ်မှမရှိရှာတဲ့ သန္ဓေသားလေးကို သံယောဇဉ်ကြိုးလေးတစ်မျှင် ရစ်ပတ်နှောင်တွယ်လာနေတော့ ဝေခွဲရခက်နေရှာတယ်။

"စဉ်းစားပါဦး ... သမီးရယ်၊ စိတ်လိုက်မာန်ပါ အရမ်းမလုပ်ချင်ပါနဲ့ကွယ်။ သမီးလက်ချက်နဲ့ သေတဲ့လူကလည်း သေသွားခဲ့ပြီပဲ သူမြတ်နိုးခဲ့တဲ့ ပုံတင်သံက သူ့ထံပြန်လာလို့ လူ့လောကကြီးကို ကျောခိုင်းသွားရပြီလေ။

အဲဒီလိုပါပဲ ... ချစ်လှပါချည်ရဲ့ဆိုတဲ့ ချစ်သူရည်းစားတွေမှာလည်း တစ်ချိန်ချိန်မှာ သစ္စာဖောက်ဖျက်ခဲ့ကြလို့ပဲဖြစ်ဖြစ်၊ ဒိုက်ဆယ်လုံးနဲ့ တချို့

www.burmeseclassic.com



ရင်တောင် လောကအလယ်မှာ သူ့တို့ကိုယ်ပွား လွယ်ထားမိရင်လည်း ရဲရဲ ဝံ့ဝံ့ရင်ဆိုင်ဖြေရှင်းပြီး မွေးဖွားရဲကြတဲ့ သာဓကတွေ အများကြီးပါ။ ဘာ အပြစ်မှ မရှိရှာတဲ့ ရင်ထဲက မွေးဖွားလာမယ့် ကလေးငယ်ဟာ ကြားက မားစာခံအဖြစ်နဲ့ မွေးဖွားသန္ဓေစင် လာတော့မှာပါကွယ်''

ထောင်ပိုင်ကြီးကတော့ မဖြစ်သင့်တာ မဖြစ်ရလေအောင် မနည်း နားဝင်အောင် နားချပြောဆိုနေခဲ့တယ်။ အကျဉ်းသူမလေးကတော့ ထောင် ထဲက ထွက်သွားရင် ကလေးကို လက်ဆွဲပြန်ရမှာကို မဝံ့မရဲဖြစ်နေရှာ တယ်။

''ဘာပဲဖြစ်ဖြစ်ပေါ့ မိခင်တစ်ယောက်ရဲ့ မေတ္တာစိတ်ကို မွေးပြီး တော့ ကလေးအပေါ်မှာ မှန်မြတ်တဲ့ သံယောဇဉ်စိတ်ဓာတ်လေးနဲ့ ကိုယ့်ရင် ထဲက ပေါက်ဖွားလာမယ့် ရင်သွေးငယ်ကို လူတစ်လုံး သူတစ်လုံးဖြစ်လာ အောင် ပြုစုပျိုးထောင်ပေးပြီး အနာဂတ်ရဲ့သားကောင်း သမီးကောင်း ရတနာ လေးကို အောင်မြင်စွာ မွေးဖွားသန္ဓေစင်ပေးသင့်ပါတယ်။ တကယ်တော့ လူ ဆိုတာ ဝဋ်ကြွေးနဲ့ မကင်းကြသူတွေပါ ဝဋ်ကြွေးရှိလို့ ပေးဆပ်လိုက်ရတယ် လို့ သဘောထားလိုက်ပါကွယ်''

''ဟုတ်ပါတယ်ဟယ် ... ငါတောင် အပျိုကြီး တစ်ကိုယ်တည်းဘဝ နဲ့ အထီးကျန် အဖော်မဲ့နေရာက ဒီလိုဘဝရဲ့ သာယာချိုမြိန်တဲ့ ဆည်းလည်း သံလေးတွေကို ကြားနေရရင် ဘယ်လောက် စိတ်ချမ်းသာလို့ကောင်းမလဲ ဒီ ကလေးကို ငါ့ကို အပြီးအပိုင်မွေးစားဖို့ ပေးခဲ့ရင် ငါအမွေစား အမွေခံအဖြစ် မွေးပြီး ငါ့ဘဝရဲ့ အထီးကျန်တဲ့ဘဝတွေ လုံးဝဆိတ်သုဉ်းသွားမယ် ငါ့ကို မွေးစားခွင့်ပေးပါဟယ်''

အဲဒီလို ကျွန်မရဲ့ အားတက်သရောပြောနေတဲ့ အခိုက်အတန့်မှာ ပဲ အကျဉ်းသူမလေးဟာ ချက်ချင်း ပြာပြာသလဲ ဖြစ်ပေါ်ခံစားသွားတယ်။ မိမိနှလုံးသားထဲမှာ တစ်ခါဘူးမျှ မပေါ်ပေါက်ခဲ့ဖူးသော မှန်မြတ်သန္ဓေစင်





သည့် ရေကြည်တစ်ပေါက်စိမ့်စီးလာနေသလို နှလုံးသားမှာ တမြေ့မြေ့ ခံစား လာခဲ့တယ်။ မိခင်တစ်ယောက်ရဲ့ရင်ထဲမှာ ဖြစ်ပေါ်ခံစားလာမိတဲ့ ကရုဏာ စိတ်နှင့် အကြင်နာစိတ်တွေယှိုဖိတ်ပြီး ငါ့ရင်သွေးလေးပါလားဆိုတဲ့ အသိ စိတ်ဓာတ်နဲ့ မေတ္တာရောင်ပြန် ထင်ဟပ်လာခဲ့တော့တယ်။ ဒါကြောင့် ...

''မ ... မလုပ်ပါနဲ့ ... ဆရာမရယ်၊ ကျွန်မရဲ့ကလေးကို ကျွန်မ ကိုယ်တိုင်ပဲ လူတစ်လုံး သူတစ်လုံးဖြစ်လာအောင် ကောင်းကောင်းမွန်မွန် မွေးဖွားပါ့မယ်။ ခုနေ ထောင်ကျနေတုန်းအချိန်မှာ ဒုက္ခတွေခံပြီး ကျွေးမွေး စောင့်ရှောက်သွားပါ့မယ်။ ထောင်ကလွတ်မြောက်သွားတဲ့ တစ်နေ့မှာတော့ ကျွန်မကလေး လက်ကိုဆွဲပြီး အမေတို့ရှိရာရွာကို ပြန်ပါတော့မယ်ရှင်''

''အေး ... အေး ... အခုလို အမြင်မှန်ရလာတာကို ဆရာ ဝမ်းသာပါတယ်။ ငါ့သမီး ဘာမှအားငယ်မနေပါနဲ့။ သမီးမီးဖွားနေမယ့်အချိန် မှာ လိုအပ်မဲ့ ဆေးဝါးနဲ့ အစားအစာအာဟာရတွေကို ဆရာတို့ ထောင် ဝန်ထမ်းဘက်ကလည်း အစအစအရာရာ လိုလေသေးမရှိ စီစဉ်ဆောင်ရွက် ပေးပါ့မယ်''

ထောင်ပိုင်ကြီးထံမှ စေတနာအပြည့်ပါသော မုဒိတာစကားများ ကို ကြားခဲ့ရတော့ အကျဉ်းသူမလေးမှာ အားတက်ဝမ်းသာနေရှာတယ်။ သူမ၏ မျက်နှာလေးမှာ ဒုက္ခဖိစီးနေလို့ ဝမ်းနည်းစိတ်ပျက်စရာ အိပ်မက်ဆိုး မှ နိုးထလာနေသလိုပဲ ဝင်းပကြည်လင်လာတယ်။

''ကဲ ... ဆရာမလေး၊ ဆေးရုံက ထောင်ဆရာဝန်ကြီးကို အကြောင်းကြားပြီး တကယ် ကိုယ်ဝန်ရှိမရှိကို သေသေချာချာ စစ်ဆေးစမ်း သပ်ပြီး ကြည့်ခိုင်းလိုက်နော်''

''ဟုတ်ကဲ့ပါ ... ထောင်ပိုင်ကြီး''

ဤကဲ့သို့ ထောင်ပိုင်ကြီးမှ လိုအပ်သည်များကို ပြောဆိုမှာကြားတော့ အိပ်ဆောင်ထဲမှ ပြန်လည်ထွက်သွားသည်။ ကျွန်မလည်း ထောင်ပိုင်ကြီး မှာ ကြားထားသည့် စကားအတိုင်း စီစဉ်ဆောင်ရွက်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုလို အကျဉ်းသူမလေးရဲ့ ခက်ထန်မာကြောနေသော နှလုံးသားကို အောင်မြင်စွာ ပျော့ပြောင်းနူးညံ့စိတ်ဖြစ်အောင် ထောင်ပိုင်ကြီး၏ စည်းရုံးနားချမှု အောင်မြင်သွားခဲ့ပြီ။

တကယ်တော့ အကျဉ်းသူမလေးရဲ့ နူးညံ့ပျော့ပျောင်းတဲ့ ပင်ကိုစိတ်ဓာတ်ကပဲ ဖြူစင်လို့လား၊ ဒါမှမဟုတ် မိခင်တစ်ယောက် ရင်ထဲနှလုံးသားမှ မေတ္တာစမ်းရေစီးသံ တသွင်သွင် စီးဆင်းလာခြင်းကြောင့်လားဆိုတာ မသိနိုင်ပေ။

ခုလို စိတ်ဓာတ်ခိုင်ခိုင်မာမာ ဆုံးဖြတ်ပြီး မိမိရင်သွေးလေး ရှင်သန်ပေါက်ဖွားချင်လာအောင် လှုံ့ဆော်ခဲ့သည်မှာ မိခင်တိုင်း၏ ရင်ထဲဝယ်သဓ္ဓေတည်နေသော မေတ္တာစမ်းရေကြောင့်သာလျှင် ဖြစ်နိုင်မည်မှာ သေချာနေပါတော့တယ်။

※ ※ ※

[၅]

အဲဒီလိုပါပဲ ...ထောင်ထဲမှာ ပြဿနာပေါင်းစုံနဲ့ ရှုပ်ထွေးမွှေသီနေတတ်ပါတယ်။ ကျွန်မတို့လို ဝန်ထမ်းတွေက သူတို့ပြဿနာအမျိုးမျိုးကို ပြေလည်သွားအောင် ညှိနှိုင်းဆောင်ရွက်ပေးရတာ များတယ်။

"အေးသီ ...နင့်ကလေးကို အဆောင်မှာ ထားခွင့်မရှိတော့ဘူး"

"ဟင် ...ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ ...နင့်ကလေးကအသက် ဘယ်လောက်ရှိပြီလဲ"

"လေးနှစ်ခွဲ ငါးနှစ်ထဲမှာပါ"

"အေး ...အဲဒါကြောင့် ထောင်ထဲမှာ ဆက်ထားလို့မရတော့ဘူးဟဲ့။ နင့်ကလေးက ယောကျ်ားလေးလည်းဖြစ်ပြန် အသက်က ငါးနှစ်ပြည့်တော့မယ်"

"ဘာဖြစ်လို့လဲ ...ဆရာမရယ်၊ ငါးနှစ်ဆို ပျောက်ထားသေးဖို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ... ထောင်ကျနေတဲ့ အကျဉ်းသူတစ်ယောက် ထောင်ကျလာစဉ်မှာ ရင်ခွင်ပိုက်အရွယ် ကလေးငယ်ဟာ မိခင်နှင့်ခွဲထားမရလို့ အတူခေါ်လာလည်း အသက် (၅) နှစ်အထိပဲ အမျိုးသမီးထောင်ထဲမှာ အတူတူထားခွင့်ရှိတယ်လို့ အကျဉ်းထောင်လက်စွဲဥပဒေ (၆၀၂) အရ ဆိုထားတယ်။ အဲဒါကြောင့် ခုကတည်းက နင့်မိဘဆွေမျိုးတွေဆီ ဆက်သွယ်ထားပြီး ကလေးခေါ်ဖို့ စီစဉ်ထားတော့"

"ခက်တာပဲ ... ဆရာမရယ်၊ အမေကလည်း အသက်ကြီးလှပြီ၊ ဒီကလေးကို ကြည့်ရှုနိုင်မှာမဟုတ်ဘူး။ သူ့အဖေကလည်း ကျွန်မထောင်ထဲ ရောက်ပြီး နှစ်နှစ်လောက်မှာ ဆုံးသွားပြီ"

"နင်လည်း လွတ်ဖို့တစ်နှစ်လောက်ပဲ လိုတော့တာပါ။ လောလောဆယ် အမေ့ဆီမှာထားပြီး ဘေးအိမ်က လူတွေကို ပိုင်းကြည့်ခိုင်းပေါ့"

ယခုလို ကလေးကိုစွန့်ပတ်သက်ပြီး အေးဆီကို သဘောပေါက်လာအောင် ပြောင်းဖျပြောဆိုနေရတယ်။ အမျိုးသမီးထောင်ထဲမှာက အမျိုးသမီးချည်း သီးသန့်ထားတာဆိုတော့ ယောက်ျားလေးဖြစ်နေလျှင် ငါးနှစ်အထိပဲ မိခင်နှင့်အတူ ရင်အုပ်မကွာ ထားရှိခွင့်ပေးတယ်။

မြို့ကြီးချက်အနေနဲ့ အမျိုးသမီးဖြစ်နေလျှင် (၆) နှစ်ထိ ထားလို့ရပါတယ်။ ဒီလို မိခင်နှင့်အတူပါလာသည့်ကလေးကို အကျဉ်းထောင်လူဦးရေစာရင်းမှာ ထည့်သွင်းဖော်ပြခွင့်မရှိဘဲ မိခင်တစ်ဦးတည်းသာ အကျုံးဝင်ပါတယ်။

မိခင်နှင့်အတူ ပါလာသော ကလေးငယ်များ၏ စားရေသောက်ရေကို ထောင်ကစီစဉ်ပေးရတယ်။ ကလေးငယ်များကို ဆက်လက်ပညာသင်ကြားနိုင်အောင် ထောင်ထဲက စီစဉ်ပေးရတယ်။ ဒါကြောင့် ကလေးငယ်များအတွက် နေရေးစားရေး မပူမပင်ရတော့ မိခင်ဖြစ်သူကလည်း ကျရာအလုပ်ကို ကျေကျေပွန်ပွန် လုပ်ဆောင်နိုင်မယ်။





ယခုလို ထောင်ထဲမှာရှိနေသည့် အကျဉ်းသူနှင့် သားသမီးကိစ္စတွေမှာ ဂျာအေး သူ့အမေရိုက်ဆိုသလို လုံးလည်ချာလည်လိုက်နေတာ လွန်ပါရောရှင်။

တချို့ကြတော့လည်း အပြင်ဘက်မှာ ကလေးက ငယ်လွန်းနေတော့ နို့ထိန်းမေမေမရှိဘဲ သောကဗျာပါရ ကြွယ်နေကြပြန်ရော။ ကလေးမီးဖွားပြီးစ အခါလည်သားလောက်မှာ မိခင်ဖြစ်သူက အမှုဖြစ်ပွားပြီး ထောင်ကျသွားခဲ့တယ်။

အဲဒီလို ထောင်ကျသွားသည့်အခါ အပြင်မှာ ကျန်ရစ်ခဲ့သော ကလေးငယ်ကို ထိန်းမည့်သိမ်းမည့်သူမရှိဘဲ မိဘမဲ့ဘဝ ရောက်နေတယ်။ ဒီတော့ မိခင်ဖြစ်သူနှင့် ရင်အုပ်မကွာ အတူတူနေထိုင်နိုင်မှ အဆင်ပြေမှာကြောင့် ထောင်ထဲကို တရားဝင်သွင်းနိုင်ဖို့ လျှောက်လွှာတင်ရပြန်တယ်။

ထိုအခါ ထောင်ပိုင်ကြီးမှာ မွေးဖွားလာသည့် သက္ကရာဇ်ကို ဆန်းစစ်ကြည့်ပြီး လူမှုရေးအရ လက်သင့်ခံပေးရတယ်။ ကလေးငယ်လေးတွေကို အသက်အရွယ်ငယ်စဉ်အချိန်အခါမှာ အကြောင်းမဟုတ်ပေမယ့် အသက် (၅) နှစ်သို့ ရောက်လာချိန်တွင် မိခင်နှင့်အတူတူ နေထိုင်ခွင့်မပြုဘဲ ထောင်အပြင်ထုတ်ပေးရတယ်။

အထူးသဖြင့် အသက် (၅) နှစ်အရွယ် ယောက်ျားလေးတစ်ဦးကို မိခင်နှင့်လည်း နို့ပြတ်ပြီးနေသည့်အရွယ်ဖြစ်သောကြောင့် အမျိုးသမီးထောင်ထဲမှာထားရန် မသင့်တော်သောကြောင့် ထောင်အပြင်ထုတ်စေခြင်းဖြစ်ပါတယ်။

မိန်းကလေးဖြစ်နေလျှင် အကြောင်းမဟုတ်ဘဲ အသက် (၆)နှစ်ထိ ထားနိုင်ခွင့်ရှိပါတယ်။ အမျိုးသမီးအချင်းချင်းဖြစ်နေသောကြောင့် အတူတူနေထိုင်လည်း အကြောင်းမဟုတ်ပေ။ တချို့ထောင်ထဲမှာဝင်ပြီး ကျောင်းထားပေးသည့်အထိ ခွင့်ပြုပေးထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ အကျဉ်းသူနှင့် အတူတူနေထိုင်လျက်ရှိနေသော မိန်းကလေးကို တချို့ မသိနားမလည်သူများက မိခင်ထောင်ကျ၍ ကလေးပါရော ထောင်ကျနေရသည်ဟု မှတ်ထင်နေခဲ့ကြတယ်။

ကျွန်မအဖို့တော့ အမျိုးသမီးဆောင်ထဲက ပြဿနာပေါင်းသောင်းခြောက်ထောင်ကို နေ့စဉ်ဖြေရှင်းပေးနေရတော့ ရိုးနေပါပြီ။ လူ့လောက ဘုံမပွတာမှာ လူအမျိုးမျိုးရှိနေသမျှ ပြဿနာအမျိုးမျိုးရှိနေမှာ မလွဲဧကန်ပါပဲ။ သူတို့တွေရဲ့ ဘဝဇာတ်ကြောင်းတွေကိုများ တိုက်ဆိုင်လို့မေးကြည့်သောအခါ လူ့လောကဇာတ်ခုံပေါ်မှာ အတွေ့အကြုံမရှိဘဲ နုံနုံအအ အူတူတူချာတာတာဖြင့် ဘဝ နစ်မွန်းသွားကြသူတွေမှာလည်း ဒုနဲ့ဒေးပါပဲ။

ဒီအထဲကမှ ယောကျ်ားတစ်ယောက်တည်းကို မယားနှစ်ယောက်သူနိုင်ကိုယ်နိုင် လုကြရာမှ ပြဿနာဖြစ်ပွားပြီး ထောင်ထဲရောက်လာရသည်မှာလည်း အများကြီး။ ထိုအထဲကမှ မိန်းမတို့၏အတွင်းသဘောက မဖြောင့်ဖြူးတတ်ဟု ဆိုစကားရှိသလိုပါပဲ။ ဆန်ကောလောက်မှ ဇောက်မနက်ကြသော ယောကျ်ားများလည်း ရှိတတ်ပုံကို လူသေမှုဖြင့် ထောင်ဒဏ် (၃)နှစ်ကျခံလာရသော မြသက်ဝေ၏ ဇာတ်လမ်းလေးမှာလည်း ....

လောကမှာ အလိမ်အညာခံလိုက်ရတဲ့ ကျွန်မဘဝကို တွေးမိတိုင်း သိပ်ကို ခံပြင်းမိတာပဲ။ လင်စံရွေးများတော့ လင်ခွေးနဲ့ညားခဲ့ရတာပဲ အဖတ်တင်တယ်။ လင်ဆိုးမယား တဖားဖားဆိုတဲ့ စကားဟာ ကျွန်မကိုများ ရည်ညွှန်းခဲ့လေရောသလားလို့ ထင်မိတယ်။

ဒီလိုဆရာမရေ ကျွန်မနဲ့ သူစတွေ့ကြတာကလည်း မကြာသေးဘဲ သူ့ရဲ့ ပလီပလာစကားတွေကို အထင်ကြီးလေးစားမိတာ ကျွန်မအမှားပဲ။ မိန်းမတစ်ယောက်ဆိုတာ ယောကျ်ားတစ်ယောက်နှင့် ပေါင်းသင်းလက်ထပ်လိုက်မိတာနှင့် အပျိုဘဝ ဆုံးရှုံးသွားတော့တာပဲ။

သူတို့ယောကျ်ားတွေဆိုတာက လှေကားသုံးထစ်ဆင်းရင် လူပျိုပြန်ဖြစ်ကြတယ်။ ကျွန်မတို့ မိန်းမတွေက တစ်လင်တစ်မယားစနစ်ကိုပဲ





လက်သင့်ခံကြတယ်။ တကယ်ဆို သူ့မှာ မိန်းမကြီးငုတ်တုတ်ရှိနေလျက်က ကျွန်မနှင့်တွေ့တော့ လူပျိုပါဆိုပြီး လိမ်ညာမုသားသုံးခဲ့တယ်။

ဘယ်လို စပြီးတွေ့ခဲ့ကြတာလား။ ဟုတ်ကဲ့ ... တွေ့ခဲ့ကြပုံကတော့ ရိုးရိုးရှင်းရှင်းလေးပါ။ ကျွန်မက ကုန်စိမ်းသည်။ ကျွန်မလုပ်ငန်းအတွက် တောင်ယာစိုက်ခင်းခြံတွေထဲကထွက်တဲ့ ဟင်းသီးဟင်းရွက်တွေကို စရံကြိုပေးပြီး ခြံချုပ်ဝယ်ထားရတယ်။

တစ်နေ့ ကျွန်မခြံထဲကိုသွားပြီး ဟင်းသီးဟင်းရွက်တွေကို လိုင်းကားနှင့် တင်ပို့ပေးဖို့မှာခဲ့ပြီး အိမ်ပြန်လာတယ်။ ကျွန်မတို့မြို့မှာ ပြေးဆွဲနေတဲ့ ခရီးသည်တင် ယာဉ်အိုကြီးကို အားထားပြီး ခရီးသွားကြရတာ။ အဲဒီဘတ်စ်ကားကြီးကိုပဲ အားကိုးပြီး ပစ္စည်း သယ်ယူတင်ပို့နေကြရတာလေ။

ကျွန်မလည်း ခြံပိုင်ရှင်နှင့် မှာစရာရှိတာ မှာခဲ့ပြီး လမ်းဝနေရာကနေဘတ်စ်ကားအလာကို စောင့်နေတယ်။ ဘတ်စ်ကားကြီးလည်း ဆိုက်လာရော ခုံနေရာကကြည့်နေတော့ ထိုင်ခုံနေရာမရဘူး ဖြစ်နေတယ်။

ဒီတော့ ခုံနေရာမရလည်း ဖြစ်သလို လိုက်မယ်ဆိုပြီး ကားပေါ်တက်တော့ စပယ်ယာလေးက အလယ်ခုံမှာထိုင်ဖို့ စီစဉ်ပေးတယ်။ ကျွန်မလည်း ကားပေါ်တက်ပြီး အလယ်ခုံမှာ ဝင်ထိုင်မယ်အလုပ်မှာ ...

"နေရာမရရင် ဒီခုံမှာ လာထိုင်ပါ"

"နေပါစေရှင် အားနာစရာ"

ကျွန်မအလယ်ခုံနေရာမှာ ဝင်ထိုင်မယ်လုပ်နေတုန်း ဘေးကခုံနေရာမှာထိုင်နေတဲ့ လူတစ်ယောက်က အထက်ပါအတိုင်း ပြောဆိုပြီး နေရာပေးနေတယ်။

"အားနာစရာမဟုတ်ပါဘူးဗျာ ... ကူညီပေးတာပါ။ မိန်းကလေးတစ်ယောက်အနေနဲ့ အလယ်ခုံမှာ ထိုင်နေရတော့ ဟိုလူကျော်ဒီလူကျော်နဲ့ မသင့်တော်ပါဘူး။ လာပါ ... ထိုင်ပါ ... ညီမ"

အဲဒီလို မွန်မွန်ရည်ရည်နှင့် စကားကို ချိချိသာသာ ပြောဆိုနေတော့ တော်တော် လူမှုရေးစိတ်ဓာတ်ပြည့်ဝတဲ့ လူပဲလို့ အထင်ကြီးမိတယ်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသူ ပေးတဲ့နေရာမှာဝင်ထိုင်ရင်း သူ့ကို အကဲခတ်ကြည့်မိတယ်။ လူပုံကတော့ ခပ်ချောချောပဲ အသားဖြူဖြူ စပို့ရှပ်အပြာစင်းနှင့် လုံချည် အပြာကွက်စိပ်လေး ဝတ်ဆင်ထားတော့ လူရည်သန့်တစ်ယောက်လို့ ထင်မိတယ်။

"ဘယ်ထိအောင် သွားမှာလဲ"

"ဆတ်သွားကို ပြန်မှာပါ"

"ကျွန်တော်လည်း သူငယ်ချင်းနဲ့အတူတူ ဆတ်သွားဘက်ကို အိမ်တွင်းလုပ်ငန်းလုပ်နေတဲ့ ပစ္စည်းလေးတွေ သွားဖြန့်မလို့ပါ"

"ဟုတ်လား ... ဘာပစ္စည်းတွေလဲ"

"ယောဒီ ... ဖယောင်းတိုင်ထုပ်တွေပါ။ အိမ်မှာက မိဘနှစ်ပါးထဲရှိတော့ ကျွန်တော်ပဲ ဦးစီးဦးဆောင် လုပ်ကိုင်ကျွေးနေရတယ်။ ပစ္စည်းတွေကို ကိုယ်တိုင်လုပ်ပြီး ဈေးကွက်ထဲမှာ ကိုယ်တိုင် လိုက်ဖြန့်နေရတယ်"

ကျွန်မကတော့ မြင်မြင်ခြင်း အထင်ကြီး လေးစားသွားတာပေါ့။ လက်ရှိကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်နေပြီး မိဘနှစ်ပါးကို လုပ်ကိုင်ကျွေးမွေးစောင့်ရှောက်နေပါလားလို့ လေးစားကြည်ညိုသွားတယ်။

ကျွန်မတို့က အရင်းအနှီး များများစားစားမရှိတဲ့ ကုန်စိမ်းသည်ဘဝသူကတော့ အရင်းအနှီးရှိလို့ ကိုယ်ပိုင်လုပ်ငန်းကိုတောင် ထူထောင်ထားနိုင်တဲ့ လုပ်ငန်းရှင်တစ်ယောက်။

ကျွန်မတို့နှစ်ယောက် ဒီလိုနှင့် ရင်းနှီးခင်မင်သွားခဲ့ကြတယ်။ နောက်အိမ်ကို အဝင်အထွက်လုပ်လာတယ်။ လာတိုင်းလည်း ဖယောင်းတိုင်ထုပ်လေးငါးဆယ်ထုပ်ကို ယူလာပြီး လက်ဆောင်ပေးတယ်။ အမေကလည်း အသက်ကြီးပြီ။ ဘုရားတရားအလုပ်ကိုပဲ ဇောက်ချလုပ်နေတော့ သူယူလာပေးတဲ့ ဖယောင်းတိုင်ထုပ်တွေက ဘုရားမီးပူဇော်ဖို့ အလျှံအပယ်ဖြစ်နေတယ်။ အမေကတော့ ကျေးဇူးတွေ အရမ်းတင်နေတယ်။

"အစ်ကိုအောင် ..."

"ဘာလဲ ... သက်"

---

သမီးစာပေ



"ကျွန်မတို့ ဒီလိုချည်းနေသွားလို့ မသင့်တော်ဘူးကွယ်။ အတူတူလက်ထပ်ပေါင်းသင်းနေထိုင်မှ ပတ်ဝန်းကျင်က အကဲ့ရဲ့လွတ်မယ်"

"ဟုတ်တာပေါ့ ... သက်ရယ်၊ ကိုအောင်လည်း သက်နဲ့ အတူတူနေချင်လှပြီ။ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်လို့လဲ"

"ကိုအောင့်မိဘနှစ်ပါးက အသက်အရွယ်အိုမင်းမစွမ်းတော့ ဒီမှာ မင်္ဂလာပွဲကျင်းပရင် လာနိုင်ကြမှာမဟုတ်လို့ ခက်နေတာ"

"ဪ ... ဒါများ ကိုအောင်ရယ် အဆန်းလုပ်လို့။ သက်ကတော့ ကိုအောင်နဲ့ အတူတူနေချင်တာပဲ သိတယ်။ မင်္ဂလာပွဲတွေ ဘာတွေလည်း ခမ်းခမ်းနားနား လုပ်မနေချင်ဘူး။ ငွေကုန်ကြေးကျ များတယ်။ ရုံးတက်လက်မှတ်ထိုးပြီး အသိအမှတ်ပြုထားရင် တော်ပါပြီ"

"ဟုတ်ပါတယ် ... သက်ရယ်၊ ကိုယ်လည်း ထင်ထင်ပေါ်ပေါ် နေချင်ပါတယ်။ ခုလို ခိုးကြောင်ခိုးဝှက် လာလာတွေ့နေရတာ အားနာလှပါပြီကွာ။ သက်ကို ချစ်လွန်းလို့ အပင်ပန်းခံလာတွေ့နေတာ။ အဲ ... ဒါပေမဲ့ ကိုယ်က အစီအစဉ်မရှိဘဲ ရုတ်တရက်ထွက်လာရတာဆိုတော့ ကိုယ့်လက်ထဲမှာ ငွေက သိပ်မပါဘူး"

"ဒီအတွက် စိတ်မပူပါနဲ့ သက်ဆီမှာ ရှိပါတယ်။ အတူတူနေဖို့ပဲ လိုတာ"

"ကဲ ... ဒါဆိုလည်း သက်ပဲ ကြိုက်သလို စီစဉ်ပါတော့"

ဤသို့ဖြင့် ကိုအောင်နှင့် ကျွန်မ လက်ထပ်ပေါင်းသင်းဖြစ်သွားတယ်။ ကျွန်မမှာတော့ ဆိုင်းမဆင့်ဗုံမဆင့်ဘဲ ယောက်ျားတစ်ယောက်ကို လက်ထပ်ယူလိုက်ရတာပဲ အဖတ်တင်သွားတယ်။ နဂိုကတည်းကမှ ရုပ်ကလေးဖန်နုပြီး လက်ကြောတင်းအောင် လုပ်စားတဲ့လူမှုမဟုတ်မှန်း အခုမှ သိရတော့တယ်။

ကျွန်မကပဲ ဟင်းရွက်ရောင်းကျွေးနေတာကို အခန့်သား ထိုင်စားနေတယ်။ ကျွန်မလည်း ပေါက်တဲ့နဖူး မထူးဘူးဆိုပြီး ငုံ့ခံနေရတော့တာပေါ့။

---

www.burmeseclassic.com

www.burmeseclassic.com



"ညည်းကလည်းအော ... သူ့မှာ မယားကြီးရှိနေတာ မသိဘူး လား"

"ဘယ်သိပါ့မလဲ ... ဆရာမရယ်၊ လမ်းပေါ်မှာ ခရီးသွားဟန်လွှဲ တွေ့ခဲ့ကြပြီး နောက်ကြောင်းလည်း မစုံစမ်းမိဘူး။ သူ့ကိုယ်သူ လူပျိုပုံ ပေါက်အောင် ဘော်ကြော့နေပြတော့ အထင်ကြီးမိတာပေါ့"

"ညည်းဟာက ယောက်ျားဆိုပြီးရောဆိုပြီး ခေါင်းခေါက်ယူခဲ့တာ ပဲ။ ဒါနဲ့ မယားကြီးနဲ့ ဘယ်လိုဆုံမိသွားတာလဲ"

"ကျွန်မတို့အိမ်မှာ လင်မယားနှစ်ယောက် ထမင်းလက်ဆုံ စား နေတုန်း မြဲဝကနေ မိန်းမတစ်ယောက်က စုံစမ်းပြီး ဝင်လာနေခဲ့တယ်"

"သက် ... ကိုယ့်အစ်မ အိမ်ပြန်မလာတာကြာလို့ လိုက်လာ တာထင်တယ် ကိုအောင်မရှိဘူးလို့ ပြောနော်"

ဆိုပြီး ကိုအောင်က အိမ်နောက်ဖေးဘက် သုတ်ခနဲ ထွက်သွား တယ်။ ကျွန်မလည်း ထမင်းစားနေရင်း တန်းလန်းမို့ ဟန်မပျက် ထိုင်စား နေတယ်။

"ဒီအိမ်က ... ကိုအောင်တို့အိမ်လား ... ကိုအောင်ရှိလား"

"ဟင့်အင်း ... မဟုတ်ဘူး၊ သိလည်း မသိဘူး"

"ကျွန်မကို လမ်းထိပ်က သေချာညွှန်ပြလိုက်ပါတယ်။ ကျွန်မ ကိုအောင်နဲ့ ရှင်းချင်လို့ပါ။ ခဏဝင်ပါရစေ"

"အို ... အိမ်ထဲ ဝင်စရာမလိုဘူး၊ ရှုပ်ရှုပ်ယှက်ယှက် လာမလုပ် နဲ့"

"ညီမရယ် ... ကျွန်မက ကိုအောင့်မိန်းမ အေးမာပါ"

"ရှင် ..."

"ဟုတ်ပါတယ် ...။ ကျွန်မကို လိမ်ညာလှည့်ဖြားပြီး လက်ထပ် ပေါင်းသင်းခဲ့တာပါ။ သူနဲ့ မျက်နှာချင်းဆိုင်ဆုံပြီး ရှင်းချင်လို့ ခေါ်ပေးပါ"

"ခေါ်မပေးနိုင်ဘူး။ ကိုအောင်က ကျွန်မယောက်ျားပဲ"





"ဪ ... ညီမလည်း အစ်မလို အလိမ်အညာ ခံလိုက်ရပြီပေါ့။ အဲဒီလိုပဲ မိန်းကလေးတွေအပေါ် ရုပ်ကလေးဟန်းပြပြီး လိမ်ညာလှည့်ဖြား နေတဲ့ ... အယုတ်တမာကောင်၊ ခု ဘယ်မှာလဲ"

ကျွန်မ အိမ်ပေါက်ဝက တားဆီးပိတ်ထားတာကို ဖွတ်အတင်း ဖယ်ပြီး အိမ်ပေါ်ကို တက်လာနေတယ်။ ကျွန်မကလည်း ကိုယ့်အိမ်ထဲ ဝင် လာစော်ကားတာကို လက်သင့်မခံနိုင်ဘူး။

"ကျွန်မခွင့်ပြုချက်မရဘဲ အထဲကို ဝင်ဖို့မကြိုးစားပါနဲ့။ တရား ဥပဒေက အရေးယူလို့ရတယ် ... သိလား"

"ဟော့ ... မလိုချင်ဘူး ငါ့လင် ငါလာခေါ်တာ ဘာဖြစ်လဲ။ ဖယ် စမ်း"

"မဖယ်ပေးနိုင်ဘူး"

"မဖယ်လည်း ဖွတ်ဝင်မယ် ဘာဖြစ်လဲ"

"ကဲဟယ် ... တားမရ ဆီးမရ ဝင်ချင်ဦး"

"ဖြန်း ... ဖြန်း ..."

တစ်ဖက်က မိန်းမကလည်း ဖွတ်ဝင်တိုးလာလို့ ကျွန်မလည်း ဒေါသဖြစ်လာပြီး သူမပါးကို ဘယ်ပြန်ညာပြန် ရိုက်ပစ်လိုက်တယ်။

"ဟင် ... သူများလင်ကိုလည်း ခိုးယူသေးတယ်။ ငါ့ကိုလည်း စော်ကားတယ်။ ကဲ ..."

အေးမာဆိုသူ အမျိုးသမီးကလည်း ဒေါသပေါက်ကွဲသွားပြီး ကြက် ခေါင်းဆိတ်မခံ ကျွန်မဆံပင်ကိုဆွဲပြီး ပါးကိုရိုက်နေတယ်။ ကျွန်မခေါင်းက ဆံပင်ကိုဆွဲပြီး တိုင်နှင့်ဆောင့်လိုက်လို့ ခေါင်းထဲ မူးရစ်ရီဝေသလို ဖြစ်ပြီး လဲကျသွားတယ်။

ဒီအချိန်မှာ အေးမာက အိမ်အတွင်းခန်းထဲဝင်ပြီး လိုက်ရှာနေတုန်း ကျွန်မကို ဆံပင်ဆွဲပါးရိုက်သွားတဲ့မိန်းမကို မခံချင်စိတ်နဲ့ မီးဖိုထဲက သားလှီး ဓားကို ကောက်ယူပြီး နောက်က နှစ်ချက်ဆင့်ထိုးပစ်ခဲ့တယ်။ ကျွန်မလည်း ဒေါသပေါက်ကွဲပြီး သွေးဆူနေတာကြောင့် ကျွန်မကို လိမ်ညာလက်ထပ်ခဲ့တဲ့

www.burmeseclassic.com




ကိုအောင့်ကိုပါ အပြတ်ရှင်းမယ် လိုက်ရှာနေတော့ ဒင်းက ကျွန်မတို့နှစ်ယောက် အိမ်ပေါ်မှာ လုံးထွေးသတ်ပုတ်နေတုန်း ပြတင်းပေါက်က ခုန်ချထွက်ပြေးသွားနှင့်ပြီ။ အဲဒီဓားနဲ့ ထိုးနက်မှုကြောင့် အေးမာဟာ ဆေးရုံပေါ် ဆေးကုသမှုခံရင်း နှစ်ရက်အကြာမှာ သေဆုံးသွားတယ်။ ဒါကြောင့် လူသေမှုနဲ့ ထောင်သုံးနှစ် ကျလာခဲ့ရတာပါ။

ထောင်ထဲမှာဆိုတာက လူတိုင်းလူတိုင်း သောကကိုယ်စီနဲ့ ရောက်လာခဲ့ကြတာပါ။ တကယ်တော့ လူမိုက်ဥပဒေမသိ၊ လူမိုက်နောက်မှ သံဝေဂရကြတာ များပါတယ်။ အစကနဦးတည်းက လောဘ၊ ဒေါသ၊ မောဟတရားတွေကို ချုပ်ထိန်းနိုင်ကြမည်ဆိုလျှင် ထောင်ထဲကို ရောက်လာစရာအကြောင်း မရှိပေ။

ခုတော့ လောဘ၊ ဒေါသ၊ မောဟတရားတွေ အတောမသတ်နိုင်တော့ ဘဝပျက်ရမယ့်အခြေအနေမျိုး ရောက်ခဲ့ကြရတာပါ။ ကျွန်မတို့ ဝန်ထမ်းတွေရဲ့ဘဝမှာတော့ ထောင်ထဲကို ဝင်လာကြတဲ့ ထောင်ကျအကျဉ်းသူ၊ အချုပ်သူများရဲ့ဘဝအခြေအနေကို လူမှုရေးရှုထောင့်ကနေ စာနာစိတ်ထားပြီး တတ်နိုင်သမျှ ဖေးကူပေးရမှာ မဟုတ်ပါလားရှင်။

❋ ❋ ❋

ထောင်မှူးမမ




www.burmeseclassic.com